
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com


www.burmeseclassic.com

မျက်နှာဖုံးပုံနှိပ်သူ — [illegible]
ဦးအောင်လှိုင် (မြ - ၁၃၈၅)
၈၈-အထက်ပုဇွန်တောင်လမ်း မင်္ဂလာတောင်ညွန့်

ထုတ်ဝေသူ — ဦးတင်အုန်း (မြ - ၀၃၄၄)
မိုးမင်းစာပေ ၃၃-[illegible]လမ်း [illegible]
သင်္ဃန်းကျွန်း ရန်ကုန်မြို့။

အတွင်းစာပုံနှိပ်သူ — ဦးအောင်နိုင် (မြ - ၀၄၁၈၅)
အောင်သစ္စာပုံနှိပ်တိုက်
၂၁/ ၁၅-လမ်း ရန်ကုန်မြို့။





BURMESE CLASSIC

၁၉၉၃-ခု၊ ဇူလိုင်လ
ပထမအကြိမ် - အုပ်ရေ (၅၀၀)
- တန်ဖိုး (၆၀ )
စာအုပ်စာတမ်းခွင့်ပြုအမှတ် - ၄၀၀ /၉၃/ ၆
မျက်နှာဖုံးခွင့်ပြုအမှတ် - ၃၅၄ /၉၃/ ၆
မျက်နှာဖုံးပန်းချီ - သိင်္ဂါ
အတွင်းပန်းချီ - မောင်သန့်စင်
[illegible] - [illegible]

www.burmeseclassic.com

www.burmeseclassic.com

# နို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ....ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု
မပြိုကွဲရေး ....ဒို့အရေး

အချုပ်အချာအာဏာ တည်တံ့
ခိုင်မြဲရေး ....ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ
ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား
အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

BURMESE CLASSIC

အချစ်ကို ဦးနှောက်နှင့်ဆုံးဖြတ်တတ်သော လူစားတွင်
ကျော်ဝေသည် တစ်ယောက်အပါအဝင်ဖြစ်သည်။
ဤသည်ကိုသိရှိလျက် အချစ်တုဖြင့် ဘဝကိုဆုံးအောင်
ကြိုးစားခဲ့သည်။
သို့သော် လူ့ဘဝဟူသည်နှင်းဆီမွေ့ယာမဟုတ် (Life
is not a bed of roses) လေပဲ၊ သူ့ဘဝသည် ယနေ့
အထိတိုင် တည်ငြိမ်မှုမရရှိသေး၊ တည်ငြိမ်အောင် ကြိုးစား
နေသည့်ကြားက လေယူရာသိမ်းကာ ယိမ်းတတ်သော ပွဲနွ
ားပင်ကဲ့သို့ တိမ်းနေ၊ ယိမ်းနေဆဲပင်။
သို့သော် အနိုး၌ သူ့င်းသည် ကောင်းစွာခေါင်းထူနိုင်ပြီး၊
ဒုမဖွ်ပါလာသောဆေးများကို သောက်ကာ သက်သာလာ
သည်ဟုဆိုသည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ပေါင်ပေါ်ခေါင်းအုံးကာ အိပ်စက်လိုက်ပါလာသည်။

သနားစဖွယ်ကောင်းသော သင်းကို ဖေးမရင်း ဒရိုင်ဘာကိုသာ ဖြည်းဖြည်းမောင်းရန်သတိပေးခဲ့သည်။

သိန္နီမြို့ ဝင်ခါနီး၌ ရေပူစမ်းစခန်းနှစ်ခုပင် ရှိသည်ကို တွေ့လိုက်ရသည်။

သဘာဝတရားသည်လည်း လူတို့အတွက် တတ်နိုင်သမျှ အကျိုးပြုဖန်တီးလျက်ရှိသည်ဟု ယူယုံကြည်ချင်သည်။

အဘယ်ကြောင့်ဆိုသော် ပူမြင့်သော ကန္တာရ၌ အေးမြသော အိုအေစစ်ရှိတတ်သလို....

ချမ်းအေးသော တောင်ကုန်းတောင်တန်း ဒေသများ၌ ပူနွေးသော ရေပူစမ်းများရှိနေတတ်ခြင်းက သာဓက တစ်ရပ်ပင်။

ထို့အတူ စာနာသနားတတ်သော သူ၏နှလုံးသား၌ အချစ်ကို သန္ဓေသစ်များတည်ဆောက် မွေးဖွားတတ်ခြင်းသည်လည်း သဘာဝပေလား။

ကျော်ဝေ့အတွေးတို့သည် ပျံ့လွင့်လာသည်။

အမှန်စင်စစ် ကျော်ဝေ မိမိနှလုံးသား၊ မိမိ၏အတွင်းအဇ္ဈတ္တကို သိမြင်ပါလျက် မသိဟန်ပြုလိုက်သည်။

လောကကြီး၌ တစ်ခါတစ်ရံ နှလုံးသားအရေးတက် ဦးနှောက်ကို ဦးစားပေးလိုက်ရသည့်အခါလည်း ရှိနေခြင်းကြောင့်ပင်....





သို့သော်....

အတွင်းအဇ္ဈတ္တကို နိုက်နိုက်ချွတ်ချွတ် မြင်နိုင်စွမ်းရှိခြင်း၊ အတွေ့အကြုံ အတိုင်းအတာများ ကျယ်ပြန့်ခြင်းနှင့် စိတ်ကူးစိတ်သန်း အင်အားကောင်းခြင်းကြောင့် စာရေးဆရာသည် သူလိုငါလို "သွေးနှင့်သားနှင့်" ဇာတ်ကောင်များကို ဖန်တီးနိုင်စွမ်းရှိခြင်းဖြစ်သည်။

... ဟူသောအဆိုအမိန့်သည် သူ့အတွက်တော့ မှားယွင်းနေလေပြီလား....။

အဘယ်ကြောင့်ဆိုသော်...သူသည် ပိုးအိဟူသော မိန်းမသားတစ်ဦး၏ အတွင်းအဇ္ဈတ္တကို နိုက်နိုက်ချွတ်ချွတ် မြင်နိုင်စွမ်းကို ယနေ့ထက်တိုင် မရရှိသေးခြင်းကြောင့်ပင်....။

ထို့အတူ သင်း၏စိတ်ကိုကော သူဘာများ ကြိုတင်ခန့်မှန်းသိမြင်နေပါသေးသနည်း....။

သူနှင့်အရင်းနှီးဆုံးသော သူစိမ်းမိန်းမသား နှစ်ဦး၏ အကြောင်းအရာကိုတောင် သူမသိလျှင်....

'အဟင်း....ဟင်း....ဟင်း'

စိတ်တွင်း ခြောက်ကပ်စွာရယ်မောမှုကြောင့် သူပြုံးလိုက်မိသည်။

သူ ကလောင်ကိုင်ကာ စာရေးဆရာဘွဲ့အမည်ခံယူခြင်းကို စွန့်ပစ်လိုက်ဖို့ ကောင်းပြီထင်ပါသည်။

သူ စိတ်ညစ်ညူးလာလျှင်ဖြစ်စေ....

ပျော်ရွှင်လာသည့်အခါ၌ဖြစ်စေ....



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုထိန်းချုပ်လိုက်ရသည့်အခါ၌ဖြစ်စေ၊ ထွက်ပေါက်ပေးသည့်အနေနှင့် ဆိုတတ်သည့်သီချင်း၏တေးသွားကို လေချွန်ပစ်လိုက်သည်။

××မြင်ရင်မြင်ခြင်းပဲကွယ်ချစ်မိကြိုက်မိတယ်× သူဇာ
နုတ်နှုတ်ယုံပါကွယ် ×× ရာသက်ပန်အမြဲပဲ ×× မောင်
ကလေမခွဲဘဲ××အမြဲတမ်းပေါင်းဖို့ဆုတောင်းတယ်×

အတိတ်ကို ပြည်ဖုံးကားချနိုင်လျှင်တော့ အကောင်းသား....

သို့သော်...အတိတ်ဟူသည် မေ့ပျောက်၍ ရနိုင်ကောင်းသောအရာမှ မဟုတ်ပေဘဲ....

လွန်ခဲ့သောကာလ၌....

*　*　*



လွန်နှိုလေပြီးသော ၁၉၇၁ ကာလဝန်းကျင်မှ စတင်၍...

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၂)

"ဟုတ်တယ်၊အချစ်တို့အလွမ်းတို့ဆိုတာအလုပ်မရှိသူတွေအတွက် ဇိမ်ခံပစ္စည်းလို အပိုပစ္စည်းပဲလို့ ငါတော့ယူဆတယ်"

အခန်း (၁)

××မြင်ရင်မြင်ချင်းပဲချစ်မိကြိုက်မိတယ်××သူဇာ်နုတ်နွယ်ယံပါကွယ်×ရာသက်ပန်အမြဲပဲ×မောင်ကလေမခွဲဘဲ×အမြဲတမ်းပေါင်းဖို့ဆုတောင်းတယ်×

× သွားလေရာခင့်မျက်နှာ×မျက်စိထဲတွင် ×စွဲမြဲကာနေဘ်ခက်တယ် × မောင့်ဖူးစာဘက်ဖြစ်ရင်ကွယ် × ဘုရားလဲမှုစေကွယ် × သကြားလဲမစေကွယ် × ဆုတောင်းကာနေမယ်သက်လယ် × ဘယ်သောအခါမျှားနီးပါ့မယ်×

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တူနှစ်ကိုယ်နေ့စဉ်တွေ့မြင် × တစ်နေ့မမြင်ရရင်
မပျော်ဘူးကွယ်×ပင်တိုင်တော်ဦးကဲကျော့မှူးရယ် မှရုံ
ရင်ရှူးမှယ် × ×

သီချင်းပြီးဆုံးသွားသည်နှင့် လက်ခုပ်သံများ ညံစီသွားသည်။ သူစတိတ်ပေါ်မှဆင်းခဲ့သည်။

တွေ့လိုသော၊ အတွေ့ချင်ဆုံးသောသူကို တွေ့လိုက်ရသည်။ စတိတ်၏ လှေကားရင်း၌ ခပ်တောင့်တောင့်လေး ရပ်ခနေသည်။

'ကျော်ဝေ'

'အင်း....'

'လာ_လိုက်ခဲ့'

ကျော်ဝေ ဟူသောသူသည် မိမိ၏စကားမှန်သမျှကို ဖယ်ရှားခြင်းမရှိကြောင်းကို သိရှိခံယူထားသောသူမက ယုံကြည်စွာနှင့်ခေါ်သည်။

'ဘယ်ကိုလဲ'

'မေးမနေနဲ့'

'ပိုးအိသည် သူမကိုယ်သူမ ယုံကြည်မှုအပြည့်ရှိခြင်းပေလား၊သူ့အားယုံကြည်စိတ်ချခြင်းပေလားမသိနိုင်၊တက္ကသိုလ်အနုပညာအသင်း၏ ဖျော်ဖြေမှုအခမ်းအနား ကျင်းပရာနံဘေး၌ ရပ်ထားသော သူ့ကားရှိရာသို့လှည့်မကြည့်ဘဲ သွားလေသည်။





သူဘာတတ်နိုင်ဦးပါမည်နည်း၊ သူမနောက်ပါးသို့ လိုက်သွားသည်။ တာဝန်ခံဆရာကိုပင် မပြောခဲ့။

သို့သော် ပိုးအိပြောခဲ့ပြီးလိမ့်မည်ဟုလည်း သူယုံကြည်သည်။

ပိုးအိနံဘေးသို့ သူ ဝင်ထိုင်မိသည်နှင့်တစ်ပြိုင်နက် သူမ ကားစက်နှိုးလိုက်သည်။

သူ ကားတံခါးကို ဆွဲပိတ်အပြီး၌ ကားစထွက်လေသည်။

'ဆိုပါဦး ဘာမသိဘာမသိနဲ့ ငါလိုက်လာရတယ်၊ ဘာကိစ္စအရေးပေါ်လာရပြန်ပြီလဲ'

'သင်းအဖေ ဆုံးသွားပြီ'

'အင်း....ဒါကတော့ အနေးနဲ့ အမြန်ပဲလေ။ မဆန်းပါဘူး'

'မဆန်းပေမယ့် သင်းမှာမူးလဲသွားပြီး ကြောင်တောင်တောင်ဖြစ်နေတယ်။ ငါတို့အားပေး ဦးမှဖြစ်မယ်၊ အထူးသဖြင့် နင့်ပေါ့'

'ငါက'

'ဟုတ်တယ်လေ....သူ့ရီးစား နင်ကအားပေးရင် သူပိုပြီးအားရှိလာမှာပေါ့'

သူ့ရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။ စောစောက အနုပညာ ဈာန်ဝင်နေချိန်၌ သူ့စိတ်သည် လွတ်ထွက်သွားခဲ့သည်။ သူလိပ်ပြာလေး စေစားရာအတိုင်း သူ့လှည့်ပါး နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ ပိုးအိက ပုတ်ခတ်ကား နှိုးလိုက်သည့်အခါ အခြေအနေ အရပ်ရပ်ကို သူပြန်လည်၍ ဆင်ခြင်မိလိုက်သည်။

သင်းနှင့် သူရီးစားအဆင့်သို့ ရောက်ရှိသွားခြင်းကို သတိရလိုက်မိသည်။

'နင့်အကြောင်း မိသင်းက ငါ့ကိုတိုင်တယ်'

'ငါ့အကြောင်း ဘာတိုင်စရာရှိလို့လဲ'

'ရီးစားဘဝရောက်မှ သူငယ်ချင်းဘဝက ထက်ဆောင်စိမ်းကားသွားသေးတယ်တဲ့'

'ထင်လို့ပါ'

သူရင်ထဲနာကြင်မှု ဝေဒနာတရပ် ခံစားလာရသည်။

'ထင်တာ မဟုတ်ဘူး၊ ကိုယ်တိုင်ခံစားနေရတဲ့ မိသင်းက သူ့ခံစားချက်ကို ပြောပြတယ်၊ နင်ဟာ သူ့ကို ညီမတစ်ယောက်လိုပဲ သဘောထား ဆက်ဆံတယ်တဲ့ ဝတ်ကျေတမ်းကျေ သဘောမျိုးကြီးတဲ့'

သူဘာတွေ မှားယွင်းခဲ့ပါသနည်း။

ချစ်သူဘဝရောက်တုန်းက အကြောင်း စဉ်းစားကြည့်မိပြန်တော့လည်း ဘာမှ ရေရေလည်လည် ပီပီပြင်ပြင်မဟုတ်။

'အိပ်ပျော်အောင် အိပ်နော်သင်း။ သင်းအပါးမှာ ကိုယ်ထာဝရ ရှိနေပါ့မယ်'

'အိုင်လည်း ယူ့ရင်ခွင်မှာ ထာဝရ နားခိုနေချင်ပါတယ် ယူရယ် ဟုဆိုကာ သူမအား သူဖေးမကာ သိုင်းဖက်လိုက်မိသည်။





ဤသည်ကို ပိုးအိက တွေ့မြင်သွားကာ ကရဝိတ်၌ နေ့လည်စာထမင်းကျွေး၍ ဂုဏ်ပြုလိုက်ခြင်း ဖြစ်သည်။

'နင်တို့ ချစ်သူဖြစ်သွားတဲ့ အထိမ်းအမှတ် ဂုဏ်ပြုတဲ့အနေနဲ့ ကျွေးတာဟု ပိုးအိပြောတုန်းကလည်း ငြင်းပယ်ရန် မကြိုးစားမိ။ သူစိမ်း မိန်းကလေးကို သနားကြင်နာစွာ ပွေ့ပိုက်မိပြီးကာမှ ရီးစားမဟုတ်ပါဘူးဟု ငြင်းပယ်လိုက်လျှင်...ရှက်သွေးကြွယ်ကာ ချစ်ရည်ရွှမ်းလက်နေသော သူမစိတ်ထိခိုက် သွားပေလိမ့်မည်။ ထို့ကြောင့် သူဖြေရှင်းရန် မကြိုးစားမိတော့။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံရာလည်း ရောက်ခဲ့ပါသည်။

သူတစ်ပါးအား သနားကြင်နာစွာ ငဲ့ကွက်တတ်သော သူ့စိတ်ကြောင့် သင်းနှင့်သူသည် ချစ်သူအဖြစ် အတည်ပြုလိုက်ကြလေပြီ။

'ကျော်ဝေ....ငါမေးတာ မကြားဘူးလား'

'အင်....နင်ဘာမေးလိုက်တာလဲ'

'နင်....မိသင်းကို မချစ်ဘူးလား၊ ချစ်သလား မှန်မှန်ဖြေနော်'

'မချစ်ဘူး....သနားတာ'

'ဘာ....ဒါနဲ့ နင်နဲ့ သူရီးစားဖြစ်ရသလား'

ပိုးအိက ဒေါသတကြီး ဖြစ်နေသည်။ ကားကို လမ်းဘေးထိုးရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နင်ယောကျ်ား မဟုတ်ဘူးလား၊ မိန်းကလေးတစ်ဦးနဲ့ တွဲသွားတဲ့လာ လုပ်ပြီးမှ မချစ်ဘူးဆိုတာ ဘာသဘောလဲ အကျင့်ယုတ်တာလား'

'မဟုတ်ဘူး....ငါအခု အချိန်အထိ သင်းကို ချစ်တယ်လို့ တစ်ခွန်းမပြောခဲ့သေးဘူး'

'မချစ်ပဲ....ဖက်ရက်....ဟာကွာ'

ပိုးအိမျက်နှာကြီး နီရဲလျက် တက်တစ်ချက် ခေါက်ကာ မျက်နှာလွှဲသွားသည်။

ကျော်ဝေရင်ထဲ ယူကြုံးမရ စိတ်ကြောင့် ရင်တွင်း မျက်ရည်ကျနေလေပြီ။

'ဆင်ခြေပေးတာ မဟုတ်ဘူး ပိုးအိ....ညီမလို ဖြစ်နေတဲ့ သူငယ်ချင်း မိန်းကလေး တစ်ယောက်က ငါ့ရင်ခွင်ကို အားကိုးတကြီး ခိုဝင်လာခြင်းကို ငါတွန်းထုတ်နိုင်တဲ့ အင်အားမရှိတာ ငါ့ရဲ့ပျော့ညံ့မှုပဲ ထားပါတော့'

ပိုးအိကို သူလှည့်ကြည့်လိုက်သည်။

ပိုးအိ အစိမ်းရောင် တောက်နေသော မျက်ဝန်းကို သူ စိတ်မကောင်းစွာ ရင်ဆိုင်လိုက်ရသည်။ သူ ထိုအကြည့်ကို လက်မခံနိုင်အောင် ဖြစ်သွားကာ....

'ထွေးပြီးသား တံတွေးကို ပြန်မျိုလို့မရသလို ချစ်သူအရာ အဖြစ် လွှန်မြောက်သွားပြီ ဖြစ်တဲ့အတွက် ငါသင်းကို ချစ်သူအဖြစ် အသိအမှတ်ပြုပြီး ချစ်တတ်အောင် ချစ်နိုင်အောင် ကြိုးစားပြီး ချစ်သွားမယ်ဆိုရင် နင်ကျေနပ်မလား'





ပိုးအိ သက်ပြင်းချလိုက်သည်။

သက်ပြင်းချသံနှင့်အတူ သူ့ထံမှ အကြည့်ကိုရုပ်သိမ်းကာ ကားကို ပြန်မောင်းလိုက်သည်။

'ကောင်းပါတယ် ကျော်ဝေ လောကကြီးမှာ မေတ္တာလို သူကိုမေတ္တာပေး၊ အကြင်နာလို သူကိုအကြင်နာပေး လိုက်ပါ'

'ဒီလိုပဲ ကြိုးစားယူရမှာပဲ၊ အချစ်ဆိုတာက ဖန်တီးလို့ လွယ်ကူတဲ့အရာ မဟုတ်ဘူး'

'နှလုံးသားနဲ့ ဖန်တီးလို့မရရင် ဦးနှောက်နဲ့သာ ဖန်တီးလိုက်ပါ။ အချစ်ကိုသာ ကိုးကွယ်ရာအဖြစ် ဆည်းကပ်တဲ့ လူမျိုးကို ငါအထင်မကြီးချင်ဘူး၊ ချစ်ချင်တဲ့ အချစ်မျိုးထက် ဖြစ်သင့်တဲ့ အချစ်မျိုးကို ရယူလိုက်ပါ'

'ဒီလိုပဲ ငါဆုံးဖြတ် ထားပါတယ်'

ကျော်ဝေစိတ်ကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။ ဖြစ်ချင်တာထက် ဖြစ်သင့်ရာကိုပဲ ဦးစားပေး လိုက်တော့မည်။

'အချစ် အလွမ်းတို့ ဆိုတာ အလုပ်မရှိ သူတွေအတွက် ဇိမ်ခံပစ္စည်းလို အပိုပစ္စည်းပဲလို့ ငါတော့ယူဆတယ်'

ပိုးအိကို သူလန့်သွားသည်။ သာမန် အသဲနှလုံးနှင့် မိန်းမသားမှ ဟုတ်ပါလေစ။

'ဒီတော့ နင်ကအချစ်ကို ဇိမ်ခံပစ္စည်းလို ဇိမ်ခံစဉ်းစားနေဖို့ အချိန်မရှိဘူး၊ အဲဒီတော့ နှလုံးသားအချစ်တို့ ဦးနှောက် အချစ်တို့ကို ခွဲခြားပိုင်းဖြတ်မနေနဲ့ ကိုယ်ချစ်ထက်ရှိလာတဲ့



www.burmeseclassic.com

သူချစ်တိုင်း ပြန်ညည်းချစ်ပြီး လှပတဲ့ ချစ်သူ့ကမ္ဘာလေးကို တည်ဆောက်လိုက်ပါလို့ပဲ ငါတိုက်တွန်းပါရစေ'

ပိုးအိသာ အခြားသူဆိုပါက သူတုန့်ပြန် ပြောလိုက်မိပေမည်။ စိတ်ဆိုးမိလိမ့်မည်။

'သူတစ်ပါးရဲ့ စိတ်လွတ်လပ်မှုဆိုတဲ့ လူမှုအခွင့်အရေးကို တောင်မှ တားဆီးကန့်သတ်ခွင့် ရတဲ့အထိ နင်စိုးမိုးချင်ရသလား ဟျှ...

ယခုတော့ ပိုးအိကိုဘာမှ မပြောလိုပါ။

'နင့်မေတ္တာကို ငံ့လင့်နေတဲ့ မိသင်းကို နင်ထွေးထွေးနွေးနွေး နှစ်သိမ့်မှုပေးလိုက်ပါ'

'ငါသင်းကို မေတ္တာပေးနိုင်ပါတယ်။ မပေးနိုင်သေးတာ အချစ်ပါ'

'အချစ်ငတ်သူကို အချစ်ပေးလိုက်ပေါ့ဟာ၊ မိသင်းက နင့်ကိုသိပ်ချစ်ခဲ့တာ'

'သိပ်ချစ်ခဲ့တာ....ဟုတ်လား'

'ဟုတ်တယ်....သူက နင့်ကိုမြင်မြင်ချင်းပဲ ချစ်ခဲ့တာတဲ့'

'နင်....ဘယ်လိုလုပ်သိသလဲ'

'မိသင်းကိုယ်တိုင် ငါ့ကိုဖွင့်ပြောပြလို့ ငါသိတယ်'

'ဘယ်တုန်းကပြောလို့လဲ'

'ငါ ပဲခူးကနေ ရန်ကုန်ပြန်လာတော့ သူနဲ့ ငါအရင် ဆက်သွယ်တယ်၊ အဲဒီမှာ သူကအိမ်လာပြီး၊ သူဟာနင့်ကို





သယ်လောက် ချစ်နေတယ်ဆိုတဲ့အကြောင်း ဖွင့်ပြောတယ်။ ဒါကြောင့် ငါသိတာ'

သူ့ရင်ထဲ၌ အမည်မသိသောဝေဒနာတစ်ရပ် စိုးမိုးလာသည်။ ကားကူရှင်သို့ ခေါင်းတင်ကာ မျက်စိမှိတ်ထားလိုက်သည်။

ရင်ထဲ၌ ဒေါသတရား ဖြစ်ထွန်းလာသည်။ ထိုဒေါသအရှုံးသည် ဘယ်သူ့ကိုမှမဟုတ်၊ သူ့ဘဝကိုဖြစ်သည်။

ဆိုက်ကားသမား ဦးဘကျော်နှင့် အကြော်သည် ဒေါ်ဝေတို့၏သားဖြစ်ပြီး တစ်နေ့လုပ်တစ်နေ့စားဘဝဖြင့် ဝမ်းဝသာ ရှာဖွေစားသောက်နိုင်သော မိသားစုလူဖြစ်ရခြင်းကြောင့်လား....

သူ့အားလပ်ချိန်၌ အိမ်နီးနားချင်း သုံးလေးငါးအိမ်သို့ ရေထမ်း၍ လိုက်ဖြည့်ပေးခြင်းဖြင့်လည်းကောင်း၊ အစ်မ ကြင်းဝေက အိမ်ရှိအသီးအနှံများကို ရောင်းချပေးခြင်းဖြင့်လည်းကောင်း၊ သူ့ကျောင်းစရိတ်နှင့် ခါးလှရုံ ဝတ်နိုင်ဖို့အတွက် အဝတ်အစားဝယ်နိုင်ရုံသာ ရှိသောဘဝကို နာကြည်းရမည်လား....

ယခုလက်ရှိဘဝ၌ ပုဂ္ဂလိကပုံနှိပ်တိုက်တစ်ခု၌ ညစာစီသော အလုပ်သမား နေ့ခင်း တက္ကသိုလ်ကျောင်းသား....



www.burmeseclassic.com

www.burmeseclassic.com



ဒီအသက်ကြီး နာကြည်းရမလား....

'လောကကြီးမှာ ကိုယ်ချစ်ထက်သူချစ်ဟာ အကောင်းဆုံးနဲ့ အဆိုင်အမာဆုံးပဲ'

ပိုးအိကတော့ အသည်းနှလုံးမရှိသော မိန်းကလေးပီပီ သူ့အဘိဓာန်ကိုဖွင့်လျက်ရှိသည်။

သူ့နားထဲ ဝင်တစ်ချက်မဝင်တစ်ချက်ရှိသည်။

'သင်းဟာ သနဲ့ားဖို့သိပ်ကောင်းနေတယ်၊ သူ့အဖေအတွက် ဆေးကုလိုက်ရတာနဲ့ အတွင်းပစ္စည်းကုန်သလောက်ဖြစ်သွားတယ်၊ အိမ်တောင် အခုအသုဘစရိတ်လိုလို့ ပေါင်ထားရတဲ့ဘဝရောက်ပြီလေ'

'နင် ဘယ်လိုလုပ်သိသလဲ သင်း ပြောလို့လား'

'သူတို့အိမ် အပေါင်ခံတဲ့လူက ငါ့အဖေ ဖြစ်နေလို့ပေါ့ဟဲ့၊ လူကိုတော့ယုံပါတယ်၊ ငွေကိုမှယုံဘူးလေ၊ ဒါကြောင့် အသုဘစရိတ်အတွက် လိုနေတဲ့ငွေကို ထုတ်ပေးနိုင်ဖို့ အိမ်ကို အရောင်းအဝယ်စာချုပ်နဲ့ချုပ်ပြီး ငွေထုတ်ပေးလိုက်တယ်၊ သူတို့အိမ်ကြီးက အသုဘကိစ္စပြီးတာနဲ့ ထိုင်ရောင်းရတဲ့ဘဝ ရောက်မှာပဲ သနားပါတယ်'

ပိုးအိ၏ သနားပါတယ်ဟူသော စကားသည် သူ့နားရွက်ဝါးသီးသွားသည်။ ဦးမင်းဆက်သမီးသည် ဦးမင်းဆက်အတိုင်းမဲ့ ဖြစ်ပေမည်။





နူရာဝ္ဂဲစွဲ၊ လဲရာသူခိုး ထောင်းသကဲ့သို့ သင်းဘဝ၌ အစ်ကိုဆုံး၊ ပြီးတော့ မိခိုအားထားရာဖခင်ကြီးလည်းဆုံး၊ စီးပွားဥစ္စာလည်းလျှောကျပျက်စီးကာ မပဒါမြေလူးရသည့် အဖြစ်နှင့် ကြုံတွေ့နေရလေပြီ။ ဒီကြားထဲ အတိုးများကနှိပ်စက်ကလူပြုပေဦးတော့မည်။

'ဒေါ်ဂရေစီကလည်း ကြွားဝါဖို့သာတတ်တယ်၊ ဘာမှအဖြစ်မရှိဘူးကုန်မှာပဲ'

ရေနစ်သူကို ဝါးကူလိုထိုးသောစကား ဆိုရက်သောငယ်ကျွမ်းဆွေကို သူ ခပ်စိမ်းစိမ်းကြည့်လိုက်သည်။

ကားကို ထည်လဲစီးနိုင်သော၊ကားရပ်လိုက်သည်နှင့် အိမ်မှအလုပ်သမားများက တံခါးပြေးဖွင့်ကာ လွယ်အိတ်ကိုလာသယ်ပေးသောအဖော်၊ အပြင်သွားဖိနပ်ကိုချွတ်ကာ အိမ်စီးဖိနပ်ကို သူမခြေထောက်ရှေ့လာချပေးသောအဖော်၊ ထမင်းစားလျှင် အနားမှယပ်ခတ်ပေးနေသောအဖော်၊ စာကျက်၍ညောင်းသွားလျှင် နှိပ်ပေးနင်းပေးမည့်အဖော်၊ စသောအခြံအရံအသင်းအပင်းများနှင့် ပြည့်စုံသောပိုးအိကို သူကြည့်ရင်း သူနှင့် အဝေးဆုံးသို့ ရောက်ရှိ သွားလေသည်။

'ငယ်ငယ်တုန်းက အချစ်နဲ့ပတ်သက်ပြီး စိတ်ကူးယဉ်နိုးခဲ့တာတွေဟာ ကြီးလာတော့ ရယ်စရာကောင်းတဲ့ဟာသ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်ကို မြှန်ခံစားရသလိုပဲဖြစ်တတ်တယ်လို့ ငါ့အမေက ပြောဖူးတယ်၊ ဟုတ်မှုယ်ထင်တယ်နော် ကျော်ဝေ၊ ငါကတော့ စိတ်ကူးမယဉ်တတ်တဲ့အတွက် ဟာသတစ်ပုဒ်တော့ရမှာမဟုတ်ဘူး....အဟင်း....ဟင်း'

ဘယ်အချိန်ကများ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်မသိ၊ ဖြေရန်ကြိုးစားလိုက်သည်။ အကယ်၍သာ အနားဦ ပိုးအိမရှိပါလျှင် တစ်စုံတစ်ရာကို လက်သီးနှင့် ထိုးမိလိမ့်မည်ဖြစ်သည်။

နာကြည်းခြင်း ခံပြင်းခြင်းတို့က သူ၏နှလုံးသားကို ဝါးမြိုသွားလေသည်။

'ဩော်....ကားတွေတောင် အရင်ကလို စည်းကားမှုမရှိတော့ပါလား'

သင်းတို့အိမ်ရှေ့၌ ကားနှစ်စီးမျှသာ ရပ်ထားသည်ကို ခြောက်ကပ်စွာတွေ့မြင်လိုက်ရချိန်၌ သူ စိတ်ကိုလျော့ချလိုက်သည်။

ကျစ်ကျစ်ပါအောင်ဆုပ်ထားမိသော လက်သီးကို ဖြေလိုက်ရသည်။

သင်းတို့၏အိမ်ထဲ ဝင်မိသည်နှင့် သင်းမိခင် ဒေါ်ဂရေစီက ...





'အမယ်လေး....မောင်ကျော်ဝေရယ်၊ မင်းသူငယ်ချင်းကိုလဲ ဖျောင်းဖျပေးကြပါဦး၊ စကားမပြော မငိုမရီနဲ့လေ'

'သင်း ဘယ်မှာလဲအန်တီ'

'စာကြည့်ခန်းထဲမှာ'

သူ စာကြည့်ခန်းသို့ တန်းဝင်ခဲ့သည်။ သူမ၏ဖခင် ထိုင်နေကြ လှုပ်ကုလားထိုင်ကြီး၌ထိုင်ကာ ဖခင်၏ဓာတ်ပုံကို ငေးစိုက် ကြည့်နေသော သင်း၏ မျက်လုံးသည် မရှေ့လျှော....

'သင်း'

'မိသင်း'

သူတို့နှစ်ဦး၏ ခေါ်သံသံပြိုင်ထွက်ပေါ်သွားသည်။

သူမရှေ့၌ သွားရပ်လိုက်သည်။

'သင်း'

သူကိုယ်ချင်းစာတရား အပြည့်အဝဖြင့် ကရုဏာထားကာ ခေါ်လိုက်မိသည်။

သနားစရာကောင်းသော သင်းကို သူ့ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ သနားသွားလေပြီ။ ချစ်တတ်အောင် ကြိုးစားလိုက်တော့မည်။

'သင်း'



www.burmeseclassic.com

www.burmeseclassic.com



သင်း၏ မျက်လုံးဆန်လေးရွှေ့လျားလာသည်။ သူ့အား စိုက်ကြည့်သည်။

သူပြုံးပြလိုက်သည်။

သင်း၏နှုတ်ခမ်းလေးများက တစ်ဆတ်ဆတ်တုန်ခါလာသည်။

သူငယ်ငယ် မှလတန်းဘဝ၌ ဖတ်ခဲ့ဖူးသော သင်ခန်းစာတစ်ပုဒ်ကို သတိရလိုက်မိသည်။

ဇွန်ပန်းရုံအနီး
နှင်းထဲ၌ လှည်းဘီးကျွံနေသည်။
ကူ၍တွန်းပေးကြပါဦး
လေးလွန်း၍ မတွန်းနိုင်ဘူးလား
ပြိုင်တူတွန်းလျှင်ရွေ့နိုင်ပါသည်။

'ဟင့်'

မျက်လုံး၌ သောကရည်ကြည်တို့ သန္ဓေတည်လာကာ ဟင့်ကနဲ့အသံ ထွက်ရှိုက်ငင်ပြီး မျက်ရည်များတာ ကျိုးလာသည်။

'သင်း'

'ကျော်ဝေ'





သူဘာဲ့ယ်ကဲ့သို့ လုံ့ပ်ရှားမိမှန်း မသိလိုက်ခင်၌ သူ့ရင်တွင် ငှုနွေးစိုစွတ်သော အိကြွေတာ ရပ်ဝန်းဖြစ်သွားသည်။

ထို့အတူ လိုက်ကာလေးကို လှပ်ကာ ထွက်သွားသော မိုးအိကြောပြင်ကို တဒင်္ဂမြင်လိုက်ရပြီး လိုက်ကာလေးသည် လှုပ်ရှား၍ ကျန်ရစ်ခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

“လူ့ဘဝမှာ အရေးအပါဆုံး ဖြစ်တဲ့ ဆယ်ကျော်သက် ကာလကို လွန်မြောက် လာပြီဆိုရင်တော့ ပျက်စီးဖို့ ခဲယဉ်းသွားပါပြီ....”

## အခန်း (၂)

‘ကောင်လေး....အဲ....မောင်ကျော်ဝေ’

ဒေါ်ဘုမက သူ့အား လှမ်းမြင် လိုက်သည်နှင့် ခြံဝမှ လှမ်းခေါ်သည်။

ပိုးအိ စောင့်နေတော့မှာပဲ ဟူသောအသိဖြင့် လျင်လျင်မြန်မြန် သွားလိုက်ချင်ပါ သော်လည်း ဒေါ်ဘုမခေါ်၍ မသွားလျှင် ကောင်လေးက ဘွဲ့ရသွားတာနဲ့ အချိုးပြောင်းသွားလိုက်တာ သွေးကြီးမွေးကြီးနိုင်လို့ ဟုပြောပေမည်။

‘ဘာလဲ ဒေါ်ဘုမ’

‘နင်ဘယ်သွားမလို့လဲ’





‘ဟိုကောင်မလေးအိမ်’

‘ဘယ်ကောင်မလေးလဲ’

‘နင့်ကောင်မလေးလေ ဦးဘဝင် သမီးဟာကော’

‘ဩော်....ပိုးအိအိမ်လား ဘာကိစ္စလဲ’

‘သူတို့အိမ်မှာ သဒ္ဒါခွမ်းကျွေးတဲ့ အဲဒါ အရင် ဒီရပ်ကွက်ဟောင်းက လူတွေကိုလည်း ဖိတ်တယ် နင်တို့ကော’

‘အင်း....ဒါကြောင့် ဒေါ်ဘုမက လှနေတာကိုး လာဗျာ ကျွန်တော်နဲ့လိုက်ခဲ့’

‘ဟဲ့... နင့်အဖေတို့ကော’

‘အမေနဲ့အဖေ စစ်ကိုင်း သွားကြတယ်။ ဘုရားလည်း ဖူးရင်း အစ်မဆီလည်း လည်ရင်းပေါ့’

‘နင့်အစ်မကော အစဉ်ပြေရဲ့လား’

‘အင်း ချောင်လည်ပါတယ်၊ သူ့ယောကျ်ားက စာရင်းစစ်ပဲဟာ’

‘ဩော်....အေးဟဲ့...နင်ကော ဘာလုပ်နေသလဲ’

‘စာပြင်’

‘ဘွဲ့ရပြီးပြီပဲ အခြားအလုပ်လုပ်ပေါ့’

‘ဟုတ်ကဲ့....ကြိုးစားနေပါတယ်’

လေးနှစ်ကျော် ဟူသော ကာလ အပိုင်း အခြားသည် ဧည့်ကဲ့သို့ ကုန်ဆုံးသွားမှန်းမသိ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘုမသည် ဆံပင်အနည်းငယ် ဖြူလာသည်၊ အနည်းငယ်ဝလာသည်မှလွဲ၍ မပြောင်းလဲ....

သူတို့နေထိုင်ခဲ့သော ကျောင်း၌ မှန်ဟင်းခါးရောင်းနေရဆဲဖြစ်သည်။

'ကောင်မလေးတို့ အိမ်ကကော ဝေးသလားဟဲ့'

'ဝေးတယ် ကားနှစ်ဆင့်စီးရမယ်။ ပြီးရင် လမ်းလျှောက်ရဦးမယ်'

'ဒုက္ခပါပဲ'

'မဒုက္ခနဲ့ အဲဒါကိုယ့်ဟာကိုယ် သွားရင်ပြောတာ။ အခုဟာက ဆရာမတို့အိမ်မှာ လူစုခိုင်းထားတယ်။ သူက ကားတစ်စီး လွှတ်ပေးလိမ့်မယ်'

'တော်ပါသေးရဲ့ နို့မို့ဆိုရင် ငါ့ခန္ဓာကိုယ်ကြီးနဲ့ ကားတိုးစီးဖို့ မလွယ်ဘူး'

ဒေါ်ဘုမသည် ဝသော်လည်း ပေါ့ပါးသည်။ သူ၏ခြေလှမ်းကျဲကို အမီလိုက်နိုင်သည်။

'ဘယ်ဆရာမအိမ်လဲ'

'ဒေါ်ထက်ထက်'

'ဒီမြင်ဆရာမတွေကော ဖိတ်သေးသလား'





'ဖိတ်ပါတယ်။ ဒေါ်ထက်ထက်ကတော့ ပိုးအိ ရှစ်တန်းတုန်းက ဆရာမဖြစ်ခဲ့ရုံမကဘူး။ ကိုးတန်းအတန်းပိုင် ဆရာဖြစ်တော့ ပိုးအိက တော်တော်ခင်တယ်'

'သွားမဲ့တာ သွားရမယ်။ သူ့အဖေ ဦးဘဝင်ကြီးက စိတ်ခိုင်းရဲ့လားမသိဘူး၊ ခပ်လန့်လန့်ပဲ။ ကောင်မလေးကို ခင်လို့သာ ဒါ့ထက်နေဦးမေးမယ် မေးမယ်နဲ့ မမေးဖြစ်ဘူး၊ နင်နဲ့ကောင်မလေး သမီးရီးစား ဖြစ်သွားကြပြီလား'

'မဖြစ်ပါဘူး သူငယ်ချင်းဟာ သူငယ်ချင်းပဲပေါ့ ဘာပြောင်းလဲစရာလိုသလဲ'

'လိုတာပေါ့ဟ ဒီလိုပဲသူငယ်ချင်း၊ သူငယ်ချင်းနဲ့ နောက်ဆုံး ညားကုန်ကြတာတွေ တပုံကြီးပဲ'

'အဲဒီထဲ ကျွန်တော်တို့ မပါဘူး'

မိမိ နှလုံးသားကို လိမ်ညာဟန်ဆောင်ရသော အပြောမျိုးလဲ့ သူဘာကြောင့် လွယ်လင့်တကူ ပြောဆိုသနည်း'

တစ်ခါတရံ ချစ်ခြင်းမေတ္တာတရားသည် အမည်သတ်မှတ်ချက်နှင့် ဆိုင်သလား အတွင်းအဇ္ဈတ္တ တရားနှင့်ပဲ ဆိုင်ပေသလား သူမတွေးတတ်အောင် ဖြစ်နေသည်။

ဒေါ်ထက်ထက်တို့ အိမ်ရှေ့၌ လှအေး၏လည်း ထူးဆန်းဆန်းနှင့် ပုံပန်းကို တွေ့မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ပဲ ကျန်တော့တယ်ထင်တယ်'

'ဆရာမ့ကို အားနာစရာကြီး'

'ဟော ဒေါ်ဘုမကြီးပါ ပါလာတယ် တော်သေးတာပေါ့၊ ကျမတို့ ပိုးအိကမှာ ထားတာမေ့နေလို့ စိတ်မရှိနဲ့နော် ဒေါ်ဘုမ'

ဆရာမ ဒေါ်ထက်ထက်က ဒေါ်ဘုမကို မြင်မြင်ခြင်း တောင်းပန်လိုက်သည်။

'ရပါတယ် ဆရာမ ဆရာမတို့က အလုပ် များတာပဲ ဘယ်မှတ်မိနိုင်ပါ့မလဲ'

'ကိုင်းလူစုံရင် တက်ကြသွားမယ်'

ကျော်ဝေနှင့် လှအေးက နောက်ဆုံးမှတက်သည်။

ပိုးအိ၏ အိမ်နီးချင်းများကိုလည်း တွေ့ရသည်။ ဤသို့ ဖိတ်ထားခြင်းကို ပိုးအိကြို၍ မပြောတတ်။

ပိုးအိသည် ဘွဲ့ရတော့ ဘာသာစုံ ဂုဏ်ထူးနှင့် ပထမ မဟာသိပ္ပံသို့ ဆက်တက်နေသည်။

သူလည်း ပိုးအိလောက် မထူးချွန်ညား။ မဟာဝိဇ္ဇာ ဆက်တက်ခွင့်ရ၍ တက်နေသည်။

သင်းတစ်ယောက်သာ ပညာရေးလောကကို ကြောခိုင်းလိုက်သည်။ သူမမောင်လည်း ဆယ်တန်းအောင်ကတည်းက





နိုင်ငံခြားရှိ သူ့ဦးလေးဆီသို့ လိုက်သွားပြီး ဟိုမှာကျောင်း ဆက်တက်ကာ အလုပ်လုပ်နေသည်။ မကြာခင် သူ့အလုပ် ရှင်ဖြစ်ရာ ဩစတြေးလျ်ားမှ နိုင်ငံသူနှင့် အိမ်ထောင်ကျကာ နိုင်ငံသားအဖြစ် ခံယူလိုက်သည်။ နောက်ပိုင်း၌ ငွေပင် အားမပို့ပေး နိုင်တော့ချေ။ သို့သော် ကြီးပွားနေသည်ကို တော့ အယ်လ်ဘန်များ ပို့ပေးခြင်းအားဖြင့် မိခင်နှင့်အစ်မ ကို နှစ်သိမ့်စေသည် ထင်ပါသည်။

သင်းတို့မှာ သင်း ကျောင်းစရိတ်၊ သူ့မောင် ကျောင်း စရိတ်၊ နိုင်ငံခြားသွားရန် ကုန်ကျစရိတ်များနှင့် အိမ်ရောင်း ငွေမှ ဘဏ်အပ်ထားသည်တို့ တစ်စစ ကုန်ကာ နောက်ဆုံး ဆိုက်ခန်းသာ ကျန်တော့သည်။

'သင်းကော'

'သူ့ဘာသာသူ တက္ကစီနဲ့လာလိမ့်မယ်'

'ဩော်....သင်းတစ်ယောက်လဲ အတိတ်က ရွှေထီးဆောင်း ခဲ့ဘဝကို မမေ့နိုင်သေးဘူး ထင်ပါရဲ့ကွာ'

သူ့ဘာသာမှမပြောချင်သဖြင့် ငြိမ်နေလိုက်သည်။

သင်းဖခင် ကွယ်လွန်သွားသောနေ့မှ စတင်၍ သူတို့သည် အဆောင်ဥနှောင်ဖွဲ့ကာ ချစ်သူများဘဝသို့ ရောက်ရှိသွားခဲ့ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဘာသ သက်တမ်းတစ်လျှောက်လုံး၌ သင်းနှင့် သူ ကတောက်ကဆမဖြစ်ခဲ့ပါချေ။ သင်းသည် သူ မကြိုက်သော အပြုအမူများကို တတ်နိုင်သမျှ ပြင်ရှာသည်။

သို့သော်....သင်းက နိုင်ငံခြား၌ အလုပ် သွားလုပ်မည် ဟူသော ကိစ္စနှင့်ပတ်သက်၍ သူနှင့်သင်း သဘောထား စတင်ကွဲလွဲခဲ့လေပြီ။ ကတောက်တဆ ဖြစ်ရသည်။

'ဘယ်လမ်းလဲ'

'ရှေ့လမ်းရောက်ရင် ဘယ်ချိုး'

သင်းကို တွေ့လျှင် သူမည်ကဲ့သို့ ရင်ဆိုင်ရမည်နည်း။ သင်းကို သူစိတ်ထဲ ကသိကအောင့်ဖြစ်၍ အဆက်အသွယ် မပြုဘဲ ထားခဲ့သည်မှာ တစ်ပတ်မျှ ရှိလေပြီ။

ပိုးအိ၏ ကျယ်ဝန်းသော ခြံဝန်းဝယ် ကားအမျိုးအစား များစွာတို့ တွေ့ရလိမ့်မည်ဟု မျှော်မှန်းထားသော်လည်း သိပ်မတွေ့ရချေ။

ပိုးအိကိုယ်တိုင် သူတို့အား စောင့်ကြိုနေသည်။ ပိုးအိနှင့် ယှဉ်တွဲရပ်နေသူမှာ သင်းဖြစ်သည်။

သူ ကားပေါ်မှ ဆင်းလိုက်သည်။ ဆရာမများကို သူ စောင့်ကြိုလိုက်သည်။

အံ့ဩဖွယ်ကောင်းသည်က သူ လုံးဝ မျှော်လင့်မထား သော ဖြစ်ရပ်ကို ကြုံတွေ့လိုက်ရသည်။

လှိုင်စာပေ



ဦးမင်းဆက်ကိုယ်တိုင် ပြာပြာသလဲ့ထွက်လာကာ ကြိုဆို ခြင်းဖြစ်သည်။

'အား....ဆရာမ ဒေါ်ထက်ထက်၊ ကျွန်တော်က လာမှ လာပါမလားလို့ တထင့်ထင့်နဲ့ဗျာ၊ ကျွန်တော်ကိုယ်တိုင်လိုက် မဖိတ်မိလို့ နောင်တတောင်ရနေတာ၊ အခုမှပဲ သက်ပြင်းချ နိုင်တော့တယ်၊ လာ....မောင်ကျော်ဝေ.... ဆရာမတို့ကို ခေါ် ခဲ့ပါ'

သူနှင့် ဆရာမဒေါ်ထက်ထက် မျက်လုံးချင်းစုံသွားသည်။ 'ဘယ်လိုလဲ' ဟူသော သဘော....

မိုက်ခ်နှင့်သူ အချင်းဖြစ်ပွားစဉ်က တင်းမာခဲ့သောသူမှာ ဦးမင်းဆက်မှ ဟုတ်ပါလေစဟု သံသယဝင်စေအောင်ပင် ဖော်ရွေနေသည်။

ဘယ်လောက်တန်မှန်းမသိသော မွေးပွ ကော်ဇောကြီး များကို ခန်းလုံးပြည့် ခင်းထားသည်။ စားပွဲဝိုင်းဆယ်ဝိုင်း မျှ ချောင်ချောင်ချိစွာ နေနိုင်သည်။ ရဲတိုက်တမျှ ခမ်းနားလွန်း သော ပိုးအိအိမ်သို့ ယခုမှ သူရောက်ဖူးသည်။

ပိုးအိ မူလတန်းကျောင်းသူဘဝမှ စတင်၍ လက်လှမ်းမီ သမျှ သူမ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဆရာ ဆရာမများ၊ တက္ကသိုလ်မှ ဆရာ ဆရာမများကို တွေ့ရ သည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဆရာမများသည် အခြားစီးပွားရေးလုပ်ငန်းသာ မရှိပါက ကားစီးနိုင်ရန် ခဲယဉ်းသည်။ ထို့ကြောင့် ပိုးအိ ကပင် ကားစီစဉ်ပေး၍ ဖိတ်ခေါ်ခြင်းဖြစ်ပေမည်။

'ဆရာတွေ ဆရာမတွေနဲ့ သမီးရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတွေကို သက်သက်ဖိတ်တာ'

ကွဲကွာနေသော ဆရာ ဆရာမများနှင့် သူငယ်ချင်းချင်းမှာ လက်ပံပင် ဆက်ရက်ကျသကဲ့သို့ ရှိသည်။

သူ အံ့ဩရသည်က ပိုးအိ။ ဘာသားမှန်း မသိသော အဆင်နုတ်နုတ် ဝမ်းဆက်ကလေး ဝတ်ထားသည်မှ အပ သူမသည် ဘာမှမပြောင်းလဲ။ လက်ဝတ်လက်စား မဝတ်။

သူမကိုကြည့်ပြီး ပြည့်ဝသောအိုးများသည် ဘောင်ဘင်မခတ်ဟူသော စကားကို သဘောပေါက်မိသကဲ့သို့ ရှိလေသည်။

သူမအနေအထားနှင့်ဆိုလျှင် စိန်များကို ညွှတ်နေအောင် ဝတ်နိုင်သူဖြစ်သည်။

'ဒါလင်....လာလေ'

'နေပါစေ....ကိုလှအေးတို့ဝိုင်းမှာပဲ သွားစားမယ်'

သင်းက ဘယ်အချိန်ကများ သူ့နား ရောက်နေသည် မသိ။ သင်းကြောင့် ပိုးအိထံ ရောက်နေသော အကြည့်တို့ကို မလုံမလဲ လွှဲဖယ်လိုက်ရသည်။ ခပ်ပြတ်ပြတ် ပြောပြီးမှ လှအေးတို့ရှိရာ ယောကျ်ားဝိုင်းသို့ သူထွက်ခဲ့သည်။





ဒန်ပေါက်၊ အအေး၊ ဆနွင်းမကင်း၊ ကျောက်ကျော ...နှင့် စုံလင်စွာ ရှိနေသည်။

သင်းသည် မျက်နှာပျက်စွာ ကျန်ရစ်ခဲ့ခြင်းကို သူ ...သောက္ခာပြုလိုက်နိုင်ခြင်းအတွက် သူ့ကိုသူ အံ့ဩသွားသည်။

သူသည် မိန်းမသားများ၏ မျက်ရည်စက်ကို ခံနိုင်သော ...ရည် မရှိတတ်ပါချေ။

'ဟေ့ကောင်....ကျော်ဝေ၊ သင်း မျက်နှာပျက်သွားတာ ...သိရဲ့လား'

'သိပါတယ်'

'သိရင် မင်း ဘယ်လိုခံစားရသလဲ'

'သနားတယ်....ငါ့ဘဝထဲကို သင်းက သနားခြင်းနဲ့စတင် ...ရောက်လာတာဆိုတော့ သင်းအပေါ် အမျက်မထွက်ရက် ...အောင်ပဲ၊ ဒါပေမယ့် လောလောဆယ်တော့ သင်းကိုငါ ...ဆိုးနေဦးမှာဖြစ်မှာယ်'

ကျော်ဝေက လှအေးကို ခပ်တိုးတိုးပင် ရှင်းပြလိုက်...သည်။

ထိုစဉ်....

...မင်းဆက် သူတို့ဝိုင်း ရောက်လာသည်။

'...ားကြပ့်ါ....ဘာလိုသေးသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မြည့်စုံပါတယ် ဦး'

'မောင်ကျော်ဝေကော ကျောင်းဆက်တက်နေတယ်ဆို'

'ဟုတ်ပါတယ် ဦး'

'အေး....အေး....ကောင်းတယ်၊ ကြိုးစား ကြိုးစား... လူ့ဘဝမှာ အရေးအပါဆုံးဖြစ်တဲ့ ဆယ်ကျော်သက် ကာလကို လွန်မြောက်လာပြီဆိုရင်တော့ ပျက်စီးဖို့ ခဲယဉ်းသွားပါပြီ၊ ဒါကြောင့် မင်းတို့ကို ဦး ဘာမှ ပြောစရာမလိုတော့ဘူး၊ အရင် ဦး ပြောမှားဆိုမှားရှိရင်လဲ သားသမီးပေါ်ချစ်ခြင်းကြောင့် မှားယွင်းတဲ့ အတ္တစိတ်လို့သာ မှတ်ယူလိုက်ပြီး ခွင့်လွှတ်တော့ မောင်ကျော်ဝေ'

'ကိစ္စမရှိပါဘူး ဦး....ကျွန်တော် နားလည်ပါတယ်'

'အေး....အေး.... လောကကြီးမှာ ဘယ်သူ့အပေါ်ကိုမှ အားသာတတရား မထားဘဲ...ကိုယ့်လုမ်းအတွက်သာ ကြိုးစားမတ်မတ် လျှောက်သွားမယ်ဆိုရင် အောင်မြင် ကြီးပွားမှုကို ရမှာ သေချာတယ် တူမောင်တို့... ဦးဟာ အောက်ခြေလူတန်းစားကို သူညဘဝက စတင်ပြီး ကြီးပွားခဲ့တဲ့သူဆိုတော့ သူတကာထက် ပိုမြင်တတ်တယ်၊ ဒါကြောင့် ပျက်စီးမယ့်လမ်းကြောင်းများတွေရင် လူမှန်းခံပြီး တားဆီးရတဲ့အခါလဲ ရှိတတ်တယ်၊ ခုဆိုရင် ဦးတို့လဲ ကြီးလာပါပြီ၊ သမီးလဲ လောကကြီးမှာ နေတတ်သွားဖို့အတွက် ခိုင်မာတဲ့ပညာတော့





ရလာပြီဖြစ်လို့ ဦးလဲ ဝမ်းသာရပြီပေါ့၊ ကိုင်း...ဦးစကားရှည်နေတာနဲ့ တူမောင်တို့ အစားပျက်ခနေပါ့မယ်...အေးဆေးဆေးဆေးစားကြ၊ ဦးကို ခွင့်ပြုပါဦး'

'ဟုတ်ကဲ့ပါဦး'

ဦးမင်းဆက်၏စကားကို ကျွန်လူများ နားလည် မလည်တော့ သူမသိပါ။ သူတော့ နားလည်ပါသည်။

ဆယ်ကျော်သက်အရွယ် လူငယ်များ၏ ဘဝကိုပျက်စီးတတ်သော မူးယစ်ဆေးနှင့် အချစ်ရေးကို ဦးမင်းဆက်က အတ္တဆန်စွာ ကာကွယ်ခဲ့သည်။

တစ်ဦးတည်းသော သမီး ပိုးအိနှင့် ငယ်ကျွမ်းဆွေကျော်ဝေတို့၏ သံယောဇဉ်အတိုင်းအတာကို သိမြင်ကာ မိုက်ခ်ကိစ္စဝင်လာသည်နှင့် ပိုးအိအတွက် ဆိုလျှင် သောင်ကျခံမည့်ကျော်ဝေ အနေအထားကို တွေ့မြင်သွားသည်။

ထို့အတူ ကျော်ဒဝေအတွက်ဆိုလျှင် ရိုးကန္တာရသို့ပင်သွားရောက် ဖြေရှင်းပေးရန် အသင့်ဖြစ်နေသော သမီး ဤကျော်ဝေအပေါ် ထားရှိသော စိတ်ထားတို့ကို လူကြီးပီပီတွေ့မြင်သွားခဲ့လေပြီ။

ထို့ကြောင့်... ငယ်ကျွမ်း နှစ်ဦး၏ သံယောဇဉ်ကြီးလှသားသမီး အတွက် . အတ္တ ဆန်သည်ဟု ဆိုဆို တော်ပင်



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်လုပ်ကာ ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်ဟု ကျော်ဝေ သဘောပေါက်ခဲ့လေပြီ။

'ကျော်ဝေ'

သူ့ရင်၌ လှုပ်လှုပ်ခတ်ခတ်ကလေး ဖြစ်သွားသည်။ သူ့သခင်မ၏ အသံ။

ပဲရစ်ညနေခင်း အော်ရီကလုံ ရေမွှေးနံ့ကို သူရလိုက်သည်။ ထိုရေမွှေးမှလွဲ၍ အခြားရေမွှေး မသုံးတတ်သော မိန်းကလေးသည် သူ၏ဘေး၌ လာထိုင်သည်။

'သင်းက မစားသေးတဲ့ နင့်ကိုစောင့်နေတာ'

'ဝမ်းချင်းဆိုတာလိုက်လို့'

'နင် ဘယ်လိုစကားပြောလိုက်တာလဲ... ညာတာ ထောက်ထားမှုမရှိတဲ့ အပြောမျိုး နင်ပြောထွက်တာ ငါအံ့ဩတယ် ကျော်ဝေ'

'ငါ ဒီထက်မက ပြောချင်နေတယ်'

'ဘာဖြစ်လို့လဲ'

'နင် မိသင်းကို နင်မေးကြည့်'

'ပြဿနာဖြစ်လာရင်.... အမျက်ဒေါသနဲ့ ဖြေရှင်းမယ့် အစား ညှိညှိနှိုင်းနှိုင်းနဲ့ ဖြေရှင်းတာ ပိုကောင်းပါတယ်.... မနက်ဖြန် ဆယ်နာရီလောက် ငါတို့ဆုံနေကြနေရာမှာ ဆုံကြရအောင်....အဲဒီနေရာလေးတောင် ငါမရောက်တာ ကြာပြီပဲ'

လှိုင်စာပေ



ကျော်ဝေ ပြောချင်စိတ် ကုန်သွားသည်။ ရင်မှာနွမ်းလျသကဲ့သို့ ဖြစ်သွားသည်။

'လှအေးတို့ မျိုးခိုင်တို့ စားနော်.... လိုတာဖြည့်ပေးနော် ချာတိတ်'

ဝိုင်းတစ်ဝိုင်းကို စားပွဲထိုး တစ်ယောက်စီ ချထားပေးသဖြင့် လိုလေသေးမရှိ ပြည့်စုံလေသည်။

'ပိုးအိ....ငါ စားပြီးတာနဲ့ပြန်ရလိမ့်မယ်၊ ပုံနှိပ်တိုက်မှာ စာမူအပ်ဖို့ ချိန်းထားတာရှိလို့နော်'

'အင်း'

ပိုးအိ မျက်နှာကြော အနည်းအငယ် မာသွားသည်။ သူမ သူ့အား စိတ်ဆိုးနေသလားဟု သူ စိတ်ထဲထင့်သွားသော်လည်း ဘယ်သောအခါမှ ပျော့ပျောင်းမှု မရှိသော သူမ မျက်နှာကြောကို သတိရကာ စိတ်ကို ဖြေသာအောင် ကြိုးစားလိုက်သည်။

စား၍ မဝင်ချင်တော့။

ပိုးအိက စားသောက်ပြီးလျှင် သူမ၏ ဆရာ ဆရာမများကို တစ်ဦးချင်း ထာဝရလက်ဆောင်မှန်ဖြင့် ကန်တော့ပေသည်။ ဤသည်ကို သူမစောင့်နိုင်တော့ သူ စားပြီးပြီးချင်း ပိုးအိ၏ မိဘများလို နှုတ်ဆက်ကာ ပြန်ခဲ့လေသည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ ထွက်လာပြီးမှ သတိရလိုက်သည်။

သင်းကို သူ မနှုတ်ဆက်ခဲ့ပါလား။

စိတ်အခန့်မသင့်ဖြစ်နေသော ချစ်သူအပေါ် နှုတ်မဆက်ခဲ့ခြင်းသည် သူ့အလွန်မဟုတ်ဟု သူထင်သည်။

ထို့ကြောင့် နောက်လှည့်မကြည့်တမ်း သူထွက်ခဲ့သည်။

*    *    *



"အချစ်နဲ့မကင်းနိုင်လို့ မကင်းဘူးဆိုရင် ထားပါတော့၊ လက်ခံနိုင်ပါတယ်။ ဒါပေမယ့်.... အချစ်ကို ရှေ့တန်းတင်လောက်အောင် လူပျော့ လူညံ့ဖြစ်လိမ့်မယ်လို့ ငါမမျှော်လင့်ခဲ့ဘူး"

## အခန်း (၃)

ထင်သည့်အတိုင်းပင် သစ်ပုတ်ပင်ကြီးအောက် ထိုင်နေကြခုံတန်းလျားလေး၌ ပိုးအိတစ်ယောက်တည်း အထီးကျန်စွာ ထိုင်နေလေသည်။

ဘာတွေများ လမ်းညွှန်ကာ ပေးဦးမည်ကိုတော့ သူကြိုတင်သိနေသည်။

သင်းနှင့်ပတ်သက်၍ သူ့အား အပြစ်တင် ဝေဖန်ကဲ့ရဲ့ခွန်းအား ပေးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လျော့ရဲသွားသော သူ၏ သင်းအပေါ် ထားရှိသည့်စိတ်ကို သံပတ် တင်းပေးတော့မည်ကို သူ အလိုလို သိနေသည်။ သို့သော် သူမ၏ဆန္ဒနှင့် ဘာကိုမှ မဆန့်ကျင်လိုသော သူ့ အတွက် သူခေါင်းညိတ်ရပေဦးမည်။

သူ့မဘေး၌ သူဝင်ထိုင်လိုက်သည်။

'ကျော်ဝေ'

'သင်းနဲ့ပတ်သက်ပြီး နင် ငါ့ကို ဘာပြောစရာရှိနေသလဲ ပြောလေ'

'နင် ဘာအချိုးချိုးတာလဲ'

'သင်း....နိုင်ငံခြားမှာသွားပြီး အလုပ်လုပ်မယ်ဆိုတာကို ငါ စိတ်မဆိုးလို့ ဘယ်လိုကိစ္စမျိုးကို စိတ်ဆိုးရမလဲ'

'ဒါစိတ်ဆိုးစရာလား ကျော်ဝေရယ်၊ လူဆိုတာ ကိုယ့် ယူဆချက်နဲ့ကိုယ်ပဲ၊ ကိုယ့်ယူဆချက်ကို ဖွင့်ဟထုတ်ပြောတာ စိတ်ဆိုးစရာမဟုတ်ဘူးလို့ ငါထင်တယ်လေ'

ပိုးအိက လေသံအေးအေးလေးနှင့် သူ့အား ရှင်းပြလာသည်။

'တကယ်ဆို....သူ့ယူဆချက် မှားတယ်ဆိုရင်လဲ နင်က ရှင်းပြပြီး လမ်းညွှန်သင့်တယ်၊ ခုတော့.... စိတ်ဆိုး၊ စိတ်ကောက်နဲ့ တစ်ဖက်မှာ ဝေဒနာရစေတဲ့ အပြုအမူမျိုး နင် မလုပ်သင့်ပါဘူး'

'ငါ ရှင်းပြပါတယ်'





'တစ်ကြိမ် နားမဝင်ရင် နှစ်ကြိမ်ရှင်းပြပေါ့၊ အဲနှစ်ကြိမ်မှ နားမဝင်ရင် သုံးကြိမ်ရှင်းပြ၊ လေးကြိမ်ရှင်းပြပေါ့.. ချစ်သူ တွေရဲ့ ခိုင်မြဲခြင်း အကြောင်းတရားမှာ စိတ်ရှည်ခြင်းလဲ ပါတယ်'

'အဟင်း...ဟင်း.... ရည်းစားမထားဘူးတဲ့လူက ချစ်သူ တွေရဲ့ စည်းမျဉ်းစည်းကမ်း တယ်နားလည်နေပါလား'

'ငါ့ကို လှောင်တာလား ကျော်ဝေ'

'ကျီစယ်တာ'

'ကိုယ်တွေ့ကြုံမှ သိရမယ့် ကိစ္စမျိုးမှ မဟုတ်တာ၊ လူ့ လောကမှာ လူတစ်ယောက်ရယ်လို့ ရပ်တည်နေမှတော့ လူ ထိုင်းနဲ့သက်ဆိုင်တဲ့ ဖြစ်လေ ဖြစ်ထရှိတဲ့ သဘာဝတရားကို ကိုယ်တွေ့မကြုံလဲ သိတတ်ပါတယ် ကျော်ဝေ'

'ဟုတ်ပါတယ် ပိုးအိရာ....ဒီကိစ္စတွေ အသာထားပါဦး၊ အိမ်ဘက်လဲ အားရင် လှည့်လာပါဦးလား'

'ဘာဖြစ်လို့လဲ'

'ရွက်ပုန်းသီးတွေ တော်တော် များများ ရှိနေတယ်၊ မနေ့က ဖောက်သည် ပေးတော့တောင် ပါသွားမှာစိုးလို့ ကိုယ်တိုင် ခူးပေးလိုက်တယ်'

'အင်း....အားရင် ညနေဘက်လောက်လာခဲ့ဦးမယ်၊ ဒါ့ ထက် မိသင်းကို နင်ဘာဖြစ်လို့ နိုင်ငံခြားမသွားစေချင်တာ လဲ'



www.burmeseclassic.com

www.burmeseclassic.com



'နှင်ကကော သွားစေချင်လို့လား'

'ငါ့မေးခွန်းကို နှင်အရင်မဖြေဘဲ ငါ့ကိုပြန်မေးနေတယ် လား'

'အင်း'

'မအင်းနဲ့ နှင်အရင်ဖြေ'

ပိုးအိကို အငိုက်ဖမ်းရှုမရကြောင်း သူသိပါသည်။ သို့သော် တစ်ခါတစ်ရံတော့ ပေါ့လျော့မှုရှိလေမလားဟု သွေးတိုးစမ်းလိုက်ခြင်းဖြစ်သည်။ သို့သော်မရ။

'မခွဲနိုင်လို့'ဟု သူဖြေလိုက်လျှင် ပိုးအိမျက်နှာသည် စိတ်ဆိုးနေသောမိုးသားကောင်းကင်နှယ် မည်းမှောင်သွားသည်။

'နှင်ဟာအလကားလူပဲ'

သူအပြုံးမပျက်....

'ဘာဖြစ်လို့လဲ'

'အချစ်ကို ရှေ့တန်းတင်တဲ့လူဟာ အလကားလူပဲ'

'အချစ်နဲ့ကင်းတဲ့လူရှိလို့လား'

'အချစ်နဲ့မကင်းနိုင်လို့ မကင်းဘူးဆိုရင် ထားပါတော့။ လက်ခံနိုင်ပါတယ်၊ ဒါပေမယ့် အချစ်ကို ရှေ့တန်းတင် လောက်အောင် လူပျော့လူညံ့ဖြစ်လိမ့်မယ်လို့ ငါမမျှော်လင့်ခဲ့ဘူး'





'ဟုတ်တယ်၊ ငါဟာ လူညံ့တစ်ယောက်ပဲ တစ်ခါတစ်ရံ သာကကြီးမှာ ခပ်ညံ့ညံ့နေလိုက်တာပဲ ကောင်းပါတယ်'

'တော်စမ်းပါ....အခိပ္ပာယ်မရှိလိုက်တာ'

သူ ခပ်တိုးတိုးလေး ရယ်မောလိုက်သည်။ ငယ်စဉ်ကကဲ့သို့ င် ပိုးအိအား သူစလိုက်ခြင်းဖြစ်ကြောင်းကို ပိုးအိကရိပ် သွားပုံရသည်။

'တောက်....ကောင်စုတ်၊ ကောင်နှာ သိပ်မြူးနေ ဟိုက ဆော့မယ်'

'ဘယ်ကလဲ'

'နှင့်မိသင်းပေါ့'

'ဒီလိုဆိုလွယ်လွယ်လေး သူဒီမှာပဲနေပေါ့ ရရာအလုပ်ဝင် ပြီးတော့ သူ့ဘာသာက ကျူရှင်ပြလို့ လွယ်ကူတဲ့ဘာ သဲဟာ သူတို့သားအမိနှစ်ယောက် ဝမ်းဝပါတယ်ဟာ'

'ငါလဲ ဒီလိုပဲပြောပါတယ်၊ ဆွေမရှိမျိုးမရှိ တိုင်းတစ် မှာ ဒုက္ခရောက်ပါတယ်လို့၊ ပြီးတော့ သူ့ဘွဲ့က ငါတို့ ပြည်မှာ အရေးပါပါတယ်၊ "ကိုယ့်တိုင်းပြည်ကပေးတဲ့ ကိုယ့်တိုင်းပြည်မှာပဲ အလုပ်အကျွေးပြုဖို့ ငါတောင်းပန် တယ်လေ၊ ဘယ်လောက်စော်ကားသလဲဆိုရင်'

'ဘာလဲ၊ ဒါလင်က နှုတ်ခမ်းပဲ့ချင်း မီးမှုတ်မလို့လားလို့ ပြောလိုက်တာကို နှင် ဆတ်ဆတ်ထိနာသွားတယ်လို့မိသင်း



www.burmeseclassic.com

www.burmeseclassic.com



အငေါ်တိုးခြောပြပါတယ်။ အမှန်တော့ နင်မွေးတဲ့မျောက်ကလေးကို ပြန်ချောက်သွားတာ၊ အဟင်း နင်က မြန်မာစကားပုံတွေ သင်ပေးတော့သူလည်း ဆရာထက်တပည့် လက်စောင်းထက်စွာနဲ့ သုံးနှုန်းပြလိုက်တာ၊ အဟင်း...တစ်ခါတည်း အနာပေါ်တုတ်ကျသွားပဲမှတ်လား'

'အေး...ဟုတ်တယ်၊ ငါမချမ်းသာဘူး ဖွတ်မင်းရဲ့ဘိုးအေ ဒါပေမယ့် ကနေ့ချမ်းသာရမယ်၊ ငါကြိုးစားနေတယ်၊ အခုကြည့် အဖေ ဆိုက်ကားနင်းစရာ မလိုတော့ဘူး၊ အမေ အကြော်ရောင်းစရာမလိုတော့ဘူး၊ ငါ့ဝင်ငွေလေးနဲ့ ခြစ်ခြုတ် စားနိုင်သွားပြီ'

'ဒါကြောင့် နင့်ရုပ်လဲ ကမ္ဘာ့ဌာန်းပုံပေါက်နေပြီ'

'ကိစ္စမရှိပါဘူး၊ သေလောက်တဲ့ဝေဒနာ ငါ့မှာ ဘာမှ ကြီးကြီးကျယ်ကျယ်မရှိဘူး၊ ပင်ပန်းပြီးသေသွားတဲ့ မသာ မရှိသေးဘူး'

'အေး...မရှိသေးပေမယ့် ရှိလာရင် နင်ပဲဖြစ်လိမ့်မယ်၊ ထားစမ်းပါ ငါမေးတာဖြေဦး'

'နင့်မေးခွန်းတွေက မဆုံးနိုင်အောင်ပါပဲလား'

'မဆုံးနိုင်ဘူး၊ နင်သင်းကို စိတ်ဆိုးသလား'

'နွတ်ခမ်းပဲ့ချင်း မီးမှုတ်တယ်ဆိုတဲ့စကားမျိုး သူ ငါ့ကို သုံးသင့်သလား'





'အမိပွာယ်ကို သေသေချာချာ သဘောမပေါက်ဘဲ သုံးဆိုက်လို ဖြစ်မှာပေါ့၊ သူ့ကိုယ်သူတောင် နာရုံမှန်းမသိဘဲ ဆုံးထားတဲ့ဟာပဲ နင်စိတ်ဆိုးနေလို့လဲအပိုပဲပေါ့'

ပိုးအိပြောတော့လည်း သူနားဝင်လာသည်။ အမှန်တော့ သူသည် ကြာကြာစိတ်ဆိုးတတ်သောလူစားမဟုတ်ပေ၊ အထူးအဖြင့် ချစ်သူအပေါ် ခွင့်လွှတ်နိုင်စွမ်းရှိသော စွမ်းရည်တစ်မျိုး သူ့မှာရှိနေသည်။

'ဒါဖြင့်...သူနိုင်ငံခြားသွားဖို့ကို နင် သဘောတူတယ် ဆိုလိုလား'

'ကျူရှင်ပြဖို့တော့ ငါစပ်ပေးမယ် လုပ်ကြည့်ပါလို့တော့ ပြောထားတာပဲ'

'သူ လက်ခံသလား'

'လက်ခံရမှာပေါ့'

'သူနဲ့ နင့်အဖေကြွေးမြီကိစ္စ ရှင်းသွားပြီလား'

'ရှင်းသွားပါပြီ၊ သူ အိမ်ပြန်ရောင်းလိုက်ကတည်းက ဆပ်ပြီးသွားပါပြီ'

'သူ့မှာ တိုက်ခန်းကျန်သေးတယ်မဟုတ်လား'

'အင်း... နင်တော့ ခက်နေပါပြီ၊ နင့်ချစ်သူကိစ္စ နင်မသိဘူးလား ငါ့ကိုပဲမေးနေ'

'သင်းက မာနကြီးတယ်၊ ငွေရေးကြေးရေးနဲ့ ပတ်သက်ဖြည့် ငါ့ကိုဒုက္ခမပေးဘူး၊ ဒါပေမယ့် သူ့မာမာက မလွယ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကုလားကားကြည့်တာ ဝါသနာပါတယ်၊ အဲဒါ တိုက်ခန်းရောင်းရတဲ့အထိ ဖြစ်လိမ့်မယ်ထင်တယ်'

'ဟယ်... ဟုတ်ရဲ့လား၊ ရုပ်ရှင်ကြည့်ရုံနဲ့မွဲရတယ်လို့ မဖြစ်နိုင်တာ'

'ဘာရုပ်ရှင်လဲ'

'မာမာ ကုလားကားကြည့်တာနဲ့'

ကျော်ဝေ ရယ်ချလိုက်သည်မှာ ဟက်ဟက်ပက်ပက် တကယ်တော့ ပိုးအိဘဝ၌ ကောင်းခြင်း၊ ထော်ခြင်းဟူသော ပတ်ဝန်းကျင်၌သာ ပြည့်စုံစွာကြီးပြင်းခြင်းဆိုတော့ ဘန်းစကားများကို သူမ နားလည်ဟန်မတူ။

'ဖရိုက်တာကိုပြောတာ ရှဉ့်မလေးရဲ့'

'ဩော်... သိပါဘူး၊ မာမာကလဲ တရားရဖို့ကောင်းပြီ လင်သေသွားသေနဲ့ သူ့မှာလဲ ဆီးရောဂါ ကျောက်ကပ်ရောဂါနဲ့၊ ဒါတောင်လုပ်တုန်းလား'

'ဘယ်တရားရနိုင်မလဲ သူတို့က ခရစ်ယာန်ကိုး'

'ဟ....ကျော်ဝေရ၊ ဘယ်ဘာသာတရားမဆို အဆိုးအကောင်း ခွဲခြားသိမြင်ပြီး ကောင်းတာလုပ်ခြင်းကို တရားရတယ်လို့ မှတ်ယူရတာပဲမဟုတ်လား၊ ဘာသာတိုင်းဟာ တွေကိုယဉ်ကျေးဖို့၊ ကောင်းတာလုပ်ဖို့၊ မကောင်းတာမလုပ်ဖို့ ထိန်းချုပ်ပေးတယ်လို့ ထင်တာပဲ'

'ဟော....သင်းလာပြီ'





'ဒါဖြင့် ငါရှောင်ပေးမယ်၊ ဖျောင်းဖျောင်းဖျဖျပြောပြီး လက်တွဲခေါ်ပါ၊ သူ့မှာလဲ အကြွေကုန်ဂဠုန်ဆားချက်တော့ ဖြစ်ပါလိမ့်မယ်'

'နေပါဦး'

အဝေးမှ သင်းလျှောက်လာသည်ကို သူလှမ်းမြင်လိုက်ရကတည်းက လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ပိုးအိကို မသွားစေချင်သေး။

သင်းကိုလည်း မလာစေချင်သေး။

သို့သော်....ဇာတ်ဆရာပိုးအိက သူကြိုးဆွဲရုပ်များ သူကြိုးဆွဲရာ ကနိုင်ပြီဟုယုံကြည်စွာ သဘောပေါက်ပုံရသည်။

စိတ်အေးလက်အေးပင် ထိုင်ရာမှထလိုက်ပြီး သူမ ကားရပ်ထားရာဆီသို့ လျှောက်သွားသည်။ (ထိုစဉ်က တက္ကသိုလ်ဝင်းအတွင်း ကားများကို အဆင်ပြေသလို ရပ်ထားခွင့်ရှိသည်။)

သူ့ကို ကျောခိုင်းသွားသော ကျောပြင်ကို ကြည့်ရသေး။

သူ့ဆီသို့ လှမ်းလာသော မျက်နှာကို ငေးကြည့်ရမလား တဒင်္ဂအတွင်း ဆုံးဖြတ်လိုက်သည်။

ဆန့်ကျင်ဘက် မိန်းမသားနှစ်ဦးအနက် တစ်ဦးသည် သူ့ချစ်သူ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလာရာလမ်းသို့ ဆီးကြိုခြင်းသည် သဘာဝကျသည်။ သူ သဘာဝမလွန်ဆန်နိုင်သော လူသားဖြစ်သည်။

ထို့ကြောင့် သင်းလာရာ လမ်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

သို့တိုင်အောင် ရင်ထဲ၌ နွမ်းလျသွားသည်။

* * *



"ဝမ်းနည်းပါတယ် သင်း၊ ကြိုးစားသူတွေအတွက် ကိုယ့်နိုင်ငံမှာ အလုပ်ရှိပါတယ်၊ ကိုယ့်နိုင်ငံကပေးတဲ့ ပညာနဲ့ ကိုယ့်နိုင်ငံမှာပဲ အသုံးချပါရစေ မရွှေသင်း၊ သူများ တိုင်းပြည်မှာတော့ ကျွန်သွားမခံနိုင်ပါဘူး...."

...န်း (၄)

'အိုင်တော့ စိတ်ညစ်တယ်'

'ဘာဖြစ်လို့လဲ'

'ကျူရှင်ပြရတာ အချိန်ကုန် လူပင်ပန်းနဲ့၊ ရတော့လဲ ...လောက်မှမဟုတ်ဘူး....ဝမ်းဝရုံနဲ့ ခါးလှရုံရှိတယ်'

'ဝမ်းဝရုံနဲ့ ခါးလှရုံ ဆင်နိုင်ပြီဆိုရင်ပဲ မကျေနပ်သင့်ဘူး ...သင်း'

'မကျေနပ်သင့်ဘူး ဒါလင်'

...ကျော်ဝေ ပင့်သက်မော ချလိုက်မိသည်။ အနည်းငယ် ...ရေစစ်သွားသော သင်းကို အကဲခတ်ကာ....

www.burmeseclassic.com



'လောဘဟာ ယူ စိတ်ကိုဒုက္ခအပေးဆုံး အရာပဲ၊ လောဘ
စိတ်ကို ထိန်းစမ်းပါ သင်းရာ....မောင်လဲ ရှိသေးတာပဲ'

'ဒါလင်ရယ်....ဒါလင်မှာလဲ မိဘနှစ်ပါး တာဝန် ရှိတယ်
အိုင့်မှာလဲ မာမာရှိသေးတယ်၊ ဒီတော့ တာဝန်ရှိတဲ့လူနှစ်ဦး
ပေါင်းဖက်မှုဟာ ဘယ်လိုလုပ် ကြီးပွားတိုးတက်နိုင်တော့
မလဲ'

'မောင်လဲ ကြိုးစားနေတာ သင်းအမြင်ပဲလေ...ခုရေတွင်
တူး အခု ရေကြည်သောက်ချင်လို့တော့ ဘယ်ရမလဲ၊ မောင်
လဲ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့က ခေါ်တဲ့ နေရာကောင်း
ကောင်းရှိရင် ဝင်ဖြေဖို့ အဆင်သင့်ပဲ၊ သင်းဘဝမှာ မိန်း
သား တစ်ယောက်အနေနဲ့ ဝမ်းဝရုံ ခါးလှရုံ ရှာဖွေနိုင်ခြင်း
ကိုပဲ ကျေနပ်သင့်တယ်လို့ မောင်ထင်တယ်'

'ဒါလင်ရယ်....သင်းတော့လေ....သင်း ငယ်ငယ်တုန်းက
နေခဲ့ရတဲ့ အဆင့်အတန်းမျိုးရောက်အောင် ကြိုးစားရမယ်
သင်းကို အနည်းဆုံး သုံးနှစ်တော့ သွားခွင့်ပေးပါ မောင်
ရယ်နော်....ဟိုမှာ အလုပ်ပေါပါတယ်၊ ငွေရလွယ်တယ်'

'သင်းက အမေကျော် ဒွေးတော်လွှမ်းနေတာကိုး...
သင်း ပညာနဲ့ အခုဆို ဆရာမထစ်ဆူဖြစ်နေတာကို သင်း ဂုဏ်
မယူနိုင်သေးဘူးလား'

'မာမာကလဲ သူ့သားဆီ လိုက်ချင်တယ်လေ'





'အနောက်နိုင်ငံတွေမှာ မိအို ဖအိုတွေဟာ ကိုယ့်ဝမ်း
ကျောင်းနေရတာကို အန်တီက မသိဘူးလား၊ သင်းက
ဖို့ ကောင်းပါတယ်၊ သင်းကိုယ်တိုင်က ပါနေတော့
တယ်'

'ဒါလင်ပါ လိုက်ခဲ့လေ'

'ဝမ်းနည်းပါတယ်၊ ကြိုးစားသူတွေအတွက် ကိုယ့်နိုင်ငံ
အလုပ်ရှိပါတယ်၊ ကိုယ့်နိုင်ငံကပေးတဲ့ပညာနဲ့ ကိုယ့်
မှာပဲ အသုံးချပါရစေ မရွှေသင်း၊ သူများတိုင်းပြည်မှာ
ကျွန်သွားမခံနိုင်ဘူး....နိုင်ငံတော်က စေလွှတ်တဲ့အခါ
နိုင်ငံခြားကို ခြေချမယ်လို့ ဆုံးဖြတ်ပြီးသားပါ....သင်း'
သူ လေသံမာသွားသည်ကို သူ သတိထားမိလိုက်ချိန်၌
ကြိုးစားလိုက်သော်လည်း နောက်ကျသွားလေပြီ။
မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။
'ထင်....သင်း မောင်ပြောတာ သင်းအတွက် ဝမ်းနည်း
သား'

မျက်ရည် ကျလောက်အောင်အထိ ဝမ်းနည်းကြေကွဲနေ
ချစ်သူကို ချော့ရမည်မှာ သူတို့ ယောကျ်ားများ၏
နိုင်။

သင်းအား ရင်ခွင်တွင်း ဆွဲသွင်းကာ မျက်ရည်များသုတ်
လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'တိတ်....တိတ်...သင်း၊ ဘာလို့ငိုနေရတာလဲ၊ မောင်ပြော
တဲ့ထဲမှာ သင်းငိုစရာပါသလား'

'ပါသလားမဟုတ်ဘူး၊ မောင့်စကားအားလုံးဟာ သင်း
အတွက် ငိုစရာကြီးပဲ၊ ယွှရယ် .. ယူတားမြစ်ခြင်းမှာ သင်းကို
ချစ်လို့လို့ တစ်ခွန်းမပါဘူးနော်'

'ဟုတ်....ဟား....ဟား....ဘယ်နှယ်ပြောလိုက်ပါလိမ့်သင်း
ရယ်...သင်းကိုချစ်လို့ မခွဲနိုင်လို့ မောင် တားမြစ်နေတာပ
မောင်လုပ်ကျွေးပါ့မယ်သင်း....ခုဆိုရင် မောင်လိုးချင်းထုတ်
ဖို့ ကြိုးစားနေပြီ'

'စာရေးဆရာဆိုတာ ခေတ်အဆက်ဆက် ချမ်းသာခဲ့တာ
ရှိလို့လား မောင်'

'နောင်ရှိရမှာပေါ့၊ စာပေဆိုတာ တိမ်ကောတတ်တဲ့အရာ
မဟုတ်ဘူး၊ အင်မတန် သိမ်မွေ့နက်နဲပြီး လူသားတွေရဲ့စိတ်
အာရုံကို စိုးမိုးဆွဲဆောင်ခဲ့နိုင်ဆုံးနဲ့ ပြုပြင်နိုင်ဆုံးသောပညာ
ပေး အရာတစ်ခုပဲ၊ တစ်နေ့နေ့မှ စာရေးဆရာတွေရဲ့ ခေတ်
ဖြစ်လာဦးမှာပါ'

'နောင်တစ်ခေတ်ဆိုတဲ့ ဘယ်သောအခါမှန်း မသိတဲ့
ကာလကို လူတန်းစေ့မနေနိုင်တဲ့ ဘဝကနေ လည်ဆန့်ပြီး
စောင့်ဆိုင်းနေမှာလား ဒါလင်...အိုင်တော့ စိတ်မရှည်ဘူး
အခွင့်အရေးပေးတုန်း သွားလိုက်ချင်တယ်၊ အိုင့်ကို မှတား
ပါနဲ့နော်'





ရင်ခွင်မှ သင်းကို မသိမသာ ခွာထုတ်လိုက်သည်။

'တားပိုင်ခွင့်မရှိပါဘူး၊ မောင်က မေတ္တာရပ်ခံနေတာ
မောင်ကြိုးစားပါ့မယ်.... အချိန်ပဲပေးပါလို့ မောင် မေတ္တာ
ရပ်ခံနေတာ'

'ဘာလဲ....မောင် သင်းကို စိတ်မှချလို့လား'

'ချစ်ခြင်းမေတ္တာမှာ အရေးအပါဆုံးက သစ္စာတရားပဲ၊
သင်းရဲ့သစ္စာတရားကို မောင်ယုံပါတယ်၊ ဒါပေမယ့်....သင်း
ဆက်သွားမယ့် ပတ်ဝန်းကျင်ကို မောင် မှန်းဆပြီး မယုံ
ကြည်နိုင်သလို သင်းအတွက် စိတ်မချဘူး... မသွားပါနဲ့သင်း
ရယ်....

'မောင်ရယ်....သင်းက သွားမယ်ဆိုရင်ကော'

'သင်းသဘောလေ.... မောင် တားမြစ်နေတဲ့ ကြားက
သင်းသွားရင် သင်းကိုမောင် စိတ်ဆိုးမိမှာအမှန်ပဲ'

'မောင်ရယ်....အိုင့်ကို နားလည်ပြီး ခွင့်လွှတ်ပါ၊ အိုင်လေ
ဆတ်စ်တိုးစီးပြီး သွားလာရတဲ့ဘဝက လွတ်မြောက်ချင်ပြီ။
မြဖွေ့အဖွေးဖွေး....အာပေါက်မှတတ် ပြောဆိုသင်ကြားရတဲ့
ကျောင်းဆရာဘဝကလဲ လွတ်မြောက်ချင်တယ်'

'ကျူရှင်ပြတာ ဝါသနာမပါရင် ပီအက်စ်စာမေးပွဲတွေ
ဖြေပြီးဖြေပေါ့သင်းရယ်'

'မြန်မာပြည်မှာ အရာရှိဖြစ်တော့ကော ဝင်ငွေနဲ့ စား
သောက်မလား၊ လူတန်းစေ့ နေနိုင်မလားဆိုတာ စဉ်းစား
ပါ မောင်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုတော့ တစ်ဖက်သတ် လျှောက်တွေး မနေနဲ့သင် ဒီလိုဆို မြန်မာပြည်မှာ သူဌေးတွေ မရှိပဲ ဖြစ်နေမှာပေ ကိုယ်ပိုင်စီးပွားရေးလဲ တစ်ဖက်တစ်လမ်းက လုပ်ပေါ့'

'ဒါကြောင့်ပြောတာ၊ ငွေကို ငွေနဲ့လိုက်နိုင်ဖို့ သင်း ေ သွားရှာပြီး, ပြီးရင်ပြန်လာမယ်၊ မောင်ရေးတဲ့ စာအုပ်တွေ သင်းထုတ်ပေးမယ် မကောင်းဘူးလား'

သင်းက သူ့မျက်နှာကို အားတက်သရော ကြည့်၍ ေ ရှာသည်။

'မလိုပါဘူးသင်း၊ ထင်ပေါ်ရင် စင်တော်ကကောက် လိမ့်မယ်၊ သင်းသာ မောင့်စကား နားထောင်ဖို့ ကြိုးစာ ပါ....'

'မောင်ရယ်....မောင်မသိတာတွေ အများကြီးပါ၊ သင် လေ မောင်ကိုသိပ်ချစ်ပါတယ်၊ ယူ့အပါးမှာ အမြဲထာ နေလိုတဲ့သူပါ၊ ဒါပေမယ့် လွှမ်းရေးထက် ဝမ်းရေးခ တယ်မောင်ရယ်၊ ဒါကြောင့်ပါ....သင်းကိုခွင့်လွှတ်ပါ'

ကျော်ဝေစိတ်ထဲ ခံပြင်း သွားသည်။ တစ်ဆက်တည် မိမိကိုယ် မိမိလည်း မကျေနပ်သကဲ့သို့ ခံစား လိုက်ရသည် ချစ်သူဘဝကို ရွှေပေါ်မြတင် သူမစံစားခဲ့ရာ စည်းစိမ်မ မထားရှိနိုင်တော့ ကယ်တင်ရှင် အချစ်သူရဲကောင်း ဘဝမ မဖြစ်ခြင်းကို မကျေနပ်သလို ဖြစ်သွားရသည်။

လောကကြီး၌ ဝမ်းဝရုံနှင့်မလုံလောက်၊ ခါးစည်းနိုင် နှင့် မပြီးသေး၊ မပြည့်စုံသေးဟု ဆိုရမည်လား....။

လှိုင်စာပေ



'နေဦး....ဒါလင်... အိုင်သွားရင် ခွင့်လွှတ်နော်'

'ကြိုးစားပါမယ်'

'ဒါဖြင့် ဒါလင်....အိုင့်ကို ပိုးအိပြောတဲ့ ရှက်ပုန်းသီး သေး ရှာမကြွေးတော့ဘူးလား'

ပိုးအိလာမယ်ပြောပြီး ရောက်မလာသေးခြင်းကို သတိ ရလိုက်မိသည်။ ပိုးအိအတွက် ရှက်ပုန်းသီး ချန်ထားပြီးမှ ထုပ်ကို ခူးပေးလိုက်သည်။

သူ့စိတ်ကို သူနားမလည်နိုင်အောင် ဖြစ်သွားသည်။ ချစ်သူကို ဦးစားပေးသင့်ပါလျက် မပေးမိခြင်းသည် သူ၏ မှားယွင်းမှုတစ်ရပ်ပေလော....။

* * *

www.burmeseclassic.com

"....မခန့်ပါဘူး၊ ခန့်တယ်ဆိုတာ ယောကျ်ား
တွေရဲ့ အလုပ်မဟုတ်ဘူး....ကျွန်တော့်စိတ်ထဲ
မကျေမနပ်ဖြစ်နေတာကို ရင်ဖွင့်တာပါ...."

## အခန်း (၅)

"ဘဝဆိုတာ ရုန်းကန်ခြင်းပဲလို့ မှတ်ယူလိုက်ပါ ဒါလင်
အိုင် ရှေ့အပတ်ထဲ သွားတော့မယ်"

ကျော်ဝေ အံ့အားသင့်သွားသည်။ ဒီလောက် မြန်မြ
ဆန်ဆန် ဖြစ်လိမ့်မည်ဟု သူမျှော်လင့်မထား....။

သူလည်း စာတမ်း ပြုစုသည်က တစ်ဖက်၊ ဂါဒီးယန်
သတင်းစာ၌ အယ်ဒီတာရာထူးအတွက် ရေးဖြေ လူတွေမျာ
အတွက် ကြိုးစားရင်း ရရှိသွားသည်။ ထိုကြားကာလ
သင်းသည် နိုင်ငံခြားသွားဖို့ကို အပြင်းအထန် လှုပ်ရှား





သဖြင့် သူတို့ အလှမ်းကွာသွားသည်။ တယ်လီဖုန်းဖြင့်သာ
အဆက်အသွယ် ပြုကြသည်။

'ဒီလိုပဲပေါ့ မြန်မယ့်နည်း ရှာရတာ'

'ဘယ်လိုနည်းလဲ'

'ဘယ်လိုနည်း ဖြစ်ဖြစ်လေ မြန်ဖို့ပဲ အရေးကြီးတယ်၊
ဒါနဲ့ ဒါလင်....အိုင်တို့တွေ့ရအောင် ဒါလင်အားသလား'

ကျော်ဝေစိတ်ထဲ မကျေနပ်စိတ်များက စိုးမိုးနေသည်။
ယောကျ်ားမာနက ခေါင်းပြူထလာသည်။ မိမိအား အား
မကိုးဘဲ၊ တားမြစ်နေသည့်ကြားက ထွက်သွားရန်ကြိုးစား
သူကို တာဝန်ရှိသမျှဒဏ်ပေးလိုက်ချင်သည်။

'သူမ ပြန်လာပါပြီတဲ့....သူမ ရှာဖွေခဲ့သမျှအကယ်၍....
ဆိုပါတော့ ကား၊ တိုက်တာများအပေါ် သူက အရန်သင့်
တက်နေသည့်အဖြစ်မျိုးကို သူလိပ်ပြာသန့်ပါ့မလား'

'ဒါလင်... ဟဲလို....ဒါလင်'

'ကိုယ် နားထောင်နေပါတယ်'

'မောင် မဟုတ်တော့ဘူးလား'

'မောင်ဆိုတာ....ကိုယ့်ဘဝထဲဝင်လာမယ့် မိန်းကလေး
အတွက် သီးသန့်ထားတဲ့ နာမ်စားပဲ၊ သင်းက ကိုယ့်ဘဝ
ထဲက ထွက်သွားမယ့်လူပဲ'

'မတတ်သာလို့ ခပ်ခွာခွာလေး နေရတာပါမောင်ရယ်၊
သင်းပြန်လာခဲ့မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တော့ မမျှော်လင့်ချင်တော့ပါဘူး'

'ကဲ....ဒါလင် ဘယ်အချိန်အားသလဲလို့...ယူနဲ့ တွေ့ချင်တယ်၊ ယူနဲ့မသွားခင် အတူနေချင်သေးတယ်'

သူမ၏ အတူနေချင်တယ် ဟူသော စကားကို သူ နား မလည်နိုင်ပါချေ။

'ကိုယ် ရုံးပြန်ရင် အိမ်မှာပဲရှိမယ်'

စာတမ်းအတွက် ပြုစုစရာ စာအုပ်ပုံများအကြား၌ သူ အလုပ်ရှုပ်ရဦးမည်။

'အန်ကယ်နဲ့ အန်တီကော ရှိသလား'

'ဘယ်ရှိမလဲ၊ မမက ကလေးနှစ်ယောက်နဲ့ မနိုင်မနင်း ဖြစ်နေတော့ အဖေနဲ့အမေကို ပြန်မလွှတ်နိုင်ဘူးဖြစ်နေတယ်၊ နောက်ပြီး နယ်ရဲ့ကျယ်ဝန်းလွတ်လပ်ခြင်းအရသာကို အဖေနဲ့ အမေ သဘောတွေ့နေပြီထင်တယ်၊ ပြန်လာရင်လဲ၊ တစ်ပတ်တောင်အနိုင်နိုင် ဒါ့ကြောင့်ပြောတာ သင်းနဲ့ကိုယ်လက်ထပ် ရအောင်လို့'

'ဒါလင်ရယ်၊ သင်းတို့ရဲ့ ဖြတ်ကျော်ခဲ့ရတဲ့အဆင့်အတန်း ကိုလည်း စဉ်းစားပါဦး'

'ရှင်းရှင်းပဲပြောပါ၊ မောင့်တဲကုပ်မှာ သင်းမနေနိုင် ဘူးလို့'





'ဒါလင်ရယ်၊ တူနှစ်ကိုယ်ထဲအိုပျက်ဆိုတာ စာဆိုထဲပဲ ရှိတာ တကယ့်လက်တွေ့ဘဝမှာ မနေနိုင်ကြဘူး'

'ကောင်းပါတယ်၊ လက်တွေ့ဆန်တဲ့သင်းကို ကျွန်တော် ဘာမှမပြောလိုတော့ပါဘူး၊ ညနေ သင်းလာမယ်ဆိုရင် ကျွန်တော် ထမင်းပို့ချက်ထားလိုက်ပါမယ်'

'နိုးနိုး....ဒါလင်....အိုင်ဝယ်ခဲ့မယ်'

'မလိုအပ်ပဲ ငွေကို အပိုအကုန်မခံပါနဲ့ဗျာ၊ ဒေါ်သင်း ဝယ်လာမယ့် ဘိုလ်စာ၊ တရုတ်စာတွေကိုလဲ ကျွန်တော်မျိုးရဲ့ ဗမာပါးစပ်နဲ့ခံတွင်းမတွေ့ပါဘူး ဒါ့ကြောင့် ဗမာပီပီ ငါးပိ တို့စရာနဲ့ပဲ စားပါရစေ'

'ဒါလင်ရယ်....သင်းကို ခနဲ့နေတာလား'

'မခနဲ့ပါဘူး၊ ခနဲ့တယ်ဆိုတာ ယောကျ်ားတွေရဲ့ အလုပ် မဟုတ်ဘူး၊ ကျွန်တော် စိတ်ထဲက မကျေမနပ်ဖြစ်နေတာကို ရင်ဖွင့်တာပါ၊ သင်းရဲ့အချစ်ကို...ဟာတော်ပြီ....ညနေစောင့် နေမယ် ဒါပဲနော်'

ရုံးဖုန်းပါလားဟူသော အသိဝင်လာချိန်၌ သူဖုန်းကို ချလိုက်သည်။

ပတ်ဝန်းကျင်၌ရှိသေးသည်။ သူတို့လို အယ်ဒီတာပေါက်စ များအတွက်က ကိုယ်ပိုင်ဖုန်းတစ်လုံးစီမရှိသေး သို့သော် သူတို့အခန်း၌ ဖုန်းတစ်လုံးရှိနေသည်။

စိတ်သည် ကျဉ်းကြပ်သကဲ့သို့ ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုံးခန်းအတွင်း မျက်စိဝေ့ဝဲလိုက်သည်။ ညော့သည်များ ရှိနေသလားဟူ၍၊ မရှိ။

ထိုအခါ သူဆိုနေကြတေးသွားဖြင့် လေချွန်လိုက်သည်။

....မြင်ရင်မြင်ချင်းပဲကွယ် ချစ်မိကြိုက်မိတယ်....

သူဇာနတ်နွယ်ယုံပါကွယ်....ရာသက်ပန်အမြဲပဲ ...မောင်

ကလေမခွဲပဲ....အမြဲတမ်းပေါင်းဖို့ ဆုတောင်းတယ်......

* * *



"တစ်ခါတလေ ရင့်သီးတယ်ထင်တဲ့ စကား ရိုင်းရိုင်းပြောမှ လူတွေ သဘောပေါက် လွယ်တတ်ကြတယ်၊ ဒါ့ကြောင့်သပ်ပြောမယ်သင်း သူတစ်ပါးနိုင်ငံမှာ အလုပ်သွားလုပ်တာဟာ အဲဒီနိုင်ငံကို အလုပ်အကျွေး သွားပြုတာ၊ ကျွန်သွားခံတာနဲ့ အတူတူပေါ့၊ မဟုတ်ဘူး လား၊ မောင့်စကားရိုင်းသွားရင် ခွင့်လွှတ် ပါသင်း....

အခန်း (၆)

'ဒါလင်'

'အင်'

ကျော်ဝေစိတ်ထဲမှအီမလည်ဖြစ်နေသည်။ သင်းကို ကြည့်ရသည်မှာ ယခင်နှင့်မတူ ဝတ်ထားသည်က လည်ဟိုက်ရှုံ့ဆို လျှင်ထားတော့ ယခုဟာက ပခုံးပေါ်၌ လက်နှစ်လုံးမျှပင် မရှိတတ်သောကြိုးပြားနှင့် အတွင်းခံသာသာ အရောင်က ပေဒါရောင်ဖျော့ဖျော့ ဖြူဝင်းမွတ်ညက်သော သူမ၏ ရုတ် သားဝင်းဝင်းက အသည်းယားစရာ။



www.burmeseclassic.com

www.burmeseclassic.com



'အိုင့်ကို မမြင်ဘူးလိုလားဟင်'

သူမ၏အမူအရာသည် လိုသည်ထက်ပိုလွန်းသည်ဟု သူထင်သည်။ သို့သော် သူသည် ယောကျ်ားလေးဖြစ်သည်။ သွယ်ပြောင်းနွဲ့နှောင်းသော ဆင်စွယ်သဏ္ဍာန် လက်မောင်းသားနှင့်ရစ်ပတ်ကာ သူ့ပခုံးသို့ သိုင်းဖက်လာသော ချွဲနွဲ့သွေးဆောင်မှုကို သူခံနိုင်ရည်မရှိ။

'မောင်'

'သင်း'

စိုစွတ်ရီဝေသော သူမမျက်ဝန်းကို သူစိုက်ကြည့်မိသည်။

'မောင်'

'မသွားပါနဲ့လား သင်း'

'ဟင့်အင်း....မတားနဲ့'

သူမ၏စကားကို ဆုံးသတ်ခွင့်မပေးတော့၊ သူမက သူ့အနမ်း စိတ်တက်ကြွစွာ ခံယူလာပြီး တုန့်ပြန်လာသောအခါ သူ သတိဝင်လာသည်။

ဆိတ်ငြိမ်သော နေရာဒေသ၌ ချစ်သူနှစ်ဦး အတူမနေသင့်။

သူမကို တွန်းဖယ်လိုက်မိသည်။

အံ့အားသင့်သွားပုံရသော သူမကို ချစ်သူခြင်း မလိုအပ်သောစကားကို ခပ်ကြောင်ကြောင် သူသုံးလိုက်မိသည်။

'ဆောရီးသင်း'





ပြီးမှ သူပြုံးလိုက်သည်။

'လာ....ထမင်းစားရအောင်၊ သင်းကို နောက်ဆုံးအနေနဲ့ နှုတ်ဆက်ချင်လို့ မောင်လက်စွမ်းပြထားတယ်'

'နောက်ဆုံးအနေနဲ့ ဟုတ်လားဒါလင်၊ အိုင် နားကြားလွဲတာမဟုတ်ပါဘူးနော်'

သူ့ရင်ထဲ၌ နာကြင်မှုမရှိဘဲထုံနေသည်။ ချစ်ဇောအဟုန်ကြောင့် အမျက်ရှလေသလားဟု သူတွေးမိသည်။

သင်းသည် သူ့အား ရီဝေစွာဖြင့်သာ တစိုက်မတ်မတ်ကြည့်နေသည်။

'မောင်'

'လာသင်း....ထမင်းစားပွဲဝိုင်းမှာ တင်ပျဉ်ခွေပြီး အားပါးတရ ဝိုင်းဖွဲ့စားရတဲ့ မြန်မာမှုနဲ့ နောက်ဆုံးထမင်းစားပွဲဝိုင်းလေးကို သင်း နေ့လည်စာဖြစ်စေ၊ ညစာဖြစ်စေ စားသုံးတဲ့အခါတိုင်း သတိရအောင် ကျွန်တော်....အဲ မောင် စီစဉ်ထားပါတယ်'

ကျွန်တော်ဟု သုံးမည်ကြံပြီးမှ နောက်ဆုံးအနေနှင့် မောင်ဟု ပြည့်ပြည့်ဝဝ သုံးလိုက်တော့မည်။

'စွန့်စားရဲတဲ့ချစ်သူကို နှုတ်ဆက်ဂုဏ်ပြု ညစာထမင်းဝိုင်းလေးလေသင်း...အဟင်း' ထိုစကားကို ရင်တွင်း၌ပင် ထားလိုက်သည်။ ခန့်ရာကျသွားမှာကို စိုးရိမ်၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးယောက်ကို ချောင်ချိစွာထိုင်နိုင်သော ထမင်းဝိုင်းလေး၊ မှု ယက်ချည်ချောစားပွဲခင်းနှင့် အကျအနခင်းထားသည်။

ပုသိမ်ကြွေကျဲကို ဈေးသို့ပြေးကာ ကော့ပျံနေအောင်ချက်ထားသည်။

ဘူးသီးနှင့်ကြက်သားဆီပြန်ဟင်း ကာလသားချက်၊ ကန်စွန်းရွက်ကြော်သည်။ ငါးသလဲထိုးအိုးကပ်၊ မရမ်းသီးသုတ်နှင့် ငါးပိရည်၊ သခွါးသီး၊ မြင်းခွါရွက်၊ ဂေါ်ဖီ၊ ခရမ်းချဉ်သီး တို့စရာလေးများကို ပန်ကန်ပြားနှင့် လှပစွာ ထည့်ထားပေးသည်။ လက်ဆေးရည် ဆပ်ပြာခွက်က အဆင်သင့်၊ ပြီးလျှင် ဖီးကြမ်းငှက်ပျောသီးနှင့် ယွမ်းလက်ဖက်အစ်ကလေးကလည်း အဆင်သင့်ရှိနေသည်။

'ဒါလင်'

'မောင်ပါ'

'မောင်ရယ်.... သင်း ဘယ်လိုလုပ် စားရက်မလဲ'

'စားပါ သင်း....မောင် ကြိုးစားပမ်းစားချက်ထားရတဲ့ ထမင်းဝိုင်းလေးပါ၊ သင်း မောင်နဲ့တွေ့စတုန်းက အိမ်မှာ မှိုစင်းကောစားတော့ ပြောတာ မှတ်မိသေးလား၊ အိမ်ကဟင်းတွေက ချိုရဲရဲနဲ့ အဖြူထည်တွေကြီးပဲလို့လေ၊ ဒါပေမယ့် အဲဒီ ချိုရဲရဲတွေကို သင်းက လိုလားစွာနဲ့ သွားစားသုံးတော့မှာပေါ့နော် ဟုတ်လား'





'လိုလားစွာနဲ့မဟုတ်ပါဘူး၊ ပျော်ရာမှာမနေရ တော်ရာနေရမယ်ဆိုထဲ စကားအရပါ မောင်'

သင်းသည် မြန်မာစာကို ဝေါဟာရကြွယ်ဝစွာနှင့် သုံးတ်လှာလေပြီ။ စကားပုံများကို စိတ်ဝင်စား မေးတတ်သော သင်းသည် မြန်မာပြည်ကို စွန့်ခွာတော့မှာပါလားသော အသိကြောင့် သူ့ရင်ထဲ နင့်သွားသည်။

'အင်းလေ....ထားပါတော့၊ ကိုင်း....လက်ဆေးပြီး စားၵ် သင်း'

ထက်သည်းရှည်နှစ်ဖက်ထားတတ်သော သင်းသည် လက်ထမင်းစားရန် အခက်တွေ့ပုံရသော်လည်း မဆိုင်းမတွလက်ဆေးဇလုံ၌ နှိုက်ဆေးလေသည်။

သင်း ဝယ်လာခဲ့သော ချိုချဉ်ကြော်၊ ကုန်းဘောင်ကြီးကြော်၊ ဘဲကင်တို့မှာ အိမ်ရှေ့စားပွဲပေါ်တွင် မျက်နှာငယ်ကျန်ရစ်လေသည်။

'သင်းအတွက် ဝိုင်နဲ့ ရှန်ပိန်မရှိတဲ့အတွက် မောင့်ကို ခွင့်နော်၊ ဒါ မြန်မာထမင်းဝိုင်းဖြစ်နေလို့ပါ၊ ဒါပေမယ့် း သောက်ခဲ့ပြီးမှာပါ'

'မောင်ရယ်....အိုင်ကို နှိပ်စက်ဖို့များ တမင်ကြံစည်ထားလား'

'မဟုတ်ပါဘူး— သင်းပဲ မောင့်ကို တွေ့ချစ်တယ်ဆိုင်က စေတနာထက်သန်စွာနဲ့ မောင့်ရဲ့ မေ...ချက်



www.burmeseclassic.com

www.burmeseclassic.com



အဆာအဆာကပ်ပေါ်မှာများ စိတ်လည်လာမလားလို့ ခွဲ
အောင်ကြည့်နေတာလေ....စားကြည့်စမ်းသင်း။ မောင် သင်
စားနိုင်အောင် အစပ်လျှော့ချက်ထားတယ်’

သူ စိတ်ကို လျှော့ချလိုက်သည်။ အခြေအနေအရ သင်
ထမင်းစား မဝင်ဘူး ဆိုလျှင် သူချက်ရကျိုး နပ်လိမ့်မ
မဟုတ်။

‘သင်း....ဒါက ကာလသားချက်ခေါ်တယ်၊ တကယ်တမ်
ကာလသားတွေ အပျော်တမ်းဝိုင်းဖွဲ့ ချက်စားရင် ဆေ
ခြောက်ပါ ထည့်ချက်စားတယ်၊ ခုတော့ မပါပါဘူး
စပလင်ဂျင်း၊ ကြက်သွန်ဖြူနီနဲ့ မွှေးနေအောင် ချက်ထာ
တာ စားကြည့် သင်း’

ကြက်ရင်အုံသားလေးကို သူ ထည့်ပေးလိုက်သည်။

‘ဟင်....ဦးဦးဖျားဖျား....မောင် အရင်ထည့်လေ’

သင်းက ချက်ချင်းပင် ကြက်သားဖတ်နှင့် ဘူးသီးဖတ်
ယူကာ သူ့ပန်းကန်ထဲ ပြန်ထည့်ပေးသည်။

‘သင်းက မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာတ
ကိုလဲ သိပါရက်နဲ့ကွာ’

‘ဒါကတော့ သင်းက မြန်မာပြည်မှာ မွေးဖွားကြီး
ပြင်းခဲ့တာကို မောင်ရယ်.... မြန်မာပြည်မှာက ဘွဲ့ရပြီး
အလုပ်ရဖို့မလွယ်၊ ရပြန်တော့လဲ လခနဲ့လောက်ငှဖို့မလွယ်
ပြီးတော့....သင်းဘွဲ့က....’





‘နိုင်ငံတကာသုံး စကားကို ရှုတ်ရှက်ဒွတ်ဒက် ပြောတတ်
စိတ်ကြီးဝင်သွားတာလား သင်း’

‘ဒါလင်ကလဲကွာ....ရန်ဖြစ်ဖို့လာတာမဟုတ်ဘူး’

‘ဒါဖြင့် ဘာလို့လာတွေသလဲ၊ မောင်ပြောပြီးပါပကော....
င်းကို မောင်တို့မြေပေါ်က တစ်ဖဝါးမှ ခွာခွင့်မပေး
ဘူး’

‘သင်းက သွားမှာပဲ’

‘သင်း ပါပါ လက်ထက်တုန်းကလို အနေအထားနဲ့
နေနိုင်သရွေ့ မြန်မာပြည်ကို ဘယ်တော့မှ ပြန်မလာဘူး’
‘ဘာပြောတယ် သင်း’

သူ့ အနေနှင့် သင်း ထမင်းကို တစ်လုပ်မှ မစားရသေး
င်းကို သတိရလိုက်သည်။ အိမ်ရှင်နှင့် ဧည့်သည် ဟူသော
သိကြောင့် ဧည့်ဝတ် မကျေပွန်ရာ ရောက်သွားပြီလား။
င်သူအပေါ် စားစေချင်သောစိတ်ဖြင့် မရမ်းသီးသုပ်က
း ခတ်ပေးတော့....

‘ဟင့်အင်း....မောင်...အသုပ်တွေစားရင် ဗိုက်နာမှာစိုး
ယ်’

‘စားကြည့်ပါ သင်း၊ မောင် အချိုသုပ် သုပ်ထားတာပါ၊
င်း အစပ်မစားနိုင်မှန်း မောင်သိပါတယ်’

သင်းက သူ့အား ဖျပ်ခနဲ မျက်တောင်ကော့ကြီးများ
ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြည့်တာလဲ သင်း....စားလေ'

'ဒါလင်က သင်းကို ဂရုစိုက်သားပဲနော်'

'ဟောဗျာ....ကိုယ့်ချစ်သူကို ဂရုမစိုက်လို့ ဘယ်သူ့ကို ဂရုစိုက်ရမလဲ'

'ဂရုစိုက်တယ်ဆိုတာ ချစ်လို့ပေါ့နော် မောင်'

'ဒီနေ့မှ ထူးထူးဆန်းဆန်း စကားတွေ ပြောလို့ပါလား သင်း၊ ကိုင်း...စားစား....စားပြီးမှ စကားတွေ ပြောရမယ်'

သင်းက ထမင်းကို မစားချင် စားချင်နှင့် စားတော့သည်။

သူ သင်း စားသည်ကို အားမလိုအားမရ ဖြစ်မိသော်လည်း သူကိုယ်တိုင်က ရုံးက ပြန်လာကတည်းက ဈေးဝယ်ပြီးလျှင် ချက်ပြုတ်နှင့်ပြီးမြန်တော့ ရေခတ်၊သစ်ပင်လောင်း ရေချိုးနှင့် ဆာလောင်မွတ်သိပ် နေလေပြီ။ ထို့ကြောင့် ခေါင်းမဖော်တမ်းစားရင်း သင်းအားလည်း ဟင်းခတ် ထည့်ပေးကာ....

'စားလေသင်း....မောင့်လို စားစမ်းပါ'

'မောင့်လိုမှ ငါးပိတို့စရာ မစားတတ်ဘဲ'

'စားကြည့် အားရှိတယ်၊ ဗမာထောပတ်လေ.... အဟင်း'

'ဒါလင် ဗမာထောပတ်က နံတယ်'

'ငါးပေါင်းစုံရဲ့ အဆီအနှစ်က အာဟာရရှိပြီးသား'





'အပုပ်အစပ်ကြီးများ ဒါလင်ရယ်'

'မပုပ်ပါဘူး....မွှေးတာ....စားကြည့်သင်း၊ အားတကယ်ရှိတာ၊ ခံတွင်းတွေ့ပြီး အင်္ဂလန်ရောက်မှ....အဲဒါထက် သင်းက ဘယ်နိုင်ငံသွားမှာလဲ'

'စင်္ကာပူကို အရင်သွားမှာ၊ အဲဒီကမှ ဂျီးဆီလိုက်ဖို့ ကြိုးစားရမယ်'

'ဪ ...အဆင့်ဆင့်ပါပဲလား'

'ဒီလိုပေါ့ မောင်ရယ်....ဘဝဆိုတာ ပန်းမွေ့ရာမှ မဟုတ်'

'ချစ်သူနဲ့သာဆိုရင်လေ.... ခယောင်းလမ်းလဲ လျှောက်ရဲတယ်၊ ဆူးခင်းလမ်းလဲ လျှောက်ရဲတယ်တဲ့၊ သင်းက မောင့်ကို အားမကိုးဘဲ၊ ဆင်းရဲတာကို နှုတ်ခမ်းပဲ့တယ်လို့ သင်းက ထင်နေတာကို၊ ခု.... မောင် အိမ်ထောင်တစ်ခုကို ထောင်နိုင်ပြီပဲ၊ စည်းစိမ်ကတော့ ကြိုးစားမှုပေါ်မူတည် ဖြစ်လာမှာပေါ့၊ မောင်လဲ အောက်ခြေဘဝက စခဲ့တာတော့ ခုဆိုရင် အရင်ထက်စာရင် မောင် ဘဝများစွာ တက်နေပါပြီလို့ဆိုနိုင်တယ် သင်း....နောက်နှစ်နှစ်လောက်ပဲ သင်းတို့လောက် မဟုတ်ပေမယ့် လောကကြီးမှာ တယ်စွာ လူတန်းစေ့ထက်ပိုအောင်တောင်နေနိုင်မှာပါ'

တို့စရာ သခွားသီးစိတ်ကိုကိုက်ရင်း သူမအား အကဲခတ် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ခပ်တိုးတိုးလေး ရယ်မောရင်း....

'မောင့် သွေးဆောင်မှုတွေ ကုန်ပြီလား'

'အင်း...မကုန်သေးဘူးထင်တယ်'

'သင်းလဲ မောင့်ကို သွေးဆောင်ရဦးမယ်'

'ဘာဖြစ်လို့လဲ'

'သင်းနောက် လိုက်ခဲ့ဖို့လေ'

'ဝေးသေး၊ မောင်ပြောပြီးပါပကော နိုင်ငံတော် ရွေးချယ်စေလွှတ်တဲ့သင်တန်း၊ ညွှန်သည်တော်အဖြစ်နဲ့ ယူဝံ့ကြွားစွာနဲ့ပဲ တိုင်းတစ်ပါးကိုခြေချမယ်၊ အဲ... ကျွန် တော့ မသွားဘူး'

'မောင့်စကားက မရင့်သီးလွန်းဘူးလား'

'တစ်ခါတလေ ရင့်သီးတယ်ထင်တဲ့ စကားရိုင်းရိုင်းပြေ လူတွေ သဘောပေါက်လွယ်တတ်ကြတယ်၊ ဒါကြောင့် ပြောမယ်သင်း၊ သူတစ်ပါးနိုင်ငံမှာ အလုပ်သွားလုပ်တာ အဲ့ဒီနိုင်ငံကို အလုပ်အကြွေးပြုတာ၊ ကျွန်သွားခံတာနဲ့ တူပေါ့ မဟုတ်ဘူးလား၊ အဟင်း....မောင့်စကား ရိုင်းသ ရင် ခွင့်လွှတ်ပါသင်း မောင်ဒီလိုပဲပြောတတ်လို့'

'ရပါတယ်မောင်၊ မောင့်ဘက်ကကြည့်တော့ လက်ဖ သင်းဘက်ကကြည့်တော့ လက်ဖမိုးပဲ၊ လူလူချင်း ခံယူ မတူညီကြတာကို အပြစ်တစ်ခုလို့ ယူဆရင်လဲ ယူဆ မောင်'





'စားလေသင်း'

'တော်ပြီ မောင်'

'နည်းနည်းတော့ တပ်ထည့်ပါဦး'

'တော်ပါပြီမောင်၊ သင်း ညနေဘက် များများမစား တ်လို့ပါ၊ ခုတောင်.., မောင်ထည့်ပေးထားတဲ့ တစ်ပန်းကန် များနေသေးတယ်၊ စကားများရင်း စားလို့လားမသိ း တော်တော်ဝသွားတယ်'

'ဒါဖြင့်....လက်ဆေးပြီးရင် လက်ဖက်စား'

'ပန်းကန်ဆေးဦးမယ်'

'ထားလိုက်ပါ မနက်ရောက်ရင် ဒေါ်ဘုမလာဆေးပေး း ညမနက်စာ တစ်ခါတည်း ချက်ပြုတ်ပေးသွားတယ်၊ ညနေစာသာ သင်းအတွက် မောင်ကိုယ်တိုင် အပင်ပန်းခံ ထားတာ စားလို့ကောင်းရဲ့လားသင်း'

'ကောင်းပါတယ်မောင်၊ သင်း စားတတ်ပါတယ်၊ ဝက် တ်ကြော်တို့ ကြက်ပြုတ်တို့ဆိုတာ ချက်ရတာလွယ်လို့ လုပ် း အကျင့်ပါသွားတာထင်တယ်'

'သင်းက မချိုမချဉ်အပြုံးနှင့်ပြောလိုက်သည်။ သူ့အသည်း ားသွားသည်။

'ကောင်းတာပေါ့၊ မောင်နဲ့ယူပြီးရင်ကော ဒီလိုပဲ ချက် ျွေးမှာလား'

'အသေအချာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'စဉ်းစားဖို့တော့ အတော်ကောင်းနေပြီ'

'ရပါတယ်....ထမင်းချက်ခေါ်နိုင်တဲ့ ဝင်ငွေတော့ သင်းမှာ အလုံအလောက်ပါလာနိုင်ပါပြီ'

'သင်းက မောင့်ကိုလျှော့တွက်တာပဲ'

'ဘာဖြစ်လို့လဲမောင်'

'မောင်က မိန်းမထဘီနား ခိုစားမယ့် လူလို့များလျှော့တွက်ထားသလားလို့ မေးတာ'

'မတွက်ပါဘူးမောင်၊ အင်မတန် ယောကျ်ားပီသပြီး မာနကြီးတဲ့လူမှန်း စိတ်ရှည်တဲ့လူမှန်းသိပါတယ်၊ ဒါ့ကြောင့်လဲ သင်းက အားကိုးပြီးချစ်ခဲ့ရတာပါ'

သူ ထမင်းစားပွဲကို ခေတ္တအုပ်ထားလိုက်သည်။ သင်း ပြန်သွားပြီးမှသိမ်းမည်။

လက်ဖက်ရည်ကရားအိုး အကြွမ်းပန်းကန်လုံးများနှင့် လက်ဖက်အစ်၊ ငှက်ပျောသီးထည့်ထားသော ဘန်းကိုမ ကာ ...

'လာ....သင်း၊ အိမ်ရှေ့ကွပ်ပျစ်လေးမှာ ထိုင်ရအောင် ပြီးရင် ပြန်ပို့ပေးမယ်'

'ဘယ်သူက ပြန်မယ်ပြောလို့ ပြန်ပို့ရမှာလဲ'

သူ မျက်လုံးပြူးသွားသည်။ သင်းအပြုံးကရီတီတီ သင်း သောက်တော့သောက်ထားခဲ့သည်ကို သူရောက်စကတည်းက သတိပြုမိသည်။





သူ လက်ဖက်ရည်ဘန်းကို အိမ်ရှေ့စားပွဲဝိုင်း၌ တင်လိုက်သည်။ တစ်ဖက်တစ်ချက်၌ ပက်လက်ကုလားထိုင်နှစ်လုံးရှိသည်။ သင်းစကားကြောင့် အိမ်ရှေ့ဝရံတာရှိကွပ်ပျစ်သို့ မခေါ်သွားရဲတော့၊ သင်းက ယမကာလေးနှင့် ယစ်ထွေနေသည်။

'ဒါလင်'

'လာထိုင်သင်း'

စားပွဲတစ်ဘက် ကုလားထိုင်သို့ ညွှန်ပြသော်လည်းသင်းက မထိုင်။

ဖျာလေးဆွဲယူကာ သူ့ခြေရင်း၌ ကပ်ထိုင်ကာ သူ့ဒူးပေါ်သို့ လက်တင်ကာ ခေါင်းမှီလျက်......

'ဒါလင်'

'ပြောလေသင်း'

သူ့မျက်နှာအား စူးစူးစိုက်စိုက်ကြည့်နေသော သင်းအပြုံးကြောင့် သူရင်ဖိုလာသည်။

'သင်းနဲ့ခွဲရမှာ မောင့်ရင်ထဲ ဘယ်လိုခံစားရသလဲ'

'ခံပြင်းတယ်'

'ဘာဖြစ်လို့လဲ'

'ဩော် ကိုယ့်ကို အထင်မကြီး အားမကိုးတဲ့ချစ်သူကို ခံပြင်းမှုမဖြစ်ပေါ်လို့ ဘယ်သူ့ကိုဖြစ်ပေါ်ရမလဲ ဒေါ်သင်း'

www.burmeseclassic.com



'မောင်က သင်းလိုလားတဲ့ အဆင့်အတန်းမျိုး ဖန်တီးပေးနိုင်လို့လား'

'အခုရေတွင်းတူး အခုရေကြည်သောက်ချင်လို့ ရမလား သင်း၊ ခုလောကကြီးမှာ မျိုးရိုးအစဉ်အဆက်က ချမ်းသာရင် ငွေကိုငွေနဲ့လိုက်တဲ့ ကုန်သည်ပွဲစား ဈေးသည်မျိုးတွေလို ချက်ချင်းကြီး ချမ်းသာပြီးရင်ချမ်းသာရင်သာ၊ အဲ.... အခြားနည်းနဲ့ဆိုရင် ခိုးဝှက်ပေးရမလား၊ မောင်ခိုချပေးရမလား၊ လာဘ်စား၊ အဟင်း....လာဘ်စားရင် မောင်တို့လို စာပေနဲ့သက်ဆိုင်တဲ့နေရာမျိုး လာဘ်စားလို့ ဘာမှမရဘူး၊ မြေတိုက်ပေးရမလား၊ ဒါမှမဟုတ်ရင် ချက်ချင်း ချမ်းသာမယ့်ဘဝကို သုညကစတင်ခဲ့ရတဲ့မောင့်အတွက်တော့ အခုရေတွင်းတူး အခုရေကြည်သောက်ချင်လို့မရဘူး မရွှေသင်း၊ ဒါကို အဖြစ်မရှိတဲ့ယောကျ်ားတစ်ယောက်လို့ မင်းမြင်ပြီး နှုတ်ခမ်းပဲ့ချင်း မီးမှုတ်လို့ ဘာအကျိုးထူးမှာလဲဆိုတဲ့ စကားတစ်ခွန်းကတည်းက သင်းအပေါ် မောင်ခံပြင်းစိတ်တွေဖြစ်နေခဲ့တာ'

သင်း မျက်နှာငယ်ငယ်လေးသာကျန်တော့သည်။ သူမ စကားအမှားအတွက် နောင်တရသွားခြင်းသာ ဆိုပါက အဘယ်မျှကောင်းလိမ့်မည်နည်း။

ကောင်းကင်မိုးသားတို့သည် ညိုတက်လာသည့်၊ ကဆုန် ညောင်ရေသွန်းပြီးကာလဖြစ်၍ နွေဓာတ်ပူပြင်းမှုကို ကဆုန်မိုး





က ဖျန်းသက်ကာ အအေးကိုဖိတ်ခေါ်ပေးတော့မည် ထင်ပါသည်။

မှောင်ရိပ်ပျိုးလာသည်။

'မောင်က ဒီလိုဆိုရင် သင်းကို မချစ်တော့ဘူးလား'

ကလေးဆန်လွန်းသော စကားရပ်ဖြစ်သည်။ သို့သော် သူမမျက်နှာလေးက တကယ့်ကို ကလေးမျက်နှာမျိုးဖြင့် ပြုံမယောင်မိုးနှယ် အုံ့မှိုင်းရီဝေနေသည်။

သင်းနှဖူးမှ ဆံစလေးများကို အသာအယာ သပ်ပေးကာ....

'ဒီလိုမဟုတ်ပါဘူး၊ သင်းပေါ်ချစ်တဲ့ မောင့် အချစ်က ဘယ်တော့အခါမှ လျော့ပါးသွားမှာမဟုတ်ပါဘူး၊ခံယူချက် မတူညီလို့ လမ်းခွဲသွားကြတာပဲ'

'ယာယီပါ မောင်ရယ်'

'အဟင်း....မောင်တော့ မယုံဘူး'

'သင်းကိုလား'

'သင်း ရောက်သွားမယ့် ပတ်ဝန်းကျင်'

'မောင်ရယ်... စိတ်ချစမ်းပါ၊ ဟိုမှာ ဂျိုးလဲ ရှိနေတာပဲ'

'ဒါပေမယ့် သင်းကိုမောင် တစ်ခု အပြတ်ပြောထားရဦးမယ်'

သူ့ရင်၌ စဉ်းစားထားပြီးဖြစ်သော ထိုစကားကိုပြောရန်မှုနည်း အားယူလိုက်ရသည်။ အဘယ်ကြောင့် ဆိုသော်



www.burmeseclassic.com

www.burmeseclassic.com



သနားတတ်သော သူ့ညဉ်ကြောင့် ဖြစ်သည်။ ဤချစ်သူကို သူအနားခြင်း သနွေတည်ကာ ချစ်ခဲ့သည်။

'ဘာများလဲ မောင်'

'သင်း ထပ်စဉ်းစားပါ၊ မောင်ဟာ သင်း ပြန်လာလို့ရှိရင် သင်း ငွေနဲ့ လက်ထပ်မယ့်လူ၊ သင်းရဲ့အရိပ်မှာ လိုက်ပြီး ခိုဝင်မယ့်လူမဟုတ်ဘူးဆိုတာ တစ်ခုကိုတော့ သင်းခေါင်းထဲမှာ မှတ်ယူထားလိုက်ပါ'

'ဒါကတော့ မောင်ရယ်....လင်မယားဆိုတာ ...'

'တော်...သင်း၊ သင်းနဲ့မောင် လက်မထပ်ရသေးဘူး'

'ဒါဖြင့် အခု သင်းနဲ့မောင် လက်ထပ်သွားရမလား....'

'ဘာ ...'

သူ သင်းကို တွန်းဖယ်ကာ ဝုန်းခနဲ ထရပ်လိုက်သည်။

သင်းက သူ့ခြေထောက်ကို ဖက်လိုက်သည်ပဲ....

'မောင်ကလဲ ဒေါသကြီးပဲ၊ သင်း ပြောတာလေးများ ဆုံးအောင် နားထောင်ပါဦးတော့လား'

'မင်းပြောမယ့်စကားတွေက မောင်လက်ခံနိုင်တဲ့စကားတွေမှ မဟုတ်ဘဲ'

သင်းသည် သူနှင့်ယှဉ်ရပ်လိုက်သည်။ ပြီးတော့ ဒေါသကြောင့် ရှုံ့းရှုံ့းရှားရှားဖြစ်နေသော သူ့လက်မောင်းကို အသာလှုပ်ရမ်းကာ....

'မောင် သင်းကိုမချစ်ဘူးလား'

'ချစ်တယ်'





'ဒါဖြင့် လက်ထပ်မယ်လေ'

'မင်း ဒီမှာနေမှာလား'

သူ့၌ မျှော်လင့်ချက်ရောင်ခြည်လေး ရသွားသကဲ့သို့မေးလိုက်သည်။ သို့သော်...

'သင်းသွားဖို့ အားလုံးအဆင်သင့်ဖြစ်နေပြီမောင်၊ တိုက်ခန်းလဲ ရောင်းပြီးသွားပြီလေ...နောက်ပြီး....'

'တော်ပါတော့ မရွှေသင်းရယ်.... ဂျာအေး သူ့အမေရိုက်တဲ့စကားတွေနဲ့ ချာချာလည်အောင် ပြောမနေပါနဲ့တော့၊ မင်းလဲ မင်းခံယူချက်နဲ့ မင်းလမ်းကို မင်းလျှောက်တော့....ကိုယ်လဲ ကိုယ့်ခံယူချက်နဲ့ကိုယ့်ပဲ လျှောက်တော့မယ်၊ ဘမ်းတတာတို့ မှုန်းဆတာတို့ လွမ်းတာတို့ကိုတော့ လုပ်နေဖို့ ကိုယ့်ဘဝမှာ အချိန်မပေးနိုင်တာ ခွင့်လွှတ်ပါ'

သူသည် ဒေါသအလျှောက် ထိုစကားစုတို့ကို လျှောလျှောလျူလျူ ထွက်သွားသည်။

'မောင်ရယ်.... သူစိမ်းတွေကျနေတာပဲ ပြောရက်လိုက်တာ....'

သင်းက မျက်နှာမပျက်။ သူ့အား ချော့ရန် ကြိုးပမ်းသည်။

'သင်း ကြားဖူးတာ ဆူးကျလဲဖက်၊ ဖက်ကျလဲဖက်တဲ့ မိန်းမသားတွေရဲ့ဘဝဟာ 'ဖက်'လိုပဲ နာဖက်ကကြီးပါ... ဒါပေမယ့် မောင့်ကျတော့ တစ်မျိုးပါလား၊ သင်း ဒီညပြန်ဘူး မောင်နဲ့ အတူနေမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ…'

သူ့ရင်ခွင်ထဲ တိုးဝင်နေသော သင်းကို အလန့်တကြား ဆွဲထုတ်လိုက်သည်။ ပြီးတော့မှ လက်မောင်းအိုး နှစ်ဖက်ကို ဆုပ်ကိုင် လှုပ်ရမ်းရင်း….

'ဘာပြောတယ်သင်း….ပြန်ပြောစမ်း'

'ဟုတ်တယ်လေမောင် .. သိပ်ချစ်တဲ့ မောင့်ကို သင်းက မသွားခင်မှာ လက်ဆောင်ပေးချင်တယ်၊ ဒါကြောင့် သင်း ဒီနေ့ မောင်နဲ့အတူနေမယ်…. မနက်ဖြန် ဒီမြို့နယ်တရားရုံးမှာ လက်ထပ်မယ်… ဒါမှ သင်းပိုင်ဆိုင်မှုမှန်သမျှ မောင့်အတွက်'

'သင်း'

သင်းကို အလန့်တကြား ကြောက်ရွံ့မှုဖြင့် တွန်းထုတ်လိုက်မိသည်။

'ငါ့ကို အချောင်သမားထင်နေသလား သင်း…. သွားတော့ကွာ…. မင်းနဲ့ငါ ကောင်းသောခွဲခွာခြင်းနဲ့ပဲ ခွဲခွာချင်တယ်၊ မင်း ထင်ရာမင်း စွတ်လုပ်ရုံမကဘူး…. ငါ့ကို အသုံးမကျလို့ပါလို့ပြောထား၊ မင်းကို ငါခွင့်လွှတ်နိုင်ပေမယ့် ငါ့ကို အချောင်သမားလို့ မင်းထင်တာကိုတော့ ငါ ခွင့်မလွှတ်နိုင်ဘူး၊ မင်းအတွက် ငါ ကားထွက်ငှားပေးမယ်…. မင်းပြန်သွားပါ၊ မင်းပြန်သွားတာတွေမှ ငါ အိမ်ပြန်လာခဲ့မယ်… ဒါပဲ'

သူပြောချင်ရာတို့ကို ဒေါသတကြီးပြောပြီး သူအိမ်ပေါ်မှ ဝုန်းဒိုင်း ဆင်းမျလာသည်။





'မောင်'

သင်း၏ အူလှိုက် အသည်းလှိုက် ငိုသံကိုပါ သူနားကြည်းစွာ ကျောခိုင်းလိုက်နိုင်ပြီ။

ထိုနေ့သည် သင်း မြန်မာပြည်မှာ ရှိစဉ်ကာလ၌ သူနှင့် နောက်ဆုံးတွေ့ခဲ့သောနေ့အဖြစ်သို့ ရောက်ရှိသွားခဲ့လိမ့်မည်ဟု သူ မထင်မှတ်ခဲ့ပါချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

လွှယ်ဆန်စစ်နှင့် အမှတ်တရ

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

## "လွှယ်ဆန့်စစ်"

"ရှမ်းလို လွှယ်ဆိုတာ တောင်၊ ဆန့်စစ်ဆိုတာ သုံးဆယ်.... ဒါကြောင့် တောင်သုံးဆယ်"

## အခန်း (၄)

'လွှယ်ဆန့်စစ်လေ....'

ကားသမားက လှမ်းပြောလိုက်တော့မှ သူ အတိတ်လွှ... မြင်မှ ပြန်လည်ရုန်းထွက်လာနိုင်ခဲ့သည်။

'ဘယ်မှာလဲ ဆရာ'

'မြင်နေရတဲ့တောင်တွေကိုပြောတာ၊ လွှယ်ဆန့်စစ်ဆိုတာ အဲ့ဒီတောင်တွေကို ပြောတာပါ'

'ဩော်....ထူးတယ်နော်'

ဤမျှ သစ်ပင်တွေ၊ ချုံပင်တွေနှင့် ပြည့်နှက်နေသော... တောင်ပေါ်ဒေသ၌ မြေသား ညိုညိုမှိုင်းမှိုင်းနှင့် တော...





...တုံးဖြစ်နေသော တောင်များကို လှမ်းမျှော်ရာဒတ္တမြင် ...ိုက်ရသည်။

ချစ်သူကို ရင်ခွင်ထဲ၌ထားရင်း လိုက်ပါလာသောသူပင် ...င် လှမ်းစိတ်ဝေဝေလေး ခံစားလိုက်ရအောင် သာမန် ...ပေါ်နေသော တောရိပ် တောင်ရိပ်များကြား၌ထူးကဲ ...ဖြင့် ပေါ်နေသော လွှယ်ဆန့်စစ်၏အလှမှာ ထူးကဲစွာ ...ားမှုတစ်ရပ်ပေးနေလေသည်။

သဘာဝတရားများသည် တစ်ခါတစ်ရံ လူတွေမှုမြင် ...တီးထားသော အချင်းအရာများထက် သာလွန်အောင် ...ဆန်းကြယ်တတ်ကြသည်။

'အဲဒီ လွှယ်ဆန့်စစ်ကိုကျော်ရင် ကွစ်ခိုင်ရောက်ပြီ'

'ဟုတ်လား....ဒီတောင်ကြီးတွေက သင်ပင်မပေါက်ဘူး ...ား'

'မပေါက်ဘူး....နွှေနွှေ၊ မိုးမိုး၊ ဆောင်းဆောင်း ဒီလို ...ယ်'

'ဩော်'

ရင်တွင်းသောက ဝေဒနာကို တစ်ဖက်သား မသိစေရန် ...ဆောင် ဖုံးကွယ်ထားသော ဣန္ဒြေရှင်တစ်ဦး၏ အပြုံး ...ပင် လွှယ်ဆန့်စစ်က ဣန္ဒြေရရ မှုန်ပြာရီမှိုင်းစွာ ...ပြ ...လေသည်။ ရင်ထဲ၌ တကယ်ပင် တစ်မျိုးပဲ ခံစားလာရ ...ည်။



www.burmeseclassic.com

www.burmeseclassic.com



'သာဖြစ်လို့ လွယ်ဆန်စစ်လို့ ခေါ်တာလဲဗျ'

'လွယ်ဆိုတာ ရှမ်းလိုတောင် လေဆရာ ဆန်စစ်ကသုံး ဆယ် 'တောင်သုံးဆယ်' ပေါ့ဆရာ'

'ဪ.... အလုံးသုံးဆယ်တောင် ရှိတယ်လား'

'ဟုတ်တယ်ဆရာ ရေကြည့်ပါလားပင် မကတော့ အ တောင်ကြီးပဲပေါ့.... ဘေးပတ်ပတ်လည်က တောင်လေးတွေ နဲ့ ဆိုရင်သုံး ဆယ်ရှိတယ်'

'ဪ....'

သူရင်ထဲ၌ အံ့ဩစွာဖြင့် သဘာဝက ဖန်တီးပေးထား သော လှမ်းမောဘွယ်ရာ လွယ်ဆန်စစ်ကို ငေးမောကြ နေမိလည်း။ ကွေ့ကာဝိုက်ကာ တောင်တက် တောင်ဆင်း ကြောင့် လွယ်ဆန်စစ်သည် လက်ဝဲရောက်ရာမှ လက်ယာဘက် ရောက်သွားချိန်တွင် ကွတ်ခိုင်မြို့သို့ ရောက်ရှိလေသည်။

'ဘယ်အရင်သွားမလဲ ထမင်းအရင်စားပြီး နားမလား အမှတ်တရအရင်သွားမလား'

'ထမင်းစားပြီး ခဏနားလိုက်ဦးမယ်'

'မှောင်ကျော်ဝေ အမျိုးသမီးကော နိုးပါ့မလား'

'နိုးပါတယ်.... သင်း မှိန်းနေတာပါမောင်'

သင်းထံမှ ညှင်သာသော အသံနွဲ့လေး ထွက်ပေါ်လာ သည်။

'ဒါဖြင့် ထမင်းဆိုင်ကောင်းကောင်းသာ ပို့ပေးဆ

'ဟုတ်ကဲ့ဆရာ'





ကားဒရိုင်ဘာကို ပြောပြီး သင်းကို အသာလေးလှုပ် ာ....

'နိုးရင်လဲ ထကြည့်ပါဦးလားသင်း.... မောင်တို့ တကူး က လာကြည့်ရတဲ့ လွယ်ဆန်စစ်လေ ကြည့်ပါဦး ဘယ် လောက်လှပြီး ဘယ်လောက် လှမ်းစရာကောင်းသလဲလို့'

သင်းက မျက်လုံးလေးဖွင့်ကာ အနည်းငယ်လှုပ်ရှားသည် အပ ပို၍ ထူးကဲသောပြောင်းလဲမှုမရှိပဲ၊ သိကြားရုံသာ ်တိုးတိုးလေး....

'သင်းမြင်ပါတယ်မောင်.... ဒါပေမယ့် သဘာဝအလှ ရား သာယာတာတို့.... လှပတာတို့တွေကြောင့် ပျော်ရွှင် ည်နူးမှုဆိုတဲ့ ခံစားမှုဟာ သင်းအတွက် ဆိတ်သုန်းခဲ့တာ ြာပြီပဲမောင်ရယ်'

'အတိတ်ရဲ့ဆိုးရွားမှုကို အတိတ်မှာပဲ ထားခဲ့တော့ အ ာဂတ်ရဲ့ သာယာလှပမှုတွေကို ရှာဖွေရအောင်လား သင်း ယ်.... ပျော်ပျော်နေစမ်းပါ'

အားပေးစကားသာ ပြောလိုက်ရသည်။ ရင်ထဲ၌ လုံးဝ ကောင်းပေ.... လွယ်ဆန်စစ်သည် ပို၍အုံ့မှိုင်း ဖွဲ့ထားသ ောင်ပင်....။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကွတ်ခိုင်မြို့ အမှတ်တရ သူရဲကောင်းစစ်သည်
ဗိမာန်မှ....
'တိုင်းပြည်နှင့် လူမျိုးအတွက် မိမိအသက်ကို
စွန့်လွှတ်ခြင်းသည် အမွန်မြတ်ဆုံး'

## အခန်း (၈)

'ကွတ်ခိုင်ကို သွားလိုက်ပါလား မောင်ကျော်ဝေ'

'ကွတ်ခိုင်မှာ ဘာရှိလို့လဲ'

'ရှိတာပေါ့ဆရာ.... လွယ်ဆန်စစ်နဲ့ အမှတ်တရကိုမြင်လိုက်ရရင်ပဲ ဆရာ ကွတ်ခိုင်ကို သွားရကျိုးနပ်သွားမှာပါ'

'တယ်ညွန်းပါလား'

'ညွန်းဆို ဆရာရောက်သွားတဲ့ အခါရောက်မှ.... ကျွန်တော်ပြောတာလိုတယ်တောင် ထင်ဦးမယ်.... ရောက်ခဲ့တယ် ကြုံတုန်းသွားသာသွားလိုက်ပါ'





ရပ်ကွက်လေးမှ မချစ်မ၏ ဖခင်က တိုက်တွန်းသဖြင့် ကွတ်ခိုင်သို့ ရောက်ခဲ့လေပြီ.... လွယ်ဆန်စစ်ကို အဝေး ည့် အနီးကြည့်ဘယ်မှကြည့် ညာမှကြည့်နှင့် ကားပေါ် ကြည့်ရရုံနှင့်ပင် ကွတ်ခိုင်သို့ လာရကျိုးနပ်သွားပြီဟု မှတ်ယူခဲ့ပါသည်။

သို့သော်....

ကွတ်ခိုင် မြို့စွန်တစ်နေရာရှိ 'အမှတ်တရ' ကုန်းကမူလေးသို့ က်သောအခါ.... ရင်မှာ ဆူးနင့်ကာ ကြေကွဲမှုဆွေ ည်နှုးမှု ဂုဏ်ယူမှုရသတို့ကို ဆေးပြွမ်း ခံစားလိုက်ရသည်။ ရင်တွင်း၌ ဘဝတစ်သက်တာအတွက် အမှတ်တရကို ခံ းလိုက်ရသည်။

ဤနေရာလေးသည် လွန်ခဲ့သော ကာလများက ကွတ် ကျအောင် အသက်ကို စတေးကာ ဤတောင်ကုန်းကမူ းပေါ်မှနေ၍ ကျူးကျော်သူတရုပ်ဖြူများကို ကြံ့ကြံ့ခံ ကွယ်တိုက်ခိုက်ရင်း အသက်စွန့်ခဲ့ရသော သူရဲကောင်း သည်များအား ဂုဏ်ပြုသောအားဖြင့် တည်ဆောက်ထား ာ 'အမှတ်တရသူရဲကောင်း စစ်သည်ဗိမာန်' ဖြစ် ာင်း ကားဒရိုင်ဘာက ရှင်းပြလေသည်။

လှေခါးများပေါ်သို့ တစ်ထစ်ချင်းနင်းတက်ရင်း သင်း ဆက်တွဲခေါ်လိုက်သည်။

ဦးသုကာပညာရှင်၏ လက်စွမ်းဖြင့် 'ရဲသော်မသေ၊ သေ င်ရဲမလား' စာတန်းပါသောဂူ ကျောက်တိုင်ပေါ်၌

www.burmeseclassic.com



လုံစွပ်တပ်ထားသော ရှိင်ဖယ်သေနတ်ကို ညာလက်နှင့် ကို
ကာ ဘယ်လက်နှင့် လက်သီး လက်မောင်းတန်းကာ ဇာသ
သွေးဇာတိမာန် တက်ကြွနေသော သူရဲကောင်း စစ်သူတစ်
ပုံကဲ မိုးထိတော့မယောင် မာန်ဝံ့လျက်ရှိသည်။

ငါ့တိုင်းပြည် ငါ့လူမျိုးအတွက် ငါတို့သည် မြတ်သေ
စွန့်လွှတ်ခြင်းနှင့် အသက်ကို စွန့်လွှတ်ခဲ့ကြသည်။ ထို့ကြော
ငါတို့မသေဟု ကြွေးကြော်နေသယောင်ယောင်။

'ဒါလင်'

'မောင်လို့ပဲ ခေါ်ပါသင်း'

'မေ့လို့ပါမောင်'

ကျိုင်းတုံဟု အချို့ကခေါ်သော၊ အချို့က ခေ
ခေါ်သော ပန်းရောင်စုံလေးများသည် ဖန်တီး ပေးထား
လှေခါးတစ်ဖက်တစ်ချက်တွင် လည်းကောင်း၊ လှေ
အလည်တွင်လည်းကောင်း စံနစ်တကျ စိုက်ပျိုးထားသ
ကျောက်ခက်ပင်လေးများကလည်း အမှတ်တရ၏ အ
ပကို ဖြည့်စွက်လျက်ရှိသည်။

'ဘာမေးမလို့လဲသင်း မေးလေ'

'သီးသန့်ဂူတွေလဲ မရှိဘူးနော်'

'ဩော်သင်းရယ်....ဘယ်သူ့အရိုးရယ်၊ ဘာရယ်ဘယ်
ကကျတယ်ဆိုတာ ခွဲခြားပြီးတော့ မရှိအောင် အခြေအ
ဆိုးဆိုးဝါးဝါးဖြစ်လို့ နေမှာပေါ့'

'သနားပါတယ်မောင်ရယ်'



ကျော်ဝေအတွက် ရေငတ်တုန်း ရေတွင်းထဲကျသွားလေ
ပြီဖြစ်၍....

'ခဏထိုင်ရအောင်နော်သင်း'

စစ်သည်၏ ကျောက်တိုင်ရှေ့ ပန်းစိုက်ခင်းအင်္ဂတေအုတ်
ဘောင်၌ သူတို့ထိုင်လိုက်သည်။

'ဟိုစာတမ်းကို ဖတ်ကြည့်စမ်းသင်း....'

ကျောက်တိုင်၏ နောက်၌ စစ်သည်များ တိုက်ပွဲဝင်နေပုံ
ကို ကျောက်သားနံရံ၌ ဖောင်းကြွပန်းချီကားများနှင့်လည်း
ကောင်း အပေါ်ဖက်၌ ကျောက်လုံးများထုကာ အနီရောင်
ခံပြီး စာတမ်းကိုအပေါ်တင်ကာ ဖော်ထားသည်။

'တိုင်းပြည်နှင့် လူမျိုးအတွက် မိမိအသက်ကိုစွန့်လွှတ်ခြင်း
သည် အမွန်အမြတ်ဆုံး'

'ဟုတ်တယ်၊ အဲဒီလိုလူမျိုးကို သူရဲကောင်းလို့ခေါ်
တယ်၊ တိုင်းပြည်ကို တိုင်းတစ်ပါးလက်ထဲ မရောက်အောင်
အသက်ကို စွန့်လွှတ်ပြီးကာကွယ် သွားတဲ့သူတွေရဲ့ လိပ်ပြာ
ကို ရှက်သောအားဖြင့် သင်းလဲ ကိုယ့်တိုင်းပြည်ကို အလုပ်
အကျွေးပြုဖို့ ပြန်လာပါလို့ မောင်ထပ်ပြီး ပြောပါရစေ'

'စိတ်ချပါမောင်ရယ် သင်းလဲ ဟိုကိုရောက်ပြီးမကြာခင်
မှာပဲ နောင်တရခဲ့ပါတယ်'

'ဒါနဲ့တောင်ဟိုနိုင်ငံသားအဖြစ်ခံယူရသတဲ့လားသင်းရယ်'

'အခြေအနေအရပေါ့ မောင်ရယ်၊ သင်း မောင့်ကိုတွေ့
ချင်လို့ စွန့်စွန့်စားလာခဲ့ပြီးမှ ဒီရောက်တော့မှ နိုင်ငံတော်ရဲ့

www.burmeseclassic.com



ကြေညာချက်အမှတ် ၃/၉၃ကို ဖတ်လိုက်ရတော့အရမ်းကို ဝမ်းသာသွားခဲ့တာ လိုအပ်သလိုဆောင်ရွက်ဖို့ ချက်ချင်း ပြန်ပြေးပြီး လျှောက်လွှာတင်ချင်စိတ်တောင် ပေါက်သွားခဲ့တာ ဒါပေမယ့် မောင်နဲ့အတူ လျှောက်လည်ပတ်ခွင့်ရတဲ့ (Tourist Visa) နှစ်ပတ်ကိုတော့ လက်မလွှတ်နိုင်ပြန်ဘူးလေ၊ ဒါကြောင့်ပါမောင်’

‘မောင် ဝမ်းသာပါတယ်သင်းရယ်၊ မောင်တို့ဟာ ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်လူမျိုး အသက်စွန့်ရဲတဲ့သူရဲကောင်းတွေလောက် မဟုတ်တာတောင် ကိုယ်တတ်တဲ့ပညာ၊ ကိုယ်နိုင်ရာ နိုင်ငံဝန်ထမ်း လက်နက်လေးနဲ့ အလုပ်အကျွေးပြုတာလည်း အမိမြန်မာပြည်ကို ကျေးဇူးဆပ်ရာ ရောက်ပါတယ်၊ သင်းလုပ်သွားပုံကို မောင်ရင်နာလွန်းလို့ သင်းရဲ့ စာလဲမဖတ်ဘဲ အဆက်အသွယ်တွေဖြတ်ခဲ့တာပဲ၊ လူမျိုးရဲ့ ဂုဏ်ကို အတတ်နိုင်ဆုံးထိန်းသိမ်းဖို့လိုတယ်သင်း ‘မြေမြို၍လူမျိုးမပြုတ်၊ လူမြို့မှ လူမျိုးပြုတ်မည်’ ဆိုတဲ့စကား ကြားဖူးတယ်မဟုတ်လား၊ တိုင်းပြည်အတွက် အသက်ပေးကာကွယ်ရမလိုပါဘူး၊ ဒါပေမယ့် လူမျိုးမပြုတ်အောင်တော့ ထိန်းသိမ်းသင့်တယ်လို့ မောင်ပြောပါရစေ’

သူပြောသမျှကို ကျောက်ဆစ်ရုပ်အလား ငြိမ်သက်ကာ နားထောင်နေသောသင်းသည် ဘာမှမပြောနိုင်ဘဲ သူရဲကောင်းစစ်သည်ရုပ်ကိုသာ တွေတွေကြီးငေးစိုက်ကြည့်ရင်း မျက်ရည်ချောင်းတို့ ဖြစ်ထွန်းလာလေသည်။





သင်း၏ မျက်ရည်စများကို သူသုတ်ပေးလိုက်သည်။ နှောင်းတတရားကိုပွေ့ပိုက်ကာ ပြန်လာသောချစ်သူလေးကို သူရင်ဝ ဆီးကန်သောစကား ထပ်မံမဆိုရက်တော့ပါ။ သူမသည် မိမိအား ပျားရည်နှင့် ဝမ်းချနေသလားဟူသော သံသယစိတ်ကြောင့်သာ သတိပေးဆုံးမစကားမျိုး နားသွင်းနေမိခြင်းဖြစ်သည်။

သူ အသာထလိုက်ကာ သင်းအား လက်ကမ်းလိုက်သည်။ သင်းကိုလက်တွဲကာ အမှတ်တရ လှည့်ပတ်ကာ လျှောက်ကြည့်ရင်း မဆုံးနိုင်သော သူ့စကားကို ညှာညှာတာတာ ဆက်ပြောလိုက်သည်။

‘တိုင်းပြည်အတွက် အသက်ပေးသွားတဲ့ စစ်သည်တွေဟာ သင်းပြောသလို သနားစရာမဟုတ်ဘူး၊ ဂုဏ်ယူစရာ၊ အားကျစရာ၊ လေးစားစရာအဖြစ်နဲ့ သမိုင်းမှတ်တိုင် တင်ရစ်ခံရတဲ့သူတွေအဖြစ် နှောင်ခေတ်အဆက်ဆက် အမှတ်တရရှိနေရဦးမှာပါသင်း၊ လူဆိုတာ တစ်သက်မှာတစ်ခါပဲသေကြရတယ်။ ဒါကြောင့် သေခြင်းအတွက် သနားစရာမဟုတ်ဘူး၊ လူတိုင်းအနေနဲ့အမြန်လျှောက်လှမ်းရမယ့် လမ်းပဲ၊ အဲ...လူမသေခင် နာမည်သေရတဲ့အဖြစ်မျိုးသာ လုံးဝ သနားစရာပါသင်း၊ ဒါ့ လူသေသွားပါစေ နာမည်မသေစေဖို့ ကြိုးစားအားထုတ်ပါသင်း’

‘မောင်ရယ်....သင်းလေ....’

‘ကိုင်း....တိတ်တိတ်၊ သင်း ဘာမှမပြောချင်နဲ့’



www.burmeseclassic.com

www.burmeseclassic.com



'မငို့နဲ့တော့သင်း၊ မောင်တို့ပြန်ကြရအောင် လသားရှိုးက မြို့အဝင်ဂိတ်ကို ငါးနာရီပိတ်တယ်၊ မီအောင်ပြန်ကြရမှာ သွားရအောင်'

'ဟုတ်ကဲ့ပါမောင်'

သူ့ကိုလက်ဆွဲကာ အမှတ်တရ သူ့ရဲကောင်းစစ်သည်ဗိမာန် ရင်ပြင်မှ ဆင်းခဲ့သည်။ စိတ်ထဲမှ အမျှဝေလိုက်မိသည်။

'သူရဲကောင်းစစ်သည်တို့ မင်းတို့ရဲ့ပခုံးပြောင်းတာဝန်ကို နောင်တစ်ခေတ် အောင်စစ်သည်တို့ ယူနေပါပြီ၊ ဒီနေရာ ဒီဒေသလည်း ငြိမ်းချမ်းရေးယူပြီးလို့ အေးချမ်းသာယာနေ ပါပြီ။ ကူးသန်းရောင်းဝယ်ဖောက်ကားရေးတွေနဲ့ စည်ကား သာယာနေပါပြီ။ ဒါ့ကြောင့် မင်းတို့လွတ်ရာကျွတ်ရာ ဘဝ သစ်သို့ ကူးပြောင်းနိုင်ပါပြီ၊ ကောင်းရာဘုံသို့ သွားကြပေ တော့...'

အမျှ....အမျှ အမျှ....ဟူ၍....

*  *  *



ပိုးအိမ်၏နှလုံးသားဟစ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၇)

### အခန်း (၉)

'ဆရာဦးကျော်ဝေ ဒီစာအုပ်လေးဆရာမ ဒေါ်ပိုးအိတို့ အခန်းကဲ မွေ့ရာအောက်မှာကျန်လို့ ကျွန်တော်သိမ်းထားတယ်၊ ဆရာနဲ့သက်ဆိုင်မယ်ထင်လို့ ဆရာ့လက်ထဲအပ်လိုက်တယ်'

သူ ရုတ်တရက်ကြောင်သွားသည်။ အခန်းဆောင်နှင့် သားရေအနက်ရောင်ဖုံး မှတ်စုစာအုပ်ကလေးသည် သူ့အား ကြောင်ပြောင်နေလေသည်။

'တကယ်လို့ ဒေါ်ပိုးအိဟာ သူ့စာအုပ်ကျန်မှန်းသိလို့ လာဆက်မေးတဲ့အခါရောက်ရင် ကျွန်တော် ဆရာ့ကို အပ်လိုက်တဲ့အကြောင်း ပြောပြလိုက်မယ်၊ အဲဒီအခါ ဆရာမ ကတော့ကို စိတ်ခြောက်ခြားသွားမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဤပုဂ္ဂိုလ်သည် သူတစ်ပါး၏အတွင်းရေးကို ထုတ်ဖော်ရေးသားထားသော ဒိုင်ယာရီကိုလူမှုရေးခေါင်းပါးစွာ ဖတ်မိလေပြီထင်သည်။

ထိုသို့ ပြောလို့ရမည်လား၊ ဘယ်သူ့စာအုပ်လည်း ဘာတွေရေးထားတာလည်း၊ လိပ်စာပါရင်ပြန်ဖေးဖို့ ဆောင်ရွက်ရန် ဖတ်မိခြင်းဖြစ်သည်။

'ဘယ်သူ့စာအုပ်လဲလို့ ရှာဖွေကြည့်မိရင်းက အကြောင်းအရာတစ်ချို့ကို ဖတ်မိသွားတယ်၊ အဲ့ဒီအခါ ဆရာနဲ့သာ အသင့်တော်ဆုံးယူဆပြီး ကျွန်တော်ဆက်မဖတ်တော့ပါဘူး၊ ကျွန်တော်က ဝတ္ထုဖတ်အင်မတန် ပျင်းတဲ့လူဖြစ်နေလို့ပါ။ အနည်းငယ် ဟိုလှန်ဒီလှန်ဖတ်မိသွားခြင်းအတွက် ခွင့်လွှတ်ပါ ဆရာ'

'ကိစ္စမရှိပါဘူး'

သူတောင်ကာမှ အပေါ်ထပ်သို့ ကြမ်းပြင်နှင့် ထိခြင်းမရှိသော ခြေလှမ်းမျိုးနှင့် လှမ်းတက်ခဲ့လေသည်။

ဘာတွေနည်း၊ ဖြုန်းအုတ်များဖြင့် သေသပ်လှပစွာ ဆောက်ထားသော ဤအဆောက်အဦဝယ် သူ့မြမာလာ ကတ္တီပါဖိနပ်နှင့် အင်္ဂတေကိုင်ထားသော ကြမ်းပြင်နှင့် ထိတွေ့သံကိုပင်လျှင် လိပ်ပြာကတန်ချင်သလိုလိုဖြစ်သည်။

အပေါ်သွားချင်လို့ဟုဆိုကာ အရင်တက်သွားနှင့်သောသင်းသည် အိပ်ခန်းဝသို့ကြိုတင်ရောက်ရှိမနေခြင်းကိုပင် သူကျေးဇူးတင်သွားမိသည်။ သူကံကောင်းတာလား၊ ပိုးအိပ်





ကောင်းတာလားဆိုခြင်းကိုတော့ သူမတွေးတတ်သေးချေ၊ အဲဒီ ဒိုင်ယာရီလေးက အဖြေပေးလိမ့်မည်။

အခန်းထဲသို့ ရောက်လျှင်ရောက်ချင်း ဒိုင်ယာရီလေးကို ကိုင်လက်ဆွဲသွားရေအိတ်အောက်သို့ထည့်ကာ သိမ်းဆည်းလိုက်သည်။

*   *   *



www.burmeseclassic.com

www.burmeseclassic.com

"မာလကာသီး ရှက်ပုန်းသီးလေးတွေကိုမှ နှစ်နှစ်ခြိုက်ခြိုက် စားသုံးခဲ့မိလို့ လားမသိဘူး ငါဟာလည်း ရှက်ပုန်းသီးလို ဘဝမျိုးနဲ့ ထာဝရ နေထိုင်သွားရတော့မယ် ထင်တယ် ကျော်ဝေ။"

## အခန်း (၁၀)

မာလကာသီး ရှက်ပုန်းသီးလေးတွေကိုမှ နှစ်နှစ်ခြိုက် စားသုံးခဲ့မိလို့လားမှသိဘူး၊ ငါဟာလည်း ရှက်ပုန်းသ ဘဝမျိုးနဲ့ ထာဝရနေထိုင်သွားရတော့မယ်ထင်တယ် ေ ဝေ....

ငါဟာ စိတ်ကူးယဉ်သမားမဟုတ်ဘူးဆိုတာ နင်သ တယ် ကျော်ဝေ၊ ဒါကလည်း ငါ့ရဲ့ဘဝပေးကုသိုလ် အရမ်းကောင်းနေခဲ့တာကိုး။ လိုတရဘဝဆိုတော့ ငါ စိတ်ကူးယဉ်စရာရှိသေးသလည်း....





အတွေးယဉ်ကြောမှာ မျောပါရင်းနဲ့ စိတ်ကူးယဉ်ရမယ့် အလုပ်မျိုးလုပ်ဖို့ ဝါသနာ ငါ့မှာ ပါမလာဘူး။

အတွေးထဲက ဒါလုပ်ချင်ပြီဆိုရင် ဒါကို တကယ်ရအောင် လုပ်ပစ်လိုက်တယ်ဆိုတာ နင်သိပါတယ်။

ဒါပေမယ့် ဘယ်သူက ဘယ်လို စတင်သတ်မှတ်ခဲ့တဲ့ ဥတ်တော်မှန်းမသိတဲ့ 'မိန်းမ ဣန္ဒြေ'ကို ကာကွယ်ခြင်းနည်း ဥဒေတစ်ရပ်က ငါ့ရဲ့ဆန္ဒတစ်ရပ်ကို တားဆီး ဟန့်တား လိုက်တယ် ကျော်ဝေ....

ပြောချင်တာကို ပြောပိုင်ခွင့်မရှိတော့ဘူး။ လုပ်ချင်တာ လုပ်ပိုင်ခွင့် မရှိတော့ဘူး။

ငါ့ဘဝမှာ...မပြည့်စုံခြင်းက အဲဒီအချိန်မှာစတင်ခဲ့တယ်။

'ဘာဖြစ်လို့များ မိန်းမ ဣန္ဒြေ'ဆိုတဲ့ စကားကြီးနဲ့ မိန်းမ သားတွေရဲ့ နှလုံးသားကို ပုံစံခွက်ထဲ သွင်းလောင်းခြင်းခံရ သလဲလို့လေ....ငါ သိပ်စိတ်ရှုပ်သွားခဲ့တယ် ကျော်ဝေ....

အဲဒီ စိတ်ရှုပ်ခြင်း ဘယ်အခါ စတင်ခဲ့တယ် ထင်သလဲ ကျော်ဝေ....။

အင်းလေ... နင်ကတော့ဘာမှသိမယ်မထင်ဘူး။နင်ဟာ... ကကြီးမှာ ရိုးသား၊ ကြိုးစားခြင်းနဲ့လူဖြစ်နေရှာတဲ့သူ နင်ဟာ ပြောင်းလဲလာတဲ့ ငါ့စိတ်ထားကို နင် သတိ မှာ မဟုတ်ဘူး။ ငါကတော့ စာတျက်၊ စာဖတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကလဲ့လို့ဘာတာဝန်မှမရှိတဲ့သူဆိုတော့ ပြောင်းလဲ့ခြ
တွေကို ဂရုပြုမိတယ်....။

နှင်ကော နှင့်ကိုယ်နှင် သတိထားမိရဲလား မသိဘူး။

နှင် ခြောက်တန်းစာမေးပွဲဖြေပြီးတော့ ရှင်ပြုတယ်နေ
ပြီးတော့....နှင် ကိုရင်ဝတ်လိုက်တာ တစ်နွေလုံးပဲ။ ကျော
ဖွင့်ခါနီးမှ နှင်ပြန်ထွက်တယ်။

မှတ်မိသေးတယ်.... နှင်က နှင့်အိမ်က ဆွမ်းစားပင့်
လှူဘုဥ်းပေးတော့ ဂူနွေ့သံပတ်တိုကြီးတစ်ခွဲသားနဲ့ ငါ
မကြည့်ချင်သလိုလို ကြည့်ချင်သလိုလိုနဲ့။ ငါက ဘာရမလဲ

'ကိုရင်'

'ဘာတုန်း'

'ကိုရင်ဆိုတာ ဘုန်းကြီးကျောင်းမှာနေပေါ့.... အိမ်
ဘာလာလုပ်တာတုန်း'

'ဆွမ်းစားဖိတ်လို့ပေါ့ဟဲ့'

'ဒါဖြင့် စားပြီးပြန်မှာလား'

'စားပြီး မပြောရဘူး ပိုးအိ....အဲ ဒကာမလေးရဲ့၊ ဆွ
ဘုဥ်းပေးပြီး ပြန်ကြွမှာလား မေးရတယ်'

'ငါမှမသိဘဲ'

'ဟဲ့....ငါလို့မပြောရဘူး၊ တပည့်တော်လို့ပြော'

'ရှုပ်တာဟာ ဘယ်လိုမှမ ပြောတော့ဘူး၊ မာလကာသီး
ခူးစားတော့မယ်'





ငါက နှင် ဂူနွေ့ကြီးခဲ့ဆိုတော့ စိတ်ညစ်လာတယ်။ ပြီး
တော့ နှင်က ဘုရားစင်ရှေ့ ခေါင်းရင်းခန်းမှာ မိန့်မိန့်ကြီး
င်ပျဥ်ခွေထိုင်လို့။ ပြီးတော့ နှင်က ဖျာပေါ်မှာ နေကထိုင်
တဲ့ အစလေးတွေနဲ့ ချုပ်ထားတဲ့ လေးထောင့်အဝတ်ခင်း
ါမှာ....။

ငါက နှင့်ရှေ့မှာ ကြုံ့ကြုံ့လေး ထိုင်ရတယ်။

ဒီနှစ် တစ်နွေလုံးလိုလို နှင်နဲ့ မတွေ့ရ၊ အတူမဆော့ရ၊
ကိုအနိုင်မကျင့်ရလို့ ငိုချင်သလိုလိုဖြစ်နေရတဲ့အထဲ နှင်က
နွေ့ကြီးနဲ့ စိမ်းစိမ်းကားကား စည်းခြားသလို စကားတွေ
ပြောတော့ ငါအရမ်း စိတ်ညစ်လာတယ်။ ဒါကြောင့်
လကာပင်အောက်ကို ထွက်လာခဲ့မိကာ။ တကယ်တမ်း
လကာသီးမခူးဘဲ အပင်အောက်မှာ ထိုင်ငိုလိုက်မိတယ်။
နောက်ကို နှင်မှလိုက်မလာဘဲဟာ.... ငါ ဝမ်းနည်းတာ
ါ....။

'ဟဲ့....ပိုးအိ၊ အဲ....ဒကာမလေး....ဘာဖြစ်လို့ငိုနေတာလဲ၊
ချဥ်ကိုက်လို့လား'

နှင်လိုက်လာပါလား။ ငါဝမ်းသာသွားတယ်။ ဒါပေ
်လည်း ငိုချင်လာလို့ ငိုချလိုက်ပြန်တာပဲ။ ဝမ်းသာလွန်း
မျက်ရည်လည်ပြန်တယ်ထင်ရဲ့။

'ဘာဖြစ်လို့လဲဟာ....ငါစိတ်ညစ်လာပြီ၊ အမေ့ကို ခေါ်
က်ရမလား'



www.burmeseclassic.com

www.burmeseclassic.com



'မခေါ်နဲ့....နင်က ဘာဖြစ်လို့ ငါ့ကို စိမ်းစိမ်းကားကား ပြောရတာလဲ'

'ဟဲ့ — ငရဲကြီးတော့မှာပဲ....အဲဒီလိုမပြောရဘူး'

'မရဘူး.... ပြောမှာပဲ၊ နင် ငါ့ကို မချစ်တော့ဘူးလား'

ထောင့်ငါးရာအချစ်ဆိုတာ ဘာမှန်းမသိခင် ကတည်းက ရှိးသားဖြူစင်စွာနဲ့ တွယ်တာ နှောင်ဖွဲ့ချစ်ခဲ့ရသူပါ ကျော်ဝေ။ နင့်ဆီက ခွဲခွဲခြားခြား စိမ်းစိမ်းကားကား စကားကို သက်နိုးခြားထားမှုကြောင့် ဆိုပေမယ့် ငါ့ရင်ထဲက မခံမရ နိုင်အောင် ပူဆွေးခြင်းဖြစ်ခဲ့ရတယ် ကျော်ဝေ...။

'ငါ နင့်ကိုချစ်ပါတယ်ဟာ.... ကဲ တိတ်တိတ်၊ လာအိမ် ပေါ်ပြန်တက်ရအောင်'

'ဟင့်အင်း....ငါ့ကို မှာလကာသီးခူးပေး'

'ဟေ့ဗျာ....အရင်တုန်းက ကိုယ့်ဟာကိုယ် ခူးစားရမှဆို'

'အခု နင်ခူးပေး....သက်နိုးနဲ့ နင်ခူးပေးတဲ့ ရှက်ပုန်းသီး လေးပဲ ငါစားချင်တယ်'

'ဒုက္ခပါပဲ.... ကိုရင်ဆိုတာ သစ်ပင်ပေါ် မှ တက်ရဘူး အသီးအရွက်တွေ မခူးရဘူးလို့ ဘုန်းဘုန်းက မှာထားတယ်'

'မရဘူး....နင်ငါ့ကိုချစ်ရင် ခူးပေး'

'ခွတိုက်တာပဲ'

ငါ သိပ်ရယ်ချင်တာပဲ။ နင့်ခေါင်းပြောင်ပြောင်က ဘယ် နှစ်ခါပြန်မျှား ရိတ်ထားသလဲမသိဘူး၊ စိမ်းစိမ်းလေး...

နှံ့တော့နော်။ အဲဒီတုန်းက နင့်ခေါင်းကို သမံတလင်းနဲ့ တယ်လို့ ငါထင်ခဲ့တာ။ ပြီးတော့....နင့်ခေါင်းကိုရိုက်ကြည့် င်စိတ်ပေါက်ခဲ့တယ်။ ဒါပေမယ့် အဲဒီဆန္ဒကိုတော့ ငါ နိုးချုပ်ခဲ့ပါတယ်။ ငရဲကြီးမှာပေါ့...နင် ကိုရင်က ထွက် ....။

'တံချူကလဲ ဘယ်ရောက်နေသလဲ မသိဘူး'

နင်က ခေါင်းကိုပွတ်ပြီး ညီးတွားတယ်။ နင့်ကိုကြည့်ပြီး က ရယ်တယ်။ ငါ့ကိုနင်ချစ်တာပဲလို့တွေ့ပြီး ငါပျော်သွား တယ်။

ငါ ပျော်တာမြင်တော့ နင်ကော ပျော်သွားသလား သိဘူး။ နင့်ကိုယ်ရုံချုတ်၊ သစ်ပင်ပေါ်ပစ်တင် သင်းပိုင်နဲ့ းတောင်းကျိုက်ပြီး မာလကာပင်ပေါ်တက်တာ ကြည့်ပြီး ါကျေနပ်သွားတယ်။ နင် ငါ့ကို ချစ်သားပဲ။

'ရော့....ဖမ်း'

'နင် သေသေချာချာပစ်နော်.... အောက်ကျရင် ငါ စားဘူး'

'ငါသိပါတယ်ဟာ ဆရာမလုပ်ပါနဲ့'

နင်က အက်ထနေတဲ့ ရှက်ပုန်းသီး ရောမကြီးကို ငါ့ဆီ သာပစ်ပေးတယ်။ ငါကလည်း မိအောင်ဖမ်းတယ်။ ပြီး တော့ နင်နဲ့ ငါ သစ်ပင်အောက်မှာ ထိုင်ပြီး ငါတစ်ကိုက်၊ င်တစ်ကိုက်နဲ့ တစ်ယောက် တစ်လှည့်စီ စားကြတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



‘ကျော်ဝေ’
‘ဘာလဲ’
‘နင် ဘုန်းကြီးအပြီးဝတ်တော့မလို့ဆို’
‘ဘယ်သူပြောသလဲ’
‘အစ်မ’

‘နင့်ကို အလကားစတာနေမှာပေါ့.... အစ်မတို့အမေတို့က ငါ့ကိုဆရာတော်ကြီးဂိုက်ဆိုပြီး သဘောကျနေကြတာ၊ မထွက် ချင်နေ တစ်သက်လုံးပဲဝတ်ဆိုပြီး ပြောကြတာ’

‘ဟင့်.... နင်က တကယ်မထွက်တော့ဘူးလား’

‘ထွက်မှာပါ.... ကျောင်းဖွင့်ခါနီးတော့ ထွက်မယ်၊ အ တော့ မထွက်သေးဘူး ပျော်လို့’

‘ဘာ.... နင်ကပျော်တယ်ဟုတ်လား’

နင်ကပျော်နေတယ်တဲ့.... ငါကတော့နင်နဲ့ မကစား တော့ မပျော်နိုင်ဘူး။ နင်ကတော့ စိတ်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပြောတယ်’

‘ဟုတ်တယ်ဟ၊ အိမ်မှာလို ဘာမှလည်း မလုပ်ရဘူး ဘုန်းကြီးသင်ပေးတဲ့ စာလေးကျက်လိုက်၊ ကိုရင်တွေနဲ့ဆော့ လိုက်၊ စာအံလိုက်နဲ့ အချိန်တန်ရင် လက်ဆေးစားရုံကလွဲလို့ ဘာမှမလုပ်ရပဲ၊ ပျော်တာပေါ့’

ဩော်ဟုတ်သားပဲ၊ နင်က အိမ်မှာဆိုရင် ရေခပ်၊ ထင် ခွဲ၊ သစ်ပင်တွေရေလောင်း။ ပြီးရင် မုန့်ကြိတ်တဲ့ဆီပြေး အကြော်တွေကို မုန့်ဟင်းခါးဆိုင်တွေ လိုက်ပို့နဲ့ရှုပ်လိုက်တာ





အလုပ်တွေ.... အခုလိုနင် အေးအေးဆိမ်းဆိမ်းနေရတယ်ဆို တော့ ငါလည်း ဝမ်းသာသွားတယ်။ ငါနဲ့မဆော့ရရင်နေ ပါစေတော့။ နင်သက်သာဖို့ အရေးကြီးတယ်....။

‘အေး.... ဒါဖြင့်လဲ မထွက်နဲ့တော့ ကျောင်းဖွင့်ခါနီးတစ် ရက်အလိုမှထွက် နင့်အတွက် ငါ ကျောင်းအပ်ထားလိုက် မယ်’

‘ရတယ်.... မအိမ်နဲ့ ငါ့မှာသာငါအပ်မယ်’

နင့်မာနကို ငါသိပါတယ်။ ငါဝယ်ပေးတဲ့ကျောင်းဝတ် စုံကို နင် ဘယ်သောအခါမှ မယူတတ်သလို။ ငါကျွေးတဲ့ အဖိုးတန်မုန့်တွေကိုလည်း ငါမကြိုက်လို့ဆိုပြီး အမြဲငြင်းပယ် တတ်တယ်၊ ငယ်ငယ်ကတည်းက နင့်အကျင့်ကိုသိထားတဲ့ ငါက နင့်ကို ဘာမှထပ်ပြီး မပြောတော့ဘူး။ ဒီဖြင့်နေရာ မှာ နင့်ကို ငါနိုင်ချင်နိုင်မယ်။ ငွေကြေးပစ္စည်းနဲ့ ပတ်သက် ပြီး သူတစ်ပါးအကူအညီမယူပဲ ကိုယ့်ဒူးကိုယ်ချွန်တတ်တဲ့ နင့်စိတ်ဓာတ်ကို မနိုင်ဘူး။

‘ကိုရင်.... မွန်းလွဲသွားတော့မယ်လေ.... ဆွမ်းစားရ အောင်.... ဟောတော့ ကိုရင်ရယ် ဘယ်လိုဖြစ်တာလဲကိုယ် ရုံးက တခြားလူကတခြားပါလား’

နင့်အမေရောက်လာပြီး နင့်ကို ပြောတော့ နင်ကရယ် တယ်။ နင့်အစ်မက ဝရံတာကနေကြည့်ပြီး....။

‘ဘာဖြစ်ရမှာလဲအမေရ ကိုရင်က ပိုးအိနဲ့တွေ့တော့ ရှာန်လျောသွားတာ နေမှာပေါ့ ဟင်း... ဟင်း...’



www.burmeseclassic.com

www.burmeseclassic.com



နင့်အစ်မနဲ့ နင့်အမေကငါတို့နှစ်ယောက်ကိုကြည့်ပြီးရယ်တယ်။ ဟိုစိတ်ဒီစိတ် နားမလည်သေးတဲ့ နင်နဲ့ငါလည်း လိုက်ရယ်တယ်နော်.... ပြီးတော့ နင်က'

'အမေ—— အဲ.... ဒကာမကြီး—— ကိုရင်နဲ့ ဒီမာတုကာမလေးနဲ့ ဆွမ်းအတူစားမယ်နော်တဲ့....။

ငါကျေနပ်သွားပြီးကျော်ဝေ။

သက်န်းစည်းခြားထားလို့ နင်နဲ့ငါ အဝေးဆုံးကို ရောက်သွားမှာစိုးကြောက်မိတဲ့ ငါ့စိတ်ကိုငါ ဘာမှန်း ညာမှန်း ကွဲကွဲပြားပြား နားမလည်ခင်ကတည်းက ငါနားလည်လိုက်တာက 'နင်.... ငါ့ကို မချစ်တော့မှာစိုးတဲ့စိတ်' ငါ့မှာရှိနေတယ်ဆိုတာကို သိလိုက်ရတာပဲ။

အဲဒါ.... ငါကနင့်အပေါ်ထားတဲ့ သံယောဇဉ်ဟာ သာမန်ထက်မကအောင် ကြီးမားတယ်တာလွန်းတဲ့ ငါ့စိတ်ရဲ့ ပြောင်းလဲခြင်းအနေအထားကိုငါသတိပြုလိုက်မိခြင်း ပထမပဲ....။

*   *   *



"တစ်ခါတစ်လေ ကိုယ့်အကြံအစည်အောင်မြင်ဖို့အတွက် လျှို့ဝှက် လုပ်ဆောင်ရတဲ့အခါလည်းရှိတတ်တယ်။"

အခန်း (၁၀)

နောက် ပြောင်းလဲမှုကနင်ကျောင်းကို မိုးစိုကြီးနဲ့ရောက်လာတဲ့နေ့....။

နင့်မှာ ကျောင်းဝတ်စုံနှစ်စုံထဲရှိတာ ငါသိတယ်။ နင့်ကိုပေးတော့မယူဘူး။ ဒါကြောင့် အမေနဲ့ အစ်မကိုပေးကြည့်တယ်။ မယူပြန်ဘူး။

'နေပါစေသမီး.... သူများပစ္စည်းကို လွယ်လွယ်မယူချင်တဲ့သားစိတ်ဓာတ်ကို အမေသဘောကျတယ်။ သူ့စိတ်ဓာတ်ဒီအတိုင်းပဲဆက်လက်ရှိစေချင်တယ်'

'ပိုးအိကိုသူများလို့ သဘောထားတယ်လား'

www.burmeseclassic.com



'မဟုတ်ပါဘူး.... မရှိခိုးနိုး၊ မလှုစုန်းမျိုးတော့ အဖြစ်မခံနိုင်လို့ပါ သမီးရယ်၊ ဦးမင်းဆက်ကသိတဲ့အတိုင်းပဲ.... သမီးနဲ့သား စကားပြောတာတောင် ကြိုက်လို့လား။ ဒီခေတ်မှာ မီးဆိုတာ မလောင်ခင်ကတားတာပဲ ကောင်းတယ်သမီး။ သမီးလာနိုင်တယ် အမေတို့ဆီက ကြိုက်ဘာစားသွား ယူသွားနိုင်တယ်။ သမီးဆီက ဘာကိုမှမလိုချင်ဘူး။ အမေတို့သမီးအပေါ် ထားရှိတဲ့ မေတ္တာတရားကို ဘာသက်သေခံပစ္စည်းနဲ့မှ တန်ဖိုးမဖြတ်ပါနဲ့နော် ... ရှဉ်မလေး'

နင့်အမေက ဆင်းရဲတယ်။ ဒါပေမယ့် ဘုန်းကြီးကျောင်းပညာရေးကို တတ်မြောက်ခဲ့တဲ့သူမို့လား မပြောတတ်ဘူး ငါလက်မြောက်သွားအောင် ပြောလိုက်လို့ ငါ့အရှုံးပေးခဲ့ရပြန်တယ်။

ဒါပေမယ့် နင် နေ့စဉ်ဝတ်တဲ့အင်္ကျီက ရိုးပြီးပြဲတော့မယ်။ နင့်ကို အရိပ်တကြည့်ကြည့်နဲ့ ဖြစ်နေတဲ့ ငါက ဘယ်လိုလုပ် စိတ်ချမ်းသာနိုင်မလဲ။

ကိုးတန်းရဲ့ ပညာသင်စရိတ်က မသေးတော့ဘူး။ နောက်ပြီး တိုးတက်မြင့်မားလာတဲ့ နင့်ခန္ဓာကိုယ် ထွားကြိုင်းမှုကြောင့် အင်္ကျီတွေက နင့်ခန္ဓာကိုယ်ထက်စာရင် သေးကျပ်နေသလိုပဲ။

လူမှာအဝတ်၊ တောင်းမှာအကွတ်တဲ့။ နင်တာ မတော်ကရော် ဟောင်းနွမ်းနေတဲ့ အင်္ကျီတွေကြောင့် အရောင်မထွက်





သလိုဖြစ်နေတာကို မြင်ရတော့ ငါစိတ်ချမ်းသာနိုင်ပါ့မလား လို့ နင် စဉ်းစားကြည့်လေ.... ။

နင့်ကို ငါဘယ်လိုကူညီရမလဲ ငါဉာဏ်နီဉာဏ်နက်ထုတ်ခဲ့တယ်။

တစ်ခါတလေ ကိုယ့်အကြံအစည်အောင်မြင်ဖို့အတွက် လျှို့ဝှက်လုပ်ဆောင်ရတဲ့အခါလည်း ရှိတတ်တယ်။

ခိုးကြောင်ခိုးဝှက်နိုင်တဲ့ အလုပ်တစ်ခုကို ငါလုပ်လိုက်တယ်။ ဒါပေမယ့် နင်ကောင်းဖို့အတွက် ငါလုပ်ရတယ်။ အပြစ်ရှိတယ်လို့လဲ ငါ့ကိုငါ မထင်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့....

'ဒေါ်ဘုမ'

'ဘာလဲကောင်မလေး'

'ကျော်ဝေအင်္ကျီမှတ်လား'

'အေး မိုးစိုလာလို့ မီးကင်ထားတာ'

'ဒါဖြင့် မီးရှို့လိုက်မယ်'

'ဟဲ့မလုပ်ပါနဲ့.... သူ့ခမျာ ဒီတစ်ထည်လေးပဲ ဝတ်ရရှာတာ'

'သိတယ်ဒါကြောင့်ရှို့မှာ.... သူ့ကိုပိုးအိက အသစ်ပေးမယ်။ ဒီအင်္ကျီရှိနေရင် သူ — ပိုးအိပေးတာ ဝတ်တော့မှာမဟုတ်ဘူး'

'ဟယ်သမျောစရာကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပဲနော်.... ဒေါ်ဘုမ.... ပိုးအိလုပ်တယ်လို့ သူ့ကို မပြောရဘူး ပြောရင် ဒေါ်ဘုမနဲ့ တစ်သက်လုံးမခေါ်တော့ဘူး—'

'အေးပါဟယ်— မီးမရှို့ပဲ ဒီအတိုင်းပဲပေးကြည့်ပါလား'

'မရလို့ပေါ့ဒေါ်ဘုမရဲ့.... သူများနှာခေါင်းပေါက်နဲ့ အသက်မရှူချင်ဘူးတဲ့လေ.... ကျောင်းသားတိုင်းဟာ သူ့လို လူမျိုးကြီးပဲဆိုရင် တိုင်းပြည် တိုးတက်တာ ကြာလှပြီ... အယင်း....'

'ကဲပါ....မှယ်မင်းကြီးမ သဘောပါပဲ'

'ဒေါ်ဘုမ၊ သူ့ကို လုံးဝမပြောနဲ့နော်'

'အေးပါဟဲ့'

'ဘုရားစူး'

'စူး....'

'မိုးကြိုးပစ်'

'ပစ်....'

'မြွေကိုက်'

'ကဲပါ....လုပ်စရာရှိ လုပ်ပါ၊ တော်ကြာ ကိုယ်တော် ရောက်လာတော့မယ်'

ဒေါ်ဘုမကလည်း သမီးချည်းပဲ ခြောက်ယောက်ဆိုတော့ နှင့်ကို သားတစ်ယောက်လိုပဲ ချစ်ရှာတယ် ထင်တယ်။ ဒါ





ကြောင့် နှင်ကောင်းကောင်း ဝတ်ရမယ့် ကိစ္စမှာ သူ့ကိုငါ သူခိုးသေဖော်ညှိဖို့ လွယ်ကူသွားတာပေါ့။

နှင့်အင်္ကျီ ဟိုတစ်ကွက် ဒီတစ်ကွက် ထင်းစလေးနဲ့တို့လိုက်၊ ဒန်အိုးဖုံးနဲ့ ရိုက်လိုက်နဲ့ ငါ အတော် အလုပ်ရှုပ်သွားခဲ့တယ်။

ပြီးတော့ စာသင်ခန်းထဲကို ပြန်ဝင်ပြီး ရင်ခုန်စွာနဲ့ နှင့်ကို စောင့်နေမိတယ်။

ဒေါ်ဘုမ မပြောပါစေနဲ့၊ နှင်လည်း မတွေ့ပါစေနဲ့လို့ ဆုတောင်းနေရတာ အမောပါပဲ။

ဟန်မဆောင်နိုင်အောင် မျက်နှာပျက်နေတဲ့ နှင့်ကို ငါ ကော်ရစ်တာမှာပဲ တွေ့လိုက်ရတယ်။

ချက်ချင်းပဲ ငါကြည့်လုပ်ပေးမယ်ပြောပြီး ဆရာမကြီး ရုံးခန်းကနေ ဂျူတီကျ ဆရာမဆီမှာ ခွင့်တောင်းပြီး အိမ်ကို ဖုန်းဆက်ခဲ့တယ်။

သိတယ်မဟုတ်လား။ အိမ်မှာက မိုးလင်းတာနဲ့ ဖေဖေက ထွက်၊ မေမေက ငါ့ကို ကျောင်းပို့တဲ့ကားနဲ့ ငါ့ကို ချပေးပြီး တန်းထွက်သွားတာဆိုတော့ အိမ်မှာ ငါ့ကို စစ်ဆေးမေးမြန်းမယ့် သူ မရှိဘူးလေ။ ဒါကြောင့် ငါ့အတွက်က အခက်အခဲမရှိဘူး။

ငါ့ ဝေယျာဝစ္စ လုပ်ပေးနေကျ ကောင်မလေးကို ငါ့ ဗီရိုထဲက နှင့်အတွက် ဝတ်စုံထည့်ထားတဲ့ အိတ်ကို ယူပြီး ဒရိုင်ဘာနဲ့ ခုချက်ချင်းလာပို့လို့ အမိန့်ပေးလိုက်ရပါ။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း အဝတ်ထုပ်ရောက်လာပြီး နှင့်လက်ထဲကို ငါ ထည့်တော့ နှင့်ရဲ့ ယောကျ်ားမာနနဲ့ မျက်နှာကို ငါရင်ဆိုင်လိုက်ရတယ်။

နှင့်ရဲ့ ယောကျ်ားမာနမျက်နှာကို ငါသဘောကျတယ်။

သူများအကူအညီကို မယူတတ်တဲ့သူက ငါ့အကူအညီကို မလွဲမကင်းသာစွာနဲ့ ယူလိုက်ရတယ်။ ကျောင်းကလည်းတက်သွားပြီဆိုတော့ နှင်ဘာမှ ရှည်ရှည်ဝေး ပြောမနေအားတော့ဘူးနော်။

ဘာကြောင့်ပဲ ဖြစ်ဖြစ်၊ သားနားတဲ့ နှင့်ရုပ်သွင်ဟာ 'နဂိုရှိမှ နကိုင်းထွက်တဲ့' သဘောကြောင့် ရှင်းရှင်းပြောရရင် ပြောင်တက်လာတာပေါ့ဟာ။

'ဟော့...တို့မော်ဒီနီတာကြီး ဒီနေ့ တယ်ခန့်နေပါလား'

...လို့တောင် ရှေ့တန်းက ကောင်မလေးတွေ ပြောနေသံ ကြားလိုက်ရသေးတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပဲ နှင့်ကို ငါအပေးချင်ဆုံး လက်ဆောင် ပေးလိုက်ရလို့လေ။ နှင့်ကို ငါက အစုတ်အပြတ်နဲ့ မမြင်ချင်ဘူး။ အခုလိုပဲ သားသားနားနားဖြစ်နေတာမြင်ချင်တယ်၊ ငါ့ဆန္ဒ ပြည့်ဝသွားတယ်။

ပြီးတော့ ငါ့ဘဝမှာလဲ ဒီနေ့ ထူးခြားတယ်လို့ ဆိုရတယ်။





ငါ့အိမ်က ရှိုးကေ့စ်ထဲမှာ Dolly ခေါ်တဲ့ ဘိုမရုပ်လေးတွေ အများကြီးပဲနော်။ အဲဒီအရုပ်လေးတွေကို ငါ ယ်စဉ်ကတည်းကနေ ကြီးတဲ့အထိပဲ ကြိုက်တာတွေ့ရင်ဝယ် သိမ်းဆည်းပြီး အလှကြည့်ခဲ့တာ နှင်သတိပြုမိရဲ့လား။

အေးလေ...နှင်မှတ်မိချင်မှ မှတ်မိမယ်။ နှင်ငယ်ငယ်ကပဲ အိမ်ရောက်ဖူးတာကိုး၊ နည်းနည်းအရွယ်ရောက်လာတာနဲ့ ငါ့အဖေက နှင်နဲ့ကစားတာမကြိုက်ဘူးလို့ တိတိလင်းလင်း ညာလာတော့ နှင်လည်း လုံးဝကို ငါ့ခြံရှေ့တောင် ဆောင်လို့မလာတော့ဘူး မဟုတ်လား။

ငယ်ငယ်ကတည်းက ပြတ်သားတဲ့ နှင့်စိတ်ကို ငါသဘောကျတယ်။

ရေးရင်းနဲ့ ဘယ်တွေကို ရောက်သွားမှန်းတောင် မသိတော့ဘူး။

ဪ....Dolly လေးတွေကို ငါကြိုက်တယ်။ သံပတ်ပေး လမ်းလျှောက်ပြီး လှဲလိုက်ရင် အော်ပြီး မျက်စိကလေး မှိတ်သွားပြီး အိပ်သွားတယ်။ ချစ်စရာကောင်းတယ်နော်။ သိပ်ချစ်တဲ့ Dolly ရုပ်နဲ့တူတဲ့ သက်ရှိ အရုပ်ကလေး ဘေးနားကို ဆရာမ ခေါ်ထက်ထက် နေရာချပေးလိုက် ရောက်လာတယ်။

အိပ်မက်လိုပဲ Dolly လေးတွေကြိုက်တဲ့ ငါ့ကို Dolly တုံးနဲ့တူတဲ့ ဘိုမရုပ်ကလေး ငါ့ဘေးကို ရောက်လာတယ်။ အံ့ဩဝမ်းသာသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ယူ့နှာမည် ပိုးအိုနော်၊ ယူက နှာမည်နဲ့ လိုက်တယ် ယူ့ကိုကြည့်ရတာ ပိုးသားလေးတွေ နူးညံ့သလို နူးညံ့ ထွေးနေတာပဲ၊ ယူ့ဆံပင်လေးတွေကလဲ အရမ်း လှတ နော်'

သူ့အသံလေးကလည်း Dolly ရုပ်ကလေးလို ချွဲချွဲနွဲ့ လေးရယ်။

'နင်လဲ လှတယ်၊ နင့်နှာမည် သင်းမောင်ရီနော်၊ ငါ မီသင်းလို့ပဲ ခေါ်မယ်၊ မီဆိုတာ မွန်လိုဆို 'မ'လို့ သဘော ရတယ်'

'ယူကြိုက်သလိုခေါ်ပါ၊ အခေါ်အဝေါ်ဟာ အဓိက မဟုတ်ပါဘူး၊ ချစ်ခင်မှုသာ အဓိကပါ'

'ငါ သိပ်ပျော်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ င ဒီတစ်ခါရတဲ့ ဒေါ်လီလေးက စကားပြောတတ်နေလို့ ပေါ့....။

'ပိုးအိ....ဟိုဘဲက ဘယ်သူလဲ'

နင်က ကျောင်းရဲ့ အသင်းတွေ ဖွဲ့စည်းဖို့ အစည်းအဝေ ကို ထွက်အသွားမှာ ဒေါ်လီသင်းက လှမ်းမေးတယ်။

'အတန်းခေါင်းဆောင်လေ'

'ဪ ခန့်တယ်နော်၊ နှာမည်သိလား'

'သိပါတယ်၊ ငါ့သူငယ်ချင်းပဲ၊ ကျော်ဝေတဲ့....'

'ကျော်ဝေ'

'အင်း....'

လိုင်စာဥပ



ငါ့ရင်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ နင့်ကို မိန်းကလေး တစ်ဦးက အသိအမှတ်ပြုခြင်းကိုပဲ ငါဝမ်းသာရမလား၊ ဝမ်း နည်းရမလားဆိုတာ မသိအောင်ပါပဲ။

ဘာကြောင့်ပဲဖြစ်ဖြစ် နင်ဟာ နဂိုက ထင်ပေါ်ရတဲ့အထဲ အဝတ်သစ် အစားသစ်နဲ့ဆိုတော့ ပိုပြီး ခန့်ညားသွားတာ အသေအချာပဲဖြစ်လို့ ငါ နင့်အတွက် ဝမ်းသာတယ် ကျော်ဝေ။ ဒါပေမယ်....

* * *

လိုင်စာဥပ

www.burmeseclassic.com

www.burmeseclassic.com

"တကယ်သနားတယ်ဆိုရင် သူ့ကို စာထဲစိတ်ဝင်စားဖို့ ကူညီတဲ့အနေနဲ့ သူတို့ရဲ့ အမှားအယွင်းကို ပြုပြင်ပေးနိုင်တဲ့ ဆရာ၊ ဆရာမတွေလက်ထဲ အပ်လိုက်ရမယ်၊ ဒါမှ သူတို့နောက်မလုပ်ရဲဘဲ စာကြိုးစားလာမှာပေါ့၊ ကျောင်းသူ ကျောင်းသားဆိုတာ ကျောင်းစာထဲပဲ အာရုံရှိတာ အကောင်းဆုံးပဲ"

## အခန်း (၁၂)

အတိတ်ဘဝက မိသင်းဆီကများ ငါဟာ အကြွေးတေ များ ယူခဲ့ဖူးသလဲ မသိဘူး၊ မိသင်းဆန္ဒဆိုရင် ငါက လိုက် လျောချင်တယ်။

မိသင်းက နှင်နဲ့ မိတ်ဆက်ခိုင်းတယ်။ အတန်းသားချင်း ချင်းပဲ မိတ်ဆက်စရာမလိုဘဲ ပြောစရာရှိရင် ပြောဆိုဆက်ဆ နိုင်တဲ့ဟာပဲ မဟုတ်ဘူးလား။ ဒါပေမယ့် ငါ မိသင်း ဆန္ဒ ကို လိုက်လျောပါတယ်။

နှင့်လိပ်စာလည်း ငါပေးမိတယ်၊ သူကတောင်းတာကိုး။





ပြီးတော့ မြန်မာစာတော်တဲ့နှင့်ကို သူက အားကျတယ်၊ ာားပုံတွေနဲ့ပတ်သက်ပြီး နှင့်ကိုမေးချင်လို့တဲ့။

မေးပေါ့၊ ဟုတ်တယ်ကျော်ဝေကတော်တယ်ပဲ ငါပြော က်တယ်။ ကျော်ဝေ့မမေးနဲ့ ငါ့မေးလို့ပြောလို့ကော ာင်းမလားကျော်ဝေ နှင်စဉ်းစားကြည့်၊ ကိုးတန်းအား းမှာ အမြဲတမ်း အမှတ်အများဆုံးနဲ့ နံပါတ်တစ်ဖြစ်နေ င်ါ၊ စာစီစာကုံးပြိုင်ပွဲတွေမှာ နှင်ပထမရလိုက်၊ ငါကရ က်ဖြစ်နေတဲ့ငါ့ကိုမမေးဘဲ နှင့်ကိုမေးချင်တယ်ဆိုတဲ့မိသင်း ငါအံ့သြသွားတယ်၊ ဒါပေမယ့် ငါဘာမှမပြောဘူး၊ ာ်ရင်းနှီးလို့ မိသင်းမှာ အကျိုးမယုတ်ဘူးဆိုတာ ငါသိ ယ်။

ဒီကြားထဲ မိသင်းအလှက တို့ကျောင်းမှာပျံ့နှံ့လာတယ်။

လှလည်းလှတာကိုး အသားကဖြူဥနေတဲ့ကြားက ပါး းက ရဲနေသေးတယ်၊ ဆံပင်က ပြုပြင်ပုံသွင်းမှုမရှိဘဲ င်းတွန့်လိုကောက်နေတာက နက်မှောင်ပြီး ကျောလည်မှာ နေတယ်၊ နှုတ်ခမ်းပါးလေးက နှင်းဆီငုံဖူးလေးလို ရဲနေ ာပဲ၊ ဇင်ယော်တောင်မျက်ခုံးလေးအောက်က မျက်လုံး ကိုဝိုင်းဝိုင်းပြီး ယှက်သန်းမည်းမှောင်ကော့ပျံနေတဲ့ မျက် ာင်ရှည်ကြီးတွေကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး စကားပြော ာ်တဲ့အခါများကျရင် ငါတောင် မိန်းမသားချင်း ငေးမိ ားတယ်၊ ယောကျ်ားလေးတွေတော့ မပြောတတ်ဘူး။

www.burmeseclassic.com



ဒီတော့ ကျောင်းပြင်ပရောက်ရင် ကောင်လေးတွေက လိုက်ပေးတယ်၊ ဒါကို မရွှေသင်းက မငြင်းမဆန်ယူပြီး စားမယ်ပြောတယ်။

လိုက်မေးတော့ စာပေးတဲ့သူတွေများတော့ စားပေး လူနဲ့ စာနဲ့မဟပ်မိလို့ ဘယ်စာက ဘယ်သူ့စာမှန်းမ မစဉ်းစားတတ်သေးဘူးလို့ ဖြေတယ်။

နင်စဉ်းစားကြည့် ကျော်ဝေ။

ဒီကိစ္စမျိုး ငါက အားပေးရမလား။

ငါကိုယ်တိုင် ဘယ်လိုနေသလဲ၊ ငါ့ကို စာပေးရဲတဲ့ ရှိသလား။

ထားပါတော့ ငါက သူ့လောက်မလှလို့လို့။

ဒါပေမယ့် ငါ့ကိုစာပေးကြည့်တဲ့အကောင် ဘာ သွားသလဲ၊ နင် မှတ်မိသေးတယ်နော်။

ရုံးခန်းမှာ ဆရာကြီးရဲ့သုံးလုံးပြူးကြိမ်နဲ့ ကျော သွားတာလေ။

သူ့ကို နမူနာယူပြီး ဘယ်သူမှမပေးရဲတော့ဘူးပေါ့။ မိသင်းကို ငါရှင်းပြရမှာ သူငယ်ချင်းကောင်းတို့ဝ ပဲ။

ဒါကြောင့်....

'မိသင်း'

'ဆို'



'နင့်ကို အကောင်တွေ စာလိုက်ပေးတယ်ဆို'

'အင်းလေ'

'နင် ယူလိုက်သလား'

'ယူလိုက်တယ်'

'ဘုရားရေ၊ ဒါယူစရာလား'

'အိုင် ဖတ်ကြည့်ချင်လို့၊ သူတို့ရဲ့စာအရေးအသားကောင်း သလား မကောင်းဘူးလားလို့'

'သေတော့မှာပဲ အဲဒါ ကျောင်းသူတွေလုပ်ရမယ့် အလုပ် မဟုတ်ဘူး မရွှေသင်း'

'ဒါဖြင့်....အိုင်ဘာလုပ်ရမလဲ'

'အတန်းပိုင်ဆရာမကို တိုင်ပေါ့'

'တိုင်လိုက်တော့ ဆရာမကတစ်ဆင့် ဆရာကြီးဆီ ရောက် သွားပြီး အရိုက်ခံရမှာပေါ့၊ သနားပါတယ်'

'ဘာသနားစရာလဲ၊ ပညာသင်မယ့်အရွယ်မှာ အချစ် ရေးမှန်ထူတဲ့ကောင်မျိုး လုံးဝသနားစရာမလိုဘူး၊ အမှန် တော့ နင်သနားတာ လွဲမှားနေတယ်၊ တကယ်သနားတယ် ဆိုရင် သူ့ကို စာထဲစိတ်ဝင်စားဖို့ကူညီတဲ့အနေနဲ့ သူတို့ရဲ့ အမှားအယွင်းကို ပြုပြင်ပေးနိုင်တဲ့ဆရာ၊ ဆရာမတွေလက်ထဲ အပ်လိုက်ရမယ်၊ ဒါမှ သူတို့နောက်မလုပ်ရဲပဲ စာကြိုးစား လာမှာပေါ့၊ ကျောင်းသူကျောင်းသားဆိုတာ ကျောင်းစာ ထဲပဲ အာရုံရှိတာ အကောင်းဆုံးပဲ။

လွှင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အေးပါ၊ အိုင်နောက်ကို လက်မခံပါဘူး၊ အတင်းပေးတဲ့စာတွေကိုလဲ ဆရာမကိုပဲ ပေးပြီးတိုင်မယ်'

'ဒါအကောင်းဆုံးပဲ၊ ဒါမှ နှင့်နာမည်အသစ်လဲ ပျောက်သွားမယ်'

'အိုင့်နာမည်အသစ်'

'ဟုတ်တယ်'

'စာတိုက်ပုံးလေ'

မိသင်းဟာ တကယ်ကိုသဘောကောင်းတဲ့ မိန်းကလေး၊ ကြည့်စမ်း 'စာတိုက်ပုံး' ဆိုတာကို သူနားမလည်ပြန်ဘူး၊ မျက်တောင်ကိုပုတ်ခတ်ပုတ်ခတ်လုပ်ရင်း....

'ဘယ်သူတွေပေးထားတာလဲ'

'ကျောင်းက အချို့ပေါ့ဟာ'

'ဘာဖြစ်လို့ အိုင့်ကိုဒီနာမည်ပေးရတာလဲ'

နှင် စဉ်းစားကြည့်ပါလား'

သင်းက စိတ်ရှုပ်သလို ခေါင်းကလေးကုတ်လိုက်တယ်လေ။

'စဉ်းစားလို့မရဘူးဟ'

'နှင်က ပေါ့ပေါ့လေးတွေးတာကိုး၊ လေးလေးနက်နက် စဉ်းစားတတ်ရင် အဖြေတွေ့ပါတယ်'

'အိုင် မစဉ်းစားချင်တော့ဘူး၊ ခေါင်းရှုပ်တယ်၊ ယူသိရင် ယူပဲပြောပြပါလား'





ငါသက်ပြင်းပဲချလိုက်မိတယ်၊ သူ့ကိုငါသနားတယ်ပြီးတော့ ညီအစ်ကိုမောင်နှမမရှိတဲ့ ငါ့အတွက် အဖော်ရလာသလိုပဲ၊ သက်ရှိဒေါ်လီရုပ်ကလေးကို ငါတွယ်တာတယ်၊ ဒါကြောင့် သူ့စိတ်အရှုပ်မခံဘဲ ...

'စာတိုက်ပုံးဆိုတာ လာထည့်သမျှစာအိတ်တွေကို လက်ခံရတယ်၊ နှင်လဲပဲ ပေးသမျှစာတွေကို လက်ခံတော့'

'ခစ်....ခစ်....ခစ်....ကြံကြံဖန်ဖန် ပေးတတ်ကြတယ်နော်၊ ခစ်....ခစ်....ခစ်'

နှင်က စိတ်မဆိုးတဲ့အပြင် သဘောကျစွာ ရယ်မောနေတာကို ငါကြည့်ပြီး သနားသွားမိတယ်၊ တကယ့် သဘောဖြူမလေးပါလား။

သဘောကောင်းလွန်းတော့ နားယောင်လွယ်တတ်တယ်ဆိုတာ ငါသဘောပေါက်မိတယ်၊ မိသင်းကိုလွှတ်ထားလို့မဖြစ်ဘူး နှင့်ကိုလည်း ပြောထားဦးမှပဲ၊ ကြည့်ပြီး စောင့်ရှောက်ဖို့။

'နောက်ကို အဲ့ဒီလို အခေါ်မခံရအောင်နေပါ မိသင်းရ'

'အင်းပါယူရာ အိုင် ဆရာမကိုတိုင်လိုက်မယ်'

'အေးပါသူငယ်ချင်းရယ်၊ အဲဒီလိုနေစမ်းပါ၊ အဆင့် တစ် နှစ် သုံးနေရာ တို့သူငယ်ချင်းသုံးယောက်ပဲ ယူသွားရအောင်'



www.burmeseclassic.com

www.burmeseclassic.com



'တို့သူငယ်ချင်းသုံးယောက်ဆိုတာ ယူရယ်၊ အိုင်ရယ်၊ပြီးတော့ ဘယ်သူလဲဟင်'

'ကျော်ဝေလေ'

'ကျော်ဝေ'

မိသင်း မျက်လုံးလေး တောက်ပသွားပုံကို ငါတအံ့တသြကြည့်မိတယ်။

နှင့်ကို သူ့အတော်ခင်ချင်တဲ့ပုံပေါက်နေပါလား၊ အေးလေ....ငါ့ရဲ့ဒေါ်လီရုပ်ကလေး စိတ်ချမ်းသာဖို့ ငါနှင်နဲ့မိသင်းကို မိတ်ဆက်ပေးရဦးမယ်။

* * *



"ရှက်ပုန်းသီးဆိုတာ သစ်ရွက် ကလေးတွေရဲ့အောက်မှာ နေမထိ လေသိပ်အထိမခံရပဲပုန်းအောင်းနေတဲ့ အသီးလေးတွေကို ခေါ်တာ။ သူတို့က နေကြောင့် မှည့်တာ မဟုတ်တော့ အရင့်မှန်၊ အမှည့်မှန်ပြီး အခြားအသီးတွေ ထက်ပိုပြီး အရသာချိုမြိန်တယ်"

## အခန်း (၁၃)

ကျော်ဝေ ။

ငါ့ဘဝမှာ ငါမှတ်မိတဲ့အချိန်ကဆိုရင် ငိုကြွေးခြင်းဟာ ဒါ ဒုတိယအကြိမ်ပဲ။

ပထမအကြိမ်က...

နှင့်ကိုရင်အကြာကြီးငတ်လို့ ငါလွမ်းပြီး နှင့်အိမ်လာတဲ့ အချိန်၊ နှင်က နှင့်အိမ်ကို သွမ်းအကြည့်နဲ့ ဆုံးဆည်းတဲ့အချိန်လေ။

ဒုတိယအကြိမ်က.... နှင်တို့အိမ်မှာ မိုးစင်းကောလုပ်စားထဲ့နေ့။

www.burmeseclassic.com

www.burmeseclassic.com



ငါဟာ ကျောင်းပိတ်ရက် တစ်ရက်ရက်မှာ နင့်အိမ်ကို ရောက်လာတတ်မှန်းသိလို့ နင့်အစ်မကလည်း ငါ့အတွက် ဗိုလုပ်ထားတတ်တယ်။

ဒါပေမယ့် ဒါက ငါ့ထုံးစံအတိုင်းပဲ ရွက်ပုန်းသီးလေးတွေ ရှာစားတယ်၊ ဒါကလည်း ဖေဖေက ငယ်ငယ်တုန်းက သရက်သီး ခူးတော့ ငါ့ကို..

'သမီးကို ဖေဖေက ရွက်ပုန်းသီးလေးတွေ ရှာခူးပေးမှာ' လို့ ပြောတယ်...

'ရွက်ပုန်းသီးဆိုတာ ဘာလဲဖေဖေ'

'သစ်ရွက်လေးတွေရဲ့ အောက်မှာ နေမထိ၊ လေသိပ်မထိမခံရပဲ ပုန်းအောင်းနေတဲ့ အသီးလေးတွေကို ခေါ်တာ၊ သူတို့က နေကြောင့်မှည့်တာမဟုတ်တော့ အရင့်မှန်အမှည့်မှန်ပြီး အခြားအသီးတွေထက် ပိုပြီး အရသာချိုမြိန်တယ်သမီးလေးရဲ့'

'ဟုတ်လား ဖေဖေ'

'ဟုတ်တယ်၊ ဒါကြောင့် ဖေဖေသမီးအတွက် ရွက်ပုန်းသီးလေးတွေကို ဖေဖေကိုယ်တိုင် ခူးပေးမယ်၊ စားမလားသမီး'

'စားမှာပေါ့ဖေဖေ အများကြီးကို စားမယ်'

အဲဒီကအစပြုပြီး အသီးအနှံဆိုရင် ရွက်ပုန်းသီးမှစားတတ်တော့သလို ဖြစ်သွားတယ်။

လိုင်စာပေ



မိဘနှစ်ပါးရဲ့ ချစ်ခြင်း၊ အလိုလိုက်ခြင်း ပြည့်စုံအောင် ဖန်တီးပေးခြင်းဆိုတဲ့ လိုတရဘဝမှာ ကြီးပြင်းခဲ့တဲ့ငါဟာ နင့်အပေါ်မှာ နဲနဲတော့ ဗိုလ်ကျမိတယ် ထင်တယ်နော်။

ဒါဟာ နင့်ကိုအနိုင်ကျင့်လိုမှုသက်သက်တော့ မဟုတ်ပါဘူး၊ ငါ့ရဲ့ ဝသီလိုဖြစ်နေလို့ဆိုတာ နင်နားလည်ပါတယ်နော်။

ကျော်ဝေ... ။

နင့်ကို ငါစမ်းသပ်ချင်လာတယ်။ အဲဒါဘာလဲဆိုတော့ အရွယ်မရောက်ခင် ကလေးဘဝကလို မျိုးမာလကာသီးတစ်လုံးတစ်ကိုက်စီဖြစ်စေ၊ ငါကျွေးတဲ့ မာလကာသီးကို နင်ဆက်စားခြင်းကို ဖြစ်စေ၊ နင်အခု လုပ်နိုင်သေးရဲ့လားလို့ ငါသိချင်တယ်၊ ဘာကြောင့်လဲဆိုတော့ အစစအရာရာ အသက်အစ လူကောင်အဆုံး ပြောင်းလဲလာပြီဖြစ်တဲ့ နင်ဟာ ငါ့အပေါ် အရင်တုန်းကလိုမျိုး စိတ်ထားမှရှိရဲ့လားလို့ ငါသိချင်လာတယ်။

ဒါကြောင့် ငါစားပြီးသား ရွက်ပုန်းသီးလေးကို နင့်ကို တစ်ဝက်ပေးပြီးဆက်စားခိုင်းတယ်။

နင်က မရွံမရှာနဲ့ စားတယ်။

သြော်.... နင်ငါ့ကို ချစ်သေးတာပေါ့။ ငါ့ရင်ထဲကြိတ်ပြီး ပီတိဖြစ်သွားခဲ့တယ်။

လိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲ့ဒီခံစားမှုလေးကို တာရှည်မခံစားလိုက်ရပါဘူး ကျော်ဝေရယ်၊ နှင်ရက်ခက်တယ်။

တကယ်ဆို သင်း ရောက်လာတဲ့အချိန်မှာ နှင်ဟာ နှင့်အတွက် မှိုစင်းကောပန်းကန်ထဲက နှင်တစ်ဇွန်းတောင် ခပ်မြည်းကြည့်ပြီး နေပြီ။

အဲဒီပန်းကန်ကို မိသင်းကို ချက်ချင်းပဲသဒ္ဓါပို့စွာနဲ့ ကျွေးလိုက်တယ်။

တကယ်ဆို မိသင်းအတွက် မမနှင်းက ထပ်သုပ်ပေးမှာပေါ့။ ငါတို့စောင့်စားမှာပေါ့။ ခုတော့မဟုတ်ပါဘူး၊ နှင့်ကသိပ်ကို စေတနာပိုလွန်းတယ်။

နှင်ငါလိုပဲ မိသင်းအပေါ် ဂရုစိုက်တယ်၊ ငါ့ထက်ပိုပြီး ဂရုစိုက်တာကို လက်ခံဖို့နေနေသာသာ၊ ငါလောက် နီးနီးဂရုစိုက်တာကိုတောင် မခံချင်ဘူးဆိုတာ နှင်နဲနဲမှမရိပ်မိဘူးလား။

ဒီလောက်တောင် နှင်တုံးရသလား။

ငါအင်မတန်ကြိုက်တဲ့မှိုစင်းကောပန်းကန်ကို တစ်ဝက်နီးထားရစ်ခဲ့ပြီး ငါပြန်ခဲ့တယ်။ ဒါတောင်ချက်ချင်းမပြန်နိုင်သေးပါဘူး။ တုန့်နှေးတုန့်နှေးနဲ့ နှင်လိုက် ထွက်လာနိုးမျှော်လင့်မိသေးတယ်။

ဒါပေမယ့် နှင်လိုက်မလာဘူးနော်။





နှင့်ရဲ့ သူငယ်ချင်းသစ်အပေါ်မှာ ဩဇ္ဇဝတ် ကျေပွန်စွာနဲ့ နှင်ကျန်ရစ်ခဲ့တယ်။

'သင်းကို ငါချစ်ပါတယ်'

'ဒါပေမယ့် နှင်ငါ့ထက်ပိုပြီး သင်းကို မချစ်ရဘူး'

ဒီစကားစုတွေ နှင့်ကို ငါပြောပြလိုက်ချင်တယ်။

ဒါပေမယ့် ငါ့ရင်ထဲမှာ ရှက်ပန်းသီးလေးကို ထည့်သွင်းလိုက်တဲ့နည်းတူ ငါ့စကားစုတွေလည်း မြိုသိပ်ပုန်းကွယ်လိုက်ရတယ်။

အိမ်ကိုပြန်ရောက်တာနဲ့ အိပ်ခန်းတံခါးပိတ်ပြီး အားပါးတရ ငိုချလိုက်မိတယ်။

ဘာဖြစ်လို့ ငိုမှန်း ငါကိုယ်တိုင် ကွဲကွဲပြားပြား မသိဘူး။ ဒီလိုလား။

ငယ်ငယ်တုန်းကလို ငါချစ်တဲ့ဒေါ်လ်ရုပ်ကလေးကို နှင့်ကို ပေးကစားတယ်၊ နှင်ကကြိုက်လို့ တောင်းတော့ ငါမပေးဘူး။ အဲဒါဘာဖြစ်လို့လို့ ထင်သလဲ။

သာမန်အတွေးနဲ့ တွေးရင် နှမြောတာတတ်လို့ပေါ့။ နှင်ကတောင်ပြောပါသေးတယ်။

'နှင့်မှာ အများကြီးရှိရဲ့သားနဲ့ အားကြီးတွန့်တိုတာပဲ ထဲ့။'

'ငါ.... နှင့်ကို ပြန်မပြောတတ်ခဲ့ဘူး။ ဒေါ်လ်ရုပ်ကလေးကိုပဲယူပြီး အိမ်ပြန်ပြေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါဘာဖြစ်လို့လဲဆိုတော့ ...

နှမျောလို့မဟုတ်ဘူး ဒေါ်လီရုပ်ကလေးကို နင်ငါ့ထက် ပိုချစ်သွားမှာစိုးလို့ဆိုတာ ကြီးလာတော့မှ ငါသိတယ်။

ခု.... သက်ရှိ ဒေါ်လီလေးနဲ့လည်း ဒီလိုပဲပေါ့။

ငါ့ဘဝမှာ ငါမှတ်မိသမျှဆိုရင် ဒုတိယအကြိမ် ငိုကြွေး ခြင်းပဲ။

နင်သိရဲ့လား ကျော်ဝေ။ ။

* *

"လူကြီးတွေရဲ့ ပရိယာယ်ဝေ့ဝိုက်ကို ငါက လေးဉာဏ်လေး တစ်ထွာတစ်မိုက်နဲ့ လိုက်မမီ အောင် ဖြစ်ခဲ့တယ် ကျော်ဝေ....

န်း (၁၄)

ဒေါ်သာ၊ ရှက်ခြင်းတို့ တစ်စိမ့်စိမ့်တွေးမှမှန်ထူပြီး ခြေ ာက်နဲ့ မြေကြီး ထိတွေ့ခြင်းကိုတောင် သတိမပြုမိ ာင်ပါပဲ။ အိမ်ကို ဘယ်က ဘယ်လို ရောက်သွားမှန်းမသိ ာ့ဘူး။

တိုက်တိုက်ဆိုင်ဆိုင်ပဲ ဖေဖေနဲ့မေမေက ဆွမ်းကျွေးတစ် ား‌စရာ ရှိလို့ဆိုပြီး ပြန်ရောက်နေတယ်။

'သမီး ဘာဖြစ်လာတာလဲ'

'____'




www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ကုန်သည်ပီပီ အကဲခတ်ပညာက ကျွမ်းပြီး သားဆိုတော့ ငါ့ရဲ့ ပျက်ယွင်းနေတဲ့ မျက်နှာ အနေအထား ကို ချက်ချင်း သတိပြုမိတယ်။

ရုတ်တရက် ဖေဖေ့ အမေးကို မဖြေနိုင်ဘဲ ရေခဲသေတ္တာ ကိုဖွင့်ပြီး ရေသောက်လိုက်တယ်။

ဖေဖေနဲ့ မေ့မေ အိမ်ရှေ့ခန်းမှာ ကျန်ရစ်ခဲ့တယ်။

ဒါပေမယ့် လှင့်ပါးနေတဲ့ ဇာခန်းဆီးကနေပြီး င ... တွေ့လိုက်တာက မာလီဟာ ဖေဖေနဲ့မေ့မေကို စကားတီးတိုး ပြောနေတယ်။

ဘာတွေပြောတယ်ဆိုတာ ငါမကြားရပေမယ့် ... နော ... တော့မှ ငါရိပ်မိခဲ့တယ်။

'ကိုင်း....သမီးရေ၊ သမီးဘွားဘွား အသည်းအသန် ... လို့တဲ့ ဖုန်းဆက်တာ နှစ်ခါရှိပြီ၊ မေမေနဲ့သမီး သွားနှင့် ... ဖေဖေ အလုပ်ကိစ္စပြီးရင် လိုက်ခဲ့မယ်၊ ဆွမ်းကျွေးကိုတော ... နောက်မှပဲ သွားတောင်းပန်လိုက်တာပေါ့ကွာ'

ဖေဖေ့ ပရိယာယ် ဝေဝုစ်ကို ငါမသိခဲ့ဘူး။

ဩော်....ငါမရှိတုန်း တယ်လီဖုန်းလာတာကို မာလီ ... ပြောတာပဲလေ့လို့ သဘောပေါက်မိတယ်။

ဘွားဘွားက ဖေဖေရဲ့အမေလေ။ ဘိုးဘိုးက ပဲခူး ... သစ်တောမင်းကြီး။ ငါ့ကိုသိပ်ချစ်တယ်။ မြေးဦးဖြစ်နေ ...





ထိုး။ ငါကလည်း အဘိုး အဘွားကို ညာတုတ်လို့ရလို့ ချစ် ... ပါတယ်။

ဘွားဘွား နေမကောင်းဘူးဆိုတော့လည်း သွားရမှာ ပေါ့။ ငါလည်း ကောက်လိုက်သွားခဲ့တယ်။

ပြဿနာဆိုတာကလည်း ဒီလောက် ကြီးကြီးမားမား ဖြစ်မယ်လို့ မထင်ခဲ့ဘူးလေ၊ လက်သီးနဲ့ ထိုးကြလို့ အညို ... မည်းစွဲမယ်၊ သွေးနည်းနည်းထွက်သွားတာကို ရုံးခန်းကို ... ထိ ရောက်လိမ့်မှာ မဟုတ်ဘူးလို့ တစ်ထွာ တစ်မိုက်ဥာဏ် ... သားနဲ့ ငါတွေးမိတယ်။

နောက်ဖြစ်ပွားပုံကလည်း နင့်အမှားမဟုတ်ဘူး။ မိုက်ခဲ့ ... တဲ့ ခွေးသူတောင်းစားအမှား ချည်းပဲ။

ဒါကြောင့် ငါမပူဘူး။

ဒါပေမယ့် ပဲခူးက ဘွားဘွားတို့အိမ်ရောက်တော့မှ ငါ ... လူကြီးတွေရဲ့ လှည့်ကွက်မှာ ငါဆင်းသက်ခဲ့မိပြီဆိုတာ သိလိုက်တယ်။

'ပိုးအိဒလးကို ဘွားဘွားက လွမ်းလို့ပါကွယ်၊ ပြီးတော့ ... ဘိုးကိုယ်တိုင် နာယကလုပ်နေရတဲ့ ပဲခူးမြို့မကျောင်းအ ... မ်းကောင်းတာ၊ ဟိုမှာ သမီး ဖေဖေတွေ မေမေတွေကလဲ ... ပွားရေးနဲ့သူ လုံးပမ်းရင်း ငါ့မြေးလေးကို လှည့် ... သည့်အားကြဘူး မဟုတ်လား၊ ငါ့မြေးကို ဘွားဘွား

www.burmeseclassic.com



ကိုယ်တိုင် ကျောင်းကြို ကျောင်းပို့ လုပ်မယ်၊ ဆယ်တန်း
ရောက်ရင် စာမေးပွဲနီးတာနဲ့ ကျောင်းအိပ် ကျောင်းစာ
(Camp) သွင်းပြီး ဆရာတွေကိုယ်တိုင် အနီးကပ် ကြပ်ကြ
မတ်မတ် ကြိုးစားကြတာ အားရစရာကြီးကွယ်၊ ဘွားဘွ
မြေးကို မြန်မာပြည်မှာ အမှတ်အများဆုံး ဖြစ်စေချင်
ဘွားဘွား ခေါ်ခိုင်းတာ'

'ဟုတ်တယ်မြေး၊ ဘိုးဘိုးမြေးကို ဆင်ခြေဖုံးလို ကျောင်
လေးမှာ ပစ်ထားပြီး သူတို့ကတော့ ငွေနှံထဲမှာ နစ်နေ
တာမျိုး ဘိုးဘိုး မကြိုက်လို့ ကျောင်းကို ဒီနှစ် ဒီမှာအ
ပါဆိုတာ ပြောမရလို့ ပစ်ထားတာ၊ သမီး ဖေဖေ ကျောင်
ထွက်လက်မှတ် ယူလာပေးလိမ့်မယ်၊ မန်းဒေး ရောက်တာ
သမီး ဒီမှာပဲ တက်တော့'

'ဘိုးဘိုး ဘွားဘွား ဖေဖေ မေမေတို့ ကောင်းမယ်ထ
သလို စီမံတာကို သမီး မငြင်းပါဘူး၊ ဒါပေမယ့် ဆင်
ဖုံးလို ကျောင်းက ဆရာမတွေက မြို့လယ်ခေါင် နာမည်ကြ
ကျောင်းက ဆရာမတွေလိုပဲ ပညာတတ်ကြတယ်၊ အဲ....ပို
တော့တောင် စေတနာပါကြသေးတယ်၊ ဆင်ခြေဖုံးလူတ
စားတော့ဆိုက ဘာလာဘ်လာဘကိုမှ မမျှော်ကိုးပဲ သင်
တာပါ၊ ဒီထက်ပိုပြီး တောရွာဇနပုဒ်တွေမှာ သွားသင်
ဆရာ ဆရာမတွေက စေတနာ ကောင်းကြသေးတယ်၊ ကို
ကျိုးစွန့်ပြီး သွားနေကြရတယ်၊ စေတနာနဲ့ ကြိုးစား
ကျ်၊ အခ ဆရာမတွေ သင်ကြားမှုနဲ့ ပတ်သက်ရင်တေ



သမီး ငြင်းပယ်ရလိမ့်မယ်၊ သမီး ခု ကျောင်းမှာနေလဲ
အောလ်ဒီတော့ ထွက်မှာပဲဆိုတာ သမီး ကတိပေးပါတယ်'
ဟင်းခနဲ မေမေ့ထံ သက်ပြင်းချသံ ထွက်ပေါ်လာ
သည်။

'ဒါပေမယ့် ဘိုးဘိုး ဘွားဘွားက သမီးကို မျက်စိ
အောက်မှာထားပြီး စောင့်ရှောက်ချင်တယ်'

'သမီးက ဆိုးသွမ်းနေလို့လား'

'မဟုတ်ပါဘူး၊ မြေးက လိမ္မာပါတယ်၊ ဒါပေမယ့်....
နီးကလေးဆိုတာ မိဘ ဘိုးဘွား ညီအစ်ကို မောင်ဘွား
တွေရဲ့ စောင့်ရှောက်မှုနဲ့ နေတာ ပိုပြီး တင့်တယ်တယ်၊ မြေး
သေးတစ်ယောက်တည်း အားတာနဲ့ လပ်ယား လပ်ယား
လျှောက်သွားနေတာမျိုး ဘွားဘွားတို့ မကြားချင်ဘူး'

'သမီး ကျော်ဝေ့ အိမ်ကလွဲပြီး ဘယ်သူ့အိမ်မှမသွားဘူး'

'ကျော်ဝေက ငယ်သူငယ်ချင်း၊ သမီးအနှံ အတာခံခဲ့လို့
မေမေတို့က ယုံကြည်ပါတယ်၊ ဒါပေမယ့် ပတ်ဝန်းကျင်က
အပြောကို မေမေတို့ မခံနိုင်ဘူး၊ နောက်ပြီး ဟိုကပြားလိုလို
ကောင်မလေးအိမ် သမီး သွားလည်သေးတယ် မဟုတ်လား'

'တစ်ခါတည်းပါ'

မိသင်းအိမ် တစ်ခါလား သွားလည်ခဲ့ဖူးပါတယ်၊ မိုက်ခ်
ပြုတိတိ မျက်နှာပေးနှင့် အရောဝင်မှုကို ရှံရှာကာ နောက်
ထပ် လုံးဝမသွားတော့ဘူးဟု ဆုံးဖြတ်ခဲ့သည်။

လှိုင်စာပေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါ၊ ငါက နှင်ကလွဲရင် ဘယ်သူ့စိမ်းယောကျ်ား လေးကိုမှ သိပ်ကြည့်လို့ရတာမဟုတ်ဘူး။ မိုက်ခ်လို မိဘဂုဏ် မောက်ပြီး ကြွစောင်းစောင်းနိုင်တဲ့ကောင်မျိုးဆို သာဆိုး သေးတယ်။

ငါ့ကို တစ်ယောက် ဖစ်ပေါက်နဲ့ နားသွင်းလိုက်တာ နောက်ဆုံး ငါ အဲဒီမှာ ကျောင်းနေဖို့ လက်ခံလိုက်တယ်။ လက်မခံလို့လဲ မရဘူးလေ။ ငါက သမီး သူတို့က မိဘပဲ။ ပြီးတော့ ငါက အရွယ်မရောက်သေးတဲ့လူ။

'ဒါပေမယ့် သမီး သူငယ်ချင်းတွေကိုတော့ ပြန်နှုတ်ဆက်ခွင့်တော့ ပေးရမယ်'

'သမီးရယ် နှုတ်ဆက်တယ်ဆိုတာ အပြီးတိုင် ခွဲခွာသူတွေ အတွက် ထားခဲ့တဲ့စကားပါ။ သမီးက အပြီးတိုင် ခွဲတာမှ မဟုတ်ဘဲ၊ သမီး ရန်ကုန်လာတဲ့အခါ သွားတွေ့လို့ရတာပဲ'

လူကြီးများရဲ့ ပရိယာယ် ဝေဝုစ်ကို ငါကလေးဉာဏ် လေးနဲ့ လိုက်လို့မမီအောင်ဖြစ်ခဲ့တယ် ကျော်ဝေ။

ဒါနဲ့ မထူးပါဘူးဆိုပြီး မေမေတို့ ငါ့ကို မိုက်ခ် နှောင့်ယှက်လို့ နှင်နဲ့ မိုက်ခ် ရန်ဖြစ်ရတဲ့အကြောင်းပြောတော့...

'ဟုတ်လားသမီး၊ ဒီလိုဆို မေမေ ပြန်သွားတာနဲ့ ကျော်ဝေတို့အိမ် သတင်းသွားမေးလိုက်ဦးမယ်၊ စိတ်လဲ မပူနဲ့ သမီး ပြဿနာက ဘာမှ ကြီးကြီးမားမား ရှိတာမှ မဟုတ်ဘဲ၊ လူငယ်တွေရဲ့ သဘာဝကြောင့် ဖြစ်ပေါ်လာတာပဲ ဒါတွေ ခေါင်းထဲထည့်မထားနဲ့ ဟုတ်လား'





ဖေဖေက အဲဒီလို အားပေးတော့ ငါလည်း ကျေနပ်ရ တာပဲ၊ ဟုတ်ပါတယ်၊ ငါ့စိတ်ထဲမှာ ပြဿနာ ဘာမှကြီးကြီး မားမား ဖြစ်လိမ့်မယ်လို့ကို မထင်ခဲ့ဘူး။

မိုက်ခ်က မှားတာ။ အမှားကျူးလွန်သူက ရဲကိုတိုင်မှာ မဟုတ်ဘူးလို့ ငါထင်ခဲ့တယ်။

ငါ့အထင်ဟာ အဖြစ်မှန် အားလုံးကို သိခွင့်ရတဲ့နေ့ ရောက်မှ မှားသွားမှန်း သိလိုက်ရတယ်။

ဒါကြောင့် ငြိမ်သက်ပြီးသား ကန်ရေပြင်ကို ထပ်မပြီး ယက်ထအောင် ငါ ခဲမချချင်တော့ဘူး။

ဘိုးဘွားမိဘတွေရဲ့ ပုံစံခွက်ထဲက မြေးအလိမ္မာ၊ သမီး အလိမ္မာ အဖြစ်နဲ့ပဲ ငါစာကြိုးစားပြီး အေးအေးချမ်းချမ်း နေခဲ့တယ်။

နှင့်ကိုတော့ သတိရတယ်၊ ငါ့ရဲ့သက်ရှိ ဒေါ်လီရုပ်လေးကို လည်း သတိရတယ်။ ဒါပေမယ့် သတိရမှုကို တတ်နိုင်သမျှ ဖျောက်ထားတယ်။

နှင်တို့ကို တမ်းတသတိရနေရုံလောက်နဲ့ ငါ စာမေးပွဲ အောင်လာမှာ လိုချင်တဲ့ အောလ်ဒီရမှာမှ မဟုတ်ဘဲ။

ကိုးတန်းပြီးတော့လည်း ဘွားဘွားနဲ့ မေမေက ငါ့ကို ရှမ်းပြည်အနှံ့ အပန်းဖြေခရီးထွက်ဖို့ခေါ်သွားပြန်တယ်လေ။

ငါ နှင့်ဆီကိုလာဖို့ မတတ်နိုင်ပြန်ဘူး၊ ပဲခူး ပြန်ရောက် တော့လည်း ဆယ်တန်းအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ရ သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နှင်တော့ ငါ့အပေါ်မှာ ဘယ်လိုသဘောထားပြီး ဘယ်လို ခံစားနေမယ်ဆိုတာ ငါမမှန်းဆနိုင်ဘူး။

ဒါပေမယ့် အဘိုးတို့ခြံထဲက သရက်သီး ရှက်ပုန်းသီးလေးတွေကိုဖြစ်စေ၊ မှာလှကာသီး ရှက်ပုန်းသီးကလေးတွေကို ဖြစ်စေ ရှာဖွေခူးစားမိတဲ့အခါတိုင်း မျက်ရည်စို့လာတဲ့အထိ သတိရတယ်ဆိုရင် ငါအပိုပြောတယ်လို့များ ထင်မလွှား ကျော်ဝေ—တကယ်ပါဟာ....။

* * *



"အချစ်ရေးမှာ ကာယကံရှင်ရဲ့ စိတ်ကသာ အဓိကပဲ၊ ပတ်ဝန်းကျင်က ပံ့ပိုး ပေးလို့ 'ဆပ်ပြာကောင်းလို့ခေါင်းပေါင်းဖြူ' ရတဲ့ အဖြစ်မျိုးကို နှင်ကြုံတွေ့ရမှာ မဟုတ်ဘူးလို့ ယုံကြည်တဲ့စိတ်လေးက ငါ့ရင်မှာ ကိန်းဝပ်နေတယ်"

## အခန်း (၁၅)

ဆယ်တန်းဖြေ အပန်းဖြေခရီးထွက်ပြီး ပြန်လာတော့ နှင့်ဆီကို တန်းလာဖို့ပါပဲ။

ဒါပေမယ့် ရှိုးကေ့စ်ထဲက ကွဲကွာနေတဲ့ ငါ့ဒေါ်လီ ရှုပ်ကလေးတွေကိုတွေ့တော့ သက်ရှိ ဒေါ်လီရှုပ်လေးပါ သတိရလာတယ်။

ဒါနဲ့ တယ်လီဖုန်း ကောက်ဆက်လိုက်တယ်။

'ဟဲလို....အမိန့်ရှိပါ'

'သင်းမောင်ရှိနဲ့ တွေ့ချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ခဏနေဦး'

'ဟုတ်ကဲ့'

မိသင်း အသံကို ခဏတာ စောင့်ဆိုင်းရတာကိုပဲ စိတ်မရှည်အောင် ဖြစ်ခဲ့ရတယ်။

ကျောတစ်ဝက်မှာ ရစ်ဝဲနေတဲ့ ခပ်ပျော့ပျော့ လှိုင်းထထ ဆံပင်ကို ဖားလျားချထားရှာပေါ့။

ကျောင်းတက်လျှင် ကျောင်းစည်းကမ်းအရ ဆံပင်ဖားလျား၊ ဘုတ်သိုက်များကို ခွင့်မပြု။ ညှပ်လျှင် တိုတိုညှပ်၊ ရှည်လျှင် စည်းနှောင်ထား၊ ကျစ်ဆံမြီးကျစ်လျှင် ကျစ်ပေတော့။

အခု ကျောင်းကနေ ကင်းလွတ်သွားပြီဆိုတော့ ငါ့ရဲ့သက်ရှိ ဒေါ်လီရုပ်ကလေးလည်း အလှအပတွေ မွှမ်းမံပြီး သိပ်ကို လှနေမှာပဲလို့ ငါတွေးပြီး ပျော်လာတယ်။

'ဟဲလို....ဒေါ်လီပါ'

'ဘယ်သူ'

'ဒေါ်လီပါ'

'ဒေါ်လီ—မိသင်း နင့်နာမည် ဒေါ်လီလား'

'ဟုတ်တယ်၊ ယူ... ယူ....ပိုးအိ မဟုတ်လား'

'အင်း'

ကြည့်စမ်း တစ်ခါတစ်ရံ လောကကြီးရဲ့ တိုက်ဆိုင်မှုလေးတွေဟာ ဘယ်လောက် အံ့ဩစရာကောင်းလိုက်သလဲလို့၊





ငါ့စိတ်ထဲက ခေါ်နေတဲ့ ဒေါ်လီရဲ့ အိမ်နာမည်ဟာ ဒေါ်လီတဲ့....။

ဒါပေမယ့် ငါ အားပေါ့တာပဲ မိသင်းလို့ခေါ်တော့မယ်။

နင့်မိဘ ညီအစ်ကို မောင်နှမတွေက နင့်ကို ဒေါ်လီပဲ ခေါ်မှာပါ။ ဒါကြောင့် ငါက ရင်ထဲက ဒေါ်လီ။ တကယ်တမ်း ခေါ်တော့ ဘယ်သူမှမခေါ်ထဲ့ 'မိသင်း'ပဲ ခေါ်မယ်။

'ယူ ဘယ်တုန်းက ပြန်ရောက်သလဲ'

'ခုနကပဲ'

'အိုင် လာခဲ့ရမလား'

'လာလေ၊ ငါလဲ နင့်ကိုတွေ့ချင်လို့ခေါ်တာ၊ ဒါပေမယ့် နင့် အစ်ကို ကျက်သရေတုံးကိုတော့ မခေါ်ခဲ့နဲ့နော်'

'အင်းပါ ယူရဲ့၊ အိုင်နားလည်ပါတယ်၊ ယူ့ကို ပြောစရာတွေ အများကြီးရှိတယ်'

'လာခဲ့လေ၊ တွေ့တော့ ပြောကြတာပေါ့၊ နင် ဘာစားချင်သလဲ'

'ပိုးအိနဲ့ တွေ့ရရင် ဘာမှစားစရာမလိုတော့ဘူးလို့ထင်ပါတယ်'

'တတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ငါ တယ်လီဖုန်းချလိုက်တယ်။

'ဘယ်သူ့ဆီဆက်တာလဲ သမီး'

မေမေက ကြားရက်နဲ့ တမင်မေးတယ်ဆိုတာ ငါသိပေမယ့်....

'သင်းဆီပါ'

'အေး....အေး...ဖုန်းနဲ့ပဲနော်၊ သွားတော့မလည်နဲ့၊ သူ့အစ်ကိုက နံပါတ်ဖိုးစွဲနေပြီ'

'ဟုတ်လား'

'ဟုတ်တယ်သမီး ဆေးရုံတက်ဖြတ်လိုက်၊ ပြတ်သလိုလိုရှိသွားလိုက်၊ နောက်ပြန်ဆွဲလိုက်နဲ့၊ နောက်ဆုံး ထောင်ထဲပို့ထားဖို့အထိ စီစဉ်တယ်၊ ခု ပြတ်နေသလား သုံးနေသလားတော့ မေမေတို့လဲ မသိဘူး၊ ဒါပေမယ့် ဒီလိုလူမျိုးရှိတဲ့အိမ်ကို သွားမလည်သင့်ဘူးနော်'

'ဟုတ်ကဲ့....သမီးသိပါတယ်'

'အေး အေး....သိရင်ပြီးတာပါပဲ၊ မေမေ ဆိုင်သွားလိုက်ဦးမယ်နော်'

'ဟုတ်ကဲ့'

'ကြွ....သမီး'

မေမေက ဆင်ဝင်အောက်ရောက်မှ....

လှိုင်စာ၉၀



'သမီး....မောင်ကျော်ဝေဆီသွားရင်နေပူတယ်၊ ကားနဲ့ပို့ခိုင်း'

'————'

'ငါ ဘာမှပြန်မပြောလိုက်နိုင်ဘူးပေါ့ကျော်ဝေ....

မိဘဆိုတာ သားသမီးတွေရဲ့ ရင်တွင်း စိတ်ထားကိုသိနေကြတယ်၊ သားသမီးတွေရဲ့ ခြေလှမ်း ဘယ်လှမ်းရင် ဘယ်ကိုဆိုတာ သိကြပုံပဲ၊ နှစ်နှစ်နီးပါးဆိုတဲ့ ကာလလေးဟာ ဘာမှ မကြာလိုက်သလိုဘဲ။

ဒါပေမယ့် ကုန်ဆုံးသွားတဲ့ အချိန်တွေကို ပြန်မရနိုင်ဘူး၊ ဒီလိုပါပဲ နင်တို့နဲ့ ငါ ကွဲကွာခြင်းအပေါ် ခံစားနေရတဲ့ ငါ့ဝေဒနာတွေကို ပြန်မရနိုင်တော့ဘူး၊ ပြီးဆုံးသွားပြီ။

ဘာဖြစ်လို့လဲဆိုတော့ နင်နဲ့ ငါ ပြန်လည်ဆုံတွေ့ရတော့မှာဖြစ်လို့ပဲ။

ငါ ရင်ထဲမှာ အလိုလိုပျော်လာတယ်။

ငါ လေမချွန်တတ်ဘူး။

ဒါပေမယ့် နင် ရေခတ်ရင်း လေချွန်တတ်တဲ့ တေးသွားကို ငါဆိုတတ်တယ်။

....မြင်ရင် မြင်ချင်းပဲကွယ်.... ချစ်မိကြိုက်မိလယ်—
သူဇာနုတ်နွယ် ယုံပါကွယ်.... ရာသက်ပန်အမြဲပဲ—
မောင်ကလေမခွဲပဲ.... အမြဲတမ်းပေါင်းဖို့ ဆုတောင်းတယ်....

www.burmeseclassic.com

www.burmeseclassic.com



နှင့်ရုပ်သွင်ကိုတော့ ငါသိပ်မမှန်းဆချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရင်ခုန်လာတတ်လို့ပဲ။

မာဇဒါ ဂျစ်ကားလေး အိမ်ရှေ့မှာ ထိုးဆိုက်လာပြီး ငါ့ရွှဲသက်ရှိ ဒေါ်လီရုပ်ကလေး ဆင်းလာတယ်။

မိန်းမသားချင်းတောင် ငေးယူအောင်လှတဲ့ မိသင်းကို ငါအသက်ရှူဖို့ မေ့ပြီး ငေးကြည့်မိတယ်။

ငါနှစ်နှစ်ခြိုက်ခြိုက်ရှိခဲ့တဲ့ ဟောလီဝုဒ်မင်းသမီး မာရီမွန်ရိုးအလှက ရွှေရောင်သန်းတဲ့ဆံပင်၊ သင်းကပိတုန်းရောင်သန်းတဲ့ ဆံပင်၊ ဒါပဲကွာတယ်၊ အရမ်းလှတယ်။ ကိုယ်လုံးကိုယ်ထည်ကလည်း ခါးသေးရင်ချီလေးနဲ့ အရပ်မြင့်တော့ အင်တာနေရှင်နယ် ဘော်ဒီစတိုင်လ်မျိုး....။

ကြည့်စမ်း၊ ဒီကြားထဲ ဒေါက်ဖိနပ်လေးက ခွါသေးသေးလေးနဲ့ လမ်းလျှောက်လာပုံကလည်း တမင်လေ့ကျင့်ယူထားသလိုပဲ၊ လှလိုက်တာ....။

ငါ့လိုတောင့်တောင့်ကြီးမှဟုတ်ဘူး။ ဒါပေမယ့် ငါက ပြင်ဆင်ဖို့ကို ဝါသနာမပါတာ။

အဲဒီလိုပြင်ရမယ့်အချိန်မှာ စာတစ်ပိုဒ်ဖတ်လိုက်ရတာက အကျိုးရှိမယ်ထင်လို့ပဲ။

'နှင်သိပ်လှလာတာပါပဲလား မိသင်း'

'ဆိုးသိုင့်ခ်— ယူကောပဲ'





'လာထိုင်သူငယ်ချင်း.... ဖြေနိုင်သလား'

'ဖြေနိုင်ပါတယ်'

'ကျော်ဝေကော'

'သူကတော့....'

ငါရင်ထိတ်သွားတယ်။

'ဟွင်.... ကျော်ဝေမဖြေနိုင်ဘူးလား'

'ယူ မေးစရာမလိုပါဘူးလို့ သူမှ မအောင်ရင် အိုင်တို့ကျောင်းမှာ ဘယ်သူမှအောင်မယ့်လူမရှိတော့ဘူး'

'ဟင်းကနဲ' ခုမှသက်ပြင်းချနိုင်တော့တယ်ကျော်ဝေ။

စာမေးပွဲနှတ်ကကြီးတယ်လေ၊ ဘယ်လောက်တော်တော် အကြောင်းအမျိုးမျိုးကြောင့် ကျသွားရတဲ့လူတွေ တစ်ပုံကြီးပဲ။

ဒါကြောင့် ငါစိုးရိမ်သွားတာ။

မိသင်းနှောက်မှန်းသိမှပဲ သက်ပြင်းချပြီး ပြုံးနိုင်တော့တယ်။

'ငါက အဟုတ်မှတ်လို့'

'စတာပါယူရာ၊ ယူ ကျော်ဝေအပေါ် သံယောဇဉ်ဘယ်လောက်ရှိသလဲလို့ စမ်းသပ်ကြည့်တာပါ'

'မူလတန်းကတည်းက အတူနေခဲ့ရတဲ့ သူငယ်ချင်းပဲဟာ သံယောဇဉ်ရှိတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'သံယောဇဉ်ဆိုတာ ကာလအတိုင်းအတာနဲ့ ဆိုင်သလား ယူ'

'ဟာ.... ငါဘယ်သိမှာလဲ'

မိသင်းဆီက ခုလိုစကားမျိုးကြားရလိမ့်မယ်လို့ ငါမျှော်လင့်မထားဘူး၊ မိသင်းလည်းစကားအရာတွေကဗျာ ဆန်ဆန်တိုးတက်နေပြီပဲ၊ နှင်သင်ပေးတာပဲဖြစ်ရမယ်ကျော်ဝေ၊ ငါ့ရင်ထဲမှာ တစ်မျိုးပဲ ခံစားလိုက်ရတယ်။

'အိုင်လေ... ယူနဲ့ ကျော်ဝေရဲ့သံယောဇဉ်အတိုင်းအတာကို သိချင်တယ်'

'ဘုရားရေ'လို့ ငါအသံထွက်အောင်ပဲ တမ်းတလိုက်မိတယ်။

'သံယောဇဉ်အတိုင်းအတာ'

သံယောင်လိုက်မေးမိတယ်။ ငါပဲမြန်မာစာညွှန့်ဖျင်းနေပြီလားလို့တောင် တွေးယူရယ်အထိ ခေါင်းထဲနောက်သွားတယ်။

'ဟုတ်တယ်ပိုးအိ... ကျော်ဝေဟာ အားကြီးတည်တယ်၊ အေးတယ်၊ အိုင့်လိုမိန်းကလေးကို စိတ်မဝင်စားရလောက်အောင် သူ့မှာ တွယ်တာမှု သံယောဇဉ်နှောင်ကြိုးရှိနေသလားလို့ အိုင်သိချင်လာတယ်'

'ကျောင်းစာသင်ရမယ့်အရွယ်မှာ ဆန့်ကျင်ဘက်လူသားတွေကို စိတ်မဝင်စားတာဟာ ဘယ်လိုအကြောင်းရင်း





ကြောင့်မှ မှစ်ဖြနိုင်ဘူး၊ စာပဲ စိတ်ဝင်စားလို့ ဖြစ်မှာပါ၊ မှန်တာပဲ'

'ဟုတ်ပါတယ်၊ ကျောင်းနေတုန်းက ကာလကို အိုင်မ ပါဘူး၊ စာမေးပွဲပြီးသွားလဲ ဒီအတိုင်းပဲ၊ မြင်းက ပ် ခုံကလှုပ်တာတောင် မြင်းက လိုက်မလှုပ်ချင်ဘူး'

ငါအံ့အားသင့်သွားတယ်၊ လုံးဝမယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားတာ၊ မျှော်လင့်ထားခြင်းမရှိတဲ့ အားတွေဖြစ်လို့ ငါမှရုတ်တရက် ဘာတုန့်ပြန်ပြောရမှန်း သိအောင်ကို ဖြစ်ခဲ့ရတယ် ကျော်ဝေ....

'သူ့ကို အိုင်လေ စ,မြင်တည်းက စိတ်ဝင်စားခဲ့တာ၊ ာက် သူငယ်ချင်းလို အနီးကပ် ပေါင်းကြည့်လေလေ၊ ခင့်အရေးမယူတတ်ဘဲ၊ တစ်ဖက်သားကို ညှာတာထောက် ားပြီး ကူညီတတ်တဲ့ခေါင်းဆောင်ပီသတဲ့ အရည်အချင်း ွေးတွေ တွေ့လာရတယ်၊အိုင်တို့အသိုင်းအဝိုင်းနဲ့ကို လုံးဝ ာဘူး၊ အိုင်လေ သူ့ကိုမမြင်ရရင် မနေနိုင်ဘူး။ သူ့မျက် လေးမြင်ချင်တယ်၊ သူ့အသံလေး ကြားချင်တယ်၊ ါ...အဲဒါ...အိုင်သူ့ကို ချစ်နေလို့လားဟင်'

'ဟယ်.... ငါလေ.... ငါဘာပြန်ပြောရမှန်း မသိအောင် ကြည့်စမ်းမိသင်း ဟာ မျက်ရည်တွေ ရစ်ဝဲပြီး ပြောနေ တ်တာ သနားစရာလေး....

ငါမိသင်းလို့ မခံစားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



နင့်အသံမကြားလဲ ငါနေနိုင်တယ်၊ လွမ်းလောက်အော
မဖြစ်ဘူး၊ မိသင်းက အဲဒီလိုဖြစ်တယ်တဲ့။

'ယူ... အိုင့်ကို ပြောပါဦး အိုင်တော့လေ မိန်းမကြိုး
တော့ မျှော်လိုက်တာဆိုတဲ့ စကားကိုဖျက်ပြီး မိန်းမကြိုး
တော့ ဆိုက်ဆိုက်လာလုပ်နေရတယ်။

ငါရယ်ချင်သွားတယ်။

မိသင်း ပြောပုံက ရယ်စရာကို....

ငါ ဟက်ဟက်ပက်ပက် ရယ်ချလိုက်တယ်။

'ဟတ်...ဟားဟားဟား'

'ဘာရယ်တာလဲလို့'

'လက်စသပ်တော့ နင်က မိန်းမနောက်ပိုးကိုး'

'ချစ်လာပြီဆိုရင် နောက်ပိုးမကဘူး ရှေ့ပိုးပဲလုပ်ရလုပ်
လုပ်မှာပဲ၊ တော်ကြာတက္ကသိုလ်ရောက်ရင် သူကရှုပါမိ
သူများနောက် ပါသွားလိမ့်မယ်၊ ကူညီပါဦးပိုးအိရာ၊ သူ
ယူစကားဆိုရင် နားထောင်ပါတယ်'

'နားထောင်ရအောင် ငါက သူ့အမေမို့လား'

'သူ့အမေထက်ကို နင့်ပါဝါက သူ့အပေါ်မှာကြီးမာ
တယ်လို့ ငါရိပ်မိပါတယ်'

'ဘုရားရေ'

ဒုတိယံမိ ဘုရားတမိပြန်ပြီ။



ဒီနေ့တော့ ငါကုသိုလ် တော်တော်ရတဲ့နေ့ပဲ ထင်တယ်။

'ယူတို့ သံယောဇဉ်အတိုင်းအတာဟာ သူငယ်ချင်းအဆင့်
မှာပဲ ရှိတယ်ဆိုရင်တော့ အိုင်ကိုကူညီပါကွာ'

မိသင်း စကားအရာ ဒီလောက်ကျွမ်းကျင်လိမ့်မယ်လို့ ငါ
မထင်မှတ်ခဲ့ဘူး။

အခုကြည့် မိသင်းသုံးသွားလိုက်ပုံ...

ကျော်ဝေနဲ့ ငါ့ချစ်သူနီးပါး သံယောဇဉ်မရှိဘူးလား၊
ရှိသလားကိုလည်း သူစမ်းသပ်တာ၊ ပြီးတော့ သူ့အတွက်
ငါက အကူညီပေးဖို့ပြောတယ်။

ပြတ်နေပြီ၊ သူ့စကားက တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့
စကား...

ငါဘာပြောရမလဲ....

'ကျော်ဝေ့ကို ငါ့သူငယ်ချင်းအဖြစ်နဲ့ပဲ သံယောဇဉ်ရှိ
တယ်၊ နင့်ကိစ္စကို ငါတတ်နိုင်သမျှ ဘေးတီးပေးမယ်၊
ကျော်ဝေ့ဆန္ဒကိုတော့ ငါမသိဘူး၊ ဒါပေမယ့် နင့်ဆန္ဒကို
သိတဲ့အတွက် နင့်ဘက်ကဝိုင်းပြီးပြောပေးမယ်' ဒါလောက်ပဲ
ငါတတ်နိုင်တယ် ကြိုးစားရမှာ နင့်အပိုင်းပဲ ဟုတ်လား'

ဒီလိုနဲ့ နင့်ဆီရောက်ခဲ့တယ်မဟုတ်လား။

မိသင်းက နင့်မျက်စိကို ရဲတင်းစွာပိတ်ရဲပေမယ့် ငါ့ကာ
မှုပိတ်ရဲဘူး၊

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ငါ ငယ်ငယ်ကတည်းက လက်ပွန်းတတည်း နေခဲ့ပေမယ်. ရှစ်တန်းနှစ်လောက်ကစပြီး ခပ်တန်းတန်းပဲနေဖြစ်ခဲ့ကြတယ်မဟုတ်လား။

လူကြီးစိတ်ဝင်တာမဟုတ်ပေမယ့် သူ့သဘာဝအလျောက် သူ့ဖာသာသူ ဆင်ခြင်စွာနဲ့ နေထိုင်တတ်လာတာ။

နင်ကော့ပဲ အသံကြီးသြလာပြီး လည်ပင်းမှာ စလုပ်ကလေးထွက်လာကတည်းက ငါ့ကိုထိပ်ပုတ်ခေါင်းပုတ်မလုပ်တော့ဘူးမဟုတ်လား၊ နင်အသားမယူတတ်ဘူး၊ အချို့က အပျိုပေါက်လူပျိုပေါက်ဖြစ်နေပြီ၊ ထိပ်ပုတ်ခေါင်းပုတ်နဲ့ အဲဒီလိုမျိုးဆိုရင် ငါသိပ်ရှုံ့တယ်၊ အဲဒီလိုယောကျ်ားလေးမျိုးကို ကလေးစိတ်မကုန်တာလို့ ဘယ်လိုပဲပြောပြော ငါ မယုံဘူး၊ ရှုံ့တယ်၊ အမှန်တော့ သက်သက်အသားယူတာ... ငါဒီလိုပဲ ယူဆတယ်။

ငါရှုံ့တဲ့အချက်တွေ နင့်မှာမရှိဘူး၊ ဒါကြောင့် နင့်ကို ငါ...၊ ထားပါတော့လေ။

'အင်း'

နင့်နှုတ်ဖျားကို 'သင်း'လို့ တိုက်ရိုက် ပေါ်ထွက်လာနိုင်တာကိုကြည့်ပြီး ငါသက်ပြင်းချမိတယ်။

မိသင်းက လက်ဖြုတ်ပြီး နင့်နောက်မှာ သွားပုန်းတယ်လေ၊ နင့်ရှေ့မှာ ငါတစ်ယောက်တည်း မားမားရပ်လို့...

'ဟင်...ပိုးအိ'





နင့်မျက်နှာကို မမြင်မတွေ့ရတာကြာလို့ ငါစိုက်ကြည့်မိတယ်၊ ပြုံးပြဖို့တောင် မေ့နေတယ်။

နင့်မျက်နှာကလည်း အရမ်းအံ့အားသင့်နေတဲ့ပုံပဲ၊ ငါ့ရင်ထဲမှာ တစ်မျိုးပဲခံစားလာရတယ်၊ လှုပ်လှုပ်ရှားရှားနဲ့ ဒါကြောင့် ငါနင့်အကြည့်ကို ရှောင်လွဲလိုက်တယ်၊ တံချူကို ကောက်ကိုင်ပြီး ရှက်ပုန်းသီးလေးတွေရှာဖွေလိုက်တယ်။

မိသင်း စားချင်တယ်ဆိုလို့ ဦးဦးဖျားဖျား ငါမစားဘဲ ကျွေးလိုက်မိတယ်။

မိသင်းဟာ ကံကောင်းတဲ့ မိန်းကလေးပါ၊ အမေဒ်ငတ်တဲ့ ငါ့အတွက် အဖော် ရှားရှားပါးပါး ခင်တွယ်မိခြင်း ပေလားလို့တောင် ငါတွေးမိတယ်။

ဒီကြားထဲ နင့်ကငါ့ကို ခနိုးခနဲ့ စကားပြောတော့ ငါ စိတ်ဆိုးမိလို့ ခွေးခြေပေါ်က ပြုတ်ကျတယ်။

နင်က ငါ့ကိုဆီးဖမ်းလိုက်လို့ မြေကြီးနဲ့ ငါမိတ်ဆွေဖွဲ့ခွင့် မရတော့ဘူး။

ဒါပေမယ့် ငါ့ရင်ထဲမှာ ကတုန်ကရင်နဲ့ ဘယ်လိုဖြစ်သွားမှန်းကိုမသိဘူး၊ နင့်တော့ ဘယ်လိုခံစားရမယ်ဆိုတာကို ငါမသိဘူး။

ယောင်တိယောင်ကန်းနဲ့ အိမ်ပေါ်တက် အမေ့ကိုနှုတ်ဆက်ပြီးမှပြန်ခဲ့တယ်။

နင့်ကို 'ကျော်ဝေ...ငါပြန်မယ်'လို့ ပုံမှန်အနေအထား ရောက်သွားတော့မှ နှုတ်ဆက်နိုင်တာ။



www.burmeseclassic.com

www.burmeseclassic.com



နှင်က—

'မာလကာသီး'

လို့ စောစောက မြေပြင်ပေါ်ကျပြီး အက်ကွဲသွားတဲ့အသီးကို လှမ်းပေးတယ်၊ ငါကွဲပြီးတိုသွားတာပေါ့၊ နှင်ဟာ ငါ့ရဲ့ အကျင့်စရိုက်တွေကို တစ်နှစ်ကျော်ကျော် ကာလလေးနဲ့တင် မေ့လျော့သွားရသလား။

နှင့်ကို အော်ခဲ့ပြီး မိသင်းကို ပြန်လိုက်မလား နေခဲ့မလားမေးရတယ်'

ဝတ္တရားအရ မေးတာပါ၊ မိသင်းက လိုက်မှာမဟုတ်ဘူးဆိုတာ ငါသိနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမကြိုက်တော့ ဆိုက်ဆိုက်လာဖြစ်နေရတဲ့ အနေအထားကိုး။

ဟင်း....တစ်ခါတစ်ရံ လူတွေဟာ ရှေးထုံးတွေကိုပယ်ပြီး စိတ်ထင်ရာကို စိုင်းကြတယ်နော်။

နှင့်ဆီမှာ မိသင်းကိုထားပြီး ပြန်ခဲ့ရတဲ့ငါ့ရင်မှာ မနာလိုခြင်းဆိုတဲ့ အတွင်းစိတ်က ဖြစ်ပေါ်နေတယ် ထင်တယ်၊ငါ အလိုမကျနိုင်ဘူး။

အိမ်ရောက်တော့လည်း ဟိုလူ့အော် ဒီလူ့အော်နဲ့ အလိုလိုမကျနိုင်ဘူး။

'ပြီးလဲပြီးရော ငါအိပ်ရာတဲ့တန်းဝင်ခဲ့တယ်၊ အားပါးတရငိုပစ်လိုက်မယ်ပေါ့။

ဒါပေမယ့် အံ့သြစရာကောင်းတယ်။

ငါမငိုမိဘူး။





တတိယအကြိမ် ငိုခြင်းမဖြစ်ပွားဘူး၊ ဘာဖြစ်လို့လဲဆိုတော့—

ငါက နှင့်ဆီကို မိသင်းကို တွန်းပို့ခဲ့ပေမယ့် နှင့်ရဲ့စိတ်က မိသင်းကိုချစ်မှုဖြစ်မှာ—

ငါ့မှာ မျှော်လင့်ချက်ရှိသေးတယ်။

ငါယုံကြည်တယ်လေ။

အချစ်ရေးမှာ ကာယကံရှင်ရဲ့စိတ်ကသာ အဓိကပဲ၊ ပတ်ဝန်းကျင်က 'ပုံ့ပိုးပေးလို့ ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူရတဲ့ အဖြစ်မျိုးကို နှင်ကြုံတွေ့မှာမဟုတ်ဘူးလို့ ယုံကြည်တဲ့စိတ်လေးက ငါ့ရင်မှာ ကိန်းဝပ်နေတယ်။

ဘာဖြစ်လို့လဲဆိုတော့ နှင့်ကို စိတ်ဓာတ်ကြံ့ခိုင်တဲ့ ယောကျ်ားလေးလို့ ငါယူဆခဲ့မိလို့ပဲ။

ဒါကြောင့် ငါမျှော်လင့်ခြင်းတစ်ရပ်ရှိခြင်းကြောင့် ငိုကြွေးခြင်းကို မပြုလုပ်တော့ဘူးဆိုတာ နှင်သိရင်....။

* * *



www.burmeseclassic.com

www.burmeseclassic.com

"တစ်ခါတစ်ရံမှာလေ....
လူတွေဟာ မိမိရယူလိုမှုတစ်ခုအတွက် စွန့်စားမှုတစ်ရပ်ကို ရင်အနာခံပြီး လုပ်ဆောင်တတ်ကြတယ်ဆိုတာ ငါတော့ကိုယ်တွေ့နဲ့ နားလည်လက်ခံလိုက်ပြီ ကျော်ဝေ...."

အခန်း (၁၆)

တတိယအကြိမ်မြောက် မျက်ရည်ကျခြင်းနေ့ကို ကြုံရပြီ ပြီကျော်ဝေ....

ဒီနေ့က မှတ်မှတ်ရရပါပဲ၊ မိုက်ခ်ိဆုံးတဲ့နေ့ပဲ။

မိုက်ခ်ိဆိုတဲ့ လူမိုက်တစ်ယောက်သေဆုံးသွားခြင်းအတွက် ငါ့ရင်မှ ဘာမှမဖြစ်ဘူး၊ ဖြစ်စရာအကြောင်းရင်းလည်း မရှိဘူး၊ သူလိုနံပါတ်ဖိုးစွဲနေတဲ့လူမျိုးတစ်ယောက် ရှိခြင်းဟာ မြေလေးတယ်။

ဒါပေမယ့် နှင့်ကို ငါဆုံးရှုံးသွားနိုင်တယ်ဆိုတာ ငါ သိလိုက်ရလို့ပဲ။





အနာဂတ်ကို ကြိုတင်သိမြင်နိုင်တဲ့ ဂမ္ဘီရပညာမျိုး ငါ့မှာမရှိပါဘူး၊ ဒါပေမယ့် အကျိုးအကြောင်းတော့ ဆက်စပ်တတ်တဲ့ပညာမျိုးရှိတယ်။

နှင့်ကို အစ်ကိုလည်းသေ၊ အဖေလည်း ဆေးရုံတင်ရထဲ့အထိ ဒုက္ခရောက်နေတဲ့ ငါ့ရဲ့ဒေါ်လီရှပ်လေး မိသင်းအိမ်မှာ ထားခဲ့ရတယ်။

ငါလေ ကားမောင်းရင်းမြန်တော့ မျက်ရည်တွေကျလာတယ်၊ ယာဉ်စည်းကမ်းဥပဒေအရ သောက်နှင့်ကြုံနေတဲ့အခါ ကားမမောင်းနဲ့ဆိုတာ ငါသတိရလိုက်ပြီး ကားကိုလမ်းဘေးမှာ ထိုးရပ်လိုက်တယ်။

နှင် စဉ်းစားကြည့်စမ်း....

မိသင်းကို ငါချစ်တာမှန်တယ်၊ ဒါကလည်း ရွေးရေစက်ကြောင့် မိသင်းအပေါ် ငါ့ရဲ့အမြွာညီမတစ်ယောက်လိုချစ်ခဲ့မိခြင်းပဲ။

ဒါပေမယ့် မိသင်းကို ငါ့အသည်းနှလုံး ပေးရံသောက်အောင်တော့ ငါမချစ်ဘူး။

လူဆိုတာ မိမိကိုယ်ကိုမိမိ အချစ်ဆုံးပဲ၊ ကိုယ့်ကိုကိုယ်ထက် အခြားသူကို ပိုချစ်တယ်ဆိုတာ မဖြစ်နိုင်ဘူးလေ၊ ဒါလူတိုင်းလက်ခံထားတဲ့ နိယာမတရားပဲ။

ဒါပေမယ့် ငါစွန့်စားလိုက်တာ၊ တစ်နည်းအားဖြင့် မိသင်းအတွက် ကူညီသင့် ကူညီထိုက်တယ်ထင်လို့ ကူညီတယ်....။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကူညီလိုက်တော့ မိသင်းနဲ့နင် အရမ်းအဆနနီးစပ်လို့ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထားကြိုးချင်းငြိရတဲ့ အနေအထားမျိုးရောက်ရတာ သဘာဝဖြစ်တယ်။

ဒါပေမယ့် စိတ်ဓာတ်တည်ကြကဲ့လူ၊ ခိုင်မာတဲ့ လူတွေဟာ သဘာဝကို လွန်ဆန်နိုင်ရမယ်..။

သဘာဝရဲ့ သွေးဆောင်မှုနောက်မှာ လူရောစိတ်ပါ ပါသွားရတာမျိုးကို မဖြစ်စေချင်ဘူး။

ငါလိုစိတ်ဓာတ်မျိုး နင့်မှာ ရှိစေချင်တယ်၊ နင်က ယောကျ်ားလေးဆိုတော့ ပိုပြီးတော့တောင် စိတ်ဓာတ် ကြံ့ခိုင်ရမယ်။

ငါက တစ်ချက်ခုတ်နှစ်ချက်ပြတ် စီစဉ်လိုက်တာ။

နင့်စိတ်ဓာတ်ကိုလည်း စမ်းသပ်ရင်း မိသင်းကိုလည်း ကူညီရင်းပေါ့။

နင်က ရေငတ်တုန်း ရေတွင်းထဲကျတာပဲလားမသိဘူး ငါ့စီစဉ်မှုအပေါ်မှာ 'ဒေးဗစ်လည်းရှိတာပဲ၊ ဒေးဗစ်သူငယ် ချင်းတွေခေါ်စေခင့်လည်း ရပါတယ်' ဆိုတဲ့ ဆင်ခြေမျိုး လုံးဝမပေးဘူး။

ဒါကြောင့် ငါကလည်း လှအေးကိုပါ အဖော်အဖြစ် ဆွဲထည့်ပေးရတာ။

ငါ့ကိုငါ ထိန်းနိုင်ပြီဆိုမှ ငါ ကားကို မောင်းထွက် ခဲ့တယ်။





တစ်ခါတစ်ရံမှာလေ……

လူတွေဟာ မိမိရယူလိုမှုတစ်ခုအတွက် စွန့်စားမှု တစ်ရပ် ရင်အနာခံပြီး လုပ်ဆောင်တတ်ကြတယ်ဆိုတာ ငါတော့ ယ်တွေ့နဲ့ နားလည်လက်ခံလိုက်ပြီ ကျော်ဝေ….

အောင်မြင်မှုတစ်ခုကို ရရှိဖို့အတွက် စွန့်စားမှု၊ ကြိုးစား အနစ်နာခံမှု စတဲ့ အမှုပေါင်းများစွာ ရှိနေတတ်တယ် ကျော်ဝေ…… ။

ငါ့စွန့်စားမှုမှာ ငါမျက်ရည်စတွေကို စတင် စတေးနေ ကျော်ဝေ….။

အဟင်း….နှလုံးသားကိစ္စမှာ အောင်မြင်ခြင်း သို့မဟုတ် နိမ့်ခြင်းဆိုတဲ့ ရလာဘ်တစ်ခုခု ရရှိဖို့အတွက် နှလုံးသား စတေးခံပြီး စွန့်စားရတယ်ဆိုတာ ငါသင်ခန်းစာရ ပြီ ကျော်ဝေ….။

တော်သေးတယ်၊ အဲဒီနေ့က ကားအက်ဆီးဒင့်ဖြစ်တော့ ။ ဒါပေမယ့် သတိကောင်းလို့ ပွတ်ခါသီခါနဲ့ လွတ် ခဲ့ရတယ်။

အိမ်ကို ချောချောမောမောနဲ့ လူကတော့ ရောက်ခဲ့ပါရဲ့။ စိတ်က ဒုက္ခိတအဖြစ်နဲ့ရောက်လာခဲ့ရတယ် ကျော်ဝေ….။

နင့်ကို သူငယ်ချင်းအချစ်နဲ့ပဲ ချစ်သွားနိုင်တယ်လို့ ထင် ခဲ့တဲ့အထင်ဟာ အခုမှ မှားယွင်းသွားမှန်းသိရပြီ။

အချိန်တန်အရွယ်ရောက်လို့ ချစ်သူဆိုတဲ့ ဘဝအဆင့်ကို တမ်းတတ လိုအပ်တဲ့အခါမျိုးမှာ နင့်မျက်နှာကလွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာယ်သူ့မျက်နှာကိုမှ မမြင်ဘူး။ အဲဒီ နှင့်ကိုချစ်နေတဲ့ ငါ့ မသိစိတ်ကြောင့်ပဲလို့ ငါထင်တယ်။

နှင့်ကို ငါချစ်တဲ့ အချစ်က သူငယ်ချင်းထက် ကျော် သွားပြီဆိုသာ သိလိုက်ရတဲ့နေ့ဟာ တတိယ အကြိမ်မြော ငိုပွဲဆင်ရတဲ့နေ့ပဲလို့ ငါမှတ်တမ်းတင်ထားရမှာပဲကျော်ငေ နှင်ကတော့ သိမှာ မဟုတ်ပါဘူး။

* * *



"ငါလေ....အမှန်တော့ 'အချစ်' ကို 'စမ်းသပ်ခံပစ္စည်း' တင်ခုံအနေနဲ့ သဘောထားခဲ့မိတာကိုး"

# အခန်း (၁၇)

နှင်နဲ့ မိသင်းကို သစ်ပုတ်ပင်အောက်ကထားခဲ့ပြီး ငါထွက် ခဲ့တယ်။ နှင်တို့ မမြင်သာတဲ့ နေရာကနေ ငါနောက်လှည့် ကြည့်မိတယ်။ ချက်ချင်း မျက်နှာလွှဲလိုက်ရတယ်။

မိသင်းက နှင့်ရင်ခွင်ထဲ ရောက်နေပြီကိုး....

ငါ့ခြေလှမ်းတွေဟာ ကြမ်းပြင်နဲ့ ထိတွေ့မှုမရှိတော့ဘူး။ ငါသက်သက်မယ်, နှင့်တို့ကိုထားပြီး ရှောင်ထွက်ခဲ့တာ ဒါပေမယ်, ဒီလောက်မြန်မြန် ဖြစ်သွားလိမ့်မယ်လို့ ငါ ထင်မှတ်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မိသင်းကို ငါသနားသလို၊ နင်လည်း သနားသွားပြ
ဆန့်ကျင်ဘက် လူသားတွေ အသနားပိုတော့ အချစ်ပါသွား
မှာပေါ့နော်။

ကိုယ့်အဘတ်နဲ့ကိုယ်စူး ငါ့ရင်ထဲ စူးဝင်နစ်နေပေမယ်
ငါဖြေသာပါတယ်။

အချစ်ဆုံးသူ နှစ်ယောက် ချစ်သွားခြင်းကို ငါ ဂုဏ်
နိုင်အောင် ကြိုးစားရတယ်။

စတုတ္ထအကြိမ်မြောက် ငါမျက်ရည်ကျရတယ်....။

ဆလုမဆီမှာ စာသွားမေးမယ်လို့ ညာခဲ့တဲ့ ငါဟာ
တက္ကသိုလ်စာကြည့်တိုက်ရဲ့ စားပွဲတစ်နေရာမှာ ထိုင်ရင်းမျ
ရည်ကျရပြန်ပြီလေ။

မိန်းမသားတွေရဲ့ အားကိုးရာ လွက်နက်ဟာ မျက်ရ
လက်နက်က လွဲပြီး ဘာရှိနိုင်ဦးမှာလဲ ကျော်ဝေ။

ငါလေ ...အမှန်တော့ 'အချစ်' ကို 'စမ်းသပ်ခံပစ္စည်း
တစ်ခုအနေနဲ့ သဘောထားမိခဲ့တာကိုး....

ငါမာနနဲ့ငါကြိတ်ပြီး ခံစားရတော့မှာပဲဆိုတာသဘာ
ပေါက်လာပြီ။ ဒါပေမယ့် နှောင်းသွားပြီလို့ ဆိုနိုင်မလာ
ဘဲ....။

ငုံးဆူ လူမသိသလိုပေါ့ အုံးပုန်းငါ့ရင်တွင်းအပူကို လူမ
နိုင်ပါဘူး။

ဒါပေမယ့် ငါဖြေနိုင်တယ်။ ဟုတ်တယ် ငါ့သော
ဖြေနိုင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့။





နံပါတ်တစ်အချက်အနေနဲ့က ဆင်းရဲတာဟာ အပြစ်တစ်ခု မဟုတ်ပေမယ့် ငါ့ဖေဖေက ဆင်းရဲခြင်းကို အပြစ်တစ်ခုလို ရှုံးမယ်ဖွဲ့ပြီး နင်နဲ့ ချစ်မိသွားမှာစိုးလို့ ငါ့ကို ပဲခူးပို့ပစ်လိုက်တာပဲကြည့်။ အဲဒီတော့ မိဘသဘောမတူတဲ့ ကိစ္စကို ငါ အမိုက်မခံရဲဘူး။

နင့်အိမ်က မာလကာသီးလောက်သာ ငါစားပြီးမို့စင်းကောကိုတော့ ဆန်ပျော့နဲ့ချက်ပြီး လုပ်ကျွေးလို့ စားနိုင်ခဲ့တယ်။

အခြေခံ လူနေမှုခြင်း ကွာခြားတယ်။ ငါက ထမင်းနည်းနည်းမာရင်တောင် မစားဘူး ချက်ချင်းပြန်ချက်ခိုင်းတဲ့ လူဆိုတော့ ငါအဆင်းရဲမခံနိုင်ဘူး။

နင်နဲ့ငါကြိုက်သွားရင် ဖေဖေတို့ ဘယ်နည်းနဲ့မဆိုခွဲမှာပဲ၊ ခွဲရင် ချစ်ပြီးမှဆိုရင် အလူးအလဲ ခံစားရလိမ့်မယ်၊ အဲဒီလို ခံစားရရင် ငါ ရည်မှန်းထားတဲ့ ဘွဲ့တွေမရဘဲ ဖြစ်သွားလိမ့်မယ်...

နောက် နံပါတ်နှစ်အချက်က....

မိသင်းဟာ စိတ်ပျော့တယ်၊ ပတ်ဝန်းကျင်ရဲ့ဆွဲဆောင်မှုနောက်ကို လိုက်ပါလွယ်တယ်၊ တကယ်လို့ သူဟာ နင့်အချစ်ကိုမရရင် ဘယ်လိုဖြစ်သွားနိုင်သလဲဆိုတာ ငါစဉ်းစားရမယ်။

နင့်ကို ဘယ်လောက်အထိ ချစ်သလဲဆိုတာ ငါ သိနေတော့ သူ့အချစ်ကို ငါ ဥပေက္ခာပြုထားလို့ မရဘူး။

www.burmeseclassic.com



ငါ တစ်ကိုယ်ကောင်းမဆန်ချင်ဘူး။

ပြီးတော့ မိသင်းဘဝဟာ သနားစရာကောင်းသည်ထက် ကောင်းလာပြီလေ။

ဒီလို သောကကြားမှာ ထပ်ဆင့်ပြီး အချစ်ရေးကိုပါ ဆုံးရှုံးလိုက်ရမယ်ဆိုရင် သူခံနိုင်ရည်ရှိတော့မှာမဟုတ်ဘူးလို့ ငါ တွက်မိတယ်၊

ဒါကြောင့် ဒုတိယအချက်မှာ မိသင်းတို့အတွက် ငါ နှလုံးသားကို စတေးလိုက်တာ။

နံပါတ်သုံးအချက်က....

နင့်ကို ငါမကျေနပ်လို့ဘဲ။

နင့်စိတ်ထဲ ဘာရှိနေသလဲတာ ငါရိပ်မိပါတယ်၊ ဒါပေမယ့် နင်ဟာသတ္တိမရှိဘူး၊ နင်ဟာ ဘဝတက်လမ်းကို လောဘစဉ်ကြီးစားအားထုတ်ရှာဖွေနေတဲ့လူတော်လူကောင်း တစ်ယောက်ပဲ။

ဒါပေမယ့် နှလုံးသားရေးရာမှာ နင်သူရဲဘောကြောင် တယ်။

နှလုံးသားကိုညာတယ်၊ နင့်နှလုံးသားကို မာနနဲ့သနားခြင်းတွေရောပြီး လှည့်ဖြားယူတယ်။

နှလုံးသားရေးရာမှာ နင်ဟာ လူညံ့တစ်ယောက် ဖြစ်တယ်။

အဲဒါကို ငါမကျေနပ်ဘူး၊ ဒါပါပဲ။





ဒါပေမယ့် ခြုံငုံ သုံးသပ်ပြီးတော့ ဖြစ်သင့်တယ်ထင်တဲ့ အရာကို ဖြစ်ချင်တဲ့ဆန္ဒထက် ဦးစားပေးသွားတဲ့နင့်ကို ချီး ကျူးပါတယ်။

နင့်ဆုံးဖြတ်ချက် မှန်သွားမှာပါ။

ဘာဖြစ်လို့လဲဆိုတော့

နင်ဟာ သူ့ချစ်ကိုရရှိသွားလို့ပဲ။

ပြီးသွားပြီ၊ အားလုံးအခြေအနေတွေ တည်တည်ငြိမ်ငြိမ် ဖြစ်သွားပြီလို့ ငါယူဆခဲ့ပေမယ့် ငါ့ရဲရင်ထဲမှာတော့ ဖူး [illegible]ကနေ မပွင့်နိုင်သေးတဲ့အချစ်ပန်းမှာ သောကဒဏ်ရာဒဏ် ချက်တွေနဲ့ အလူးအလဲပါပဲ။

အိုပုန်းသီး လေးတွေကို ကြိုက်တတ်တဲ့ ငါ့စိတ်ထဲ အ[illegible] [illegible]းပူများ ကိန်းအောင်းနေသလား မပြောတတ်ဘူး။

* * *

www.burmeseclassic.com

www.burmeseclassic.com

"သားသမီးတွေရဲ့မျက်နှာကိုကြေးမုံပြင်တစ်ချပ်လိုကြည့်ရှုတတ်တာ မိဘတွေရဲ့ မေတ္တာတရားပဲထင်ပါတယ်။"

အခန်း (၁၈)

မိသင်း အဖေဆုံးတယ်။

နှင့်နှလုံးသားရပ်ဝန်းတည်ရာကို ငါကောင်းကောင်းမြင်လိုက်ရပြီ။

နှင်သိပ်ခံစားလိုက်ရတယ်ဆိုတာ ငါသိတယ်၊ ဒါပေမယ့် ငါဥပေက္ခာပြုလိုက်တယ်။

ခံပေဦးတော့ ပျော့ညံ့တဲ့သူတွေရဲ့ တမြည့်မြည့် ခံစားမျိုး နှင်ခံစားပေတော့။

အဟင်း....နှင့်ကိုသာပြောတယ်။

ငါလဲ နှင့်လိုပဲ။



တစ်ဖက်သားကို အထူးသဖြင့်အားနဲ့သူကို ညှာတာဖေးထက်တဲ့ ငါတို့စိတ်ထားတွေကြောင့် 'အချစ်'ကို ဆုံးရှုံးသွားကြပြီဆိုတာ သိလိုက်ရတယ်။

ဒါပေမယ့် ဒီဆုံးရှုံးမှုတွေဟာ ဖြစ်သင့်တဲ့ ဆုံးရှုံးမှုတစ်ရပ်အနေနဲ့ ဖြေသာအောင် ကြိုးစားနိုင်ရမှယ်။

မိသင်းဟာ နှင့်ရင်ထဲ အားပါးတရ တိုးဝင်ငိုကြွေးနေတာကိုရော နှင်က မိသင်းကိုဖက်ပြီး ဖြေသိမ့်နေတာကိုကြည့်ပြီး မျက်ရည်ကြားက ပြုံးမိတယ်။

ဖြစ်သင့်တယ်ထင်လို့ ရင်အနာခံပြီး ဆောင်ရွက်ခဲ့ရတဲ့ကိစ္စမှာ ဒီလောက်တော့ ခံစားရမှာပေါ့လေ။

'ဒေါ်လီ့ အခြေအနေ ဘယ်လိုလဲ'

မိသင်းအတွက် သောက်ရန့်မကင်းရှာတဲ့ သူ့မိခင် ဒေါ်ရေစီက မေးရှာတာ။

'ကောင်းသွားပါပြီ'

'တော်ပါသေးရဲ့ကွယ်'

သားမိုက်အတွက်လည်းကောင်း၊ ခင်ပွန်းအတွက် လည်းကောင်း၊ ခံစားရသော ဝေဒနာတို့က အလူးအလိမ့် ဖြစ်ရှာရှာနှံတွသည်။ ယခု မျက်ရည်ပင်ကျစရာရှိတော့ဟန်မတူ။

'မောင်ကျော်ဝေနဲ့ သမီးစကားကိုတော့ နားထောင်ရှာသားပဲ၊ သမီးတို့ကို သူတော်တော်ချစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် အန်တီ'

မျက်ရည်စကိုသုတ်ပြီး လူကြီးလူကောင်းဟန် လုပ်ရတာ သိပ်ချစ်စရာကောင်းတာပဲ ကျော်ဝေ....။

ဒီတစ်ခါ ကူညီမှုမှာ ကျိုးကဲ အရွယ်ရောက်လာတော့ အပေါင်းအသင်းတွေနဲ့ဖြစ်လာလို့ နင်ညအိပ်ညဥ့်နေ မ တော့ဘူး။

ဒါပေမယ့် နင့်ကို ငါ့ကားနဲ့ပြန်ခေါ်ပြီး ပို့ပေးလို့ မဖြစ်နိုင်ဘူး၊ ငါ့စိတ်ကို ငါနိုင်ချင်မှနိုင်မယ်၊ လောလော လတ်လတ်ဖြစ်ပေါ်နေတဲ့ လှုတ်တလောဝေဒနာဟာ ပေါက် ကွဲမှုတစ်ရပ်ကို ဖြစ်ပွားစေတတ်လို့ပဲ။

ဒါကြောင့်——

'သမီး... ဘတ်စ်သုံးစီးနဲ့ သမီးကားလေး အကူအညီပေး မယ်အန်တီ ဘာလိုသေးသလဲ၊ ငွေကောလို သေးသလား'

'ငွေကတော့ သမီးမေမေနဲ့ ပြောထားပြီးပါပြီ၊ သူတို့ လာတော့ ယူလာလိမ့်မယ်'

'ဒါဖြင့်....သမီးပြန်မယ်၊ မိသင်းတို့မေးရင်လဲ ပြန်သွား ပြီလို့ပြောပေးပါ အန်တီ'

'အေးအေး....မောင်ကျော်ဝေကိုတော့ အတင်းဆွဲထား ရဦးမှာပဲ'

သူတို့မိသားစုက နင့်ကိုလိုလားကြတယ်ကျော်ဝေ၊ အ ထားကြတယ်ဆိုတာသိရတော့ ငါကျေနပ်ပါတယ်။





ရင်အနာခံရကျိုး နပ်တာပေါ့ဟာ။

ငါပြန်ခဲ့တယ်၊ ဒီတစ်ခါ ငါနောက်ဆုံးအကြိမ်အဖြစ် မျက်ရည်ကျလိုက်တယ်၊ ပဌမအကြိမ်မြောက်ကျခြင်းပဲ။

ဒါပေမယ့် နောက်ဆုံးဖြစ်ရတော့မယ်။

နင်နဲ့မိသင်းရဲ့အချစ်ရေးမှာ ငါဟာ ခလုတ်ဆုံးညှောင့် မဖြစ်စေရဘူး။

ငါ့ရဲ့အုံ့ပုန်းပူကိုလူမသိအောင်ပြည်ဖုံးကားချထားလိုက် တော့မယ်။

ဘယ်သောအခါမှ ငါ့နှလုံးသားရပ်ဝန်းတည်ရာအရပ်မှာ နင်ရှိနေတယ်ဆိုတာကို ဘယ်သူ့မှမသိစေရဘူး။

အသည်းတံခါးကိုပိတ်ပြီး တိတ်တိတ်ကလေးပဲ နေတော့ မယ် ကျော်ဝေ——။

အိမ်ရောက်ခါနီးမှာ ငါကားကိုရပ်ထားပြီး သောကမျက် ရည်စီးကြောင်းတွေရဲ့ နှိပ်စက်ထားတဲ့ ငါ့မျက်နှာကို ပြုပြင် ရတယ်။

ဒီအချိန်ဆိုရင် ဖေဖေကောမေမေကော အိမ်မှာရှိနေကြ မယ်လေ။

ငါမျက်စိမျက်နှာပျက်နေမယ်ဆိုရင်ချက်ချင်းသိကြတယ်။

သားသမီးတွေရဲ့ မျက်နှာပြင်ကို ကြေးမုံပြင်လို ကြည့်ရှု တတ်တာ မိဘတွေရဲ့မေတ္တာတရားပဲထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့....

'သမီး ထမင်းများစားခဲ့သေးသလား'

'မစားပါဘူး မေမေ'

'တော်သေးတာပေါ့၊ ညည်းဖေဖေက ထမင်းစားစောင့်နေလို့လေ'

'သမီးလဲ ဖေဖေတို့စောင့်နေမယ်ထင်လို့ မစားခဲ့တာပါ'

'သမီး ရေချိုးဦးမှာနော်'

'မြန်မြန်ချိုးနော်'

'ဟုတ်ကဲ့'

တော်သေးတယ်၊ ဘာမှမပြောလို့။

'ဩော်.... ဒါထက်သမီး'

ဖေဖေ့အသံကြောင့် ငါတုန်လှုပ်သွားတယ်။

'ဟုတ်ကဲ့ဖေဖေ'

မောင်ကျော်ဝေတစ်ယောက်ကော အဲဒီအိမ်မှာလား'

'ဟုတ်ကဲ့ သမီးပို့ပေးခဲ့ပါတယ်'

'သူတို့လူငယ်ချင်း အစဉ်ပြေကြရဲ့လား'

'ပြေကြပါတယ်၊ ဘာဖြစ်လို့လဲဖေဖေ'

'ဩော်.... ဘာသာမတူတော့ အခက်အခဲလေးတွေ အထစ်အငေါ့လေးတွေများ ဖြစ်နေမလားလို့ပါ'

'ဒါတော့ သမီးမသိဘူး'





'ကဲပါ အဖေကြီးရယ်၊ ကလေးရေချိုးပါစေဦး။ ကျွန်မတို့လည်း ထမင်းစားပြီးရင် ဒေါ်ဂရေစီတို့ဆီ ကျွန်မတို့သွားရဦးမှာပဲဟာ'

'အေး....အေး.... သွားသွားသမီး'

ဖေဖေရဲ့အမေးက ထူးဆန်းတယ်လို့ ငါထင်တယ်။

ရေမြန်မြန်ချိုးပြီး ဆင်းလာတော့ အိမ်ရှေ့မှာ ဖေဖေတို့မရှိတော့ဘူး ထမင်းစားခန်းရောက်နေပြီ။

နင်သိတယ်မှတ်လား။ ငါဟာ ပြည့်စုံသောဘဝမှာ ကြီးပြင်းခဲ့ရတာ။ ဒါပေမယ့် ငါဟာပြည့်စုံတယ်၊ ချမ်းသာတယ်ဆိုပြီး ဘဝင်မြင့်တတ်တဲ့ မိန်းကလေး မဟုတ်သလို ပေါ့ပေါ့လေး နေတတ်သူမဟုတ်ဘူးဆိုတာ နင်သိပါတယ်။

ဖေဖေဟာ ငယ်စဉ်ကတည်းက ပညာတစ်ဖက်၊ ဝမ်းစာတစ်ဖက် ကြိုးစားခဲ့သူ။ မေမေက မင်းမျိုးမင်းနွယ်ဆိုပြီး နန်းဆန်ဆန်ကြီးပြင်းခဲ့သူ။

သူတို့နှစ်ဦးပေါင်းစုံပြီး ငါတစ်ယောက်ထဲကို ဖွားမြင်တယ်။

ဒီတော့....

ငါဟာ ဖေဖေရဲ့ ဦးနှောက်ကို လိုက်နိုင်သလို ထီးနန်းဆန်ဆန် မိန်းမပီသမှုအမွေအနှစ်ကို ရခဲ့တယ်။ ဒါကြောင့် ဘယ်သွားသွား ဘာလုပ်လုပ် အသံမကြားရဘူး၊ ငါတအားလျှောက်ရင်တောင် သူများတွေ ချွတ်နင်းသလောက်ပဲရှိတယ်ဆိုတော့ ငါထမင်းစားခန်းဝ ရောက်နေတာကို ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မေ့မေ မသိကြဘူး။ ငါမရောက်သေးဘူးအထင်နဲ့ ပြော နေတဲ့စကားတွေဟာ ငါ့ရဲ့နှလုံးသားကို မိုးကြိုးသွား မှန်ခံရသလို ခံစားချက်တစ်ရပ်တောင် ရှာဖွေမသိရှိအော ဖြစ်သွားတယ်။

'နို့ ဖေကြီးပဲ ဒီကောင်လေးနဲ့ သဘောမတူဘူးဆို'

'အေး— ကိုးတန်းကျောင်းသား ကျော်ဝေဘဝတုန်းက ဆိုက်ကားသမားနဲ့ အကြော်သည်သားမို့လို့ သဘောမ နိုင်ဘူး၊ အဲဒီလိုကြားကာလဘဝမှာ မိုက်ခဲ့ကြောင့် ဖြစ်လာ ပြဿနာပေါ် အခြေခံပြီး လူငယ်ချင်း သနားလှန်ရာ သဒ္ဒါလှန်ပြီး တဏှာကျွံသွားမှာ စိုးရိမ်လို့ ငါပဲ တမင် ခဲ့တာ။ ဒါပေမယ့် ဒီနေ့ ကျော်ဝေဟာ ဘယ်လူငယ်တွေ မှာမှ မတွေ့ရတဲ့ ရိုးသားကြိုးစားခြင်းနဲ့ အမြင့်ကို တစ်နေ့ တခြား တက်လှမ်းလာနေတဲ့ လူငယ်တစ်ယောက်ဖြစ်တာ တွေ့ရတော့ ငါကိုယ်တိုင် စိတ်ဝင်စားလာမိတာ အမှန်ပဲ'

'အဖေကြီးက မိုးလွန်မှထွန်ချနေတာကိုး၊ မောင်ကျော် ဝေနဲ့က ဒေါ်ဂရေစ်သမီးနဲ့ ရည်ငံသွားကြပြီလေ'

'အင်း.... ဘာသာချင်းမတူ လူနေမှုစရိုက်ချင်းမတူညီတဲ့ သူတို့လူငယ်နှစ်ဦးရဲ့ မေတ္တာတရားဟာ ခိုင်မြဲပါ့မလားလို့ တော့ ငါသံသဝင်တယ်'

'ဖူးစာမှန်သူချင်းတော့ ပေါင်းစုံရမှာပဲပေါ့ ရှင်ရယ် ဘာပဲဖြစ်ဖြစ် ကျွန်မတော့ ကျွန်မသမီးရဲ့ အုံပုန်းရင်တွင်း





ခံစားချက်ကို ရှိနေတော့ ဘယ်နည်းနဲ့မှ စိတ်မချမ်းသာနိုင် ဘူး။'

ကျုပ်လည်း ဒီလိုပါပဲ၊ ဖြစ်နိုင်ရင် မောင်ကျော်ဝေကို အရုပ်တစ်ရုပ်လို ငွေနဲ့ဝယ်ပြီး ငါ့သမီးကို ပေးချင်တာပေါ့၊ ဒါပေမယ့် မောင်ကျော်ဝေတဲ့ သူငယ်ဟာလည်း ငါ့လို ပဲ အာမေတန်ခေါင်းမာစွာနဲ့ သူများနှာခေါင်းပေါက်နဲ့ အသက်ရှူတဲ့အကောင်မဟုတ်တော့ ခက်တယ်'

'ကဲပါအဖေကြီးရယ်၊ သမီးလည်း ဘာမှ ဆိုးဆိုး ရွားရွား ခံစားနေရတာမဟုတ်ပဲ၊ ကျွန်မတို့မသိသလိုနေပြီး မျက်ခြေမပြတ် စောင့်ကြည့်ကြတာပေါ့၊ လိုအပ်လာရင်တော့ ကမ္ဘာမီးလှောင် သားကောင်ချနှင်းရမှာပဲ၊ သမီးစိတ်ချမ်း သာဖို့အတွက် စည်းစိမ်ပြုတ်ချင်ပြုတ်သွားပါစေ၊ ကျွန်မတို့ ဖန်တီးပေးရမှာပဲပေါ့ ဖေကြီးရယ်'

'ကဲ....ကဲ ... ဒီစကား ဒီတင်ပဲရပ်တော့ ကြမ်းကြားလေ ကြား သမီးရောက်လာရင် ခက်မယ်'

ငါဘယ်လို ခံစားလိုက်ရတယ်ဆိုတာ နှင့်ကို မပြောပြ တတ်အောင်ပဲ ကျော်ဝေ၊ နှင်ရယ် မိသင်းရယ် ဇာတ်လမ်း မှာ ငါသာလျှင် အခရာဖြစ်တယ်ဆိုတာ ငါသဘောပေါက် လိုက်ပြီ။ ဒါကြောင့် ငါ့ရဲ့စေတနာအရင်းခံနဲ့ တည်ဆောက် ပေးထားတဲ့ နှင်တို့ရဲ့ မေတ္တာကလေး၊ ငါ့ကြောင့် ဆိတ် သုဉ်းပျက်စီးသွားရတာမျိုး ဘယ်သောအခါမှ မပျက်စီး စေရဘူးဆိုတာ ငါကတိပေးပါတယ်။

www.burmeseclassic.com



ငါ့နှလုံးသားထဲက ကျော်ဝေကို အဲဒီအချိန်ကစပြီး အပြီးတိုင် ထုတ်ပယ်လိုက်ဖို့ ငါသန္နိဋ္ဌာန်ချလိုက်ပြီ။

နှင်နဲ့ မိသင်းတို့ရဲ့ ချစ်ကမ္ဘာကလေး နှင်တို့သက်တမ်းနှင့်အတူ တည်တံ့ခိုင်မြဲပါစေလို ငါဆုတောင်းလိုက်တယ်။

ငါ့နှလုံးသားထဲက အပြီးတိုင် ထွက်သွားပေတော့ ကျော်ဝေ....။

* * *



"ချစ်သူချင်းယုယကြင်နာခြင်း၊ချွဲနွဲ့ခြင်း၊ ချစ်သင်္ကေတလေးတွေ ဖူးပွင့်ခြင်းဆိုတာ ဘယ်သူမှ သင်စရာမလိုပဲ အလိုအလျောက် တတ်ကြတဲ့အတတ်ပညာတစ်မျိုးပါ...."

အခန်း (၁၉)

ဆုံးဖြတ်ချက်ချပြီးတဲ့အတိုင်း နှင်နဲ့ငါ အဆက်အသွယ်သိပ်မလုပ်တော့ဘူး၊

ဒါပေမယ့်ကင်းလို့မရပြန်ဘူး။ ငါ့အိမ်မှာငါဘီအက်စ်စီဘွဲ့ကို အထူးအောင်မြင်ခဲ့တဲ့အနေနဲ့ ဂုဏ်ပြုထမင်းစားပွဲကျင်းပပေးတယ်။

အဲ့ဒီနေ့မတိုင်ခင်ကတည်းက မိသင်းဟာ အိမ်မှာနှစ်ညလာအိပ်တယ်။ သူခံစားချက်တွေ ရင်ဖွင့်တယ်။ အထူးသဖြင့် မိန်းမသားတွေရဲ့ သနားစရာလောကတွေကြောင့်ပေါ့ ကျော်ဝေ။

www.burmeseclassic.com



မိသင်း လောဘရှိနေတယ်။

လောဘဟာ လူခြင်း ငါစာနာပါတယ်။

လူတိုင်းဟာ လောဘနဲ့ မကင်းနိုင်ကြဘူး။

ငါလည်းလူပဲ လောဘရှိတယ်၊ ငါရှိတဲ့လောဘ ပညာလောဘ။

နင်ရှိတဲ့လောဘက နင့်ဘဝမှာ မရရှိခဲ့ဘူးသေးတဲ့ရာထူး ဂုဏ်ရှိန် စည်းစိမ်ဟူသမျှ ရရှိဖို့ လောဘ။

မိသင်းကလည်း ထို့အတူပါပဲ သူငယ်စဉ်ကနေ သူ့ဖခင် ရောဂါမဖြစ်မီအချိန်ထိ နေခဲ့ရတဲ့ဘဝမျိုး ပြန်လည်ရရှိလိုတဲ့လောဘ .. ပြီးတော့ အချစ်လောဘ။

နင့်ဆီက အေးစက်တဲ့အချစ်ကို သူသံသယဝင်နေတယ်၊ သူ့ကိုမှ နင်တကယ် ချစ်ရဲ့လားလို့ သံသယဝင်ပြီး နင့်ဆီကတစ်သက်မှာ တစ်ယောက်တည်းကိုသာ စွဲစွဲမြဲမြဲချစ် နှစ်နှစ်ကာကာချစ်တဲ့ အချစ်ကိုလိုချင်နေတယ်။

ငါရင်မောလိုက်တာ။

စိတ်ရှုပ်လို့ မြစ်ကမ်းနံဘေး သွားထိုင်ပါတယ်၊ သပွတ်အူမျောလာတာနဲ့ ကြုံရတဲ့အဖြစ်မျိုး....။

'ယူ့သူငယ်ချင်းက အိုင့်အပေါ်မှာ အေးအေးစက်စက်ကြီး'

'သူနေတတ်လို့ ဖြစ်မှာပါ'

'ချစ်သူတွေရဲ့ သဘာဝကို သူမသိသလိုပဲ၊ အဲဒါယူပြောပေးဦး'





'ဟောတော့၊ ငါက ရည်းစားမှ မထားသေးဘူးဘူး၊ ရည်းစားတွေရဲ့ သဘာဝကို ငါသိပါ့မလား'

'ချစ်သူချင်း ယုယကြင်နာ ချွဲနွဲ့ခြင်း ချစ်သကော်တလေးတွေ ဖူးပွင့်ခြင်းဆိုတာ ဘယ်သူမှ သင်စရာမလိုပဲ အလိုအလျောက်တတ်ကြတဲ့ အတတ်ပညာတစ်မျိုးပါယူရာ၊ အဲဒါကို သူမသိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား'

'မိသင်းက စကားကို ပွင့်လင်းလှပစွာ ပြောပေမယ့် ငါမျက်နှာပူတယ် ကျော်ဝေ....

'မိသင်းရာ သူမချွဲ၊ ကိုယ်က ချွဲပေါ့ဟာ၊ သူက ဘာသားနဲ့ ထုထားတာမို့လို့လဲ'

ငါအဲဒီလိုတော့ ပြောလိုက်မိတယ် ကျော်ဝေ....။

'အိုင် နိုင်ငံခြားသွားမယ်ဆိုတာကို ဒေါ်ကန့်တယ်လေ၊ အမေကျော် ဒွေးတော်လွမ်းတယ်ဆိုတာတို့ စုံနေတာပဲ'

'ဒါကတော့ ဟုတ်တာပဲမိသင်းရယ်၊ ဒီမှာပဲအလုပ်လုပ်ကြည့်ပါလား တိုဘိုးဘွား အဖေအမေတွေဟာလည်း ငါတို့တိုင်းပြည်ကထွက်တဲ့ သယံဇာတတွေအပေါ်မှာပဲ မှီတင်းပြီး ချမ်းသာလာကြတာပဲကွယ်၊ လုပ်တတ်ရင်ဖြစ်ပါတယ်၊ နင်လည်း ပညာတတ်ပဲဟာ၊ ပညာနဲ့ အသက်မွေးလို့ရပါတယ်'

'ဒါပေမယ့် ကြီးပွားချမ်းသာမှုကို အလွယ်တကူမရနိုင်ဘူးလို့ ထင်တယ်။ မေ့ခင့်ကိုပဲ ကြည့်'

www.burmeseclassic.com



ဩော်....သူတောင် နင့်ကို တို့မြန်မာမိန်းမသားတွေရဲ့ ရိုးသားသော်လည်း အမြဲတန်းဆန်းသစ်နေတဲ့ အခေါ်အဝေါ်တစ်ရပ်ကို ခေါ်တတ်နေပြီပဲ။ 'မောင်'တဲ့လားကွယ်....

'ငယ်ငယ်ကတည်းက ကိုယ့်ဒူးကိုယ်ချွန်ပြီး ရုန်းကန်လာခဲ့တာ ဘွဲ့ရပြီးတဲ့အထိ၊ ဘယ်လောက်များ ထူးခြားလာလို့လဲ'

'ထူးသားပဲ၊ စာစီကနေ စာပြင်ဖြစ်လာပြီ။ အချိန်ပိုင်း ကျူရှင်ပြနိုင်တယ်၊ သူ့လစာနဲ့ အဖေဆိုက်ကားမနင်းရတော့ဘူး၊ အမေက အကြော်မရောင်းရတော့ဘူး၊ ဒါတွေဟာ ပြောင်းလဲတိုးတက်တာခြင်းတွေပေါ့'

ငါဟာ နင့်ဘက်က ရှေ့နေဖြစ်မှန်းမသိ ဖြစ်သွားတယ်။

'ဟုတ်ပါတယ်၊ ဒါပေမယ့်ကြာတယ်။ ဒီတိုင်းသာဆိုရင် အိုင်တို့အဘွားကြီး ဖြစ်မှပဲ တိုက်နဲ့ကားနဲ့နေနိုင်ရတော့မယ့်ကိန်း ဆိုက်နေတယ်'

'ဘာဖြစ်သလဲ၊ လောကကြီးမှာ ချစ်နဲ့ အတူတကွနေရရင် အရာရာဟာ ပြီးပြည့်စုံတယ်လို့ ဆိုတတ်ကြတယ်'

'ချစ်သူနဲ့လဲနေရ စည်းစိမ်လဲ ရှိရှိဆိုတာ ပိုမကောင်းဘူးလား ယူရယ်'

'ကဲပါ မိသင်းရယ်၊ နင်ရထားတဲ့ဘွဲ့က ကျူရှင်ပြလို့ကောင်းပါတယ် ဝိုင်းတွေမှာ ငါဆက်ပေးမယ်၊ အကြိုအပို့ပါ တာဝန်ယူတဲ့ ဝိုင်းမျိုးလေ'



'အင်းလေ၊ အိုင်လုပ်ကြည့်ဦးမယ်၊ ဒါပေမယ့် ယူသူငယ်ချင်းလဲ နည်းနည်းတော့ ပြောပေးပါဦး.... အိုင့်ကို စိတ်ဆိုးနေတယ်'

မပတ်သက်ချင်ပေမယ့်လည်း မရပါလားလို့.... ငါရင်နင့်ရှာသလောပေါက်မိတယ် ကျော်ဝေ။ နင့်ကိုမှ ငယ်စာရင်းက မပယ်နိုင်ပဲ၊ ပယ်လောက်တဲ့အပြစ်လည်း တစ်စုံတစ်ရာမှ ရှာမတွေ့ဘူးလေ။

'နိုင်ငံခြားသွားမယ်လို့ ပြောရုံသက်သက်နဲ့ စိတ်ဆိုးတာလား'

'မဟုတ်ဘူးထင်တယ်၊ ဟိုစကားကြောင့် ပိုစိတ်ဆိုးသွားတာ'

'ဘာစကားမို့လို့လဲ'

'သူကမသွားနဲ့ လက်ထပ်ပြီး နှစ်ယောက်ဝိုင်းဝန်းရှာဖွေရင် အလွန်ဆုံးဆယ်နှစ်ပါပဲ ပြောလို့ အိုင်ကနှုတ်ခမ်းပုံ့ချင်း မီးမှုတ်တော့ ဘာထူးခြားလာမှာမို့လို့လဲ ပြောလိုက်တာ သူက ရှုံးရှုံးရှားရှားဖြစ်သွားပြီး ခင်ဗျားသဘောပဲ၊ ကျုပ်ကို နှုတ်ခမ်းပဲ့ထင်ရင် မပဲ့တဲ့လူကို ရှာယူတော့ ကျုပ်နဲ့မပတ်သက်နဲ့လို့ ပြောပြီး ထွက်သွားတယ်၊ အဲဒါ အိုင်လေ လိုက်တောင်းပန်ဖို့ ကြိုးစားလဲ သူရှောင် ထွက်သွားတယ်'

မိသင်းက မျက်ရည်စတွေနဲ့လေ။ မိသင်းစကားကြောင့် နင့်ဘက်က ငါနာသွားတယ်။ ဒါပေမယ့် မလာလော



www.burmeseclassic.com

ဆယ်တော့ မျက်ရည်စတွေနဲ့ ချစ်သူရဲ့စိမ်းကားမှုဖြစ်ပယ် မှုကို ခံစားနေရတဲ့ မိသင်းကိုပဲ ဖြေသိမ့်ရတော့မှာပေါ့။

နှင်တို့ကလဲဟာ ကဲကဲ....တိတ်။ ပြောပေးပါ့မယ်၊ လောလောဆယ် နှင်ကိုလည်း ငါတို့ရှာပေးတဲ့ အလုပ်ကိုပဲ လုပ်ကြည့်ပါဦး'

အင်းပါ အိုင်ကြိုးစားကြည့်တာပေါ့၊ ဒါပေမယ့် လေ ဒီမှာတစ်လရှာဝင်ငွေက ဩစတြေးရီးယားမှာ တစ်ရက်ရှာစာပဲရှိတယ်လို့ ဂျိုးကပြောတယ် အိုင်တော့ ငါးနှစ်လောက် စွန့်စားလိုက်ချင်သေးတယ်။

'လောကကြီးမှာ လူတွေဟာ ကိုယ့်ခံယူချက်နဲ့ ကိုယ်ပဲလေ၊ ခံယူချက်ခြင်း မတူညီကြလို့ ချစ်လျက်နဲ့ လမ်းခွဲရတဲ့ အဖြစ်မျိုးတော့ မရောက်စေချင်ဘူး၊ တစ်ဦးတစ်ဦးကို လျှော့ပေးပြီး တတ်နိုင်သမျှ ညှိယူကြပေါ့မဟုတ်ဘူးလား'

ငါဒီလိုပဲ အကြံပေးခဲ့တယ် ကျော်ဝေ။ ငါ့မှာကမျှော်လင့်ချက် ကုန်ဆုံးသွားပြီလေ၊အချစ်နဲ့ ပတ်သက် ငါမျှော်လင့်ချက်ထားနေမယ်ဆိုရင် သူငယ်ချင်းအပေါ်မှာ သစ္စာဖောက်ရာကျလိမ့်မယ်။

အဘက်ဘက်ကပြည့်စုံတဲ့ ငါ့ဘဝမှာ အချစ်မရှိလည်းရပ်တည်နေနိုင်တယ်။ ငါ့ရည်မှန်းချက်လေးနဲ့ ငါ့အောင်မြင်မှုကြိုးပမ်းရင်း ဖြေသာပါတယ်။

နှလုံးသားတောင်းဆိုချက်ဆိုတာ ချုပ်တည်းထားလို့ရတဲ့အရာတစ်ခုပဲ။





ကျော်ဝေ... ဒီကိစ္စမှာ နှင်မှန်တယ်ဆိုတာ ငါသိပေမယ့် မိန်းမသားချင်းကိုယ်ချင်းစာနာမှုနဲ့ နှင့်ကို ငါအမုန်းခံပြီး ပြောရဦးမယ် ကျော်ဝေ....။

ငယ်ငယ်ကတည်းက နှင့်အပေါ် အနိုင်ကျင့်ခဲ့တဲ့ငါ့ကိုတော့ နှင်ရှုံ့ကြောက်ကြီး ဖြစ်ဦးတော့မှာပဲနော်။

နှင့်အပေါ် ငါအနိုင်ယူဆိုးနွဲ့တာကလည်း နှင့်ရဲ့ ခွင့်လွှတ်တတ်တဲ့မနောကို သိနေလို့ပါဟာ။ ပြီးတော့ ဆိုးနွဲ့တယ်ဆိုတာကလည်း ကိုယ်ချစ်တဲ့သူကိုမှ မူချင်နွဲ့ချင်တတ်တာ ငါတို့မိန်းမသားတွေရဲ့ သဘာဝပဲ ထင်ပါတယ်။

နှင် မျက်ခုံးလှုပ်ပေဦးတော့။

* * *



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"တစ်ခါတစ်ရံ....
အချစ်ဆိုတာ နှလုံးသားမှာပဲ ထာဝရ မြုပ်နှံ
သင်္ဂြိုဟ်လိုက်ရတဲ့ အခါလည်း ရှိတတ်ပါ
တယ်။"

အခန်း (၂၀)

မိသင်း ဒီလောက် မိုက်မဲလိမ့်မယ်လို့ ငါမထင်ဘူး။

မိသင်း ထွက်သွားတာ။ ငါစိတ်ဆိုးလို့ မိသင်းကို စကား
မပြောနိုင်အောင် ဖြစ်ခဲ့တယ်။

ဝိုင်းတစ်ဝိုင်းကို တစ်ထောင်နဲ့ ဝိုင်းငါဝိုင်း ငါရှာ
ထားတယ်။ သူ့ခေတ်သူ့အခါနဲ့ဆိုရင် ငွေငါးထောင်
ဈေးမနည်းပါဘူး၊ သူတို့သားအမိနှစ်ယောက်ထဲ လောက်
မကပါဘူး၊ ပိုတောင်ပိုလျှံသေးတယ်။

ဒါနဲ့တောင် သူ မကျေနပ်နိုင်ဘူးဆိုတော့ လူ့အလို
မလိုက်နိုင်တဲ့သဘောမျိုးနဲ့ ငါလက်လျှော့လိုက်ပြီလေ။





နင်နဲ့ပြဿနာတက်တယ်လို့လည်း လူအေးပြောပြလို့ ငါ
သိတယ်။

ငါ နင်တို့ကြားမဝင်တော့ပါဘူး။

ခံယူချက်ခြင်းမတူညီကြတော့တဲ့အတူတူ လမ်းခွဲလိုက်တာ
ကောင်းပါတယ်။

ဒါပေမယ့် ငါက ပိုဆင်ခြင်တယ်၊ နင့်ကို အရင်ကလိုမတွေ့
တော့ဘူး။

မိသင်း တစ်နေ့နေ့တော့ပြန်လာမှာ၊ ပြန်လာရင် အထင်
သေးစရာဖြစ်မှာစိုးလို့ ငါရှောင်တာ။

'သမီး....တယ်လီဖုန်း'

တစ်နေ့မှာ မှတ်မှတ်ရရပဲ နင့်ဆီက ဖုန်းလာတယ်နော်။

'ဟဲလို'

'ပိုးအိ'

နင်နဲ့ငါ တယ်လီဖုန်းနဲ့ ဒါပထမဦးဆုံး အကြိမ်အဖြစ်
စကားပြောတာ၊ ဒါပေမယ့် နင်မှန်းငါသိနေတာ ဆန်း
တယ်နော်။

'အင်း....ကျော်ဝေ ပြော'

'နင့်မိသင်း မနက်ဖြန် ဘန်ကောက်လေယာဉ်နဲ့ သွား
မယ်တဲ့'

'အင်း....သူတို့သားအမိ နှစ်ယောက်စလုံးဆို'

ထွက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ဘာဖြစ်သလဲ'

'နင်သွားပို့မလား'

'ဘာကိစ္စပို့ရမှာလဲ၊ နင်ကော'

'မပို့ပါဘူး၊ ငါ့ကို လှအေးကတစ်ဆင့် လေယာဉ်ကွင်း ထဲဝင်ခွင့်လက်မှတ်တွေပို့ထားတယ်၊ နင်နဲ့ငါ့ကိုပေါ့၊ နင် သွားမယ်ဆိုရင် ငါစာရွက်လာပို့မလို့'

'မပို့နိုင်ဘူးလို့ ငါမိသင်းကိုပြောထားတယ်၊ ငါ့စကားန နားမထောင်ဘဲကျော်ဝေရာ၊ သူ့အတွက် ငါဘယ်လောက် ဖန်တီးပေးခဲ့သလဲဆိုတာ နင်သိပါတယ်၊ ငါ့အဖေကဆိုရင် သူ့အမေချေးသမျှငွေကို ပါးစပ်ကသာ အတိုးနဲ့ပြောပေ မယ်၊ တကယ်တန်းဆပ်ရင် အတိုးအတွက်ငွေကို ပြန်ပေး လိုက်တာ'

'ဩော်....'

'အလုပ်မရှိလို့ မရှိလို့နဲ့ ရှိတဲ့အလုပ်ကြတော့လဲ မလုပ်ချင် ဆိုတော့ ငါတော့ မိသင်းကိုလက်မြှောက်ထားလိုက်ပြီကျော် ဝေ၊ ဒါကြောင့် ငါလိုက်မပို့တော့ဘူး၊ နင်ပဲပို့လိုက်ပါ။

'ငါလဲ မပို့နိုင်ဘူး'

'ဘာဖြစ်လို့'

'စိတ်နာတယ်တာ၊ တော်ပါတော့.... နင် မပို့ဘူးဆိုရင် လို့ ဒီစာရွက်ကို စုတ်ပစ်လိုက်ရုံပဲ'

'သူ ပြန်လာမှာပါဟာ'





'လာတာမလာတာကို ငါအရေးမစိုက်တော့ဘူး၊ သူ့ကို ငါ့ဘဝက အပြီးတိုင်ထုတ်ပစ်လိုက်တော့မယ်'

'ဘာလဲ...နင်က နောက်တစ်ယောက်တွေ့ထားလို့ဒီစကား ပြောတာလား'

'မဆိုင်လိုက်တာ ငါ့ကိုအားမကိုးတဲ့ မိန်းမတစ်ယောက်ကို ငါက ဘာလို့မျှော်လင့်နေရမှာလဲ'

'မိသင်း ပြန်လာရင်ကော'

'မထင်ပါဘူး'

'ငါမေးတာဖြေပါ၊ ထင်တာမထင်တာ အသာထားနင့် င်မြင်ချက်ကို ငါမလိုချင်ဘူး၊ လိုချင်တာ မိသင်းပြန်လာ င်ကော နင့်ရင်ခွင်ကို အားကိုးတကြီးနဲ့ ပြန်လာရင်ပြော ာ၊ အဟင်း—ဟင်း'

နာကျင်လာတဲ့ရင်ကို ခြောက်ကပ်ကပ်ရယ်သံနဲ့ ဖုံးလွှမ်း လိုက်ရတယ် ကျော်ဝေ....။

'ငါ သူဘောတားသေးတတ်တဲ့ယောကျ်ားမဟုတ်ပါဘူး'

'ငါယုံကြည်ပါတယ်၊ ဒါပဲ ကျော်ဝေ'

'ဂွဲလော့က်'

ငါ တယ်လီဖုန်းခွက်ကို ချလိုက်ပြီး ကျောက်ဆစ်ရုပ်လို နေမိတယ်။

ချစ်ခြင်းနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ မာယာတွေ ယာယ်တွေကို ငါနားမလည်ဘူး၊ သုံးလဲ မသုံးတတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သွေးဆောင်ဖြားယောင်းပေးမှ ရေလာမြောင်းပေးဆိုတတ်မှ ရမယ့်ဆိုတဲ့အချစ်မျိုးကို ငါမလိုလားခဲ့ဘူး။

အချစ်စစ်ဆိုတာ ဖန်တီးစရာမလိုဘူး၊ သူ့သဘာဝအ... သူပေါက်ဖွားတတ်တယ်လို့ ငါယူဆထားတာကိုး။

ငါချက်ချင်းပဲ တယ်လီဖုန်းနံပါတ်တစ်ခုကို ကောက်လှ... လိုက်တယ်။

ငါကြားဝင်ဖန်တီးပေးထားတဲ့ အချစ်ဇာတ်လမ်း ဘ... သောအခါမှ မပျက်စီးစေရဘူး။

မိသင်းရဲ့ အဒေါ်အိမ်ကိုဆက်တာ။

'ဟဲလို...ဒေါ်လီ့ကို ကျေးဇူးပြုပါရှင်'

'ခဏနော်'

'...'

'ဟဲလို....ဒေါ်လီပါ'

'မိသင်း'

'ပိုးအိလား၊ မှန်က်ဖြန့် ယူလိုက်ပို့မယ်နော်'

ငါ့ရင်ထဲနင့်သွားတယ်၊ ငါသံယောဇဉ်ဖြစ်ရတဲ့ လူ... အားလုံးရဲ့ လိုအင်ဆန္ဒကို ငါဖြည့်စွမ်းပေးချင်တာ ... ဆန္ဒပါ။

'ငါလေ... စိတ်မခိုင်ဘူး မနှုတ်ဆက်ချင်ဘူး၊ နှုတ်ဆ... ရင်ငိုချင်တယ်၊ ပြီးတော့ နင်ကအပြီးတိုင် ခွဲခွာသွားတာ... မဟုတ်ဘဲနော်၊ မနှုတ်ဆက်တော့ဘူး ပြန်လာမယ်မ... တ့ား'



'အလွန်ဆုံးငါးနှစ်ပါပဲ'

'သေချာတယ်နော်၊ ကျော်ဝေကပြောတယ် နင်ပြန်မလာမချင်း သူစောင့်နေမယ်တဲ့'

'တကယ်လား၊ ယူ့ အိုင့်ကိုစိတ်မဆိုးဘူးလား'

မိသင်းအတွက်ကတော့ မျှော်လင့်ချက် ရောင်ခြည်လေး သန်းလို့ပါပဲ၊ အားတက်သရောမေးလိုက်ပုံလေးက ငါ့ရင်ကို ထိရှနာကျင်စေတယ် ကျော်ဝေ....။

'အချစ်ကြီးလို့ အမျက်ကြီးနေတာ၊ ဒါပေမယ့် နင် ပြန်မလာမချင်း သူကျေနပ်မှာမဟုတ်ဘူး၊ နင်အပြန်ကိုတော့ သူစောင့်နေမယ်လို့ ငါ့ကိုပြောတယ်'

'တကယ်နော်ပိုးအိ၊ အိုင်စိတ်ချမ်းသာအောင် ယူပြော တာမဟုတ်ပါဘူးနော်'

'ငါညာမပြောဘူးဆိုတာ နင်သိပါတယ်၊ ဒါထက် ငါ မရှင်းတာတစ်ခုရှိလို့ နင့်ကိုမေးချင်တယ်'

'ဘာများလဲ သူငယ်ချင်း'

'ဩြော်....တကယ်လို့သာ ကျော်ဝေက နင်နိုင်ငံခြား သွားနေမှလား သူ့ကိုရွေးမှုလားဆိုရင် နင်ဘယ်ဟာကို ရွေးမလဲ'

တော်တော် အကြပ်ရိုက်မယ့် မေးခွန်းဆိုတာ ငါသိပါ တယ်၊ ဒါပေမယ့် ငါမေးလိုက်မိတယ်ကျော်ဝေ၊ ငါကိုယ် ငါ အမြဲတမ်းမေးပြီး ဆန်းစစ်နေတဲ့မေးခွန်းပဲ၊ ဒါပေမယ့် ငါအဖြေရှာမရခဲ့ဘူး၊ နင့်ကိုမေးကြည့်တော့ နင်ဟာ ချက်

www.burmeseclassic.com



ချင်းမြန်မှဖြေနိုင်ဘူး၊ သက်ပြင်းချသံကို တယ်လီဖုန်းထဲက ကြားပြီးနောက်ပိုင်းမှာ....

'ပိုးအိ'

'ငါနားထောင်နေတယ်ပြောလေ'

'အိုင်သြစတြေးရီးယားသွားမယ်ဆိုတာက မာမာ့ရဲ့ ဆန္ဒပါတယ်၊ အိုင်ရဲ့ဆန္ဒလည်းပါတယ်ဆိုတော့မိခင်နဲ့အိုင်ရဲ့ ဆုံးဖြတ်ချက်ဖြစ်နေတယ်၊ ယုံကြည်ချက်မတူညီလို့ လမ်းခွဲကြတယ်ဆိုပေမယ့် ပြန်လည်ဆုံဆည်းခြင်းကို အမြဲမျှော်လင့်နေတာပါ၊ သစ္စာဖောက်ကြတာမှမဟုတ်ဘဲ ကျော်ဝေနားလည်အောင်သာ ပြောပြလိုက်ပါ၊ လွမ်းရေးထက် ဝမ်းရေးက ခက်နေလို့ပါ ပိုးအိရာ၊ အိုင့်ဆန္ဒအရဆိုရင်တော့ သားရွှေအိုးထမ်းရကိန်းလိုချင်တာပေါ့။

'ဩော်....မြန်မာစာညံ့ပြီး ကျော်ဝေဆီမှာ သင်ယူခဲ့ပေလို့ပဲ သုံးသွားလိုက်တာ ကျော်ဝေရယ်....

'ယူ ပြောပေးနော်'

'အင်း....နင်ပြန်လာမယ်ဆိုတဲ့ အကြောင်းလား'

'ရက်စ်....နောက်ပြီး တစ်ခုမှာချင်သေးတယ်၊ ယူ ပြောရဲပါ့မလားလို့ စဉ်းစားနေတာ'

'ဘာမို့လို့လဲ'

'မောင့်ကို မှာချင်တယ်'

'မှာလေ....ရပါတယ်'

'နားထောင်ရဲပါ့မလား အပျိုကြီးရဲ့'

သင်းက သူ့အား ကျီစယ်နေသေးသည်။

'ဘာမို့လို့လဲ'

'ဩော်....သင်း ခန္ဓာကသာ မောင်နဲ့ ဝေးရာကို သွားရပေမယ့် သင်းအချစ်နဲ့ နှလုံးသားက မောင့်ဆီမှာ ထားရစ်ခဲ့ပါတယ်လို့လေ....အဟင်း....ဟင်း.... ပြောရဲသလား....'

'ဘာလို့မပြောရဲရမှာလဲ၊ ဒါပေမယ့် ငါကိုယ်တိုင်ပြောမယ့် အစား နင်ကိုယ်တိုင်ပြောရင် ပိုကောင်းမယ်၊ ဖုန်းဆက်လိုက်ပါလား'

'အိုင့် အသံကြားရင် သူ မကိုင်ဘူး ချသွားလိမ့်မယ်'

'ငါ ပြောထားကြည့်မယ်လေ၊ တအောင့်နေရင် ဆက်ကြည့်လိုက်ပေါ့...ဟုတ်လား'

ဩော်....ငါလေ.... လေဆိပ်ကတော့ လာစောင့်မယ်၊ အမှတ်တရ ပေးစရာရှိနေလို့'

'ရပါတယ် ယူရယ်'

'နင် အမြဲ မြန်မာပြည်ကို အမှတ်ရနေဖို့ပါ၊ ဒါပဲနော်.... နင်ပြန်လာလာခဲ့ပါ၊ နင့်ကို ငါတို့ အမြဲတမ်း ကြိုနေမယ်'

'အိုင် ပြန်လာမှာပါ၊ ဂွတ်ဘိုင် မနှုတ်ဆက်တော့ဘူးနော်....ဂွတ်နိုက် သူငယ်ချင်း'

'အေး....အေး ဂွတ်နိုက်'

ငါ တယ်လီဖုန်းကို ချပြီး နင့်ဆီ ထပ်ဆက်ရတယ်နော်.... 'ဟဲလို'

ကျော်ဝေလား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း...'

'မိသင်းဆီ ငါ ဖုန်းဆက်ပြီးပြီ'

'အဲဒါ ဘာဖြစ်လဲ'

'နှင်ကလဲ့ စိတ်ပဲတိုနေ၊ ငါပြောတာလေးများ နားထောင်ပါဦးလား'

'... ...'

'မိသင်းက နှင့်ကို နှုတ်ဆက်စကားပြောချင်လို့တဲ့'

'မလိုပါဘူး၊ ငါအခုပဲ အပြင်သွားတော့မလို့။ ဒါပဲနော် ပိုးအိ'

'ဂျဲလော်က်'

ငါ အံ့ဩသွားတယ်၊ ကျော်ဝေ နှင့် စိတ်ထားဒီလောက် ပြတ်လိမ့်မယ် မထင်ဘူး။

ငါ စိတ်ပျက်လက်ပျက်ထိုင်ပြီး စဉ်းစားနေမိတယ်။ အမှန်တော့ နှင့်ကို ပျော့ညံ့တယ်လို့ ငါ ထင်ထားခဲ့တယ်....။

ဘာဖြစ်လို့လည်းဆိုတော့ မိသင်းကို နှင် အလွယ်တကူနဲ့ ချစ်နိုင်ခဲ့လို့ပဲ။

ငါသေသေချာချာ တွေးမိတော့ ငါတို့ သုံးဦးရဲ့ စိတ်တွေနဲ့ လုပ်ရပ်တွေဟာ အချစ်ရေးမှာ လုံးဝကို တည်ငြိမ်မှု မရှိဘူးဆိုတာ သုံးသပ်မိတယ်။

မိသင်းက နှင့်ကို တစ်ဖက်သတ် ချစ်တယ်။



ငါကလည်း မိသင်းလိုပဲ။

ဒါပေမယ့် မိသင်းက ပွင့်လင်းတယ်၊ သူ နှင့်ကို ချစ်နေကြောင်း ထုတ်ဖော်ပြောခဲ့တယ်....။

ငါက အုံ့ပုန်း....။

ကျော်ဝေက မိသင်းကို သနားတယ်။

ငါ့ကို ကြောက်တယ်။

ဒါပေမယ့် ငါတိုက်တွန်းလို့ ကျော်ဝေက မိသင်းကို သနားစိတ် အရင်းခံနဲ့ ချစ်လိုက်တယ်။

ငါက ဘေးကို အလိုလိုရောက်သွားပြီလေ။ ဒါပေမယ့် ဇာတ်လမ်းက မိသင်းနဲ့ နှင် ပျော်ရွှင်စွာ ပေါင်းဖက်ကြလေသတည်းဆိုတဲ့ ဇာတ်လမ်းကို ရောက်မလာဘူး။

ယခုအချိန်အထိဆိုရင် နှင်တို့ လမ်းခွဲကြလေသတည်းမှာ ဆုံးနေပြီ။

ဒီလိုဆို....ငါက....

အား....မဖြစ်ဘူး ကျော်ဝေ....။

နှင်နဲ့ငါ အဝေးဆုံးနဲ့ အဝေးဆုံးမှာပဲ နေတော့မယ်။

တစ်ခါတစ်ရံ အချစ်ဆိုတာနှလုံးသားမှာပဲ ထာဝရမြှုပ်နှံ သင်္ဂြိုဟ် လိုက်ရတဲ့အခါလည်း ရှိတတ်ပါတယ်။

ငါ နောက်နေ့မှာ မိသင်းထံကို နှဝရတ် ရောင်စုံလှကြွပ်တစ်ကွင်းနဲ့ ဗမာအမျိုးသမီးရဲ့ ဝတ်စုံတစ်စုံကို ငါက အစ ပိုကော်ကတ္တီပါဖိနပ်လေးအဆုံး ပြည့်ပြည့်စုံစုံ ပေးခဲ့တယ်။ ပုသိမ်ထီးကလေး ပါပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ငါကိုယ်တိုင် မသွားတော့ဘူး။ မေမေပဲ သွားပို့ပေးလိုက်တယ်။ ဒေါ်ဂရေစီကိုလည်း နှုတ်ဆက်ရင်း ပေါ့....။

ကိုယ့်ခံယူချက်နဲ့ကိုယ်....ကိုယ့် ထင်မြင်ချက်နဲ့ကိုယ် နှလုံးသားရေးကို ဦးစားမပေးဘဲ လမ်းခွဲထွက်သွားတဲ့ သင်းဟာ တစ်နေ့နေ့မှာ နင့်ရဲ့ရင်ခွင်ဟောင်းကို တမ်းတပြီး ပြန်ရောက်လာမှာပါ။

အဲဒီအခါမှာသာ နင့် ရင်ခွင်ဟာ ပိုင်ရှင်မဲ့ ဖြစ်နေပါစေ ကျော်ဝေ......။

ငါကတော့ လောကကြီးမှာ ပညာကိုသာ အဖော်ပြုရင်း နေသားတကျ နေတတ်သွားပါပြီ။

တစ်ခါတစ်ရံမျှားဆိုရင် ငါ့အတွေးအခေါ်ဟာ ဘယ် လောက် မိုက်မဲသလဲဆိုရင်....

လောကကြီးမှာ နာကြည်းမှုရှိတဲ့ လူတွေဟာ အောင်မြင်မှု လမ်းစကို အနှင်းဆုံးလူ ဖြစ်တယ်လို့ ထင်တယ်။

ဒီလိုဆို နင်က မေးမယ်။

နင်က ဘာနာကြည်းစရာရှိလို့လဲလို့။

ရှိတယ် ကျော်ဝေ.... ရှိတယ်။

ငါလေ လောကကြီးမှာ မိန်းမသားအဖြစ် မွေးဖွားလာရခြင်းကို အနာကြည်းဆုံးပဲလို့၊

*   *   *

''ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်း၊
ကွေကွင်းနောက်ဆုံးရှိချေ၏''

အခန်း (၂၁)

'ဟဲလို'

'ကျော်ဝေ'

'ပိုးအိ...ဝမ်းသာလိုက်တာ ပိုးအိရာ၊ နင် ဘယ်...ဘယ် ရောက်နေသလဲ'

'ငါနယ်မှာ အက်စ်အေတီသွားလုပ်နေတာ'

'နင့်ကို အံ့ဩတယ်၊ ကျူတာမလျှောက်ဘူးလား'

'မလျှောက်ဘူး၊ ငါက အထက်တန်း အဆင့်ကလေးတွေကို ပိုစိတ်ဝင်စားတယ်၊ သူတို့ရဲ့ဘဝအပြောင်းအလဲ ပေးနိုင်း ကာလဟာ အဲဒီအရွယ်နဲ့ အဲဒီအသက်အပိုင်းအခြား ပါလပဲ'

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'နင် အမေ့ဆုံးကြောင်း သတင်းစာတွေကို ငါဂျပန်က ပြန်ရောက်လာပြီး ဖတ်မိတော့မှ တွေ့ထယ်၊ တွေ့တွေ့ချင်း နင့်အိမ်ကို ငါလာတယ်၊ အိမ်သော့ပိတ်ထားတယ်၊ အန်ကယ်ကော'

ငါ့ရင်ထဲမှာ နာကျင်လာတယ်။

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်း ကွေကွင်းနောက်ဆုံး ရှိချေ၏တဲ့....။

ငါချစ်တဲ့ ငါ့မိခင်ဟာ သူချစ်တဲ့လင်နဲ့သမီးကို ထားရစ်ခဲ့ပြီး လူတိုင်းရှောင်းပယ်လို့ မရတဲ့ လမ်းကိုလျှောက်လှမ်း သွားရတယ်။

ဖေဖေအတော် သံဝေဂ ရသွားတယ်၊ သူချစ်တဲ့ဇနီးအတွက် ကုန်းရုန်းပြီးရှာဖွေထားရတဲ့ စည်းစိမ်တွေ၊ သူ့ဇနီးက ဘာမှ ယူဆောင်မသွားနိုင် ပါလားဆိုတဲ့ သံဝေဂကိုရပြီး ဖေဖေ တစ်လလောက် ဒုလ္လဘရဟန်း ဝတ်ရာကနေ လုံးဝမထွက်တော့ဘူးလေ'

'ဟင်....ဒါဖြင့်'

'အေး....ငါ့တစ်ယောက်ထဲပေါ့'

'ဟင်း'

နင့်ဆီက သက်ပြင်းချသံဟာ ငါ့ရင်ကို ပူလောင်စေတယ်။

'နင်ဘယ်နယ်မှာလဲ'





'ငါးနှစ်ကျော်ဆိုတဲ့ ကာလဟာ ဘာမှ မကြာလိုက်ဘူးနော်၊ ငါ ရှမ်းပြည်နယ်နဲ့ မွန်ပြည်နယ်မှာ အမှုထမ်းခဲ့ပြီးပြီ၊ အခုရန်ကုန်ပြန်ရောက်လာပြီ'

'ဟုတ်လား ဘယ်ကျောင်းမှာလဲ'

ငါနင့်ကို ကျောင်းလိပ်စာပေးလိုက်မယ်

'အိမ်ကကော'

'အရင်အိမ်ပဲပေါ့၊ မိဘဘိုးဘွားပိုင် အမွေအနှစ်ဆိုဘာမှပျောက်ပျက်အောင် ထိန်းသိမ်းရတယ်၊ ငါ့မိဘတွေဆောက်သွားတဲ့ အိမ်မှာပဲ ငါ့နေနေတယ်'

'ငါလာလည်မယ်လေ'

'မလာနဲ့ ငါရှိမှာမဟုတ်ဘူး ခရီးထွက်နေမှာ'

'ဪ'

'မိသင်းကော ပြန်လာပြီလား'

'မသိဘူး'

နင်ဘုတောနေတယ်နော်။ ငါက ရယ်ချင်တာပေါ့၊ စပ်တိုးတိုးရယ်လိုက်တယ်ဆိုရင်ပဲ နင်က....

'ဘာရယ်တာလဲ'

'မိသင်းက နင့်ကို အဆက်အသွယ် မလုပ်ဘူးလား'

'မလုပ်ဘူး၊ အဲ....အစတုန်းကတော့ စာလာဘယ်၊ ငါမဖတ်ဘူး နောက်ပိုင်းမှလာတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် မိသင်းစာတွေ နင်သိမ်းထားသလား'
'မသိမ်းထားဘူး'
'ဘာလုပ်လိုက်လဲ'
'မီးရှို့ပြစ်လိုက်တယ်'
'ဘာ'
ငါဒေါသဖြစ်သွားတယ်၊ နင်ဒီလောက်ရက်စက်လိမ့်မယ်လို့ ငါမထင်ဘူး။
'နင်သိပ်ရက်စက်တာပဲ'
'ဘာဆိုင်လို့လဲ'
'ဆိုင်တာပေါ့ စာမီးရှို့ရင် စာရေးသူရင်ကို မီးလို့ပူစေတယ်ဆိုတာ နင်မကြားဖူးဘူးလား'
'အဟတ် ဟားဟား ပိုးအိရယ်၊ နင်လည်း ကလေးအတွေးလေးတွေ တွေးတတ်တုန်းပါပဲလား၊ ရွက်ပုန်းသီးလေးတွေကော စားတတ်သေးသလား'
'အပိုတွေ လုပ်မေးမနေနဲ့ အကျင့်ဆိုတာ ဘယ်တော့မှ မပျောက်ဘူး'
'ငါနင်နဲ့ တွေ့ချင်တယ်'
'ဘာကိစ္စလဲ'
'နင့်ဗိုက်ခေါက်ထူထူနဲ့ မိန်းမကြီးပုံ ပေါက်နေပြီလား'
'နင်ကော ဘီယာဗိုက်ဖြစ်နေပြီလား'
လှိုင်စာပေ



'အနံ့တောင်ခံလို့မရဘူး'
'ပြောသေးတာပဲ'
'ငါလာတွေ့မယ်ဟာ'
'မလာနဲ့မအားဘူး'
'ဘယ်သွားမလို့လဲ'
'ဦးဇင်းဆီ သွားလိုက်ဦးမယ်'
'အန်ကယ် ဘယ်ကျောင်းမှာလဲ'
'စစ်ကိုင်းမှာပါ၊ အခုရန်ကုန်မှာ စာမေးပွဲလာဖြေတာ'
'ဩော်'
'နင်တစ်ယောက်ထဲ နေလို့ ဖြစ်လို့လား'
'ငါတစ်ယောက်ထဲမဟုတ်ပါဘူး ဖေဖေတို့လက်ထက်ကတည်းက စိတ်ချရတဲ့ လူယုံတော်ကြီးတွေ ရှိနေတာပဲ အမျိုးတွေလဲရှိတာပဲ၊ ပြီးတော့ ငါက သူငယ်နှပ်စားလေးမှ မဟုတ်တာ၊ ဒါထက်နင်ကော'
'ငါအိမ်လေးဆောင်းလိုက်ပြီ၊ ငါက ရန်ကင်းမှာ တိုက်ခန်းရထားတယ်၊ ရှုံးကပေးတဲ့ ကားလေးလဲရှိနေတယ်'
'ကြွားတာလား'
'မဟုတ်ပါဘူး၊ မိသင်းလိုလားတဲ့စည်းစိမ်မျိုး ရလာပါပြီ ငါပြောချင်တာ'
'ဒါဖြင့် မိသင်းကို နင်ပြန်ခေါ်လိုက်ပေါ့'
'ဘယ်တိုင်းပြည်ရောက်လို့ ရောက်နေမှန်းတောင်မသိဘူး'
လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'နှင်မလှမ်းဘူးလား'

'လှမ်းချိန်တောင်မှ မရဘူး'

'ဘာဖြစ်လို့လဲ'

'ဝတ္ထုဆောင်းပါးတွေ ရေးနေရလို့ပေါ့'

'နှင့်အလှမ်းကို အဲဒီထဲ မြှုပ်နှံလိုက်တာလား'

'ဟုတ်တယ် အသေအချာပဲ၊ ငါက အလှမ်းဝေဒနာ... အကျိုးရှိရှိ အသုံးချလိုက်တာလေ'

'နှင်တော်တယ်ကျော်ဝေ'

'ဘာကို ပြောတာလဲ'

'အစစအရာရာကိုပါ။ ဒါပဲကျော်ဝေ၊ လောကကြီး... နှင် သက်ရှိထင်ရှားရှိနေသေးကြောင်း ငါသိရရင်ပြီးတာ... ပဲ'

'ပိုးအိ'

နှင်က ငါ့ဖုန်းချမှာကို စိုးရိမ်ပြီး တားမြစ်လိုက်သံထွ... ပေါ်လာပေမယ့် ငါဖုန်းချပစ်လိုက်တယ်။

တော်ပြီ။ ဒီလောက်နဲ့ပဲ တော်သင့်တယ် ထင်တယ်ကျော်... ဝေ။ ငါ့ရဲ့မေတ္တာဟာ နှင့်အပေါ်မှာရှိသလို၊ မိသင်... ပေါ်မှာလည်း ရှိနေတယ်။ ပြီးတော့ သစ္စာတရားဆို... ထားသင့်တယ်။

'သစ္စာတရား' ဆိုတာ လူတိုင်းမှာမရှိပေမယ့် ငါ... လက်ကိုင်ထားတယ်။

ဒါမှ လိုအပ်ရင် သစ္စာတိုင်တည်လို့ရတယ်။

လှိုင်စာပေ



ဥပမာဆိုပါတော့ ကျော်ဝေ....။

မေမေဟာလေ ငယ်ငယ် အရိုးစူးတဲ့အခါမျိုးမှာ သစ္စာ... ဆိုပြီး ရေမန်းတိုက်တယ်။

အရိုးစူးတာ ချက်ချင်း ပျောက်သွားတယ်။

ဘယ်လိုသစ္စာဆိုလဲဆိုတော့....

သူဟာ လမ်းမှာ ဖန်ကွဲစ၊ ဆူးလေးတွေ တွေ့ရှိလို့ရှိ... င် သူတစ်ပါးကို စူးမှာစိုးတဲ့ စေတနာနဲ့ ဖယ်ရှားပစ်ခဲ့ပါ... တယ်။ အဲဒီ မှန်ကန်တဲ့ သစ္စာတရားကြောင့် သမီးမှာစူးနေ... တဲ့ ဆူးဟာလည်း ပယ်ရှားသွားရပါလို၏ ဆိုတာမျိုးပေါ့။

ငါလည်း သစ္စာဆိုရတယ်။

အဲဒီ သစ္စာစကားက ပညာရေးအတွက် ငါ့တပည့်တွေ... အတွက်ပဲ ဆိုရတာ။ နှလုံးသားအတွက်တော့ လုံးဝကိုထည့်... ပြင်း မဆိုရဲဘူး။

ဘာဖြစ်လို့လဲ ဆိုတော့ ငါ့သစ္စာတွေ နှင်တို့အပေါ်မှာ... နှင့်သွားမှာစိုးလို့ပေါ့။

ငါ့ သစ္စာတရားက....

'တပည့်တော်သည် တပည့်ကျော်၏ တပည့်များအပေါ်... ...ညာတတ်လိုသော စေတနာ၊ စာမေးပွဲအောင်စေလိုသော စေ... ...တနာ၊ လူတော် လူကောင်းဖြစ်လိုသော စေတနာကို... ...ပန်းစားမရွေး ထားရှိခဲ့ပါသည်။ ဤမှန်ကန်သောသစ္စ... ...ားကြောင့် တပည့်တော်၏ ဘဝ၌လဲ ပညာအရာ၌ ဆက်... ...ပိုးတိုး၍ အောင်မြင်ရပါ၏' လို့လေ....။

လှိုင်စာပေ

www.burmeseclassic.com

"ကလေးတွေရဲ့ နှလုံးသားမှာ ပညာဆိုတာ ငွေနဲ့ဝယ်ယူလို့ရတဲ့ ပစ္စည်းတစ်ခု အဖြစ် မြင် သွားနိုင်တယ်"

## အခန်း (၂၂)

'ဟဲ့လို'

'ကျော်ဝေ....'

'ပိုးအိ...ငါ လာသေးတယ်'

'သိသွားပဲ၊ ဘီခြောက်ရာလေးနဲ့ လာကြွားတာတား'

'နှင် သိရှဲသားနဲ့ မရှိဘူး တမင်ပြောခိုင်းလိုက်တာလား'

'အင်း'

'ဘာဖြစ်လို့လဲ....ငါ့ကိုမတွေ့ချင်ဘူးလား'

'ငါ စိတ်ညစ်နေလို့'

'ဘာစိတ်ညစ်တာလဲ'



'ငါ့ကလေးတွေနဲ့ပတ်သက်လို့'

'နင့်ကလေးတွေ'

'နင်ကလဲနော်... သတင်းစာအယ်ဒီတာလုပ်ပြီး ဒီလောက် ဒုံးဝေးနေရသလား၊ ငါ့ကျောင်းသားတွေကို ပြောတာ'

'ဘာဖြစ်လို့လဲ'

'နယ်က ကျောင်းသားတွေနဲ့ ခြားနားနေလို့'

'ဆိုပါဦး'

ငါ့ခံစားချက်တွေ နင့်ကိုပဲ ရင်ဖွင့်လိုက်မိတယ်။ ရင်မဖွင့်ရင် မရဘူး။ ငါ့ရင်ထဲမှာ စေတနာလွန်ကဲပြီး ဖြစ်ပေါ်လာတဲ့ ဒေါသတရားတွေဟာ အရှိန်းကို ဆူပွက်နေတယ်။

'နယ်က ဆရာကို ဆရာမှန်းသိပြီး ဆရာသင်တဲ့ စာမှစာ အဖြစ် လေးလေးစားစား လိုက်နာကြတယ်'

'နယ်တွေမှာကော ကျူရှင်ရှိတယ် မဟုတ်လား'

'ရှိတော့ရှိတယ်၊ ဒါပေမယ့် ကျောင်းက ဆရာအချို့ရဲ့ သင်ကြားမှု မလုံလောက်တဲ့အခါမျိုးရောက်မှ ကျူရှင်ယူကြရတာမျိုးပေါ့၊ ဒါတွေဟာ နယ်မှာ အကြောင်းမဟုတ်ပါဘူး၊ အောင်မြင်မှု အသင့်တင့်ရှိကြတယ်၊ ဒီမှာက ငါ စာသင်တဲ့အခါမျိုးမှာ နားတောင်ထောင်တယ်၊ မှတ်စုပေးတဲ့အခါမျိုး လိုက်ပြီးမရေးတော့ ထူးခြားတယ် ထင်ခဲ့တယ်၊ ဒါပေမယ့် နောက်တော့ ထူးခြားချက်ကို ငါတွေ့လိုက်ရတယ်၊ အဲဒါ ဘာလဲဆိုတော့....'



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ထဲမှ ဒေါသတရားကြောင့် အသံတောင် တုန်လာတယ်။

'ကလေးတစ်ဦးက ပြောလိုက်တဲ့ အသံဟာ ငါ့နားထဲမှာ မထွက်ဘူး ကျော်ဝေ....'

တကယ်ပါ ကျော်ဝေ...ပုံပြင်မဟုတ်ဘူး၊ ဒီနေ့ ဖြစ်ပျက်နေတဲ့ ကျောင်းသားအများစုရဲ့ လွှမ်းတဲ့ အယူအဆတွေနှင့်ကို ငါ ရှင်းပြမိတယ်နော် ..။

'ဆရာမ မှတ်စုတွေကူးလဲ အလကားပဲဖြစ်မှာ'

'ဘာဖြစ်လို့လဲ'

'အချိန်တန်ရင် မေးခွန်းဝယ်လို့ရနေတာပဲ'

'ဘုရားရေ....ဘယ်ကရသလဲ....ဘယ်သူ့ဆီကလဲ'

'ဒါကတော့.... တော့ပ် စီးကရက်လေ ဆရာမရယ် ပေါက်ကြားသွားရင် ကျွန်တော်တို့ ဘယ်ရတော့မလဲ'

ဘယ်လောက် တရားရစရာကောင်းတဲ့ လောကလဲလို့ ပညာရေးလောကမှာ လုံးဝ မရှိသင့်တဲ့ အဆိပ်အတောက် နုနယ်တဲ့ လူငယ်တွေရဲ့နှလုံးသားကို ငွေအဆိပ်မှိုင်းတွေ ဖုံးလွှမ်းနေပြီ။

'ပညာကို ငွေနဲ့ဝယ်ယူလို့ မင်းတို့ရတယ်ထင်နေသလား ငါ ဆုံးမစကားပြောဖို့ တာစူလိုက်ပေမယ့်....

'ရနေတာပဲ'



'ရလို့ပဲ ဒီအတန်းအထိ ရောက်လာပြီ' ဆိုတဲ့ မကြား ကြား အသံလေးတွေ ငါ့နားထဲ ဝင်လာတော့ ငါ နား ည်လိုက်ပြီ ကျော်ဝေ....

'အေး....ဒါပေမယ့် ငွေနဲ့ပံ့ပိုးလို့ ရတယ်၊ ငွေရှိရင် ကျူ င် ကောင်းတွေထက် အရာရောက်တဲ့ ဆရာတွေကို ခါးပိုက် ထည့်ပြီး ဂိုက်စတာဒီ (Guide Study) လုပ်နိုင်း၊ သိပ် တတ်မနေနဲ့၊ တစ်ချိန်ချိန်၊ ဥပမာ အစိုးရစစ်လိုနေရာမျိုး၊ လုပ်ခွင်ဝင်ခွင့်လို စာမေးပွဲမျိုးမှာ မင်းတို့ကြုံရဦးမှာပါ၊ ညာရဲ့တန်းဖိုးဟာ ငွေနဲ့ဝယ်ယူလို့ မရပါလားဆိုတဲ့ အသိ၊ နောင်တစ်မျိုး၊ မင်းတို့ကြုံရဦးမယ်'

'ငါလေ....အဲဒီနေ့က ဆုံးမစကားတွေ တော်တော်လေး ပြောပစ်လိုက်တယ်'

'ဘုရားဟော တရားတွေကောပါလားပါရဲ့၊ အမှန်တော့ ပြောရမှာက ကလေးတွေကိုမဟုတ်ဘူး'

'အဂတိလိုက်စား လောဘကြီးနေတဲ့ ဆရာလောကက းတွေကိုပဲ'

'ကျူရှင်သင်ပါ၊ မသင်နဲ့လို့ ငါမပြောလိုပါဘူး၊ကိုယ့် ျောင်းသားတွေကို အချိန်များများနဲ့ ဆုံးမခွင့်၊ ပိုတတ် ောင် သင်ခွင့်ရတာပေါ့'

'ဒါပေမယ့် မဆွယ်နဲ့ ငါက ဘာသာရပ် ခေါင်းဆောင် ean) ဆိုပြီး မေးခွန်းထုတ်ရတယ်၊ အမှတ်ပေး စည်း း ထုတ်ရတယ်၊ ဘုတ်အဖွဲ့ ထဲပါတယ်၊ ခေါင်းရှုံးတာ

www.burmeseclassic.com

www.burmeseclassic.com



ငါတို့လက်ထဲမှာ ရှိတယ်ဆိုတဲ့ စည်းရုံးမှုမျိုးနဲ့ စည်းရုံး
ကျူရှင်သင်တာတော့ မကောင်းဘူး ငါထင်တယ်၊ ပိုဆိုး
လဲ မေးခွန်းရှောင်းစားတာပဲ'

'အတန်းထဲမှာ သင်ကြားနေတဲ့ ဘာသာရပ် ဆရာ
အပေါ် ကလေးတွေ လေးစားမှု မရှိတော့ဘူး၊ ဒီ
ကလေးတွေလဲ ပေါ်လာတယ်'

'ကလေးတွေရဲ့ နှလုံးသားမှာ ပညာဆိုတာ ငွေနဲ့
ယူလို့လဲ ရတဲ့ ပစ္စည်းတစ်ခုအဖြစ် မြင်သွားနိုင်တယ်'

'အဲ့ဒီလိုမြင်သွားရင် ငါတို့တိုင်းပြည်ရဲ့ အနာဂတ်အ
ဟာ ရင်လေးစရာပဲပေါ့'

'ကျော်ဝေ'

'ပြောပါ၊ နင်ပြောတာတွေ စိတ်ဝင်စားလို့ ငါ န
ထောင်နေတာ'

'ငါ ကျောင်းတောင်ထွက်ချင်လာပြီ'

'ဘာဖြစ်လို့'

'အများ....မိုးခါးရေသောက်နေတာကို ငါမသောက်
လို့ဘဲ'

'မှတ်ထွက်ပါနဲ့ဦးဟာ၊ အာစရိယဂုဏ်နဲ့ အနန္တောနဲ့
ညီတဲ့ဆရာတွေ အများကြီးရှိဦးမှာပဲ....မပူနဲ့'

'ဒါပေမယ့် မြတ်သော၊ အဲ ဝအိုသော ဆရာတွေက
ကျောင်းတွေမှာ အရာရောက်သောနေရာများကို ယူ
တာ တွေ့နေရတယ်'





'နယ်မှာကော'

'ရှိချင်လဲရှိမှာပေါ့လေ'

'ဟုတ်လား'

'နင်ဘာဖြစ်လို့ ရန်ကုန်ပြန်လာတာလဲ'

'MEd. entrance ဖြေမလို့လေ'

'ဘွဲ့သုံးခုတောင်ယူပြီးပြီ အားမရဲသေးဘူးလား'

'ပညာဆိုတာ အိုတယ်လို့မရှိဘူး၊ လူတွေဟာ သေသာ
သေသွားရတယ် လောကကြီးမှာ လူတို့မှတတ်မြောက်လိုက်
ရတဲ့ အတတ်ပညာ၊ မသိမြင်လိုက်ရတဲ့ အသိပညာတွေအများ
ကြီးကျန်သွားကြတယ်၊ ဒါကြောင့် ငါကတော့ အခြေအနေနဲ့
အချိန်အခါပေးနေသရွေ့ ပညာကိုဆည်းပူးနေမှာပဲ၊ ဒါမှ
လူ့လောကမှ လူဖြစ်ရခြင်းရဲ့အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝခံစား
သိမြင်နိုင်မှာ'

'နင့်အတွေးတွေဟာ တစ်ခါတစ်ရံ တစ်ဖက်စွန်းရောက်
နေသလိုပဲ ပိုးအိ၊ လောကကြီးသဘာဝတရားအရ မျိုးဆက်
သစ်ကို နင်ဖန်တီးဖို့ရာကော မေ့နေပြီလား'

ငါ ရှုတ်တရက်ကြောင်သွားတယ်။

နင်ဒီလိုမေးလိမ့်မယ်လို့ ဘယ်နည်းနဲ့မှ မထင်မှတ်ထားလို့
ပဲ။

'အိမ်ထောင်သားမွေးပြုမှ လူသားတာဝန် ကျေပွန်
တယ်လို့ နင်ဆိုလိုတာလား'



www.burmeseclassic.com

www.burmeseclassic.com



'တစ်စိတ်တစ်ဒေသကတော့ ပါဝင်တယ်လို့ ဆိုရမယ်လေ'

'ငါ့တပည့်တော့ဟာ၊ ငါ့သားသမီးတွေပဲပေါ့'

'တပည့်ဟာတပည့်၊ သားသမီးဟာသားသမီးပါပဲ'

'တော်စမ်းပါဟာ၊ ငါ့ကိုသာပြောနေ...နင်ကကော'

'ငါက...သင်းကိုစောင့်မျှော်နေတယ်လေ'

နင်ဟာ ငါ့ရဲ့ တည်ငြိမ်နေတဲ့ နှလုံးသားကန်ရေပြင်ကို ခဲချလိုက်တာပဲ ကျော်ဇေ....။

'တော်ပြီ....ငါပြောတာတွေ နင် သဘောပေါက်တယ်မဟုတ်လား၊ ဆောင်းပါးလေးဘာလေး ရေးလိုက်ပါဦး၊ မြန်မာ့ယဉ်ကျေးမှုနဲ့ဖီလာတဲ့ အရှုံးချိုးပန်းအကတွေ၊ ကိုလိုနီခေတ်တုန်းကလိုမျိုး ဆန့်ကျင်ဘက် ရင်ချင်းအပ်ကတဲ့ ပွတ်သဘင်အကမျိုးတွေကို မွေးနေ့ပါတီပွဲ၊ ဘာပွဲညာပွဲတွေ လုပ်ပြီး ကနေတာမျိုး၊ အဲဒီလို'က'မှ ခေတ်မီတယ် ထင်တာမျိုး၊ ပိုက်ဆံရှိ ဂုဏ်ရှိတဲ့အသိုင်းအဝိုင်းမှာ စိမ့်ဝင်နေပြီ၊အဲဒါ ''ယဉ်ကျေးမှုအစ ကျောင်းတော်က''ဆိုပြီးရေးစမ်း'

'ရေးချင်းတိုင်းရေးလို့ရတာမှတ်နေတာလား'

'မှတ်တယ်....လူသားကောင်းကျိုးအတွက်ဆိုရင် ရေးနိုင်ရမှာပေါ့ ဒါပဲ'

'နေဦး...ငါလာလည်မလို့'

'မလည်နဲ့ ကျောင်းပိတ်ရင် ငါခရီးထွက်ဦးမှာ'

'ဒီနေ့'



'နိုး... ငါ ဒေါ်လေးတို့အိမ်သွားအိပ်မလို့'

နင့်ကို ငါရှောင်လွှဲခဲ့ပေမယ့်၊ နင့်ကို ငါမြင်ပြီးပါပြီ ကျော်ဇေ။ ငါနင့်ကို တွေ့ချင်လို့ တမင်လာစောင့်ကြည့်တာ၊ သတင်းစာတိုက်က နင်ဆင်းလာပြီး နင့်ဘီခြောက်ရာလေးပေါ်တက်သွားတာ ငါမြင်လိုက်ပြီးသား။

နင်ဟာ အရင်ကထက်တောင်ပိုကြည့်ကောင်းတယ်။ ခန့်ညားမှုကပိုလာလို့လေ။

နင့်ကားလေး ပျောက်ကွယ်သွားမှ ငါလည်း ငါ့ကားကို စက်နှိုးပြန်ခဲ့တယ်သိလား။

နင်နဲ့အတူစားခဲ့တဲ့ ရှက်ပုန်းသီးလေးကို သတိရလိုက်တာဟယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"ငါလေ နှင့်လိုသာစာရေးတတ်ရင် အလွမ်းဝတ္ထုတွေကိုသာ စာစီတတ်တဲ့ စာရေးဆရာမ ဖြစ်လာလိမ့်မယ်ထင်ပါတယ်...."

## အခန်း (၂၃)

တစ်ခါတစ်ရံ လောကကြီးဟာ အံ့ဩစရာကောင်းသော တိုက်ဆိုင်မှုလေးတွေ ရှိတတ်တယ်နော်။

နှင်နဲ့မိသင်းကို ငါလားရှိုးမှာဆုံတွေ့လိုက်ရတယ်။

နှင့်နာမည်နဲ့ မိသင်းနာမည်ကို ညွှန့်ရိပ်သာရဲ့စာရင်းစာအုပ်မှာ ငါတွေ့လိုက်ရတော့ အံ့အားသင့်သွားတယ်။

အမှန်တော့ ငါဟာ မိန်းမသားတွေဘက်က ထာဝရ ရပ်တည်သွားချင်တယ်။

မိသင်းနဲ့နှင်နဲ့ငါနဲ့ ဒီတစ်ခါပြန်လည်ဆုံတွေ့မှုမှာလေ၊ ငါ တိတ်တခိုးရင်အနာရဆုံးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ နှန်း





ဟောဝန်ဥယျာဉ်မှာ နှင့်ကိုရှောင်ခိုင်းပြီး မိသင်းနဲ့ငါ နှစ်ယောက်တည်း စကားပြောကြတယ်မဟုတ်လား။

အဲဒီမှာ—ငါလေ ဘယ်လိုမှစိတ်မထိန်းနိုင်ဘူး ဖြစ်ခဲ့ရတယ်'

'ပိုးအိ'

'ယူ့ဆီမှာ အိုင် ကတိတစ်ခုတောင်းချင်တယ်'

'ဘာလဲ'

'အခု...အိုင်ပြောတဲ့အကြောင်းအရာတွေကို ယူ မောင့်ကို ပြန်မပြောပါဘူးဆိုတဲ့ကတိပေးရမယ်'

ငါစဉ်းစားရတယ်။

'နှင့်စကားက ဘာစကားမို့လို့လဲ'

'အိုင့်ဘဝရဲ့ အဖြစ်အပျက်အမှန်ကို ယူ့ကိုပြောပြမယ်၊ အဲဒါ....မောင့်ကို ပြန်မပြောနဲ့နော်'

'အေးပါဟယ်....မပြောပါဘူး'

ရင်နာစရာကောင်းတဲ့ မိသင်းအဖြစ်ကို ငါနားထောင်ရင်း ရင်ပွင့်မတတ်ခံစားလိုက်ရတယ်။

ဩစတြေးလီးယားကိုသွားဖို့ ဗီဇာမရလို့ စင်္ကာပူမှာပဲ နိုင်ငံသားအဖြစ်ခံယူပြီး ရုပ်ဝင်လုပ်ငန်းစောင့်တာ၊ အဲဒီမှာ သူ့အမေဆုံးသွားတယ်။

နောက်ပိုင်း ဟိုတယ်မယ်ဝင်လုပ်ရာက သူ့ဘဝဟာကြမ်းတမ်းတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ မူးလဲလို့ ဆေးရုံရောက်သွားတယ်၊ အဲဒီမှာ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဆုပ်ရောဂါ စသည်တို့ကို တွေ့ရှိရတယ်။ ဆရာဝန်က ဆေးလိပ်နဲ့ အရက်ကို ဖြတ်ဖို့ပြောတယ်။ မဖြတ်ရင် အသက်မရှည်ဘူးလို့တောင် သတိပေးလိုက်တယ်တဲ့ ကျော်ဝေ။

အဲဒီအခါ...သူမြန်မာပြည်ကိုပြန်လာချင်တဲ့ဆန္ဒ၊ နှင့်ကို တွေ့ချင်တဲ့ဆန္ဒတွေပြင်းပြလာတယ်။

ပြီးတော့ သူမသေခင် မြန်မာပြည်ကို တစ်ခေါက်ပြန်လာရရင် သေပျော်ပြီ၊ သူ့အမှားတွေ ဝန်ခံရရင် ကျေနပ်ပါပြီဆိုပြီး ရောက်အောင်လာရှာတာ။

ဒီရောက်တော့....

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၃/၉၃က ကြေညာတာနဲ့ တန်းတိုးနေတယ်လေ။

မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူပြီး မြန်မာနိုင်ငံတွင် ပြန်လည်အခြေချ နေထိုင်လိုသျှင် တစ်နှစ်အတွင်း လျှောက်ထားနိုင်သည်ဆိုတဲ့ကြေညာပေါ့ ကျော်ဝေ။

ငါက မိသင်းကိုတွေ့တော့ အဲဒီကြေညာချက်ကြောင့် ရောက်လာတယ်ထင်ပြီးတော့တောင် ဝမ်းသာသွားတာ။

ဒါပေမယ့် သူပြန်သွားပြီး ကြိုးစားရဦးမှာ။

သူ နောင်တရနေပြီဆိုတော့ ငါတို့ဘာပညာပေး ဆွယ်တရားဟောစရာလိုသလဲ ပြန်လာခဲ့ပါပေါ့။





သူက ဟိုမှာပဲခေါင်းချတော့မယ်၊ နှင့်ရဲ့သန့်စင်တဲ့မေတ္တာတရားနဲ့ သစ္စာတရားဟာ သူ့ရဲ့ညစ်နွမ်းတဲ့ခန္ဓာကိုယ်နဲ့မထိုက်တန်တော့ဘူးလို့ ပြောတယ်။

ငါလည်း မိန်းမချင်းစာနာစိတ်နဲ့ သနားပြီးငိုမိတယ်။

သူတောင်းတဲ့ကတိကို ငါပေးလိုက်ပါတယ်။

နှင့်ကို ဘယ်တော့မှ ငါမပြောပြပါဘူးဆိုတဲ့ ကတိကိုပဲ ငါပေးလိုက်နိုင်တယ်။

နောက်ထပ် တောင်းလာတဲ့ကတိတွေကိုတော့ ငါမပေးနိုင်ဘူး။

မဖြစ်နိုင်ဘူးလို့ ငါတွင်တွင်ငြင်းတယ်။

သူက ငိုပြီးတောင်းပန်တယ်။

ငါက အလျှော့ကိုမပေးဘူး။

အခြားကြိုက်တဲ့ကတိကို တောင်းပေးနိုင်ပါတယ်။

ခုဟာက မဖြစ်နိုင်တာ....

'အိုင်...သေသွားရင်၊ ယူ...မောင့်ကို လက်ထပ်ရမယ်တဲ့လေ။'

အချစ်လို ဖန်တီးလို့ရသလား။

အိမ်ထောင်ရေးကို ပုံစံချလို့ရသလား။

'မိသင်း....နှင်ပြန်လာခဲ့ရမယ်၊ နှင့်ရောဂါပျောက်အောင် ငါကုပေးမယ်၊ ပြန်လာတာနဲ့ ငါ့ဆီကိုတန်းလာပါ၊ နှင့်အသညီအစ်မတစ်ယောက်ရှိနေတယ်လို့ နှင်မှတ်ယူသွားလိုက်ပါ။ နှင့်မှာဖြစ်ပျက်သမျှအလုံးစုံကို ငါတို့မေတ္တာရှေ့ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကြောလိုက်မယ်၊ ကျော်ဝေဟာလည်း ငါ့လိုသဘောထား ရှိမှာပါ’

ဟုတ်ပါတယ်။

နင့်ရဲ့ သနားတတ်တဲ့စိတ်....

သဘောထားကြီးလွန်းတဲ့စိတ်ကို....ငါက သိနေတာပဲ။

ငါ့ရင်ထဲမှာလေ....တစ်မျိုးကြီးပဲ ကျော်ဝေ....

‘နန်းဟေဝန်’က ပြန်လာပြီး.... တပည့်တွေ အိပ်သွားတဲ့ အချိန်မှာ ငါ့ရဲ့မဆုံးနိုင်တဲ့ နှလုံးသား ဟစ်တိုင်လေးကို ဖွင့်ဟ ရေးမိတာ။

ငါလေ....နင့်လို စာရေးတတ်ရင် အလွမ်းတွေကိုသာ စာစီတတ်တဲ့ စာရေးဆရာမ ဖြစ်လာလိမ့်မယ်ထင်ပါတယ်....။

* * *



“မိမိ အမျိုးဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက် တတ်သော စိတ်ဓာတ်ကလေးများ လူငယ်တို့၏ နှလုံးသား၌ ကိန်းဝပ်ရန် များစွာ လိုအပ်နေလေပြီ”

း (၂၄)

ိုးအိ၏ နှလုံးသားဟစ်တိုင်လေးကို တုန်ရီသော လွှက်သပိတ်လိုက်သည်။

သ့အတွက် အလွန်ချောက်ချားစရာကောင်းသော အိပ်က်နေခြင်းပေလား။

းကိုပိတ်ကာ ပြင်ပလောကသို့ ကြည့်လိုက်မိသည်။

န်ပြည်နယ်တွင် ဂဝံကျောက်များနှင့်တည်ဆောက်ထားသော ဂဝံမြို့တော်ဟု တင်စားရသကဲ့သို့....။



www.burmeseclassic.com

www.burmeseclassic.com



လားရှိုးမြို့တော်၌လည်း ဖြုန်းကျောက်ကြမ်းများနှ ထုံး ရောစပ်သမပြီး၊ ယုံစံခွက်ထဲထည့်ကာ ပုံဖော်ရသည် ခဲ၍ ခြောက်သွေ့သွားသည်နှင့် လေသလပ်၊ မိုးထဲ ရေ တစ်နှစ်မျှ ပစ်ထားလျှင် ပို၍ခိုင်မာသော ဖြုန်းအုတ်များ ရလေသည်။

မြောက်ပိုင်းရှမ်းပြည်တစ်ဝိုက်၌ ထိုဖြုန်းအုတ်များဖြ တည်ဆောက်ကြသည်။

လှပသော ခေတ်မီသော ဝံ့ကြွားသော တိုက်တာမျာ အစိုးရ အဆောက်အဦများမှာ မြို့တော်ကို အလှဆင်လျ ရှိသည်။

မြန်မာပြည်၏ သဘာဝ အရင်းအမြစ်များသည် သူ့ဒေ နှင့်သူ မြေကြီးကအစ အဖိုးတန်သည်။ ပစ်ရသော အ ဟူ၍ ဘာမှမရှိပါတကား။

မြေကြီးက ရွှေသီးသည်ဆိုသည့် စကားကို အနာ လူငယ်တွေမှ သိရှိနိုင်ပါ့မလား။ စာမေးပွဲ အောင်မြင် တစ်ခုတည်းကိုသာ အားစိုက်ပြီး ငွေနှင့်ပညာကို ဝယ်ယူ ကြိုးစားနေသော ကျောင်းသားများသည် အမိမြန်မာပြ ကိုမှ ချစ်တတ်ပါ့မလား။

မိမိအမျိုးဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုတို့ကို သိမ်းစောင့်ရှောက်တတ်သော စိတ်ဓာတ်များ လူငယ် နှလုံးသားအ၌ ကိန်းဝပ်ရန် များစွာ လိုအပ်နေလေပြီ။



သင်းလို မိန်းကလေး မိမိတို့နိုင်ငံကို စွန့်ခွာသွားရင်း ပျက်စီးရသူ အဘယ်မျှ များပြီလဲ။

သူ့အကြည့်ကို အိပ်မောကျနေသော ဖြုန်းအုတ်မြို့တော် ထံမှ ရုပ်သိမ်းလိုက်သည်။

ဖြူဖွေးဖျော့မှိန်နေသော သင်း၏မျက်နှာလေးကို လင်းထိန်သော မီးချောင်းအရောင်အောက်ဝယ် စိတ်မချမ်းမြေ့ဖွယ် မြင်လိုက်ရသည်။

အိပ်ဆေးအရှိန်၊ ရောဂါပျောက်ဆေးများ အရှိန်နှင့် ရောဖက်ကာ အယ်လ်ကိုဟောများပါ သူမ၏ ခန္ဓာကိုယ် သွေးသားထဲ စိမ့်ဝင်ပျံ့နှံ့နေပြီထင်ပါသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိသည်။

တစ်ခါတစ်ရံ မျက်နှာမြင် အရေး အကြောင်းများ ရှုံ့တွသွားသည်။

လေငန်း အကြောဆွဲသူပမာ အကြောများ တွန့်သွားသေးသည်။

ရောဂါဝေဒနာသည့် အိပ်ဆေးဖြင့် အိပ်ပျော်နေရှာသူ၊ သူမကို အပြင်းအထန် နှောင့်ယှက်နေသည် ထင်ပါ၏။

သူသည် သင်းနံဘေး၌ ထိုင်လိုက်သည်။ နွေနှောင်းကာလမှ မိုးဦးကာလသို့ ချဉ်းနင်းဝင်ရောက်နေသော ခါ မယမျိုး ဖြစ်သော်လည်း တောင်ပေါ် ဖြုန်းအုတ်မြို့က လေးမှာ အေးအေးချမ်းချမ်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်.... သင်း၌ ချွေးသီး ချွေးပေါက် ကလေးများ စို့လျက်ရှိသည်။ အဆုပ်ရောဂါသည်၏ လက္ခဏာရပ်မျိုး သူမ၌ တွေ့ရသည်။

သူမ၏ နဖူးပေါ်မှ ဆံစလေးများကို အသာသပ်တင်ပေးပြီး သတင်းစာကို ခေါက်ကာ ယပ်ခပ်ပေးလိုက်မိသည်။

တံလျှပ်ရေထင်၊ ရွှေသမင်အလိုက်မှားခဲ့သူ.... သင်းကို ဘယ်လိုအကြောင်းကြောင့် ချစ်ခဲ့ချစ်ခဲ့။ သူ၏ ချစ်သူသာ ဖြစ်သည်။

ယခုလို ဒုက္ခကပ်အမျိုးမျိုး၏ နှိပ်စက်ခြင်းကို ခံရနေရသော ချစ်သူ၏ဘဝကို ဒုက္ခတွင်းမှ ကယ်တင်ရန် ကြိုးစားရမည်မှာ မေတ္တာ၊ သစ္စာနှင့် အရင်းတည်ကာ တည်ဆောက်ထားသော ချစ်သူတိုင်း၏ တာဝန်ပင် ဖြစ်သည်။

ချွေးများကို အသာအယာပင် လက်ကိုင်ပဝါဖြင့် သုတ်ပေးလိုက်သည်။ အေးစက်နေသော သူမ အသားအရေက သူမ၏ ကျန်းမာရေး ဆုတ်ယုတ်မှုကို ပြနေခြင်းလား။

သူ၏ စိုးရိမ်ပူပန်မှုက အထွဋ်အထိပ်သို့ ရောက်လာသည်။

သံယောဇဉ်ဆိုသည်မှာ အလွန် ခိုင်မြဲသော ကြိုးတစ်ချောင်းဖြစ်သည်။

သင်းကို သနားစိတ်အရင်းခံကာ မေတ္တာထားခဲ့ရသူလေး ဖြစ်သဖြင့် သူ့မေတ္တာမှာ ထာဝရပင် သန့်စင်နေသည်။



'သင်းရယ်....အမိုက်မလေး'

သင်း နဖူးပြင်သို့ ဖွဖွကလေး အနမ်းတစ်ပွင့် ခြွေချလိုက်မိသည်။

ထိုအနမ်းသည် အင်မတန်ပင် မွန်မြတ် သန့်စင်သော အနမ်းတစ်ပွင့်ဖြစ်ကြောင်း သူ့ကိုယ်သူသာလျှင် အသိဆုံးဖြစ်သည်။

မကြာခင် ရက်ပိုင်းအတွင်း အသက်နှင့်ခန္ဓာ ယှဲယှဲနှင့် မိန်းကလေးသည် သူတို့နှင့် ဝေးရာသို့ ပြန်သွားရပေဦးမည်။

'မိုက်လိုက်တဲ့ မိန်းကလေးရယ်'

သူ ရင်တွင်း မချိတင်ကဲ ညည်းညူလိုက်ပြီး သူမအပါးမှ ခွာခဲ့သည်။ ပြီးတော့ သူ့ခုတင်ပေါ်မှ ပိုးအိ၏ နှလုံးသားဟတ်တိုင် ဒိုင်ယာရီစာအုပ်ကလေးကို သူ့အိတ်ထဲ ထည့်သိမ်းလိုက်သည်။

အိပ်ပျော်ခြင်းသည် သူ့အတွက် ယနေ့ရောက်လာတော့မည် မဟုတ်မှန်း သူသိပါသည်။

ယက်ကျွမ်းဆွေ မာနရှင်မလေး၏ အုံ့ပုန်းအချစ်ကိုတွေ့မြင်လိုက်ရခြင်းအတွက် သူ့ကံဆိုးခြင်းလား၊ ကံကောင်းခြင်းလား သူ မတွေးတတ်။

ပိုးအိ၏ အတွင်းအဇ္ဈတ္တကို သူ လုံးဝမရိပ်မိခဲ့ပါလား။

အမှန်စင်စစ် မိမိနှလုံးသား၌ နက်ရှိုင်းစွာ တိုးဝင်ပြီး တိမ်မြုပ် ပျောက်ကွယ်နေသည့် အချစ်မှာ ပိုးအိသာလျှင်ဖြစ်ကြောင်း သူ့ထက်မည်သူ သိနိုင်ပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းခါလိုက်မိသည်။

တရားဝင် ချစ်သူ သင်းအပေါ် သစ္စာဖောက်ဖျက်ရာ ကျသွားလေထင့်။

အမှန်တော့ ပိုးအိနှင့်သူသည် အတ္တလွန်ဆဲပွဲတစ်ခုကြောင့် အဝေးဆုံးသို့ ရောက်ရှိသွားခြင်းသာ ဖြစ်သည်ဟု....။

*　　*　　*



ခန်း (၂၅)

တီတီ....တီတီ....တီတီ

ဟွန်းကို သူဆက်၍တီးပစ်လိုက်သည်။ တံခါးစောင့်က အပြေးအလွှား တံခါးလာဖွင့်သည်။

'ဆရာမ ဒေါ်ပိုးအိ ပြန်ရောက်ပြီလား'

'စောစောကလေးကတင် ကျောင်းကပြန်ရောက်လာပါ ယ်'

ဝန်းတံခါးလေးဖွင့်ပေး၍ ပြောလိုက်သဖြင့် သူ ဘဝင် ကျသွားသည်။

ခြံစောင့်ကလည်း ချက်ချင်းပင် တံခါးကိုပြန်ပိတ်လိုက် သည်။ အင်းလေ မိန်းမသား အုပ်ချုပ်နေသော အိမ် အတွက် လုံခြုံမှုကတော့ ရှိရပေမည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဦးယျာဥ်မှူးတစ်ဦးက ရေလောင်းနေသကဲ့သို့ ဒရိုင်ဘာ
ကလည်း တစေ့တစောင်း အကဲခတ်နေသည်။

ငယ်စဥ်ကလေးဘဝက သူတို့ရပ်ကွက်ထဲရှိ အိမ်ကိုသ
ဉဒဟိုဝင်ထွက်သွားလာဖူးသည်။

အင်းလျားလမ်းသို့ ပြောင်းရွှေ့သွားပြီး နောက်ပို
ဆွမ်းကျွေးလုပ်တုန်းကတစ်ခါသာ ရောက်ပြီး နောက်ပို
ခြံရှေ့လှည့်ပြန်ခဲ့ရသည်က အခါခါ ဖြစ်ခဲ့ရသည်။ ယ
သာ အိမ်ရှေ့သို့ လျှောလျှောရှူရှူ ရောက်သွားခြင်း
သည်။

ပိုးအိကားကို ရေဆေးဖုန်သုတ်နေသော ဒရိုင်ဘာက

'ဝင်သွားပါဆရာ၊ ဆရာမရှိပါတယ်'

သူပြုံးပြပြီး အိမ်ထဲတန်းဝင်ခဲ့သည်။

'ခဏနော်၊ ဆရာမအဝတ်လဲနေလို့'

ပိုးအိ၏ ဖိနပ်ကို ဖုန်သုတ်ကာ သိမ်းဆည်းနေသော
မိန်းကလေးက ပြောလိုက်သည်။ စည်းစိမ်အပြည့်ရှိသော
ပိုးအိသည် အထက်တန်းပြဆရာမအလုပ်ကို မက်မောစွာ
နေသေးသည်ကို သူအံ့သြသလိုလို ဖြစ်မိသော်လည်း ပိုး
စကားများကို သတိရမိသောအခါ သိပ်မအံ့သြတော့
သနားဆိုသည်မှာ တားဆီးရခက်ခဲသော အရာတစ်ခု
သည်။





'မောင်ကျော်ဝေပါလား၊ ရေနွေးသံပရာရည်အေးအေး
လေး သောက်လိုက်ပါဦး၊ ပိုးအိရေချိုးပြီးတော့ တစ်ခါ
တည်း ထမင်းဝင်စားလိုက်ပေ့'

ပိုးအိ၏အထိန်းတော်ဟုပဲ ခေါ်ရမလား နို့ထိန်းဟုပဲ
ခေါ်ရမလားမသိ။ ပိုးအိကို နို့ဘူးတိုက်၊ ထမင်းခွံ့ကျွေး
သည်ကအစ ကိုယ်တိုင်အနီးကပ် ပြုစုခဲ့သည်မှ ယနေ့ဆံပင်
များဖြူစပြုသည်အထိ ပိုးအိကိုကလေးတစ်ယောက်လိုစောင့်
ရှောက်နေသော အဒေါ်အရင်းတစ်ယောက်လိုပင် ချစ်ခင်
အားထားလေသည်။ ပိုးအိနှင့် ပတ်သက်၍ သူ့အားလည်း
ခင်တွယ်နေသူလည်း ဖြစ်သည်။

'ဒေါ်ဒေါ်သန်းကတော့ ကျွန်တော်တို့ ငယ်ငယ်တုန်း
ကလိုပဲနော် သိပ်အပြောင်းအလဲ မရှိပါဘူး'

'ဆံပင်ဖြူလာပြီလေ၊ ဘာပဲပြောပြော အသက်အရွယ်
ကတော့ စကားပြောလာပြီ မောင်ကျော်ဝေရဲ့'

'ဒါပေါ့ ဒေါ်ဒေါ်သန်းရယ်၊ ဇရာကိုကာလနဲ့လည်း
မဖုံးနိုင်တော့တာ လူတိုင်းကြုံတွေ့ရမှာပဲ'

'အေးပေါ့၊ ဒါထက် မင်းမိဘများကော နေကောင်းကြရဲ့
လား ဘယ်မှာလဲ ပိုးအိ တစ်ခါပြောတော့ စစ်ကိုင်းမှာဆို
လားပဲ'

'ဟုတ်ပါတယ် စစ်ကိုင်းက မမနှင်းတို့အိမ်မှာပဲနေကြ
တယ်၊ အိမ်ရောင်းပြီး စစ်ကိုင်းမှာ ဇရပ်လေးတစ်ဆောင်
ဆောက်ထားတော့ မြေးထိန်းလိုက်၊ ဥပုသ် ရက်တွေဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဇရပ်ပြေးပြီး ဥပုသ်ဆောက်လိုက်နဲ့ သူတို့ဖာသာသူတို့ အေးချမ်းနေကြပါတယ်၊ ကျန်းလဲမာကြပါတယ်ဒေါ်ဒေါ်သန်း’

‘အေးပေါ့ကွယ် လှုပ်လှုပ်ရှားရှားနေရင် ကျန်းမာပါတယ်၊ စိတ်ကလဲ အရေးကြီးသေးတာပဲ’

စိတ်ကလည်းအရေးကြီးသည်ဆိုသည်မှာ မှန်ကန်သည်ဟု သူလက်တွေ့ကြုံတွေ့နေရသော အနေအထားအရ အရေးကြီးနေသည်။

‘ကျွန်တော်ရောက်နေတာ ပိုးအိသိသလား ဒေါ်ဒေါ်’

‘သိပါတယ်၊ ကောင်မလေးသွားပြောပြီးပါပြီ၊ ကျောင်းက ပြန်လာသံပရာရည်လေးတစ်ခွက် သောက်ရေချိုးပြီးရင် ထမင်းစားတယ်’

‘ကျောင်းက မနက်ပိုင်းဆိုတော့လည်း ထမင်းစားချိန်နဲ့တော့ နောက်ကျတာပေါ့ကွယ်’

‘နောင်နှစ်ဆိုရင် တစ်ပြည်လုံးလိုလို တစ်နေ့လုံး ကျောင်းတွေဖြစ်တော့မှာပါ၊ ဒီနှစ်ကလည်း နေရာအခက်အခဲရှိတဲ့ ကျောင်းမျိုးမှာသာ နှစ်ချိန် ကျောင်းအနေနဲ့ပဲ တက်နေရသေးတာ’

‘ကျောင်းမှာ စာသင်ချိန် လုံလုံလောက်လောက်ရမယ်ဆိုရင် ကျောင်းသားတွေအတွက် အသိပညာ၊ အတတ်ပညာတွေပိုတိုးတာပေါ့လေ’

‘ကျောင်းသားတွေကို အသိပညာ၊ အတတ်ပညာကိုလိုလားတဲ့စိတ်ဖြစ်ပေါ်လာအောင် ကြိုးစားဖို့ဟာ ဆရာတွေရဲ့





တာဝန်ပဲ ဒေါ်ဒေါ်၊ အချိန်ပိုလာတယ်၊ ဆရာတွေပိုင်းကလည်း ပြုပြင်ဆိုဆုံးမမှုမရှိဘူးဆိုရင်အလကားပဲပေါ့’

စကားပြောရင်း ပိုးအိကို စောင့်မျှော်ရသည်မှာ လည်ပင်းကုလားအုပ်ဖြစ် မတတ်ဖြစ်ရသည်။

‘သံပရာရည်လေး သောက်လိုက်ပါဦး’

‘ဟုတ်ကဲ့ ဒေါ်ဒေါ်သန်း’

သံပရာရည် အေးအေးလေးသည်လည်း သူရင်တွင်းလောင်မြိုက်နေသော သောကအပူကို မငြိမ်းချမ်းနိုင်ပါချေ။

ထိုစဉ် လှေခါးပေါ်မှ တရွေ့ရွေ့ဆင်းလာသော ပိုးအိသည် အိပ်မက်ထဲ လမ်းလျှောက်သူပမာ ဝိညာဉ်ကင်းမဲ့လျက်ရှိသည်။

‘ကိုင်း မင်းတို့မောင်နှမ စကားပြောဦး ဒေါ်ဒေါ်ထမင်းပွဲသွားပြင်ထားလိုက်မယ်’

‘ဟုတ်ကဲ့ဒေါ်ဒေါ်’

ဒေါ်ဒေါ်သန်း တမင်ရှောင်ထွက်သွားခြင်း ဖြစ်ကြောင်းသူနားလည်ပါသည်။

စက်ရုပ်သဖွယ်ပင် လျှောက်လာပြီး ပိုးအိသည် သူ့ရှေ့ကြိမ်ဆက်တီတွင်ဝင်ထိုင်လိုက်သည်။

ပိုးအိ၏ ရဲရင့်ဖျတ်လတ်ခြင်းသည် ပျောက်ဆုံးနေလေသည်။ စက်ရုပ်သဖွယ် ခံစားချက် ကင်းမဲ့နေသည်။

အမှန်တော့ ခံစားချက်ပြင်းပြလွန်းသဖြင့် ထုံသွားသည့်သဘောကို ဆောင်နေလေပြီ ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏နှလုံးသားဟစ်တိုင်ကိုသူတွေ့သွားပြီကိုသူမသိရှိ
ပေလိမ့်မည်။ ပိရိပြီဟု ထင်ထားၡဖုံးကွယ်ထားသော
မှုတစ်ခုကို ဖေါ်ထုတ်ခြင်း ခံလိုက်ရသောထားခံ၏
မျှော်လင့်ချက် ကင်းမဲ့သွားခြင်း၊ တွယ်ရာ မဲ့သွားသည့်
စိတ်နှင့်ခန္ဓာကိုယ် မကပ်နိုင်ပဲ လိပ်ပြာလွင့်မျောနေသည့်
လား သူမအသွင်ရှိနေသည်။

'ပိုးအိ'

'မိသင်းကော'

'အဲဒါငါပြောမလို့လာတာ'

'ပြော'

'မိသင်း လားရှိုးကအပြန်မှာ ငါ့အက်စ်အီးကား
နောက်ခန်းက တစ်ယောက်တစ်ထောင်ပေးပြီး ပြန်ခဲ့တာ
ပါပဲ၊ ဒါပေမယ့် ဂုတ်တွင်းအဆင်းအတက်ကျိုးထပ်ကွေ့တာ
သိတဲ့အတိုင်းပဲ မြွေလိမ်မြွေကောက်ဆိုတော့ မိသင်း မူး
အန်တယ်၊ အန်တော့ သွေးတွေပါလာတယ်၊ အခဲလိုက်
လူလဲမျော့မျော့ပဲ ကျန်တော့တယ်'

'အခု...အခုကော'

သူမမျက်လုံးအိမ်သည် ယခုမှ အသက်ဝင်လာလေသည်
သူသက်ပြင်းချလိုက်ပြီး ဖြေဆည်ရာရသွားလေသည်။
အသက်ဝင်လာဖို့လည်း အရေးကြီးသေးသည်။

'အခု ဂျပန်ဆေးရုံမှာတင်ထားခဲ့ရတယ်'

'ဘယ်လိုနေသေးသလဲ'





'ဆရာဝန်ကြီးကတော့ပြောတယ်၊ ငါးဆယ် ရာခိုင်နှုန်း
...ပဲတဲ့၊ ဒါပေမယ့် ရောဂါဟာ တစ်မျိုးတည်းမဟုတ်
တော့ ရှာဖွေနေရသေးတယ်၊ လောလောဆယ် သွေးသွင်းဖို့
...သွေးပါ ဖောက်စစ်ထားတယ်'

'သတိရပြီလား'

'မရသေးဘူး'

'ဟင်...ဒါဖြင့်သူ့နားမှာ ဘယ်သူရှိသလဲ'

'သူ့အဒေါ်ကို အကြောင်းကြားထားလို့ရောက်နေတယ်၊
...င့်ဆီကို အကြောင်းကြားသေးတယ်၊ ကျောင်းဆင်းချိန်
...ပြီး နင်ပြန်သွားတာနဲ့ ငါလဲနင့်ဆီကိုပဲ တန်းလာတာ၊
...မ်ပြန်ရေချိုးပြီး ထမင်းစားပြီးမှ တစ်ခေါက်ပြန်သွား
...ယ်'

'ဒါဖြင့်ရင် ငါသွားလိုက်မယ်၊ နင် နားချင်နားလိုက်
...ဦးလား'

'နားဦးမဟုတ်ဘူး ပိုးအိရေ၊ မောင်ကျော်ဝေကောသမီး
...ာ ထမင်းစားပြီးမှ ဆက်လုပ်စရာရှိတဲ့အလုပ်ကိုလုပ်ကြ၊
...လောလောဆယ်လုပ်ရမှာက ထမင်းစားခန်းကိုကြွခဲ့ကြ'

ဒေါ်ဒေါ်သန်းက လှမ်းပြောလိုက်သဖြင့် ပိုးအိက...

'ဟုတ်သားပဲကျော်ဝေ၊ နင်လဲ အစားအသောက်မှန်...
...ဟုတ်ဘူး၊ စိတ်ပန်းလူပန်း ဖြစ်နေတယ်မဟုတ်လား၊ ထမင်း
...ားလိုက်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း....ငါ ထမင်းမစားရတာ နှစ်နပ်ရှိပြီ၊ ကော်ဖီနဲ့ မုန့်နဲ့ပဲ အပြေးအလွှားကြားကနေ အားဖြည့်နေရတယ်'

'ဟင်း....'

ပိုးအိထံမှ သက်ပြင်းသံပေါ်ပေါက်လာသည်။ နောက် ထိုင်ရာမှထကာ ရှေ့မှ ဦးဆောင်သွားသည်။

'လာ....ကျော်ဝေ'

သူ့အား ခေါင်းရင်းဘက်ကုလားထိုင်၌ နေရာပေးပြီး သူမက မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။

'စား....မောင်ကျော်ဝေ'

'ဒေါ်ဒေါ် ဟင်းတွေခပ်ထည့်ပေးလိုက်ပါ'

'အေး....အေး'

သူမက ခပ်မထည့်ပေးလို၍ ဝိနည်းလွတ်စေရန် ဒေါ်ဒေါ်သန်းအား တာဝန်ပေးလိုက်ခြင်းဖြစ်သည်၊

သို့သော်....သူက လက်ကာကာ....

'နေ....ဒေါ်ဒေါ်သန်း၊ ကျွန်တော့်ဖာသာ ကျွန်တော် ထည့်စားပါ့မယ်'

သောကသည် သောက၊ ဗိုက်မှပိုးမျိုးရှစ်ဆယ်၏ ဆန္ဒပြုမှုသည် ထမင်းကိုစားဝင်အောင် ဖန်တီးပေးနေသည်။

ပိုးအိကတော့ တို့ကနန်း ဆိတ်ကနန်းနှင့်ဖြစ်နေသည်။

ဒိုင်ယာရီစာအုပ်အကြောင်းကို စကားစဖို့ သူ၌ဝန်လေးနေသည်။ ပိုးအိကလည်း စ မလာ၊ ဤအကြောင်းကို





ကြားကာလ၌ ပျောက်ဖျက်ထားလိုက်တာပဲ ကောင်းလိမ့်မည်ထင်ပါသည်။

'သမီး စားမကောင်းဘူးလား၊ သမီးအကြိုက် မုန်လာဥ ချဉ်ရည်လေးနဲ့ ဆမ်းစားလိုက်ပါလား'

'တော်ပြီဒေါ်ဒေါ်၊ ပိုးအိကို ပန်းသီးတစ်လုံးပဲ ခွာပေးပါ။ ကျော်ဝေကော'

'နေပါစေ ဒေါ်ဒေါ်၊ ကျွန်တော် ထမင်းစားပြီး ခုပဲ ပြန်တော့မှာ၊ ညနေ ကျွန်တော်ဆေးရုံပြန်သွားရဦးမယ်'

'နာ့စ် အဆင်ပြေရဲ့လား'

'ပြေတော့ပြေလိမ့်မယ်ထင်တယ်'

'ညဘက်နာ့စ်နဲ့အတူ အိမ်သား ဘယ်သူရှိမလဲ'

'အဲဒါပဲခက်နေတာ၊ ပြင်ဦးလွင်က ဆွေမျိုးနီးစပ်တော်တဲ့ သူတွေကို အကြောင်းတော့ ကြားခိုင်းထားတယ်၊ ဒါပေမယ့် သိတဲ့အတိုင်း ရွှေရှိငွေရှိမှ အမျိုးတော်ချင်ကြတဲ့ သူတွေဆိုရင်တော့ ရောက်လာမှာမဟုတ်ဘူး၊ ဒီတော့ ငါစဉ်းစားထားတယ်လေ၊ ငါလဲ ခွင့်ရက်တစ်ပတ်ကျန်သေးတယ် ဆိုတော့ နေ့ဘက်ငါစောင့်မယ်လို့ ညဘက်က အမျိုးသား စောင့်ခွင့်မရှိလို့သာ'

'ရပါတယ်၊ အခုပိုက်ဆံခန်းတွေက ယောကျ်ားမိန်းမ ခွဲမနေဘူး စောင့်လို့ရပါတယ်၊ ငါအခုသွားပြီး စီစဉ်လိုက်မယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'သင်းအတွက် လိုအပ်သမျှငွေကြေး ငါပဲအကုန်အကျ ခံမယ်နော်'

'ဒီမှာ ကျော်ဝေ'

သူမက ပန်းသီးစိတ်ကိုကိုင်ရာမှ ပြန်ချထားပြီး....

'သင်းဟာ နင်တစ်ယောက်တည်းရဲ့ သူငယ်ချင်း မဟုတ်ဘူး၊ ငါ့သူငယ်ချင်းဆိုတာလဲ နင်သတိထားဦးမှပေါ့'

'မှန်တယ် နှစ်ယောက်စလုံးရဲ့သူငယ်ချင်းဖြစ်လို့ နင်လဲ တာဝန်ရှိတယ်ထား၊ ဒါပေမယ့် သူငယ်ချင်းတွေရဲ့တာဝန် ဝတ္တရားထက် မကြာခင် လက်ထပ်တော့မယ့် ခင်ပွန်း တစ်ဦးရဲ့ တာဝန်ဟာ ပိုကြီးသွားပြီလေ၊ ဒီတော့ ပိုးအိ သင်းအတွက် ကုန်ကျသမျှငွေကြေး ငါပဲအကုန်ခံမယ်၊ နင်က ဝိုင်းပြီးကူညီပေးရုံလောက်ဆိုရင် တော်ပါပြီ'

'ဘာသဘောလဲ ကျော်ဝေ'

'ရှင်းပါတယ်ပိုးအိ၊ သင်းကိုငါပဲ တာဝန်ယူလက်စနဲ့ ယူပါရစေ၊ နင်ပဲ ဒီတာဝန်ကို ငါ့ထံပခုံးပြောင်းလွှဲပေးထား တယ်မဟုတ်လား၊ သူငယ်ချင်းသံယောဇဉ်ကနေ ချစ်သူ ရည်းစား သံယောဇဉ်မျိုးဖြစ်အောင် နင်ပဲတာဝန်ပေးထား တယ်ဆိုတော့ ငါကျေနပ်စွာနဲ့ ဆက်လက် တာဝန်ယူသွား ပါရစေ'

'ကျော်ဝေ'

ပိုးအိ တုန်လှုပ်စွာရပ်လိုက်သည်။





'ထားပါ ပိုးအိ၊ ငါဒီလိုချိန်မှာ ဒီစကားမျိုးမပြောသင့် ူးဆိုတာ နားလည်ပေမယ့် အနှစ်နှစ်အလလက မြိုသိပ်ခဲ့ တဲ့ ခံစားချက်တွေဟာ တိုက်ဆိုင်မှုလေးတွေရှိလာတဲ့အခါ ကြွပေါက်ကွဲတတ်လို့ပါ၊ နင့်စာအုပ်လေး ငါ စားပွဲပေါ် ာ ထားခဲ့မယ်'

သူမ ကျောက်ဆစ်ရုပ်ကဲ့သို့ ရပ်တည်နေခြင်းကို သူရင် ွာ ကျောခိုင်းလိုက်လေသည်။

လက်ကိုင်အိတ်ထဲမှ သူမ၏ သားရေအနက်ဖုံး စာအုပ် လေးကိုထုတ်၍ စားပွဲပေါ်တင်ထားခဲ့လိုက်သည်။

တစ်ခါ မန္တလေး၌ သင်းအတွက် ကားစီစဉ်နေစဉ် ယ်လာခဲ့သော ယောနှစ်နံစပ် ပိုးလုံချည်အစိမ်းနှင့် အင်္ကျီ ဖြူစလေး ထုပ်ထားသောအထုပ်ကလေးကို ထားရစ်ခဲ့ က်သည်။

အကယ်၍သာ ပိုးအိမြင်တွေ့သွားပါက သူမအပေါ် ားရှိသော မေတ္တာအတိုင်းအဆကို တွေ့မြင်သွားပါလိမ့် ည်။

စာအုပ်ကလေးကို ဖွင့်မိပါကလည်း သူမ၏နှလုံးသား တိုင်၌ သူ၏ နှလုံးသားဟူစ်တိုင်ကိုပါ ဖတ်မိသွားပါ မည်။

သို့ဆိုပါလျှင် ပိုးအိသည် မိမိအား....

* * *



www.burmeseclassic.com

www.burmeseclassic.com

"သေခြင်းတရားကို လူတိုင်းရင်ဆိုင်ကြရမည် ဖြစ်သည်။ သို့သော်....အချိန်မတန်မီ ကြွေ လွင့်ရမည့် ပန်းတစ်ပွင့်အတွက် နှမြောတသ မှုက ဖြေမဆည်နိုင်အောင်ဖြစ်ရသည်။"

အခန်း (၂၆)

'အခန်းပြောင်းသွားပြီ၊ တစ်ယောက်ခန်းမှာ'

'ဩော်....ဟုတ်ကဲ့ ကျေးဇူးပါပဲ ဆရာမ'

သူ တစ်ယောက်ခန်းများထားရာဘက်သို့ ဦးတည်လို သည်။

ရေချိုး၊ တစ်ရေးအိပ်ပြီး ညနေညို့တွေချိန်ကို မှန်း ထွက်ခဲ့သည်။

ရင်၌ တစ်မျိုးခံစားနေရသည်။

ပိုးအိနှင့် ရင်ဆိုင်တွေ့မှုကိုလား၊ သင်း၏ အနေအထ ဆိုးရွားမှုကို မြင်တွေ့ရမှာ စိုးကြောင့်၍လားမသိ။ သူ့



သည် ခုန်လာ၏။ ဆယ်ကျော်သက်အရွယ်ကပင် ထိန်းချုပ် ခဲ့သော ဝေဒနာရပ်တို့သည် ယခုအချိန်မှ အုံကြွလျက်ရှိ သည်။

'လာ....မောင်ကျော်ဝေ'

ဒေါ်ဒေါ်သန်းနှင့် ဆရာမ ဒေါ်ထက်ထက်ကို တွေ့လိုက် သည်။ နာ့စ်တစ်ဦးလည်း ရှိနေသည်။

'ဘယ့်နှယ်နေသေးလဲ'

ခပ်တိုးတိုးပင် သူမေးလိုက်သည်။

'သတိမရသေးဘူး'

ပင့်သက်ပင် မရှူနိုင်အောင်ဖြစ်သွားသည်။

'ကျွန်တော် ညစောင့်လို့ရသလား'

'ရပါတယ်'

'အိမ်က အဖော်ကောင်မလေးကိုလဲ ထပ်လွှတ်ပေးလိုက် မယ်'

'ဆရာမ....ဘယ်က သတင်းကြားလို့လဲ'

'လူအေးလေ....မန္တလေးကနေ ဆက်လိုက်တယ်၊ သူလဲ က်ဖြန်ဖြစ်ဖြစ် သန်ဘက်ခါဖြစ်ဖြစ် ရောက်လာလိမ့်မယ် ဒုက္ခရောက်လာတဲ့တပည့်အပေါ် ဆရာမလဲ အားပေး တယ်ထင်လို့ ဖုန်းဆက်လိုက်တာတဲ့လေ'

'ဝမ်းသာပါတယ်ဆရာမ၊ ကျွန်တော်တော့ ဘာလုပ်ရ မသိအောင်ဖြစ်သွားတယ်၊ မန္တလေးဆေးရုံတင်တော့ တို့မှာက လူအေးပဲ ရှိတာဆိုတော့ မတင်ချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အင်း....မြန်မာပြည်မှာမွေး၊ မြန်မာပြည်မှာကြီးပြင်းပြီး မြန်မာပြည်မှာပဲ ပညာသင်ကြား တတ်မြောက်လာတာ ပညာနဲ့ ဝင်ငွေဟာ မထိုက်တန်ဘူးထင်ကြပြီး ကိုယ့်တိုင်းပြည်ကို စွံကန်ထွက်သွားတယ်၊ ဒုက္ခမျိုးစုံနဲ့ ကြုံလာတော့ အမိမြေကိုပဲ တမ်းတကြတယ်၊ ခလုတ်ထိမှ အမိတ ဆိုတာ ဒါမျိုးပဲ၊ ဆရာမတို့တော့ ခုခေတ်မှာလဲ တိုင်းတစ်ပါးကို အထင်ကြီးပြီး ဝတ်စားဆင်ယင်မှုကအစ သရုပ်ပျက်စပြု နေတဲ့ တပည့်တွေ၊ ရက်ဒ်အက၊ ဘရိတ်ဒန့်စ်ကိုတတ်မှ ခေတ်မီ တယ်၊ ဘီယာသောက်တတ်မှ လူရာဝင်တယ်လို့ထင်ပြီး လမ်းမှားရောက်နေတဲ့ ကျောင်းသူ ကျောင်းသားတွေ ဥပမာပေးဖို့အတွက် သင်းမောင်ရီက တမင်သရုပ်ပြလိုက်သလိုဖြစ်နေပြီ'

ဆရာမ ဒေါ်ထက်ထက်သည် ပင်စင်နား နီးနေလေပြီ၊ နာသုံးနာအရ စေတနာအရင်းခံနှင့် သင်ကြားနေသော ဆရာမများလည်း ရှိနေသေးသဖြင့် ဖြေသာပါသေးသည်၊ ထိုဆရာမများ၏နေရာ၌ ပိုးအိတို့လို ဆရာမျိုးတွေသာ နေရာယူနိုင်မည်ဆိုပါက အနာဂတ်နိုင်ငံသည် သာယာလှပမည်။ ယခုတော့—

'ဒေါက်ဘာက လူနာအခြေအနေနဲ့ ပတ်သက်ပြီး ဘာပြောသွားသေးသလဲ'

'လူနာဟာ သေမင်းတံမရောက်သေးဘူး မျှော်လင့်ခြင်းတွေ ရှိနေပါသေးတယ်တဲ့ ဆရာ'





'ဟင်း'ခနဲ သက်ပြင်းချသံသည် ဒေါ်ထက်ထက်နှင့်သူ့ထံမှ တစ်ပြိုင်နက် ထွက်လာသည်။

'စိတ်လဲ သိပ်ပူမနေပါနဲ့ မောင်ကျော်ဝေ၊ ဆရာမလဲ ဆရာမ အမျိုးသားကို ပြောထားပါတယ်'

'ဩော်....ဟုတ်သားပဲ၊ ကျွန်တော် မေ့နေလိုက်တာ၊ ဒါကြောင့် လှအေးက ဆရာမဆီ ဖုန်းဆက်တာဖြစ်မယ်'

'ဒါပေါ့ကွယ်၊ မင်းလဲ သင်းအတွက် ဘယ်လောက်ပူပန်နေမလဲဆိုတာ ဆရာမ ကိုယ်ချင်းစာပါတယ်ကွယ်'

သင်းမောင်ရီနှင့် သူ၏ အခြေအနေကို သိထားသော ဆရာမက စိတ်မကောင်းစွာ ပြောလိုက်သည်။

'လူနာနဲ့ အသက်ဆိုင်ဆုံး လူနာရှင်နဲ့ ဆရာဝန်ကြီးက တွေ့ချင်ပါတယ်တဲ့....ဘယ်သူလဲ'

'ကျွန်တော်ပါ'

သင်း အဒေါ်လည်း မရှိသဖြင့် မဆိုင်းမတွပင် သူ ဖြေလိုက်မိသည်။

'ဒါဖြင့် ကျွန်မနဲ့လိုက်ခဲ့ပါ'

'ဟုတ်ကဲ့'

လာခေါ်သော သူနာပြုဆရာမနောက်သို့ မလိုက်မီ သူ သင်းမျက်နှာလေးကို ကြည့်လိုက်မိသည်။

မျှော်လင့်ချက်နှင့်အတူ ကောင်းသတင်းကြားရပါစေဟု သူ ဆုတောင်းရင်း လိုက်ပါသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆရာဝန်ကြီး၏ ရုံးခန်းမှ ထွက်လာချိန်တွင် သူ့စိတ်နှင့်ခန္ဓာသည် ဒွန်တွဲလိုက်ပါမှု မရှိတော့ချေ။

သင်းအခန်းသို့ ပြန်မဝင်ချင်တော့ပါ။ လောလောဆယ် မေးလာမည့် မေးခွန်းများကို သူ မဖြေချင်။ ဖြေနိုင်သော အင်အား သူ့၌ ရှိမည်မဟုတ်ပါ။

ကောင်းသော သတင်းစကားကိုသာ ဖြန့်ဝေချင်ပါသည်။ မကောင်းသော သတင်းစကားကို မဖြန့်ဝေချင်ပါ။

ဆေးရုံအောက် ပန်းခြံထဲဝယ် သူ သွားထိုင်နေလိုက်သည်။

သေခြင်းတရားကို လူတိုင်း ရင်ဆိုင်ရမည်ဖြစ်သည်။ သို့သော် အချိန်မတန်မီ ကြွေလွင့်ရမည့် ပန်းတစ်ပွင့် အတွက် နှမြောတသမှုက ဖြေမဆည်နိုင်အောင် ဖြစ်ရသည်။

သူဘာလုပ်ရမည်နည်း။

'ပိုးအိ....ဘာလုပ်ရမလဲ'

ရင်ထဲ၌ အားကိုးရာကို သတိရလိုက်သည်။

အများသုံး တယ်လီဖုန်းရှိရာသို့ သူလျှောက်ခဲ့သည်။ လူများ စောင့်ဆိုင်းနေသည်။

သူ ကားရှိရာ လျှောက်သွားလိုက်သည်။

နာရီကြည့်လိုက်သည်။ အချိန်ရပါသေးသည်။ ပိုးအိအိမ်နှင့် ဆေးရုံကြီးသည် မဝေးလှ၊ အသွားအပြန် နာရီဝက် မျှသာ ရှိမည်ဟု ခန့်မှန်းပြီး သူ မောင်းထွက်ခဲ့လိုက်သည်။

ကောင်းကင် မိုးသားတို့သည် ပြိုမယောင် အငြိုးအတေးနှင့် မျက်နှာမှုန်လျက်ရှိသည်။ နွေနှောင်းကို နှုတ်ဆက်၍ မပြီးသေးပါလား မိုးမင်းရယ်....။

ပူပြင်းမှုကြောင့် လူတိုင်းလည်း မိုးကို မျှော်လင့်နေကြပြီ ထင်ပါသည်။

သို့သော် သူ့ရင်ထဲက အပူကား မိုးရေစက်တို့ ဖြန်းပက် ရုံမျှနှင့် ငြိမ်းအေးလိမ့်မည်မဟုတ်ပါချေ။

ထုနှင့်ထည်နှင့် အစိုင်ခဲဖွဲ့လျက် ရှိချေပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

''ဒုက္ခသည် ဘယ်သောအခါမှ တစ်ကိုယ်တည်းမလာတတ်။ အပေါင်း အဖော်များနှင့် လာတတ်သည် ဆိုခြင်းမှာ မှန်လေစွတကား....''

အခန်း (၂၇)

'ပိုးအိကော'

'ဆရာမ သွေးပေါင်ကျလို့ အခုပဲ ဆရာဝန်ဆေးထိုးလေပြီး ပြန်သွားတယ်'

'ဟင်... ဒါဖြင့် ဘယ်မှာလဲ'

'အပေါ်ထပ်မှာ ဆရာ ဘာမှာချင်လို့လဲ'

'ဝါသွားကြည့်ချင်တယ် ရမလား'



'ရပါတယ်ဆရာ၊ ဆရာမ တအားငိုတယ်၊ ဘာမှလဲမစားဘူး ဒေါ်ဒေါ်သန်းကလဲမရှိတော့ ဘယ်သူမှပြောမယ့်သူမရှိဘူး၊ ကျွန်မတို့ကိုတော့ အနားတောင်ပေးမကပ်ဘူး'

သူ့ရင်ထဲ၌ လောကဖိစီးမှုအပေါ် သောကတုက ပြိုဆင်းဖိနှောင်လာပြန်သည်။

သူ လှေကားပေါ် အပြေးတစ်ပိုင်းတက်ခဲ့သည်။

ဒုက္ခဟူသည် ဘယ်သောအခါမှ တစ်ကိုယ်တည်း မလာတတ်၊ အပေါင်းအဖော်များနှင့် လာတတ်သည်ဆိုခြင်းမှာ မှန်လေစွတကား။

ဖွင့်ထားသောတံခါး၌ ချထားသောလိုက်ကာကို သူ အသာမ,ကာဝင်လိုက်သည်။ ခမ်းနားသော အိပ်ခန်းကျယ်ကြီးဝယ် စည်းစိမ်ခံလူ့အသုံးအဆောင်ပစ္စည်းများ အစုံအလုံ ရှိနေသည်။

အိပ်ပျော်နေရှာသည်။

သူ ခြေဖွဖွလေးနင်းဝင်ခဲ့သည်။ သူမ၏အဖော် မိန်းကလေးလည်း လိုက်ဝင်သည်။ သို့သော် အဝင်ဝပင်ရပ်၍စောင့်ဆိုင်းနေသည်။

သူတို့၏ အရှင်သခင်မအား စောင့်ရှောက်သည့် အနေအထား၌ အသင့်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးအိ၏လက်အနီးတွင်ရှိနေသည်က သားရေအနက်ရောင် ဖုံးစာအုပ်ကလေး၊ ပြီးတော့ သစ်ပုတ်ပင်ကြီးအောက်ခုံတန်းလျားလေးပေါ်၌ သူတို့သုံးဦးရိုက်ထားသော မှန်ဘောင်သွင်းထားသည့်ဓာတ်ပုံလေး၊ နောက် အပြူစနှင့်အစိမ်းစတို့ ဖြစ်သည်။

ငိုထားသဖြင့် မို့အစ်နေသောမျက်ခွံတံခါးမှာ ပိတ်လျက်ရှိသည်။

သူ မနိုးရက်ပါ၊ နိုးသွားမှာပင် စိုးကြောက်သဖြင့် အသာအယာပြန်လှည့်ထွက်ခဲ့သည်။

အဖော်မိန်းကလေးလည်း လိုက်လာသည်။ လှေကားရောက်မှ သူအသံထွက်ရဲသည်။

'ဆရာမနိုးလာရင် ဘာပြောလိုက်ရမလဲဆရာ'

'ငါ စာရေးခဲ့မယ်'

'ဟုတ်ကဲ့'

'စာရွက်တစ်ရွက်သာပေး'

'ဟုတ်ကဲ့'

သူ အိမ်ရှေ့ဆက်တီ၌ထိုင်လိုက်သည်။ အဖော်မိန်းကလေး ယူလာပေးသော စာရွက်၌ ရေးချလိုက်သည်။





ပိုးအိ....

ငါလာသွားတယ်၊သင်းအတွက်အရေးကြီးနေပြီ၊ နှင့်ကို ပြောစရာရှိလို့ငါလာတာ၊ ရင်ပွင့်မတတ် ခံစားနေရတဲ့ငါ့ဝေဒနာကို နှင့်ကိုမှပြောမပြရရင် ငါရူးသွားလိမ့်မယ်ထင်တယ်၊ နှင်နိုးနိုးချင်း ငါနဲ့ ဆက်သွယ်ပါ။

နှင့်ကို မနိုးရက်လို့ပြန်သွားပြီ။

ကျော်ဝေ

ပီအက်စ်—ငါ သင်းအနားမှာအမြဲရှိနေမယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"အချစ်ကို စူးစမ်းစအရွယ်ရောက်တော့လည်း ပညာရေးဟာ အဓိကပါလားဆိုတဲ့ အသိစိတ်ဟာ ငါ့ဦးနှောက်မှာ အမြဲရှိနေတော့ ငါ အချစ်ကို မစူးစမ်းခဲ့ဘူး။"

## အခန်း (၂၈)

သက်ပြင်းချသံနှင့်အတူ နှင့်ရဲ့ကိုယ်သင်းရနံ့ကို ငါရှူလိုက်တယ်ကျော်ဝေ။

နောက်....ညင်သာတဲ့ခြေလှမ်းလေးနဲ့ နှင်ပြန်ထွက်သွားတယ်။

နှင့်ကျောပြင်ကိုကြည့်ရင်း ငါ့ပါးပြင်ဟာ ပူနွေးလာတယ်။

နှင်စဉ်းစားကြည့်စမ်း၊ ငါ့ရင်ထဲမှာ ဘယ်လောက်ခံစားနေရမလဲဆိုတာ နှင်သိမှာပါကျော်ဝေ၊ နှင်လည်း ခံစားနေရမှာပါ။





နှင့် ခံစားချက်ကို ငါ မသိနိုင်ပေမယ့် မှန်းဆလို့ရတယ်။

နှင် ငါ့ဆီကိုရောက်လာတယ်ဆိုကတည်းက အင်မတန်အရေးကြီးတဲ့ကိစ္စရှိလိမ့်မယ်ဆိုတာ ငါသိနေတယ်ကျော်ဝေ၊ ဒါပေမယ့် ငါနားမထောင်ရဲဘူး။

အထူးသဖြင့် တစ်ယောက်ရဲ့ရင်တွင်းဆန္ဒကို တစ်ယောက်ကသိမြင်နေကြပြီဆိုတော့ ပေါက်ကွဲမှုဆိုတာ အချိန်မရွေးဖြစ်ပွားနိုင်တယ်။

အဲဒီပေါက်ကွဲမှုကို ငါကြောက်သွားပြီကျော်ဝေ။

နှင့်ကားသံသဲ့သဲ့ကို ငါကြားလိုက်ရတယ်။

နှင်ပြန်သွားပြီပေါ့နော်။

အေးလေ....သင်းအပါးမှာ နှင်ထာဝရရှိနေသင့်တယ်။

မျက်ရည်ကိုသုတ်ပြီး ငါ့ရဲ့နှလုံးသားဟစ်တိုင်ထဲမှာ ဆက်ရေးသွားတဲ့ နှင့်ရဲ့နှလုံးသားဟစ်တိုင်ကို ငါပြန်ဖတ်မိတယ်ကျော်ဝေ။

ပိုးအိ....

ထောင့်ငါးရာအချစ်ဆိုတာ ဘာမှန်းမသိခင်အရွယ်ကတည်းက မေ့ာင်ချစ်နှမချစ်နဲ့ မေတ္တာပို အကြင်နာပိုခဲ့ပြီး ငါ သံယောဇဉ်အရှိဆုံးမိန်းကလေးဟာ နှင်ဖြစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို နင်လက်ခံမှာပါ။

အချစ်ကို စူးစမ်းစအရွယ်ရောက်တော့လည်း ပညာရေးဟာ အဓိကပါလားဆိုတဲ့အသိဟာ ငါ့ဦးနှောက်မှာ အမြဲရှိနေတော့ ငါအချစ်ကို မစူးစမ်းခဲ့ဘူး။

ဒါပေမယ့် မိုက်ခ်နဲ့ပြဿနာဖြစ်ပြီး ငါ့ရဲ့စခန်း ရောက်သွားတဲ့အချိန်မှာ မစူးစမ်းဘဲထားခဲ့တဲ့အချစ်ကို ငါဘွားခနဲ တွေ့လိုက်ရတယ်။

နင့်အမည်ကို လုံးဝမထုတ်ဖော်ဘဲ ဖြစ်လာသမျှ ဇီရင်လာသမျှအဖြစ်ဒဏ်ကို ငါပဲခံယူတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ငါလိမ်ညာခဲ့မိတယ်။

အဲဒီမှာပဲ ငါ့မသိစိတ်မှာ အချစ်အတွက်ဖြင့် အသက်ပင်သေသေဆိုတဲ့စိတ်နဲ့ နင့်အပေါ် ငါချစ်နေမိပါလားလို့ ငါသိလိုက်ရတယ်။

ဒါပေမယ့်....

ဒေါ်ဘုမနဲ့ သူ့အိမ်ဘေးက မိုက်ခ်သူငယ်ချင်းတို့ သက်သေခံတော့ နင့်အမည်ပါသွားမှာပေါ့။

ထားပါတော့လေ၊ ဒါတွေနင်သိပြီးသားပဲဖြစ်မှာ အမှန်တရားဘက်မှာ ဥပဒေရှိပါတယ်၊ တရားကို နတ်ဇောင့်ပါတယ်။





ငါ အစစ်အဆေး အမေးမြန်းခံရရုံကလွဲလို့ ဘာမှမဖြစ်ဘူး၊ မိုက်ခ်တို့ဘက်က ကြေအေးသွားတယ် နင့်မိဘတွေကိုလည်း သွားတောင်းပန်လိုက်တယ်ထင်တယ်။

ဒါပေမယ့် နင့်မိဘတွေဆီမှာ လိုအပ်ရင် ပိုးအိဟာ ငါ့ဘက်က သက်သေလိုက်ပေးဖို့ သွားပြောလိုက်တဲ့ ဆရာမဒေါ်ထက်ထက်ကို ပြောင်ပြောင်ပယ်လွှတ်လိုက်တယ်။

သူ့သမီးကိုပဲ ပြဿနာထဲဆွဲသွင်းတဲ့အတွက် အသရေဖျက်မှုနဲ့ပဲ တရားပြန်စွဲမလိုစကားမျိုးတောင် ပြောလွှတ်လိုက်တယ်ဆိုတော့ နာစရာပေါ့။

ငါလည်း လူငယ်ပဲ ကိုယ့်အပေါ်မှာ အနာတရဖြစ်အောင်လုပ်တဲ့လူကို နာကြည်းတယ် ပိုးအိ....

ဦးမင်းဆက်နဲ့ ဒေါ်ထိပ်တင်လေးကို နာကြည်းပေမယ့် ပိုးအိကို မနာဘူး။

ငါတို့က ပညာမစုံသေးတော့ ကလေးပဲပေါ့။ ကလေးဆိုတာ မိဘတွေရဲ့ပုံစံခွက်ထဲမှာပဲ နေရတာဆိုတော့ နင့်မှာ အပြစ်မရှိဘူးလို့ ငါယူဆခဲ့တယ်။

ဒါပေမယ့် နင့်ဆီက ဆက်သွယ်ချက်ကိုတော့ ငါမျှော်လင့်မိတယ် ပိုးအိ....

နင်ကလည်း မဆက်သွယ်တော့ ငါစိတ်ထဲမှာ ဦးမင်းဆက်သမီးဟာ သမီးပါ့ပဲလို့ မှတ်ယူပြီး စာထဲပဲ အာရုံပြန်နှစ်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို မုန်းမေ့ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ဘူးနော် ပိုးအိ....ငါလေ၊ ငါ့ရဲ့စာရေးစားပွဲရှေ့မှာ ကတ်ထူစက္ကူဖြူပေါ်မှာ စာရေးပြီး ကပ်ထားတဲ့ စာတမ်း ကို ကြည့်ပြီး နင့်ကို ငါ ခေါင်းထဲက ထုတ်ပစ်ပြီးမှ စာ ကျက်ရတယ်။

ဘာစာတမ်းလဲဆိုတော့ ငါ့ဉာဏ်နဲ့ ထုတ်ထားတာမ ဟုတ်ပါဘူး။ ဆရာကြီး ပီမိုးနင်းရဲ့(ဘ၀တိုက်ပွဲ)စာအုပ်က ထုတ်နုတ်ပြီး ရေးထားတာ။

ချုပ်တည်းခြင်း....

ကြီးပွားအောင်မြင်သူသည်တကယ့်အရေးထဲ၌တကယ့် အခက်အခဲကြီးများထဲ၌ ခေါင်းအေးအေးနှင့် စိတ်ကိုချုပ် နိုင်သူဖြစ်သည်။

အကြောင်းကို ချုပ်ခြင်း။

အရဲကို ချုပ်ခြင်း။

အစွမ်းသတ္တိကို ချုပ်ခြင်း။

ဒေါသကိုချုပ်ခြင်း။

စသည်ချုပ်ခြင်းများနှင့် သည်းညည်း ခံ ခြင်း သည် အောင်မြင်ခြင်း၏ ခံတပ်ကြီးများ ဖြစ်ကြလေသည်။





စိတ်ကိုမချုပ်တည်းသမျှ လောက၌ ကြီးမြင့်ခြင်းအဖြစ် သို့ ရောက်သည်ဟု မရှိချေတဲ့။

နင့်ကို တွေ့ချင်တဲ့စိတ်ကြောင့် ပဲခူးကိုသွား....နင့်အဘိုး သစ်တောမင်းကြီးအိမ်ကိုရှာ.... ပြီးတော့ ခိုးတွေ့မယ်ဆိုတဲ့ အရဲ၊ အစွမ်းသတ္တိကို ငါချုပ်တည်းနိုင်ခဲ့တယ်။

ငါဘ၀အောင်မြင်ရေးအတွက် ကျောင်းသားအရွယ် ငါဟာ ကျောင်းစာကျက်ရမယ်၊ ပြင်ပဗဟုသုတအနေနဲ့ စာမျိုးမျိုးဖတ်ရမယ်၊ ဒီလိုနဲ့ နင့်ကို ငါရဲ့အသိစိတ်ထဲက ထုတ်ထားခဲ့ရတယ်။

ဒီကြားထဲ သင်းဟာ ငါ့ဆီမှာ သူသိလိုတဲ့ မြန်မာ့ရိုး ရာ စကားပုံလေးတွေရဲ့ အဓိပ္ပာယ်မေးရင်းနဲ့ ရင်းရင်း နှီးနှီး နေလာတယ်။

နင်သိတဲ့အတိုင်းပဲ ငါဟာ အားနွဲ့သူကို ညှာတာတတ် တယ်၊ ငါနဲ့သိပ်မကပ်နဲ့လို့ အော်ငေါက်မထုတ်ရက်ဘူး။

ဒါကြောင့် ဉပုသ်ရက်လိုနေ့မျိုး သူ့အိမ်လာမယ်ဆိုရင် သူ့အေးကိုပါ ထမင်းကျွေးပြီး အိမ်မှာ စာလာကျက်ခိုင်း ရတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဉပုသ်နေ့က နင်သိတဲ့အတိုင်း ဖေဖေ၊ မေမေကော အစ်မပါ ဉပုသ်သွားစောင့်ရင် မနက်



www.burmeseclassic.com

www.burmeseclassic.com



အာရုံတက်ကနေ့ ညနေ နေဝင်ရီသရော အချိန်မှ ပြန်လာတတ်လို့ပဲ။

သင်းကို ငါ့အပြစ်မဆိုပါဘူး။ သူ့အသိုင်းအဝိုင်းက ဆိုရှယ်ကျတယ်။ အပေါင်းအသင်းကို ကျား၊ မ ခွဲစရာမလိုဘူး။ ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံနိုင်တယ်။ ဒါမှ ခေတ်မီတယ်လို့ အယူလွဲမှားပြီး ပါတီတက်ခွင့် တောင်းပေးထားတာဆိုတော့၊ ပါတီတွေမတက်ပဲ ငါ့ဆီလာတာကိုပဲ၊ ငါ့တို့က သန့်ရှင်းစွာ စောင့်ရှောက်ပေးခဲ့ပါတယ်။

လှအေး အသိဆုံးပဲ။

လှအေးတောင် ငါ့ကို ပြောသေးတယ်။

'နှင့်အသည်းနှလုံးက သံမဏိသားနဲ့ ဆောက်ထားတယ် ထင်တယ်'တဲ့။

ဒါပေမယ့် အနေကြာလာတော့လည်း သင်းရဲ့မနေ့ဘာ ဖြူစင်တယ်ဆိုတာ သိရတယ်၊ သဘောကောင်းတယ်။ ကောင်းတာမှ ယုံလွယ်တယ်၊ သနားတတ်တယ် အပေါင်းအသင်းကို တွယ်တာတတ်တယ်၊ သူတို့အသိုင်းအဝိုင်းနဲ့တောင် မဟပ်မိဘူး။

တစ်ခါတလေငါ့အိမ်က ဘုရားပန်းအိုးတောင် အစ်မ ဝိုင်းလဲပေးတယ်။ လာတိုင်းလဲ ခြံထဲက နှင်းဆီ၊ သင်္ဘော ဒေစီပန်း၊ သစ္စာပန်းလေးတွေ ခူးလာတတ်တယ်။





'ယူတို့ဘုရားပန်းအိုးလဲဖို့တဲ့လေ'

ငါကောလှအေးပါ နှင့်ကိုယ်စား သူ့ကို ခင်တွယ်လာတယ်။

အမေတို့ကတောင် သူ့ကို နှင့်လိုမဟုတ်တာတောင် နှင့်လောက်နီးပါး သံယောဇဉ်ဖြစ်လာတယ်။

ထားပါတော့ ဒါတွေ ငါရှင်းပြမနေချင်ဘူး။ လားရှိုးရဲ့ စတုတ္ထညမှာ သင်း အိပ်ပျော်နေတုန်း ငါဒီစာကို ရေးရတာ။

သင်းကို ငါသိပ်လိုက်ပြီ။

နှင်ကတော့ငါ့ကို သံသယဖြစ်ကောင်း ဖြစ်လိမ့်မယ်။ မိသင်းနဲ့ငါ ခရီးအတူသွား အတူလာဆိုတော့ Living together ပဲလို့ ထင်မှာပဲ။

ယောကျ်ားတစ်ဦးနဲ့ အတူသွား အတူလာတဲ့မိန်းကလေး တစ်ယောက်ဟာ လက်မထပ်ဖြစ်ရင် ဘယ်လောက် နစ်နာမလဲဆိုတာ နှင်သိပါတယ်။

တည်းခိုးခန်းမှာ ငါတစ်ယောက် ခန်းစီယူတော့ သင်းက ..

'ဒါလင်က ကိုယ့်ကိုကိုယ်စိတ်မချလို့လား'တဲ့လေ။ ပြီးတော့....

'ဒါလင်ရယ်.... နေရတဲ့အချိန်က နှစ်ပတ်လောက်မှာ ဒါလင်မျက်နှာလေးကို တဝကြီးကြည့်ချင်တယ်။ ဟရေးနိုး



www.burmeseclassic.com

www.burmeseclassic.com



လဲ ကြည့်ချင်တယ်၊ မိုးလင်းလာရင်လည်း အရင်ဆုံး မြင်ချင်လို့ပါ’

ငါသနားတတ်တာနင်အသိပါ။

သင်းကို ချစ်ခဲ့တာကလည်း နင်ကနင့်ဘက်လည်လာမည့်မြွေးဦးကို ရှောင်တိမ်းတဲ့အနေနဲ့ သင်းဆီကို လှည့်ပေးပြီး တွန်းအားပေးနေတော့ ငါလည်း ‘ချင်းစိမ်းနဲ့ မိဿလင်သူ ကြင်မှုကိုယ်ကြင်မယ်’ဆိုတဲ့မာနနဲ့ ငါသင်းကိုချစ်လိုက်တယ်။

သနားစိတ်နဲ့ မေတ္တာရှိပြီးသား မိန်းကလေးအပေါ် ငါ ချစ်ရတာ မခဲယဉ်းပါဘူး။

ဒါပေမယ့် ခက်နေတာက....

နှလုံးသားကို လိမ်ညာလို့မရဘူး။ အစားထိုးလို့မရဘူး။

ဒါကြောင့် ငါသင်းအပေါ် ဆက်ဆံမှုဟာ ချစ်သူရည်စားတွေနဲ့မတူပဲ သူငယ်ချင်းလို ဖြစ်နေတယ်။

ငါနမ်းတာတောင် သင်းရဲ့ နဖူးပဲနမ်းတတ်တယ်။

တစ်ခါတစ်ရံ အသည်းယားအောင် သူကျီစယ်မှ ပါးကိုနမ်းတတ်တယ်။

နှုတ်ခမ်းကို ယနေ့အထိ မနမ်းခဲ့ဘူးဆိုရင် နင်ယုံမလား။

ထားပါတော့ ဒါတွေကို ငါရေးပြနေတာက နင့်မေတ္တာကို မျှော်လင့်ချက်ကြီးစွာနဲ့ ရရေးကြိုးပမ်းမှုအတွက် သက်သေထူနေတာ မဟုတ်ဘူးဆိုတာ နင်ယုံကြည်ထားပါ။

လှိုင်စာပေ



နောက်ဆုံး သင်းဟာ သူနိုင်ငံခြားမထွက်ခွာမီမှာ ငါ့ကို သူ့ရဲ့အပျိုစင်ဘဝ လှာအပ်တယ်။

အဲဒီမှာ ငါ ခါးခါးသီးသီး ငြင်းပယ်ပြီး သင်းကို ..ကြည်းသွားတယ်။

ငါ့ရဲ့ဂုဏ်သိက္ခာသမာဓိကို စမ်းသပ်တယ်၊ စော်ကားတယ်ထင်လို့ပဲ။

ယောကျ်ားဆိုတာ အခွင့်အရေးပေးလာရင် ပေးလာ..လို အပြည့်အဝ အသုံးချတတ်တဲ့ အခွင့်အရေးသမားပဲလို့ ..င်တို့ မိန်းမတွေက စွပ်စွဲတတ်ကြတယ်။

ဒီအကြောင်းကိုသိခဲ့ရင် ယောကျ်ားသားတွေဟာ ငါ့ကို လူ့ငနွား’ပါလားလို့ လှောင်ချင် လှောင်မယ်၊ ရှုံ့ချချင် ..မယ်။

ဒါပေမယ့် ငါလိပ်ပြာသန့်တာကိုပဲ ‘ငါခံယူချင်တယ်။ ပြီးတော့ သင်းဟာ ငါ့ရဲ့မေတ္တာအရင်းခံနဲ့ စောင့်ရှောက်ပြီး ချစ်ခဲ့ရတဲ့ မိန်းကလေး။

ထားပါတော့....သင်းဟာ ငါချစ်သူဆိုတော့ ငါချစ်ရတဲ့ ..န်းကလေးပဲ ထားပါ။

အဲ....တစ်ခုတော့ ထပ်ပြောပါရစေ။

မှန်ကန်သော သစ္စာစကားပါ။

အဲဒါ ဘာလဲဆိုတော့....

သင်းဟာ နင်ကလွဲရင် ငါအချစ်ရဆုံး မိန်းကလေးပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ငါချစ်သူဘဝကို ညှိုးနွမ်းသွားအောင် ငါ မပြုရက်ဘူး။

မကောင်းတဲ့ အတွေးဝင်တဲ့ သင်းကို ငါ ဒေါသထွက်သွားတယ်။

ကရုဏာ ဒေါသလေလား။

အချစ်ကြီးလို့ အမျက်ကြီးတာလားကို ငါ မခွဲခြားတတ်ဘူး... ။

ဒါကြောင့် လေဆိပ်ကိုလည်း ငါသွားမပို့ဘူး။ ဒါပေမယ့် သူ မမြင်သာတဲ့နေရာကနေ သူ့ကို တိတ်တခိုး သွားရောက် နှုတ်ဆက်ကြည့်နဲ့ စောင့်ကြည့်ခဲ့တယ် ဆိုတာတော့ သင်း ယနေ့အထိ မသိခဲ့ဘူး ပိုးအိ....

သူ့စာတွေ ငါမဖတ်ခဲ့ဘူး ဟုတ်တယ်။

ငါ့ရင်ကို စိုးကန့်ထွက်သွားတဲ့ မိန်းကလေး။

ငါ့ကို နှုတ်ခမ်းပွဲချင်း မီးမှုတ်တော့ ဘာအကျိုးထူးမှာလဲလို့ ပြောထွက်တဲ့ မိန်းကလေးကို ငါ စိတ်မနာသင့်ဘူးလား...။

သူ့ဆီက ပြန်လာတော့မယ့် အကြောင်းကလဲရင် ငါ ဘာမှမကြားချင်ဘူး၊ မသိချင်ဘူး။ သိလည်း အပိုပဲလို့ ငါ ခံယူထားတယ်။ ဒါကြောင့် မီးရှို့ခဲ့တယ်။

လူမိုက်အားပေး ငါမလုပ်ချင်ဘူးလေ။

ငါ့ကိုယ်ငါ အမျိုးချစ်သူကြီး အဖြစ် စာတင်နေ မဟုတ်ဘူး။ ငါ...ငါ့မြေ ငါ့ရေ ငါ့နိုင်ငံကိုတောင် အနှံ့အ



ဗဟုသုတ မရှာမှီးရသေးဘဲနဲ့ တိုင်းတစ်ပါးကို ငွေကုန်ခံပြီး ခြေချဖို့ စိတ်မကူးဘူး။ တိုင်းတစ်ပါးက ပေးထဲ့လစာကိုလည်း ငါ မမက်ဘူး၊ ငါ့တိုင်းပြည်ကပေးတဲ့ ပညာနဲ့ ငါ့တိုင်းပြည်မှာပဲ အသုံးချမယ်၊ ဒါ ငါ့ယုံကြည်ချက်....

ဒီယုံကြည်ချက်ကို နင်နားလည်မှာပါ၊ နင်ကိုယ်တိုင်လည်း ဒီလိုပဲ ခံယူထားတာ မဟုတ်လား။

ဦးနှောက်နဲ့ အသိတရားမှာ နင်နဲ့ငါ ယုံကြည်ချက်ချင်း တူညီပေသလို နှလုံးသားရေးရာမှာလည်း မာနချင်း တူညီနေပြန်တယ်နော်....။

ချမ်းသာ ကြွယ်ဝလှန်းတဲ့နင့်ကို ချစ်ရမှာ ချစ်တယ်လို့ ဖွင့်ပြောရမှာကို စိုးကြောက်လှန်းတဲ့ ငါ့ရဲ့မာနက နင်နဲ့ ငါ့ရဲ့ ဘဝကို အဝေးဆုံးရောက်အောင် တွန်းပို့လိုက်တာပါ။

ငါ့အမှားပါ။

ငါဟာ နင့်ကိုသိပ်ချစ်ခဲ့တယ်၊ ချစ်နေဆဲပဲ။ နောင်ကိုလည်း ချစ်သွားမှာပဲ။

ဒါပေမယ့် ငါချစ်တယ်လို့ ဖွင့်ပြောလိုက်ရင်....

နင့်ရဲ့အမုန်း....သို့တည်းမဟုတ် နင့်အသိုင်းအဝိုင်းက နင့်စည်းစိမ်ကိုချစ်တဲ့ ဂုဏ်တိယ သိုက်တူးသမားအဖြစ် မြင်သွားမှာကို ငါအကြောက်ဆုံးပဲ။

ဒါကြောင့် ငါ့နှလုံးသားရဲ့ တောင်းဆိုချက်ကို သေသည်အထိ မြိုသိပ်သွားတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ငါ နင့်ကို ဖွင့်မပြောခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောလုနီးပါး ပေါက်ကွဲမှုဖြစ်တဲ့အချိန်လည်းရှိတယ်။ အဲဒီနေ့က အနုပညာအသင်းရဲ့ ဖျော်ဖြေပွဲနေ့ကပဲ။

ငါ့ရဲ့ ဆိုနေကျသီချင်းနဲ့ ငါ ဖျော်ဖြေခဲ့တယ်။

အဲဒီသီချင်းထဲ ဘယ်သူ့ကို ရည်ရွယ်သလဲဆိုတာ နင်သိရဲ့လား။

ငါတို့ မူလတန်းကျောင်းက ဂါဝန်အဖြူ ပါးဖောင်းဖောင်း ရုပ်ရည်သန့်ပြန့်ပြီး အင်မတန် ချစ်စရာကောင်းတဲ့ ပိုးအိဆိုတဲ့ ကောင်မလေး၊ ကျောင်းလာအပ်ကတည်းက ကလေးစိတ်နဲ့ သိပ်ချစ်သွားခဲ့တဲ့ ဒီကောင်က နင့်ကို ရည်ရွယ်ပြီး ဆိုခဲ့တာပါ။

သီချင်းကို ခံစားတတ်တဲ့အရွယ်ရောက်တော့ အဲဒီသီချင်းကို အကြိုက်ဆုံးဖြစ်ပြီး စွဲစွဲမြဲမြဲဆိုခဲ့တယ်။

သင်းက ချစ်သူဖြစ်တော့ သူ့အတွက် ရည်စူးဆိုတယ် ထင်မှတ်ပြီး အမြဲဆိုခိုင်းလေ့ရှိတယ်။

ဆိုပေးပါတယ်။ ချစ်သူကို အလိုကျ လိုက်လျောရမှာ ချစ်တဲ့သူတိုင်းရဲ့တာဝန်ပဲ မဟုတ်လား။

သင်းကို ငါ သိပ်သနားသွားပြီ။

အမှန်တော့ သင်းဟာ နင်နဲ့ငါ့ရဲ့ အုံပုန်းအချစ်နဲ့ အတွေ့ပြိုင်ပွဲမှာ ဓားစာခံဖြစ်သွားရှာတဲ့ ပန်းကလေးတစ်ပွင့်ပဲ။

ငါ့အမှားအတွက် ငါ သင်းကို ပြုစုယုယသွားခြင်းနဲ့ပဲ ဆပ်လိုက်တော့မယ်။





သင်းဟာ လူတိုင်းကို သူ့စိတ်နဲ့နှိုင်းပြီးတွေ့မြင်တတ်လို့ ထင်တယ်၊ နင်နဲ့ငါ့ရဲ့ အတွင်းအစျွတ္တကို မသိရှာဘူး…

လူတိုင်းကို သူလိုပဲ ပွင့်လင်းတယ်လို့ ထင်နေပုံရတယ် နော်….။

ကိုင်း….ပိုးအိ၊ နင်ပြောသလိုပဲ နင့်အချစ်ကို နင် ပြည့်ဖုံးကားချလိုက်သလို….

ငါလည်း နင့်အပေါ်ထားတဲ့ အချစ်ထုထည်ကို ခဝါချပြီး ထားလိုက်ပါပြီ။

နင်နဲ့ ငါနဲ့ ငယ်သူငယ်ချင်းပါ။

သိပ်ချစ်ခဲ့တဲ့ ငယ်ကျွမ်းဆွေနှစ်ဦးပါ။

ပင်တိုင်တော်ဦးက ကျော့မှူးသခင် 'ပိုးအိ' ငါကြိုက်ခဲ့တဲ့ ကဗျာတစ်ပုဒ်နဲ့ နင့်နှလုံးသားဟစ်တိုင်မှာ ငါ့ကို နောက်ဆုံးဟစ်ကြွေးခွင့်ပေးပါ။

နောက်ဆုံးပါ ပိုးအိ….ဘကယ့် နောက်ဆုံးပါ။ နောက်ဆုံးဟစ်ကြွေးခြင်းပါ ပိုးအိရယ်….

စာဆိုက ဦးရဲဒင်….တဲ့။

ကဗျာခေါင်းစဉ်လေးက 'ကစားရွယ်' တဲ့လေ။

ရွှေစည်းခုံ သုံးအိမ်နှောပါလို့
မယ်ရောပ မောင်နဲ့ကွယ်
ကြောက်ခမန်း ညှောင်နန်းဝေလေလေ့ပ
အတွေ့တွေ့ တစ္ဆေကိုမေးပါလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့အရှယ်
အင်းမနေ့ မြေမနင်းရယ်နဲ့
ခေါင်းခေါက်ရင်း ထုတ်ပိတ်တယ်
စိတ်လုပ်မယ်လို့မကြံရစ်
လသာသာညအခါမှ ဖန်တိုးလို့
တန်လို့နေ၁် မဆိုရဲပါဘူး
ကစားရှယ်ငယ်ကတည်းက
စွဲတဲ့အချစ်....။

"များသော အားဖြင့်တော့ ငါတို့ မိန်းမ သားတွေရဲ့အချစ်ဟာ ပေတစ်သီး ကျီးတစ်သားလိုပါပဲ၊ တစ်သက်မှာ တစ်ယောက်တည်းကိုသာ ချစ်တတ်ကြပါတယ် ကျော်ဝေ"

## အခန်း (၂၉)

ငါနှလုံးသားဟစ်တိုင်ကို ငါပြောချလိုက်တော့မယ်။

ငါလေ နှင့်ကိုရင်ဆိုင်ရမှာ သိပ်ရှက်သွားခဲ့တာ။ ငါ့စာအုပ်လေး လားရှိုးမှာ ကျန်ရစ်ခဲ့ပြီဆိုတာကို သိလိုက်ရကတည်းက ငါ လားရှိုးက နယူးအဲ့ရှ်ကို ဖုန်းဆက်လိုက်တယ်။

တာဝန်ခံ မန်နေဂျာက စာအုပ်ကျန်ခဲ့တာ တွေ့ပါတယ်။ စာရေးဆရာ ဦးကျော့မှူးကို ပေးလိုက်ပါတယ်လို့ပြောလိုက်ကတည်းက ငါလေ လန့်ပြီး ဖုန်းခွက်ကို ပစ်ချလိုက်မိတယ် ကျော်ဝေ...

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝေ...နင့်ကလောင်အမည် 'ကျော့မှူး' ဖြစ်ရခြင်းကို ငါအခု ကြောက်လန့်သွားပြီ။

ငါနားလည်ပါပြီကျော်ဝေ။

ဒါပေမယ့် ငါ့ရဲ့ပေါ့ဆမှုကြောင့် နင်ငါ့ရဲ့အုံ့ပုန်းအချစ်ကို တွေ့သွားတာ။

ငါသည်းခြေပျက်မတတ် ရှက်ခဲ့ရတာပေါ့။

မိသင်းသိသွားရင် ငါတို့ရဲ့စေတနာမေတ္တာတွေသဲထဲ ရေသွန်ဖြစ်သွားတော့မယ်၊ သိသွားပြီလား၊ မသိသေးဘူးလားကို ငါနင့်ကို ဖွင့်မမေးရဲဘူး။

တတ်နိုင်သမျှတော့ နင်နဲ့ငါ ရင်မဆိုင်ချင်ဘူးကျော်ဝေ။

ဒါပေမယ့် ပြဿနာတစ်ရပ်ကို ရင်ဆိုင်မဖြေရှင်းဘဲ ရှောင်းရှားရမယ့်အလုပ်မျိုးက သူရဲဘောကြောင်တဲ့အလုပ်ပဲ။

မိန်းမသားပေမယ့် ငါသွေးမကြောင်ပါဘူး ကျော်ဝေ။

ဒါကြောင့် နင်လာမှာကိုငါသိနေတယ်၊ တွေ့ဖို့လည်း ဆုံးဖြတ်ခဲ့တယ်။

တကယ်တမ်း ရင်ဆိုင်တွေ့ရတော့ ငါဘယ်လိုမှ နေလို့မရဘူး။

ရှက်လွန်းလို့ လဲတောင်သေလိုက်ချင်တော့တယ် ကျော်ဝေရာ....





စကားပြောတတ်တဲ့ အလေ့အထကိုတောင် မေ့သွားသလိုမျိုး ခံစားလိုက်ရတယ်။

ဒီကြားထဲ မိသင်းကို ဆေးရုံတင်ထားရတဲ့ အခြေအနေဆိုတော့ ငါလေ အောင်ဟစ်ပြီးငိုလိုက်ချင်တော့တာပဲ။

မိသင်းဟာ ငါ့ရဲ့နှလုံးသားဟစ်တိုင်ကို ဖတ်မိသွားလို့ နှလုံးရောဂါအခံကြောင့်ပဲ ရှော့ဖြစ်ပြီး ဝေဒနာ ဖြစ်သွားသလား။

ဒါတွေကို ငါမေးချင်တယ်၊ ဒါပေမယ့် မမေးရဲဘူး။

နင့်ကို ငါကြောက်လာတယ်၊ ငါ့ရဲ့လျှို့ဝှက်ချက်ကို သိထားသူအဖြစ်ငါကြောက်တယ်၊ မိသင်းဟာ ငါ့ရဲ့နှလုံးသားဟစ်တိုင်ကြောင့်သာ တစ်ခုခုဖြစ်သွားခဲ့ရင် ငါတစ်သက်လုံးယူကျုံးမရဖြစ်နေရတော့မှာ။

ငါနင့်ကိုမေးစရာတွေ မေးချင်တာတွေ အများကြီးပဲ။

ဒါပေမယ့် မေးမထွက်ခဲ့ဘူး။

မိသင်းရဲ့ မလှုပ်မယှက် ခန္ဓာကိုယ်ကို ငေးကြည့်ရင်း ငါမျက်ရည်မဆည်နိုင်ဘူး၊ ဒေါ်ဒေါ်သန်းက ငါ့ကို ပြန်အနားယူဖို့ပြောတယ်။

ဟုတ်တယ်၊ ငါလေ... လားရှိုးမှာ ငါ့ရဲ့ဒိုင်ယာရီ ကျန်ရစ်ခဲ့ပြီဆိုတာသိကတည်းက မစားနိုင် မသောက်နိုင်ဖြစ်ခဲ့တယ်ကျော်ဝေ၊ သွေးအားနည်းပြီး မူးဝေလာလို့ ငါအိမ်ပြန်အနားယူခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဆရာဝန်က ဆေးလာထိုးပြီးအနားယူဖို့ပြောလို့ ငါမှိန်းနေတာ၊ နင့် ကားသံသဲ့သဲ့ ငါကြားလိုက်ရတော့ ဘယ်နည်းနဲ့မဆို ငါ့ထံရောက်လာမယ်ဆိုတာသိပြီးသားဖြစ်လို့ ငါ အိပ်ချင်ဟန်ဆောင်နေခဲ့တယ်။

ငါ့ရဲ့မျိုသိပ်ထားမှုမှန်သမျှ ပေါက်ကွဲသွားမှာစိုးလို့ပဲ။

'ဆရာမ'

'ဖြော်....ဆို'

'ဆရာဦးကျော်ခေ လာသွားပါတယ်'

'အင်း'

'ဆရာမကို စာပေးသွားပါတယ်'

'ပေး'

သင်းရဲ့ အရေးကြီးတဲ့အချိန်ရောက်နေပြီဆိုတော့ ကိုယ့်ရေးကိုယ်တာ ခံစားမှုတွေကိုဘေးဖယ်ထားပြီး သင်းအတွက် ငါကြိုးစားရတော့မယ်။

ငါချက်ချင်းပဲ အိပ်ရာကထခဲ့တယ်၊ မိုက်ခနဲ ဖြစ်သွားပေမယ့် ကျန်းမာရေးကောင်းတဲ့ ငါက မမှုပါဘူး၊ အရေးကြီးသာသင်း။

သင်းရဲ့ နောက်ဆုံးအချိန်ရောက်နေပြီဆိုတော့ ငါလည်း ခွေမနေသင့်ဘူး၊ ရှက်စိတ်နဲ့နင့်ကို ရင်မဆိုင်ဘဲနေရင် သင်း အပေါ်မှာ ငါတာဝန်မကျေပွန်ရာရောက်လိမ့်မယ်။





ဒါပေမယ့် ငါတွေးကြည့်ပြန်တယ်၊ သင်းဟာ အသိစိတ်ကောရှိပါတော့မလား၊ သင်းရဲ့နောက်ဆုံး ထွက်သက်လေးကို ငါကြည့်ရက်တဲ့အင်းအား ရှိပါ့မလား။

ငါ ခေါင်းတွေမူးနောက်လာတယ်ကျော်ခေ၊ ဒါနဲ့ ငါ အိပ်ရာပေါ် လှဲချလိုက်တယ်၊ အပြင်မှာ မိုးက သည်းသည်းမည်းမည်း ရွာချနေတယ်။

'အရီ'

'ရှင်....ဆရာမ'

'တကယ်လို့ ငါ့ဆီဖုန်းလာရင် နှင်နှားထောင်ပြီး မှတ်ထားလိုက်၊ ငါအိပ်လိုက်ဦးမယ်'

'ဒီလိုဆို တစ်ခုခုသောက်ပြီးမှ အိပ်လိုက်ပါလား ဆရာမ၊ ညနေစာလဲ မစားရသေးဘူး'

အင်း....ဟုတ်သားပဲ၊ သောကစိတ်ဆိုတာ အစားအသောက်ကိုပါ ပျက်ပြားစေတတ်တယ်။

ငါနေမကောင်းဖြစ်လို့ မဖြစ်သေးဘူး သင်းအတွက် တတ်နိုင်သမျှကြိုးပမ်းရဦးမယ်။

'အင်း....တစ်ခုခုလုပ်ခဲ့လေ'

အရီက ငါ့အိပ်ခန်းထဲက တယ်လီဖုန်းကြိုးကို ဖြုတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ကတယ်လီဖုန်းနားမှာ သူစောင့်မယ်၊ ငါ့အတွက် တစ်ခုခုကို နော်စေးလာနဲ့ ပို့ခိုင်းလိမ့်မှာယ်၊ ပြီးရင် နော်စေးလာက ငါ့အိပ်ပျော်သွားရင် စောင့်နေလိမ့်မယ်။

ငါ့ဘဝမှာ အခြံအရံများစွာနဲ့နေနိုင်တယ်။ ဒါ့ပေမယ့် ပြည့်စုံခြင်းကတော့မရှိဘူး။

တပင်တိုင်မြနန်းမှ အထီးကျန်စွာ ခံစားနေရတဲ့ ပင်တိုင်စံမှင်းသမီးလိုပေါ့။

'မမ္....နွားနို့နဲ့ပူတင်း'

'နွားနို့တော့ သောက်လိုက်မယ်'

'ပူတင်းလေးပါ'

'တော်ပြီ'

နွားနို့တစ်ခွက်ပဲ မော့သောက်ပြီး အိပ်ချလိုက်တယ်။

ကောင်းကင်က မိုးသားတွေရဲ့ မှောင်မိုက်မှုကြောင့် ညကို စောစီးစွာကျရောက်သွားသလိုပဲကျော်ဝေ။

မိုးသံဖောက်ဖောက်က တိုက်နံရံကိုဖောက်ထွင်းပြီးတော့တောင် ဝင်ရောက်လာတယ်၊ လေလည်းပါတယ်ထင်တယ်။

မိုးရေလေပါ သက်ဆင်းလာမှုကို ငါကြည့်ချင်တယ်ကျော်ဝေ။

'နော်စေးလာ'

'ရှင်—မမ'





'ဟိုပြတင်းပေါက်က ခန်းစီးလေးကိုလှပ်ပြီး ခြင်လုံကိုဖွင့်လိုက်ပါ မှန်ပြတင်းလောက်ပဲထား'

'ဟုတ်ကဲ့—မမ'

တစ်ခါတလေ ငါလေ ကလေးဘဝကလို မိုးရေထဲလျှောက်သွားပစ်ချင်လာတယ်'

နှင်ရယ်ငါရယ် ငယ်ငယ်တုန်းက လူကြီးတွေအလစ်မှာ မိုးရွာထဲပြေးဆော့တာ မှတ်မိသေးတယ်။

မိုးရွာထဲမှာ ခမောက်ငိုက်စိုက်ဆောင်းပြီး ကျောင်းတက်ရာကနေ ကြက်ဆင်ဖဲထီးကိုဆောင်းပြီး ကျောင်းတက်တဲ့ နှင့်ကို ငါကားပေါ်ကမြင်ရတိုင်း ရယ်ချင်သလိုငိုချင်သလိုပဲ။

နှင်နဲ့အတူ ငါလည်း ခမောက်ဆောင်းပြီး မိုးရွာထဲသွားချင်လာတယ်၊ ကားပေါ်က မဆင်းရတဲ့ဘဝကိုပဲ စိတ်ပျက်သလိုလို ခံစားရတယ်။

ပြီးတော့ နှင့်ကို ငါကားပေါ်ခေါ်တင်လည်း နှင်မလိုက်ဘူး၊ ဒါကို ငါဝမ်းနည်းတယ်၊ နှင်ဟာ ငယ်ငယ်ကတည်းက မာနကြီးတဲ့ မာနမင်းသားပဲ။

ကြီးလာတော့လည်း ခေါ်မရဘူးနော်။

နှင့် ကြက်ဆင်ဖဲထီးကြီးအောက်ကို ငါ တိုးဝှေ့ပြီးလိုက်ဆောင်းချင်လိုက်တဲ့စိတ်မျိုးလည်း ဖြစ်ပေါ်ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နင်ဟာလည်း ငါ့ကားပေါ်မတက်ခဲ့သလို၊ ငါဟာလည်း နင့်နံဘေးမှာ တစ်ခါမှလိုက်ပြီး မိုးရေထဲအတူ မလျှောက်ခဲ့ဘူးဖူးနော်။

မိုးရေထဲမှာပဲ နင်နဲ့မိသင်း ဆုံဆည်းခဲ့တယ်၊ မိသင်းဟာ သတိလည်လို့ မိုးရွာတာကိုသာ တွေ့ရင်....

ဟင်း...ငါ အိပ်မပျော်နိုင်တော့အောင်ပဲ ကျော်ဝေ.... ရင်ထဲ ဆို့တက်လာတယ်။

ငါချက်ချင်း အိပ်ရာကထပြီး တယ်လီဖုန်းကြိုးကို ဆက်လိုက်တယ်။ ပြီးတော့ ဆေးရုံမှာ တာဝန်ကျ ဆရာဝန်ဆီ ဖုန်းဆက်လိုက်တယ်။

အဲဒီဆေးရုံမှာပဲဒူးတုန်းက သူငယ်ချင်းနှစ်ယောက်ရှိနေတယ်။ ကံကောင်းထောက်မစွာနဲ့ပဲ မိသင်းတက်နေတဲ့ ဝင်မှာ တာဝန်ကျတဲ့ နိုက်ဂျူတီ ဆရာဝန်က ဒေါက်တာ ဝင်းအောင်ဟာ ငါ့သူငယ်ချင်း ဖြစ်နေတယ်။

'ဟဲလို'

'ဒေါက်တာဝင်းအောင်နဲ့ တွေ့ချင်လို့ပါ'

'ကျွန်တော် ဒေါက်တာဝင်းအောင်ပါပဲ'

'ငါ ပိုးအိပါ ဝင်းအောင်'





'ဟေ့အေး....ပိုးအိ....အဘော်ပဲ၊ ငါ့ကောင် နင့်ဆီ ဖုန်းဆက်မလို့၊ ဒါပေမယ့် ကိုကျော်ဝေက တားတာနဲ့ငါမဆက်ဖြစ်ဘူး၊ နင် အိပ်နေသလားလို့'

'အင်း ...နိုးလာပါပြီ၊ မိသင်းအခြေအနေ'

'ပြောရမှာတော့ စိတ်မကောင်းစရာပဲ'

'ဟင်....ဒါဖြင့်'

တုန့်လှုပ်ချောက်ချားခြင်းကြောင့် ငါ့လက်တွေ တဆတ်ဆတ်တုန်လာတယ် ကျော်ဝေ၊ အချုပ်ကြိုးပြတ်တော့မလိုဖြစ်ပြီး ဒရင်းအကျ်ပေါ် လှဲလိုက်တယ်။

'ခုထိတော့ သတိလည်မလာသေးပါဘူး၊ ဒါပေမယ့် သတိရချင်လည်း ခဏပါပဲ၊ ငါ့တောင် နင်လာစောင့်မယ်ထင်နေတာ'

'ငါ အခုလာလို့ရမလားဟင်'

'ရတော့ရတယ်၊ ဒါပေမယ့် မလာနဲ့တော့'

'ဘာဖြစ်လို့လဲ'

'နင်နားလိုက်ပါဦး၊ လူနာအခြေအနေကမှ မထူးသေးတာ၊ အကယ်၍ ထူးခဲ့ရင် နင့်ဆီကို ချက်ချင်း ငါဖုန်းဆက်ပေးမယ်၊ နင် ကျော်ဝေနဲ့ စကားပြောလိုက်ပါဦးလား၊ ငါ လူနာကို သွားစောင့်ပေးလိုက်မယ်'

'ဩော် ...ဒေါ်ဒေါ်သန်းကော ရှိတယ်မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ရှိပါတယ်၊ နှင် ကိုကျော်ဝေနဲ့တွေ့မလား'

'အင်း'

ငါ အင်းလိုက်ရပေမယ့် စိတ်ထဲမှာ တုန်လှုပ်နေတုန်းပဲ။

နှင့်ကိုငါ မတွေ့ချင်ဘူး၊ ဒါပေမယ့် တွေ့မှဖြစ်မယ်ထင်တယ်။

မိသင်းနဲ့ပတ်သက်ပြီး ပြောစရာစကား နှင့်မှာ အရေးတကြီးရှိနေတယ်ဆိုတာ ငါသိနေတော့ ရှောင်ရှားမယ်ဆိုရင် ငါဟာ အင်မတန် သူရဲဘောနည်းရာရောက်တယ်၊ တစ်ကိုယ်ကောင်းဆန်ရာရောက်မယ်။

'နှင် ဖုန်းခဏ ပြန်ချထားလိုက်၊ နောက်မှ ကိုကျော်ဝေ ခေါ်လိမ့်မယ်'

'အေး'

ငါ တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်တယ်။

နေ့ခင်းစောစောက အိပ်ရာပေါ်မှာ လဲနေတဲ့ ခတ်ပုံကိုစားပွဲပေါ် ပြန်ထောင်လိုက်တယ်၊

နှင်နဲ့ငါက ခုံတန်းလျားလေးမှာ ထိုင်နေတယ်၊ မိသင်းက နောက်ကနေရပ်ပြီး နောက်မှီပေါ် မေးထောက်ထိုးနဲ့နဲ့ကလေး ဟန်လုပ်နေတယ်။





မိသင်း အပြုံးဟာ သိပ်လှတယ်၊ သူငယ်ချင်းနှစ်ဦးကြောင့်သူ့ဘဝ ထာဝရ အပြုံးပန်းဆင်သွားနိုင်ပါရက်နဲ့ ငါတို့ကိုစွန့်ခွာပြေးဖို့ သူမို့လို့ ကြံစည်ရက်တယ်နော်။

တူ....တူ....တူ....တူ....

တယ်လီဖုန်းသံကြောင့် ငါ လန့်ဖျပ်သွားတယ်၊ လာမယ်ဆိုတာ သိရက်နဲ့ ကြောက်လန့်ခြင်းကြောင့် ငါ့ကိုငါမကျေနပ်နိုင်အောင်ပါပဲ။

ထူးလို့မရဘူး။ ငါ့ရင်ထဲမှာ ဆို့နင့်နေတယ်။

'ပိုးအိ....ငါပါ'

'အင်း'

နှင့်အသံတွေ တုန်နေတယ်။

နှင် သိပ်ခံစားနေရသလား၊ ငါလေ မိသင်းနဲ့ငါ လဲလို့ရရင် လဲပေးလိုက်ချင်တယ် ကျော်ဝေ။ ဒီလိုဆို နှင် သိပ်စိတ်ချမ်းသာသွားမယ်ထင်တယ်။

'ငါ့စာ ဖတ်ရသလား'

'အင်း'

'သင်းရဲ့ အခြေအနေဟာ လုံးဝ မျှော်လင့်ချက် မရှိတော့ဘူးတဲ့၊ သွေးတိုးလဲ ရှိတယ်'

'အို'



www.burmeseclassic.com

www.burmeseclassic.com



'အဆုပ်ကင်ဆာဖြစ်နေတယ်၊ နှလုံးရောဂါလဲ ရှိတယ်'

'အင်းလေ...ငါသိသွားပဲ၊ ဒါကြောင့် နင့်ကို ဂရုစိုက်ပါလို့ အတန်တန်မှာခဲ့တာပေါ့'

'သူဟာ ဟိုမှာ ဆေးကုသမှုကို ခံခဲ့ရင် သေရက်ကို ကြိုသိနေသူပဲဖြစ်ရမယ်လို့ ဆရာဝန်ကြီးက ပြောတယ်'

'ဟုတ်လား'

'သူ့ရောဂါအခြေအနေကို မသိလို့ ငါ ခရီးကြမ်းတွေ ခေါ်သွားမိတယ်၊ သူ့ကိုငါ သတ်သလိုများ ဖြစ်သွားပြီလား ပိုးအိ'

ဩော်... ကျော်ဝေရယ်....နင်ဟာ မိသင်းအတွက် တကယ်ကို ရတက်ပွေနေရပြီပေါ့နော်။ ငါ စာနာပါတယ်။ ငါ့ရင်ထဲမှာလည်း နေဆယ်စင်းမက ထွန်းလင်းနေပါပြီ။

'မဖြစ်ပါဘူး၊ ငါတို့မှ မသိကြဘဲ ကျော်ဝေ'

'ပြီးတော့လေ...သူ့သေတမ်းစာထဲမှာ ငါ့နာမည်နဲ့ သူခံစားပိုင်ခွင့်တွေလွှဲထားတဲ့ စာချုပ်စာတမ်းတွေလဲ သူ့အိတ်ထဲက တွေ့ရတယ်၊ ငါလေ ရူးသွားရင် ကောင်းလိမ့်မယ်ထင်တယ်၊ သူ့အချစ်နဲ့ သစ္စာ မေတ္တာတရားဟာ ငါ့အပေါ်မှာ ဒီလောက်အထိ ခိုင်မာလိမ့်မယ်လို့ ငါမထင်ခဲ့မိဘူး ပိုးအိ...'





'များသောအားဖြင့်တော့ ငါတို့မိန်းမသားတွေရဲ့အချစ်ဟာ ပေတစ်သီး၊ ကျီးတစ်သားလိုပါပဲ၊ တစ်သက်မှာ တစ်ယောက်တည်းကိုသာ ချစ်တတ်ကြတယ် ကျော်ဝေ....'

'ပြောပါ ပိုးအိ'

'အို....မဟုတ်ဘူး၊ ငါ နင့်ကို အနိုင်ယူပြောနေတာမှုဟုတ်ဘူး ကျော်ဝေ၊ မိသင်းအတွက် ရင်နင့်ရလွန်းလို့ပါ၊ မိသင်းနင့်အပေါ် ချစ်တဲ့အချစ်ကို ငါယုံကြည်ပါတယ်၊ ဒါကြောင့်လဲ အာ....တော်ပြီ ကျော်ဝေရာ....ငါ့မှာ ပြောစရာစကား မရှိတော့ဘူး'

'ငါပြောရဦးမယ်...ငါရင်ဖွင့်ပါရစေဦး'

'ပြောလေ'

'သင်း တကယ်လို့ အသက်ရှည်မယ်ဆိုရင်လဲ ဦးနှောက်ကြောတွေ ပြတ်တောက်သွားပြီဖြစ်လို့ ကိုမာရောဂါမျိုးနဲ့ပဲ အသက် ဆက်နိုင်မယ်တဲ့'

'အို'

ငါ အသက်ရှူရပ်မတတ် ဖြစ်သွားရတယ်။ ကြားရတဲ့ သတင်းတွေက တစ်ခုမှ စိတ်ချမ်းသာစရာ မရှိပါလား မိသင်းရယ်....။



www.burmeseclassic.com

www.burmeseclassic.com



သဘောကောင်း တဘောလွယ်တဲ့နှင်ဟာ သေမှင်းခေါ် ရာနေ့ကကိုလည်း လွယ်လွယ်ကူကူနဲ့ လိုက်ပါတော့မှာပါလား မိသင်းရယ်။

ရင်ထဲမှာ နာလိုက်တာ၊ နှင့်အတွက် ငါ့ရင်ထဲမကောင်းလိုက်တာနော်။

‘ကိုမှာ....ရောဂါသည်အနေနဲ့လည်း ငါတစ်သက် ပြုစုသွားနိုင်ပါတယ်ပိုးအိ၊ ဒါပေမယ့် သင်းဟာ ဝဋ်ခံနေရသလိုလဲဖြစ်မှာစိုးရသေးတော့၊ ဘာဆုတောင်းရမှန်းကို မသိအောင်ပါပဲ၊ လဲပေးလို့ရရင် ငါလဲပေးလိုက်ချင်တယ်ပိုးအိ တကယ်ကွာ၊ ငါလေ...မိုးတွေကလည်း ရွာနေတယ်၊ ငါတို့စတင်ဆုံဆည်းတဲ့နေ့က အခုလိုမိုးနေ့လေးပဲနော်’

‘ကျော်ဝေ’

‘ဘာလဲ’

‘နှင်ငိုနေသလား’

‘အဟင်း....ဟင်း....ငါငိုနေသလား၊ ငိုတယ်ဆိုတာမျက်ရည်ကျမှ ငိုတယ်ခေါ်သလား’

‘……’

‘မျက်ရည်ကျမှဆိုရင် ငါမငိုဘူး’

‘……’





‘ဒါပေမယ့် ငါ့ရင်ထဲမှာ ငိုကြွေးနေခဲ့မှုဟာ အပြင်ကမိုးထက်သည်းထန်တယ်ပိုးအိ’

‘ကျော်ဝေရယ်’

ငါရှိုက်ငိုချလိုက်မိပြီ။

‘ပိုးအိ’

‘……’

‘မငိုပါနဲ့ဟာ၊ မငိုနဲ့ သင်းအတွက် နှင်တာဝန်ကျေပါတယ်၊ မငိုပါနဲ့’

‘ငါ....ငါ....ချလိုက်တော့မယ်’

‘နေဦး....နှင့်ကျန်းမာရေး နှင်ဂရုစိုက်၊ နှင်မှလာနဲ့တော့’

‘ဟင်....ဘာဖြစ်လို့လဲ’

‘နှင်ခံနိုင်ရည်ရှိမှာမဟုတ်ဘူး’

‘ငါလာမယ်’

‘မလာပါနဲ့ ပိုးအိရယ်၊ လာလဲထူးတော့မှာမှမဟုတ်ဘဲ၊ သူ့မှာ ဘာမှခံစားချက်ရှိတော့တာမှမဟုတ်တာ’

ငါရင်ပွင့်မတတ် ငိုချလိုက်တယ်၊ စကားပြောခွက်လေး လွတ်ကျသွားတယ်ထင်တယ်။

www.burmeseclassic.com



နှော်စေးလာနဲ့အရှိလည်း ငါ့အတွက် အလုပ်ရှုပ်သွားကြတယ်။ ငါ့အိပ်ရာပေါ်ကို ဘယ်လိုပို့ဆောင်လိုက်တယ် မသိပါဘူး။

ငါသိလိုက်တာက ခေါင်းအုံးမှာ မျက်နှာအပ်ရင်း ငိုကြွေးရင်းနဲ့ပဲ။



"သေခြင်းတရားကို လူတိုင်းရင်ဆိုင်ကြရမှာ ပါ။ အနေနဲ့အမြန်သာ ကွာခြားကြမှာပါ

သူငယ်ချင်း။"

## အခန်း (၃၀)

ငါမနက် ကျောင်းကဆင်းဆင်းခြင်း ဆေးရုံကို ပြေးခဲ့တယ်။

မိုးကလည်း ဘယ်အညှိုးနဲ့များ ရက်စက်တယ် မသိပါဘူးကွယ်၊ သည်းသည်းမဲမဲ ရွာပြီး မိုးရောက်ပြီဟေ့လို့ ကြွေးကြော်နေသလိုပဲနှော် ကျော်ဝေ။

ဘာရယ်မဟုတ်ဘူး၊ မီးသင်း သတိလည်လာရင် မျက်လုံးလေးများပွင့်လာရင် လန်းဆန်းသွားစေဖို့၊ သင်းပျံ့တဲ့ရနံ့



www.burmeseclassic.com

www.burmeseclassic.com



လေးရစေဖို့ရည်ရွယ်ပြီး နှင်းဆီပန်းရောင်စုံပွင့်အစည်းနဲ့စံပယ်ပန်းကုံးရှည်တွေကို မြေနီကုန်းဈေးမှာ ဝင်ဝယ်ပြီး ငါတန်းလာခဲ့တယ်။

ကျောင်းဝတ်စုံကိုဝင်လဲနေရင် မိသင်းနဲ့ဘမှာ နေချိန်နည်းမယ်၊ ဒါကြောင့် ငါဆေးရုံကိုပဲတန်းလာခဲ့တယ်၊ ငါ့ရင်ထဲအရမ်းလေးလံလိုက်တာ ကျော်ဝေရယ်။

စိတ်ငြိမ်အောင် မနည်းထိန်းထားရတယ်၊ ကားကို ငါကိုယ်တိုင်မောင်းဖို့မကောင်းဘူး၊ ဒါပေမယ့် နင်သိတဲ့အတိုင်းပဲ ငါက ကိုယ်ခြေကိုယ့်လက်မှ စိတ်တိုင်းကျတတ်တာမျိုးဖြစ်နေတယ်။

ငါ့စိတ်ကို ငါထိန်းတဲ့အနေနဲ့ ကက်ဆက်ဖွင့်လိုက်တယ်၊ တိုက်ဆိုင်လိုက်တာဟယ် ငါလားရှိးသွားတုန်း ဘယ်အကောင်တွေ ထည့်ဖွင့်ထားတယ်မသိဘူး၊ ဇော်ဝင်းရှိန်ရဲ့ ကြွေလွင့်နှင်းဆီသီချင်းဖြစ်နေတယ်။

ကြွေသွားပြီ၊ အဝေးရောက်ပန်းနှင်းဆီရယ်....

ဇာတ်သိမ်းပြီ၊ အဝေးရောက်ပန်းနှင်းဆီရယ်....

ရင်မှာနင့်အောင်ခံစားရ အသည်းကြေကွဲအောင် ခံစားရ....





မင်းပြန်ခဲ့မယ်ဆိုစကားကြောင့် စောင့်မျှော်ဆဲကွယ် ဒီတစ်ခါတို့ရဲ့စိတ်မှာ ဖြေလို့မရနှလုံးအိမ်ထဲပူလောင်မီးတစ်စ....

တိုင်းတစ်ပါးမှာ ဘဝဟာကြွေလွင့်ခဲ့ချစ်တဲ့နှင်းဆီ မြန်မာပြည်ကိုချစ်သောရှိစီတာ သူစိမ်းများကြားထဲကြွေရှာ....

မြန်မာပြည်ကိုပြန်မယ့်ရှိစီတာ ရှုတ်တရက်နှုတ်မဆက်ကြွေရှာ....

ရည်ရွယ်ချက်တွေပြည့်မသွားခဲ့ သူ့ဆန္ဒတွေ ပြည့်မသွားခဲ့....

အစွမ်းကုန်စာနာရင်းနဲ့နာလည်ထားမယ်....

မြန်မာပြည်မိခင်ရင်ခွင်ထဲကခွင့်လွှတ်ခြင်းကို သူ့တမ်းတတောင်းပန်စကားတွေဆိုရင်းနဲ့လွင့်ကြွေခဲ့ပြီ....

ပါးပြင်နှစ်ဘက်မှာ မျက်ရည်စီးကြောင်းတွေနဲ့ ငါဟာဆေးရုံဝကိုရောက်သွားတယ်၊ ကက်ဆက်ခလုပ်ကိုပိတ်ပြီး ပန်းစည်းကိုယူပြီး ငါအပြေးတစ်ပိုင်းတက်ခဲ့တယ်။

မောရမှန်းမသိအောင်ဘဲ။

ငါ့ရဲ့သက်ရှိဒေါ်လီရုပ်ကလေးကိုမှ တွေ့ရပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ငါ့နားထဲမှာတော့သီချင်းသံပျံ့လွင့်နေဆဲပဲ။

တိုင်းတစ်ပါးမှာ ဘဝကြွေလွင့်ခဲ့ ချစ်တဲ့မနှင်းဆီ....

မိသင်းရယ်။

မိသင်းအခန်း ရောက်ခါနီးဆောင့်ချိုးကွေ့မှာ ငါ့ရဲ့အရှိန် တစ်ဖက်ကလာတဲ့ဆရာဝန်တစ်ဦးရဲ့အရှိန်နဲ့ တိုက်မိပြီး ငါ့လက်ကပန်းစည်းပြုတ်ကျသွားတယ်။

'ဆိုးဆောရီးတီချယ်'

ဂျူတီကုတ်နဲ့ ဆရာဝန်က ပန်းစည်းကောက်ပေးရင်း တောင်းပန် စကား ဆိုတာကိုလည်း ငါမတုန့်ပြန်နိုင်ဘူး၊ ကြမ်းပြင်ပေါ်ကျသွားတဲ့အရှိန်နဲ့ အချို့ပွင့်ဖတ်ဟာ ပျံ့ကျဲလို့ကျန်ရစ်ခဲ့တယ်၊ အောက်မျက်ခမ်းတွေလှုပ်လိုက်တာ။

ငါအပြေးတစ်ပိုင်းပဲ အခန်းထဲဝင်ခဲ့တယ်၊ ငိုရှိုက်သံသဲ့သဲ့ ကြားလိုက်ရတယ်။

ဒေါ်ဒေါ်သန်းနဲ့ နင့်ဒေါ်လေးဟာ ရှိုက်ငိုနေတယ်၊ ကျော်ဝေဟာ နင့်မျက်နှာနံဘေးမှာ ဝိညာဉ်ကင်းမဲ့သူလို ရပ်နေတယ်။

မိသင်းဟာ မျက်လုံးပွင့်နေပါလား။

သူနာပြုဆရာမဟာ ပိုက်ကိုဖြုတ်သိမ်းနေတယ်၊ ဆရာဝန်က ခေါင်းခါပြီးထွက်လာတယ်။

လှိုင်စာပေ



မြန်မာပြည်မှာပဲ ခေါင်းချချင်တဲ့ဆန္ဒ ပြည့်ဝသွားရှာပြီလားသူငယ်ချင်း။

မြန်မာပြည်ကိုပြန်မယ့်ရိုစီတာ ရှာတ်တရက် နှုတ်မဆက်ကြွေရှာ....

နင်ဘယ်သူ့ကို နှုတ်ဆက်သွားနိုင်ခဲ့သလဲမိသင်း။

'အမယ်လေးတူမရယ် မျက်လုံးလဲပွင့် အသက်လဲထွက်ပါပဲလား၊ တီတီတို့ကိုတောင် နှုတ်ဆက်မသွားနိုင်ပါလား'

နှင့်အဒေါ်က ပြောပြောပြီး ငိုတယ်။

ငါလာတာကို ဘယ်သူမှ မမြင်ကြဘူး၊ အားလုံးဟာ ရင်ထုမနာ ဖြစ်နေကြတယ်။

သူနာပြုဆရာမက နင်မျက်လုံးကို ပိတ်ဖို့ လုပ်ခဲ့ဘာ ငါ အလန့်တကြား တားလိုက်တယ်။

'မပိတ်နဲ့....မပိတ်နဲ့'

'သူမြင်သွားပါစေ'

'သူချစ်တဲ့သူတွေ သူခေါင်းချချင်တဲ့မြေမှာ ချသွားရတယ်ဆိုတာ သူမြင်သွားပါစေ'

....ရည်ရွယ်ချက်တွေ ပြည့်မသွားခဲ့၊ သူ့ဆန္ဒတွေ ပြည့်မသွားခဲ့ အစွမ်းကုန် စာနာရင်း နားလည်ထားမယ်....

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



....မြန်မာပြည် မိခင်ရင်ခွင်ထဲက.... ခွင့်လွှတ်ခြင်းကို သူ တမ်းတ တောင်းပန်စကားတွေဆိုရင်းနဲ့ လွင့်ကြွေခဲ့ပြီ....

ငါ့နားထဲမှာ သီချင်းသံ ကြားနေရတယ်....

ဒေါ်လီရှပ်ကလေး မျက်တွင်းနက်နက်၊ မျက်တောင်နက်နက် ကော့ကော့ပျံ့ပျံ့နဲ့ ဒေါ်လီရှပ်ကလေး ဝိညာဉ်ကင်းမဲ့ သွားလေပြီ။

ငါ့ကို ပြုံးပြနေသလား မိသင်း။

မြန်မာပြည်မှာ ခေါင်းချချင့်တဲ့ နင့်ဆန္ဒ ပြည့်ဝသွားတာကို ကျေနပ်ပြီး ပြုံးပြနေတာလား မိသား။ ဟုတ်ပါတယ်နော်....။

ငါ နင့်အတွက် ပန်းတွေ့ယူလာတယ်လေ။

မွှေးကြူလိုက်ပါတော့လား သူငယ်ချင်းရယ်။

ငါ နှင်းဆီစည်းလေးကို မိသင်း ရင်ဘတ်ပေါ် တင်လိုက်တယ်။ စံပယ်ပန်းလေးတွေ နင့်ခေါင်းက အင်မှတန်လှ.... နက်မှောင် ပျော့ပျောင်း လိပ်ခွေနေ— ဆံပင်တွေမှာ ရစ်ခွေ တင်ပေးလိုက်တယ်။

ငါ့ မျက်ရည်စက်တွေဟာ နင့်မျက်နှာပေါ်ကို ခုန်ပေါက်ချတယ်။





သူငယ်ချင်းရယ်....

နင့်မျက်နှာကို ငါ တဝကြီးကြည့်မိတယ်။

နင်....လှတယ်။ နင့်နှလုံးသားဟာ သဘောကောင်းလို့ သူများသွေးဆောင်ရာကို နင် လွယ်လင့်တကူပါလို့နင့်ဘဝ ပျက်ရတာ၊ နင့်ဘဝ ကြွေလွင့်ရတာ။

ဒါပေမယ့် နင့်ကိုငါ ခွင့်လွှတ်ပါတယ်။

နောင်တ တရားတွေနဲ့ ပြန်လာခဲ့တဲ့ နင့်ကိုငါ ခွင့်လွှတ်တယ် သူငယ်ချင်း။

ပျော်ရွှင်စွာနဲ့ နင့်ဝိညာဉ်လေး တို့မြန်မာပြည်မှာပဲ နားခိုရာကို ရှာဖွေပါတော့ သူငယ်ချင်းရယ်။

ငါ့စိတ်ကိုငါ ထိန်းချုပ်လိုက်တယ်။

သေခြင်းတရားကို လူတိုင်း ရင်ဆိုင်ရမှာပါ' အနေနဲ့ အမြန်သာ ကွာခြားကြမှာပါ သူငယ်ချင်း။

တစ်နေ့မှာလည်း နင့်နောက်ကို ငါတို့ လိုက်လာရဦးမှာပါ။

ကိုင်း....သွားနှင့်တော့ မိသင်းရယ်။

ငါ နင့်နဖူးလေးလို နှုတ်မြောတသစွာနဲ့ နမ်းရှိုက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့....

ငါ အားလုံး နှုတ်မဆက်ဘဲ လှည့်ထွက်ခဲ့တယ်။ ငါ့ နားထဲမှာတော့....

....ကြွေသွားပြီ အဝေးရောက် ပန်းနှင်းဆီရယ်....

....ဇာတ်သိမ်းပြီ အဝေးရောက် ပန်းနှင်းဆီရယ်....

* * *



"ရသမျှငွေအားလုံး မျှဝေကာ သူမ မွေးဖွားရာ အမိမြန်မာပြည်၏ တိုးတက်ရာ တိုးတက်ကြောင်းမှန်သမျှ၌ လှူဒါန်းကာ ရေစက်ချ အမျှပေးဝေလိုက်မည်ဟု"....

အခန်း (၃၁)

မိုးကလည်းအညှိုး းတကြီးနဲ့ သဲသဲမဲမဲ ရွာသွန်းလျက်ရှိသည်။

သူ့ဘဝထဲသို့ မိုးနှင့်အတူ ရောက်လာသော သင်းသည် မိုးနှင့်အတူ ထွက်ခွာသွားလေပြီ။

သူမ၏ ဘာသာအရဆိုလျှင် ဘုရားသခင်ခေါ်တော်မူရာ ကောင်းကင်ဘုံသို့ သွားတော့မည်။

မိုးရွာလျှင် သူမအတွက် သတ်မှတ်နေရာ၌ ဓနိတဲထိုးပြီး ကျင်းနက်နက်တူးရန် မှာထားသည့်အတိုင်း စန္ဒာသတို့က လုပ်ဆောင်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျင်းနှုတ်ခမ်း၌ အခေါင်းကို တင်ထားသည်။ နှင်းဆီနံ့ စံပယ်နံ့တို့က ပျံ့လွင့်လာသည်။

အခေါင်းကိုဖွင့်ကာ....

ကောင်းကင်ဘုံသို့ ခေါ်တော်မူရန် ဓမ္မတေးကိုလွမ်းဆွတ်ဖွယ် သီကျူးနေကြသည်။ သူ့ရင်တွင်း၌—

'ပြုံးကြပါပဲလား သင်းရယ်....'

'မြန်မာပြည်မှာ ခေါင်းချခွင့်ရလို့ ကျေနပ်သွားတယ်ပေါ့ ဟုတ်လား'

'ကောင်းကင်ဘုံမှာ သွားနှင့်ပြီဖြစ်တဲ့ မိဘများနှင့် ဆုံဆည်းနိုင်ပါစေ—'

'နောင်ဘဝဆက်တိုင်းဆက်တိုင်းလဲ အချိန်မတန်မီ ကြွေလွင့်ရတဲ့ ဘဝဆိုးနဲ့မကြုံပါစေနဲ့လို့ မောင်တို့ ဘာသာရေးအရ ဆုတောင်းပါရစေ....ကောင်းရာသုဂတိသို့လားပါစေ သင်းရယ်....'

ကျမ်းစာကို ဖတ်ကြားလို့ အမိန့်ပြန်တမ်း ဖတ်ပြီးနောက်....

'အခေါင်းပိတ်တော့မယ်'

'နေပါဦး'

သူယူလာခဲ့သော စံပယ်ပွင့်များအား သူမ၏ မျက်နှာအနီးမှာ ပျံ့ကြဲဖုံးလွှမ်းပေးလိုက်၏။

လိုင်စာဝေ



ပန်းတွေဖုံးအုပ်ပြီး မျက်နှာလေးသာ ကျန်တော့သည့် သင်းမျက်နှာကို ကြေကွဲစွာ စိုက်ကြည့်မိသည်။

'နောင်ဘဝမှာ စံပယ်လို ဖြူဖွေးသန့်စင်ပါစေ သင်းရယ်'

သနားစရာကောင်းလွန်းတဲ့ မိန်းကလေး။ သူ့အား ခံစားခွင့်တွေ လွဲပြောင်းသွားတဲ့အထိ ချစ်ပြသွားတဲ့မိန်းကလေးအား သူမည်ကဲ့သို့ နှုတ်ဆက်ရမည်နည်း။

သတိရလိုက်သည်။ ပြုံးမူနေကျ အပြုံးအမူလေးနှင့် နှုတ်ဆက်လိုက်လျှင် သူမ ကျေနပ်မည် ထင်ပါသည်။

သူမ၏ နဖူးပြင်ထက်သို့ ခြွေနေကျ အနမ်းပွင့်လေးနှင့် နောက်ဆုံး နှုတ်ဆက် ခြွေချလိုက်သည်။ သင်း ကျေနပ်မယ် ထင်ပါသည်။

ပတ်ဝန်းကျင်၏ မျက်လုံးများနှင့် အာမေဍိတ်သံကို သူမမှုပါ။

လက်ပြကာ အခေါင်းအား ပိတ်ရန် အချက်ပြလိုက်သည်။ သွားပေတော့ သင်းရယ်....။

သူကိုယ်တိုင် ဒွန်းစဏ္ဍားများနှင့် ဝိုင်းထိန်းကာ ကျင်းထဲ ချပေးလိုက်သည်။

ထို့နောက် ပျော့နေသော မြေစိုင်ခဲလေးကို ကောက်ပစ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းနှုတ်ခမ်းဝမှ ရင်ကာ တရွေ့ရွေ့ဖြင့် ပြည့်လာသော မြေသားများကို ကြည့်နေမိသည်။ အခေါင်းပျောက်ကွယ်သွားပြီ။

သူ့ စိတ်အစဉ်သည် ပျံ့လွင့်နေသည်။ မည်းမှောင်နေသော မိုးသားများနှင့် ပြည့်နှက်နေသော ကောင်းကင်ဘုံသို့ သူမ ရောက်ရှိသွားလေပြီလား။

ယခုလို မိုးဦးကာလဥ္စပင် သူမသည် မိမိတို့ဘဝသို့ ရောက်ရှိလာခဲ့သည်။

ယခုလို မိုးဦးကာလဥ္စပင် စွန့်ခွာထွက်သွားလေပြီ။

သူမ လွဲရစ်ခဲ့သော ခံစားခွင့်များနှင့် သူမအတွက် ရည်စူးကာ တစ်ခုခု လုပ်ဆောင်ပေးရမည်။ လမ်းဆောက်ရာသို့ ထည့်ပေးရမလား၊ တံတားဆောက်ရာသို့ ထည့်ပေးရမလား၊ ကျောင်းဆောက်ရာသို့ ထည့်ပေးရမလား၊ ဆေး... ဆောက်ရာသို့ ထည့်ပေးရမလား။

ရသမျှငွေအားလုံး မျှဝေကာ သူမမွေးဖွားရာအမိ... မာပြည်၏ တိုးတက်ရာ တိုးတက်ကြောင်း မှန်သမျှ၌ လူ... ကာ ရေစက်ချ အမျှဝေပေးလိုက်မည်။

ကောင်းကင်ကို မော့ကာ ကတိပြုလိုက်သည်။ အသ... ပို့လာသော ပရိသတ်များတောင် စဲသွားပြီပဲ။

'ပြန်ရအောင် မြင့်ရင်မြင့်ချင်း....'



'နေပါဦး ဂူပြီးမှ'

'မိုးထဲမှာကွာ.... လာပါသေသူက သေသွားပြီပဲ၊ ကျန်ရစ်သူတွေ ဖျားနာကုန်ပါ့မယ်ကွယ်'

ဆရာမှ ဒေါ်ထက်ထက်က ဖျောင်းဖျလိုက်သည်။ ဆရာမ စကားကို သူလေးစားပါသည်။ သို့သော် ခေါင်းကို ညင်သာစွာခါရမ်းပြီး——

'ဂူပြီးတဲ့အထိ ကျွန်တော်စောင့်ပါရစေဆရာမ'

'ဟုတ်ပါပြီတယ်ဆရာမတို့သာ သွားနှင့်ပါ၊ ပိုးအိကော သွားလေ'

လှ အေးထံမှ အသံထွက်လာသည်။

ပိုးအိ.... သူ၏ငယ်ကျွမ်းဆွေ ပိုးအိသည် သူ့နည်းတူခံစားနေရသူပါလား။

ပိုးအိကို သူလှမ်းကြည့်လိုက်သည်။

ပိုးအိက သူ့ကိုကြည့်မနေချေ။

ဒွန်းစဏ္ဍားများ အုတ်စီကာ အင်္ဂတေကိုင်နေသည်ကို ငေးကြည့်နေသည်။

မျက်ဆံအိမ်က မရွေ့လျားချေ။ သူမ၏ စိတ်တို့သည် အဘယ်သို့ လွင့်ပါးနေပြီလဲ။

'ဒေါ်ဒေါ်သန်း ပိုးအိကို ခေါ်သွားပါ'

'လာ... သမီး ပြန်ရအောင် အအေးမိမယ်'

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိုးအိ ခေါင်းခါလိုက်သည်။

အုတ်ဂူဆောက်သည်ကို ငေးကြည့်နေဆဲဖြစ်သည်။

'လာပါသမီးရယ်'

'ဟုတ်သားပဲပိုးအိ၊ ဆရာမတို့ ခြေထောက်တွေတောင့်လှပြီ၊ ပြန်ကြရအောင်'

ဆရာမဒေါ်ထက်ထက်နှင့် ဒေါ်ဒေါ်သန်းက ဖျောင်းဖျခြင်းကို ပိုးအိ ခေါင်းမာစွာ ငြင်းဆန်လေသည်။

ဘူးဆိုရင် ဖရုံမသီးတတ်သော သူမ့စိတ်ကိုသိသော လှအေးက ...

'လာ.... ဆရာမတို့ကို ကျွန်တော်တို့ ကားပေါ်အထိ လိုက်ပို့ပေးမယ် ပြီးမှ ကျွန်တော်တို့သူတို့ကို ပြန်စောင့်ခေါ်ပြီး အိမ်တိုင်ရာရောက် လိုက်ပို့ပေးမယ်၊ စိတ်ချပါ'

လှအေးက ကျွန်တော်တို့ဟုဆိုသဖြင့် မြတ်သူ ပါလိုက်ပါဟန်ပြင်လိုက်သည် ဒေါ်ဒေါ်သန်းက ပိုးအိကိုစိတ်မချသဖြင့်—

'ရပါတယ် ဆရာမကိုသာပို့လိုက်၊ ဒေါ်ဒေါ် နေခဲ့မယ် ပိုးအိနဲ့မှ'

'လိုက်သွားလိုက်ပါဒေါ်ဒေါ်.... ပိုးအိဘာမှ မဖြစ်ပါဘူး။ မိသင်းရဲ့နောက်ဆုံးအိမ်ကလေးကို ကြည့်ပြီးလာခဲ့ပါမယ်၊ ပြန်နှင့်ဒေါ်ဒေါ်၊ ဒေါ်ဒေါ်လည်း ပင်ပန်းလှပါပြီ'



ပိုးအိက တည်ငြိမ်စွာ စကားဆိုလိုက်သဖြင့် ဒေါ်ဒေါ်သန်းနှင့် ဆရာမ ဒေါ်ထက်ထက်လည်း ပြန်သွားကြသည်။ လှအေးနှင့် မြတ်သူက လိုက်ပို့သည်။

အုတ်ဂူတည်ဆောက်ရာနံဘေးတွင် သူနှင့်ပိုးအိသာ ကျန်ရစ်ခဲ့တော့သည်။

မိုးဦးကျ မိုးကလည်း အစွမ်းပြကာ အားသွန်ခွန်စိုက်ကြိုးပမ်း၍ ရွာသွန်းနေလေသည်။

လေနှင့်အတူ လွင့်စင်လာသော မိုးပေါက်များက သူတို့နှစ်ဦးကို လှောင်ပြောင်ကျီစယ်နေခြင်းလား။

ပိုးအိမျက်ဝန်း၌ ကြေကွဲရိပ်ဆင်နေသော်လည်း ကြေကွဲပွင့်တို့ကို မတွေ့ရှိရတော့။

သေသူအတွက် ငိုကြွေးနေလျှင် သေသူ၏လိပ်ပြာကလေးသည် မျက်ရည်ပင်လယ်၌ မျောမျောပန်းပန်းကူးခတ်နေရသည်ဟူသော ဖြေဆည်းရာစကားတစ်ရပ်ကို ဘယ်သူကများတည်ထွင်ခဲ့သည်ကို မသိနိုင်။ အချို့ကလက်ခံယုံကြည်ထားကြသည်။ ထိုအထဲ ပိုးအိပါလေ ရော့သလား။

ထိုသို့ဖြစ်နိုင်မည်မထင်ပါ။

သူမ၏ နှလုံးသားကိုတောင် သူငယ်ချင်းအတွက် ပေးအပ်ရဲသော စိတ်က အရေထူကာ မာကြောနေပြီထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နာကျင်နေဟန်ရှိသော မျက်ဝန်းနှင့် သင်း၏နောက်ဆုံးအုတ်ချပ်များ စီခြင်းအပေါ်၌ သူငယ်အိမ်မှရွေ့ရှားပဲ့ကြည့်နေသည်။

သူ ပိုးအိထံမှအကြည့်ကို လွှဲကာသက်ပြင်း ငွေ့ငွေ့ရှိုက်ကာ ရင်တွင်းသောကလုံး အားရှင်းထုတ်လိုက်သည်။

မြတ်စွာဘုရားတောင်မှ လွန်ဆန်နိုင်ခြင်း မရှိသော သေခြင်းတရားအတွက် ဖြေဆည်ရာရအောင် ကြိုးစားလိုက်သည်။

ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံကို ချစ်တတ်သော စိတ်မျိုးနိုင်ငံသားတိုင်း၏ နှလုံးသားအိမ်၌ သန္ဓေတည်ရန် များစွာလိုအပ်နေပြီဖြစ်ကြောင်း၊ သူ့နှလုံးသားပုံရိပ်ကို ထုတ်ဖော်ရေးသားရပေဦးမည်။

ပိုးအိကော ထိုကဲ့သို့များ တပည့်များအား ဆုံးမသြဝါဒပြုစရာသင်ခန်းစာတစ်ခုအဖြစ် မှတ်ယူနှလုံးသွင်းနေလေရော့သလားမသိ၊ ငြိမ်သက်လျက်ရှိသည်။

'ပြီးနေပြီပဲ၊ ပြန်ကြရအောင်'

လှအေးနှင့်မြတ်သူတို့ရောက်နေသည်ကို ယခုမှ သတိပြုမိလိုက်သည်။

'ဟုတ်သားပဲ မြင့်ရင်မြင့်ချင်း....မင်းလဲ ပင်ပန်းလှပါပြီကွာ၊ ပြန်ကြရအောင်'





သင်းကို ထားခဲ့ရတော့မှာပါလား။

အုတ်ဂူကို အချောကိုင် အပြီးသပ်သွားပြီ။ နေသာမှုဆေးသုတ်ကာ စာတန်းထိုးရပေဦးမည်။

ဗွန်းစကျွားတို့က....

'ကျေနပ်ရဲ့လား ဆရာတို့'

'ကျေနပ်ပါတယ်'

'ဒါဖြင့် ကျွန်တော်တို့သွားတော့မယ်'

'အေး'

သူက ဘောက်ဆူးငွေ ထပ်ချလိုက်သည်နှင့် ဗွန်းစကျွားတို့သည် သူတို့၏ပစ္စည်းပစ္စယများကို ထမ်းပိုးကာ မိုးရေထဲထွက်သွားကြသည်။

ပိုးအိက သူ့မှလက်ထဲမှ နှင်းဆီပန်းစည်းကို အုတ်ဂူရှေ့မြေသား၌စိုက်လိုက်လေသည်။

ထို့နောက် မိုးထားသောအမိုးမှကျလာသည့်ရေကို လက်နှင့်ခံကာ ဂူလေးကိုငေးနေသည်။

ပိုးအိထံမှ အကြည့်ကိုရုပ်သိမ်းကာ သင်း၏ထာဝရ လှဲလျောင်းရာ နေရာသစ်ကို သူနောက်ဆုံးကြည့်လိုက်သည်။

'ပြန်ကြရအောင် ကျော်ဝေ'

လှအေးက ဆော်သြလိုက်သည်။

သူပြန်မပြောနိုင်သေး။

www.burmeseclassic.com



ထားရစ်ခဲ့ရမှာကို သနားနေသည်။

သူနှင့်စတွေ့စဉ်က သူမကားနှင့်လိုက်ခဲ့ရန် အတန်တန် ခေါ်ရှာသော သဘောကောင်းသည့်သူမ၏ ရှပ်သွင်လေး ကို မြင်ယောင်လာသည်။

'လာကြကွာ....မှောင်တောင်မှောင်လာပြီ'

မိုးသားများကြောင့် နေဝင်ချိန်ကိုပင် သတိမပြုမိလိုက် ကြ။

'ရော့ထီး....ငါတို့သွားနှင့်မယ်'

သူ့လက်ထဲသို့ ထီးထည့်ပေးပြီး လှအေးက မြတ်သူထီး နှင့်ဆောင်းကာ ထွက်သွားနှင့်ကြသည်။

သူနှင့်ပိုးအိ ငြိမ်သက်နေသည်။

'နေရစ်တော့ သင်းရယ်' သူစိတ်ထဲမှပြောလိုက်သည်။

'ပြန်မယ် ကျော်ဝေ'

သူ့ဘဝ၏ ကြိုးဆွဲဇာတ်ဆရာမက အမိန့်ပေးလိုက်သည်။

သူ လွန်ဆန်နိုင်ပါဒဲ့နည်း။

သူမအား ထီးမိုးပေးနိုင်ရန် ချာလီထီးကိုဖွင့်လိုက်သည်။

သင်း၏ဂူကို မိုးထားရာတဲထဲမှထွက်လိုက်သည်။

မိုးမင်းက သည်းသည်းမဲမဲဆီးကြိုကာ ဖက်ရမ်း နှုတ် ဆက်လေသည်။



ပိုးအိဘက်သို့ ထီးကိုယိမ်းယိုင်မိုးပေးရင်း တရွေ့ရွေ့ နှင့် သူတို့ပြန်ခဲ့ကြသည်။

ကောင်းကင်ဘုံမှမီသင်း ကျေနပ်စွာပြုံး၍ ကြည့်နေမည် လားဟုလည်း....

မြပုလဲခင်
တစ်ဆင့်/လှိုင်စာပေ
စာဘူး–၁၃၁၄

www.burmeseclassic.com